
The YATI
ရတီ
စာပေအနုပညာမဂ္ဂဇင်း
Vol. 9,No.101
August,2012
Myanmar Ruby
Collection
by
R
The Rich Gems
Since 1996
af MEDIA GROUP
Asian Fame Media Group

## ဒို့တာဝန်အရေးသုံးပါး

- ✣ ပြည်ထောင်စု မပြိုကွဲရေး··· ဒို့အရေး
- ✣ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး··· ဒို့အရေး
- ✣ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး··· ဒို့အရေး

## ပြည်သူ့သဘောထား

- ✣ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✣ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✣ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✣ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ✣ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ✣ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- ✣ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး။
- ✣ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ✣ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ✣ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ✣ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✣ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- ✣ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး။
- ✣ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ✣ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ✣ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


MEDIA GROUP
Asian Fame Media Group

| ငွေသော်တာ | ဟိန်းလတ် |
|---|---|
| ၁၉၈၄ | ဒု-၁၉၈၄ |

The YATI MAGAZINE
စာပေအနုပညာမဂ္ဂဇင်း

Vol. 9, No. 101, August, 2012

| | |
|---|---|
| တာဝန်ခံအယ်ဒီတာ | **မိုးမိုးစောဝင်း** (moemoesawwin.1971@gmail.com) |
| အယ်ဒီတာ | **နွေးနွေးစစ်အောင်၊ အေးနွယ်လှိုင်၊ ယုယအိမ်၊ ဖြိုးစုပိုပို** |
| အယ်ဒီတာ(R & D) | **မြင့်သူဇာထွန်း** |
| ကဗျာအယ်ဒီတာ | **လှွမ်းရုံ** |
| သတင်းထောက် | **သီတာစိုး၊ မိုးသောက်ကြယ်** |
| ဒီဇိုင်းတာဝန်ခံ | **ပန်းချာန်** (စီမံဒါရိုက်တာ) |
| ဒီဇိုင်းအဖွဲ့ | **ထွန်းထွန်းလင်း** (ကြီးကြပ်ရေးမှူး)၊ **ဇင်မောင်မောင်ထွန်း၊ ရွှေဇင်ဦး** |
| ကွန်ပျူတာအဖွဲ့ | **ဝင်းဝင်းလှိုင်၊ ခင်သက်လှိုင်** |
| စာပြင် | **သီဟထွန်း** |
| ကြော်ငြာအဖွဲ့ | **တင်စန္ဒာဝင်း**(ဒု-မန်နေဂျာ)၊ **သပြေဇင်ဇင်ချို**(ဒု-မန်နေဂျာ)၊ **နန်းအိအိခိုင်**(လ/ထ မန်နေဂျာ)၊ **ထွင့်မြတ်သူ**(ကြီးကြပ်ရေးမှူး) |
| Marketing Executive | **ခင်ငြိမ်းချမ်းဦး၊ ဌေးလင်းအောင်၊ ဋ္ဌန်သန္တာဦး၊ အောင်ကိုကိုစိုး၊ မေသဲဦး၊ ခိုင်ခိုင်လွင်** |
| ဘဏ္ဍာရေးအဖွဲ့ | **မိုးယုမာ** (မန်နေဂျာ)၊ **ခင်ငြိမ်းစုအေး** (ဒုမန်နေဂျာ)၊ **မိုးမိုးကျော်** (လ/ထ မန်နေဂျာ)၊ **နီလာဝင်း** (လ/ထ မန်နေဂျာ) |
| ဖြန့်ချိရေးအဖွဲ့ | **သူရဇော်၊ ကျော်လှိုင်ဝင်း၊ ထွန်းထွန်းဦး၊ ဇော်မင်းအောင်၊ ဇော်လင်းဦး၊ အောင်အောင်** |
| ရသစိတ်ပုံပညာရှင် | **ကိုနိုင်** (ပေါ်ပြူလာ) |

| | |
|---|---|
| ထုတ်ဝေသူ | **ဒေါ်နန်းကလျာဝင်း (၀၄၃၀၈)** |
| ဥပဒေအကြံပေး | **ဦးအိနှစ်** (တရားရုံးချုပ်ရှေ့နေ) |
| ဖလင် | **Eagle** |
| အတွင်းကာလာခွဲ | **ကမ္ဘာဦး** |
| စာအုပ်ချုပ် | **ဝင်းပပ** |
| တန်ဖိုး | **၂၀၀၀** |
| အုပ်ရေ | **၁၀၀၀** |

| | |
|---|---|
| မျက်နှာဖုံးပုံနှိပ် | **ငွေကံ့ကော် (မြ-၀၆၃၆၁)** |
| အတွင်းပုံနှိပ် | **အောင်သိန်းသန်း (မြ-၀၅၉၉၂)** |
| အယ်ဒီတာအဖွဲ့ရုံးခန်း | **အမှတ်-၁၅၀/၁၆၀၊ ၃၅ လမ်း(လယ်)ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၄၉၁၆၅၊ ၃၈၅၄၉၅၊ ၃၇၂၈၃၄၊ စာတိုက်သေတ္တာအမှတ် - ၁၄၀** |
| Website | yatimagazine.com |
| Email | yati@popularmyanmar.com |
| မန္တလေးရုံးခွဲ | **အမှတ် 3(A)၊ လမ်း ၃၀၊ ၆၄×၆၅လမ်းကြား၊ မန္တလေးမြို့။ ဖုန်း ၀၁၀၅၀၀၀၃၈၀။** |
| Email | mandalayoffice@popularmyanmar.com |
| ကြော်ငြာကိုယ်စားလှယ် | **ထိုက်ကြော်ငြာလုပ်ငန်း (မန္တလေး)**(အမှတ်-၂၅၃၊ ၃၆ လမ်း၊ ၈၄×၈၅ လမ်းကြား၊ မန္တလေးမြို့၊ ၀၉-၂၀၀ ၅၅၇၂၊ ၀၉- ၉၁၀ ၄၆၇၇၂) |



af MEDIA GROUP
Asian Fame Media Group

နှိုင်းချင့်ချိန်ဆ၊ ရသထွန်းလင်း၊ ပရိသတ်ရင်တွင်း၊ နှစ်သက်ခိုဝင်၊ ရတီစွမ်းအင်

# အယ်ဒီတာ နှုတ်ခွန်းဆက်

ဆရာလူထုစိန်ဝင်းဆိုတဲ့ စာပေကြယ်ပွင့်ကတော့ ကြွေလွင့်သွားရှာပါပြီ၊ ဒီလမ်းက လူတိုင်းသွားရမယ့် လမ်းဆိုပေမယ့် လောကအတွက် အကျိုးကိုဆောင်တဲ့ လူသားတွေ ဆုံးရှုံးရရင် ပတ်ဝန်းကျင်ကတော့ နှမြောတသမဆုံး ဖြစ်ကြရတာမမွှတာပါ။ ဆရာဆုံးခါမှပဲ ကျွန်မစိတ်ထဲမှာ ဆရာပြောခဲ့ဖူးတဲ့ လူနဲ့တိရစ္ဆာန်ဘာကွာလဲဆိုတဲ့အချက်ကို ပြန်တွေးမိပါတယ်။ ဆရာ့ရဲ့ အယူအဆကတော့ ကိုယ်ကျိုးမကြည့်တာဟာ လူနဲ့တိရစ္ဆာန်ရဲ့ ကွာခြားချက်ပဲလို့ အတိအကျဆိုခဲ့ဖူးတယ်။ တိရစ္ဆာန်က သူ့အလိုဆန္ဒအတိုင်းသာ လုပ်သတဲ့၊ လူကတော့ သူ့အလိုဆန္ဒရှိတိုင်း မလုပ်ဘူး၊ သူများအတွက် ငဲ့ကွက်စဉ်းစားတယ်၊ ကိုယ်ကျိုးစွန့်တယ်၊ ဒီတော့ ကိုယ်ကျိုးကိုသာ ကြည့်တာဟာ တိရစ္ဆာန်၊ အများအကျိုးကို သယ်ပိုးဆောင်ရွက်တာလူ၊ အများအကျိုးကိုမကြည့်ဘဲ ကိုယ်ကျိုးစီးပွား တစ်ခုတည်းကိုသာကြည့်ပြီး 'ဘယ်သူသေသေ ငတေမာရင်ပြီးရော' လုပ်တတ်သူများကိုတော့ လူလို့ မသတ်မှတ်နိုင်ပါဘူး။ အင်္ဂလိပ်စကားမှာ ဒီလိုလူစားတွေကို Manimal လို့ခေါ်တယ်။ Man နဲ့ animal နှစ်ခုကိုရောပြီး စကားလုံးထွင်လိုက်တာ၊ မြန်မာလို ဒါဟာလူ့တိရစ္ဆာန်လို့ ခေါ်သင့်တယ်ဆိုတာ ရဲရဲဝံ့ဝံ့ကြီးကို သူ့အယူအဆကို ရေးသားဖော်ပြထားပါတယ်။ လူဖြစ်ပြီးမှတော့ Manimal ဖြစ်ရမယ့်ဘဝများ ကြောက်စရာကောင်းလိုက်တာလို့ စိတ်ထဲမှာ မှတ်မှတ်ရရဖြစ်သွားတာဟာ ကလောင်သွားတစ်ချက်ရဲ့ စူးရှမှုထင်ပါရဲ့၊ ဒါကြောင့်လည်း စာပေဟာ လူတစ်ယောက်ရဲ့ အတွေးအခေါ် ဘဝအမြင် အားလုံးကို ပြောင်းလဲသွားစေနိုင်တယ်လို့ ကျွန်မ ယုံကြည်ခဲ့တာပေါ့။ ထက်မြက်မှန်ကန်တဲ့ ကလောင်သွားတစ်ချက်နဲ့ သမိုင်းကို ရေးနိုင်တယ်။ အမှန်တရားကို ဖော်ထုတ်နိုင်တယ်၊ အဆိုးတရားတွေကို တိုက်ထုတ်နိုင်တယ်၊ ဒါပေမဲ့ ဒီကလောင်ဟာ သစ္စာရှိဖို့ မှန်ကန်ဖို့ ရဲရင့်ဖို့တော့ လိုမယ်။ စာရေးဆရာကောင်းတစ်ယောက်ရဲ့ ကလောင်ကောင်းတစ်ချက်ကို ဖော်ပြရဲတဲ့ ဖော်ပြချင်တဲ့ စာအုပ်ကောင်းတစ်အုပ်ကလည်း မဖြစ်မနေ လိုလာပြန်ပြီပေါ့။ ဒါဆို စာကောင်းပေမွန်ကို စားသုံးမယ့် စာဖတ်သူ တစ်ယောက်မကလည်း ရှိနေဖို့ လိုအပ်ပြန်တာပါပဲ။ ဒါပေမဲ့ စာဖတ်အားတွေနည်းကုန်ကြပြီ၊ စာအုပ်ကောင်းတွေ ဈေးကွက်ထဲမှာ ကျနေတယ်။ လူတွေ တခြားဖျော်ဖြေရေးဘက် အားသန်ကုန်ကြတယ်။ စာအုပ်ဆိုင် ယဉ်ကျေးမှု ရပ်ကွက်တွေထဲ မရှိတော့ဘူး။ ဒီလို စကားသံတွေ ဂယက်ထနေသံကြားရပြီဆိုရင်လည်း ရင်ထဲမကောင်းရုံမှအပ ကျွန်မတို့ ဘာများတတ်နိုင်မှာလဲ။ ဒါကြောင့် လူတွေအားလုံး စာပေကို ချစ်မြတ်နိုးတတ်ပါစေလို့ တောင်းဆုခြွေရင်း ဩဂုတ်လမှာ စိတ်လက်ချမ်းသာ ရှိကြပါစေကြောင်း နှုတ်ခွန်းဆက်လိုက်ပါတယ်ရှင်။

မိုးမိုးစောဝင်း
တာဝန်ခံအယ်ဒီတာ

Asian Fame Media Group



# Yati CONTENT

AUGUST 2012


2 အယ်ဒီတာနှုတ်ခွန်းဆက်

ကဗျာ

7 ညီညီသစ်၊ မောင်ကြူးရင့်၊ မောင်လင်းရိပ်၊ နိုင်သစ်နီ၊ သူရနီ၊ မင်းဘုန်းမောင်၊ မောင်ခင်မှိုင်း(ချောက်)

ကာတွန်း

14 ရွှေမင်းသား၊ မြေဇာ၊ ဝင်းအောင်၊ စိုးသော်တာ၊ ကိုညာဏ်

19 မမရတီအမေးအဖြေ

ရတီမျက်နှာဖုံး

Rich Gems

ရတီအထူးကဏ္ဍ

22 **တည်ကြည်ခန့်ညား ယောကျ်ားသား**
ကျော်ကျော်ဗို၊ ထွန်းထွန်း၊ မောင်
ယုယအိမ်

30 **Audience of Celebrities' Choice**
ချစ်သုဝေ၊ ဖြူဖြူသင်း၊ လင်းယုမွန်သော်
ယုယအိမ်၊ ဖြိုးစုပိုပို

46 Hits of the Season
N ကိုင်ရာ
မိုးသောက်ကြယ်

52 **Mod Mom**
လွန်းထားထား၊ မေမိုးမာန်မောင်

57 **Designer's Idea**
ပြည်စိုးအောင်
ဖြိုးစုပိုပို



Asian Fame Media Group



# Yati CONTENT

AUGUST 2012


64 **Personal Style**
ကောင်းထက်ဇော်၊ စိုင်းစည်တွမ်ခမ်း၊ ကောင်းပြည့်၊

70 **Hottest Latest**
သဥ္ဇာနွယ်ဝင်း
သီတာစိုး

74 **Beyond the Women**
ဒေါက်တာစောနေနွယ်
ငွေသော်တာ

80 **Sweet Dream**
**Maung ၊ Cheryl**
ယုယအိမ်

85 **Khin Phone's profile as told by herself**
Khin Phone
ယုယအိမ်

**ထိန်းသိမ်းဆန်းသစ် မြန်မာ့အလှစစ်**
သက်မွန်မြင့်
ဖြိုးစုပိုပို

106 **မိန်းကလေးအချစ်ကို ပြောပြလိုက်တဲ့ သက်ထားစံ**
သက်ထားစံ
ယုယအိမ်

134 **Versatile People**
နိုင်ဇော်
ယုယအိမ်

140 **သူတို့ပြောတဲ့ 'Y'**
ဖေမြင့်၊ ကောင်းသန့်၊ ချန်ချန်
ဖြိုးစုပိုပို



Asian Fame Media Group



# Yati CONTENT

AUGUST 2012


**ရတီကိုရီးယား**

114 Wonder Girl's, Wonder Fashion
ဇင်မြင့်စံ

**ရတီဆောင်းပါး**

93 International Celebrity News
စိုးသိက်
111 Beauty Secret
Alex Moe
119 ခေတ်ပြိုင် စကတ်စတိုင်
ရွှေနေခြည်
131 မျက်ဝန်းညိုများအတွက် Make-up Trick များ
အလင်းဦး
144 ထင်ပေါ်ကျော်ကြား ဘယ်လက်ပိုင်ရှင်များ
နှင်း
169 ကျောက်မျက်များတူးဖော်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာလွှမ်းမိုးမှု
သိန်းပိုင် (M.Engg.Geol)
177 လူ့မျက်လုံး၏ အဝေးမြင်နိုင်စွမ်း
ကျော်ဦး

**ဒေသသင်္ကေတ**

98 အခါတိုင်းရင်းသား
လှမြင့်ဆွေ

**ရတီနိုင်ငံတကာ**

90 လှပ်ရှားသက်ဝင် အလှရှင် Jessica Alba
တင်လတ်သန္တာပိုလ်
122 ဝေလမင်းသမီး ဒိုင်ယာနာအသွင်နဲ့ ဆစ်ဒနီနှင်းဆီ နာအိုမီဝပ်
ရဲသစ်

**ရတီအသော့အထွေ**

127 မရေးမကောင်းရေးမကောင်း
ညီညီညာညာညက်ညက်ညောညော
208 ပါးစပ်ကအပေါ်က ကောင်းကင်ကအောက်က
ဂျက်ကွမ်းခြံကုန်း

**ရတီဗေဒင်**

155 ဒေါက်တာမြတ်သစ် (မန္တလေး)

**ဖူးနုသစ်လွင်ကဗျာဥယျာဉ်**

148 နေခြည်သစ်၊ အလင်းစစ်(မိုးညှင်း)၊ မောင်လှ၊ သျှင်နော်င်းညို(တံတားဦး)၊ နေအိမ်ဝန်း(ကန့်ဘလူ)၊ ခရေခင်၊ သမုန်းဖူး၊ စောအိက်နှင်း(ရွှေဘို)


Asian Frame Media Group



# Yati CONTENT

AUGUST 2012


**ရတီဝတ္ထုတို**

164 အစနဲ့ အသာ
ခင်သန္တာ

172 အစိမ်းရင့်ရင့်ကြားကအနီ
စံပယ်ဖြူနု

180 ကျွေးကလေးမှာ ပြည့်တဲ့ဟွန်းသံ
မိချမ်းဝေ

188 ချစ်ခြင်း၏ ပြယုဂ်များ
နဝရတ်(ဂုဏ်/ရူပ)

192 အလိုက်သင့်ရွေ့လျားခြင်းအကြောင်း
မြသွေးနီ

198 စွဲ သံတူကြောင်းကွဲ ဆွဲ
ကိုလွင်

202 သက်ဆုံးတိုင်
ခြိမ့်သဲ

214 ငွေကြေးသီအိုရီ
ငှုးငှုးမွန်

**ရည်ညွှန်းဖွဲ့သီချစ်သူဆီ**

210 အလွမ်းဖွဲ့ကောင်းကင်
မေကောင်းကင်

**မန္တလေးအတွေး၊ မန္တလေးအရေး**

158 ပန်းကန်ပြားပျံ ကျွန်တော်နှင့် ဖေ့(စ်)ဘွတ်
ကိုထွန်း (လမ်း-၈၀)

206 **ရတီစာအုပ်စင်**

**ရတီကျန်းမာရေး**

152 ကျန်းမာရေးနှင့် ညီညွတ်မည့် စားသောက်မှုဘဝပုံစံ
ဒေါက်တာအောင်ဆန်းဝင်း

**ရတီဝေဖန်ရေး**

186 ဒိရိုက်တာဝင်းထွန်းထွန်း၏ ပိုးဖလံ
မောင်အိမ်စံ


ပန်းချီသရုပ်ဖော်
အောင်ကျော်၊ ခေတ်ဘုန်းမို၊ လှကြီးမင်း၊
မိုးထက်မိုး၊ ရန်နိုင်ဦး၊ ပန်းရှာန်

Asian Fame Media Group
MEDIA GROUP



# လူ

□ လူဖြစ်ရင် သဘာဝကိုကြည့်
သခင်နဲ့ကျွန် သိထားရမယ်
ဖြစ်ပျက်ပြောင်းမှု ခံနိုင်စွမ်းရည်ရှိရမယ်
လွန်ခဲ့တဲ့ အတိတ်အိုက မပြောင်းမရွေ့သလို
ကြုံတွေ့လာရတာ အချိန်ကာလတွေကြာလွန်းပါဘိ။

□ ဖြစ်မြဲက ဖြစ်ဆဲဖြစ်
ပဋိပက္ခအဖန်ဖန်လဲ
ပြောင်းလွှဲတာတွေ အသစ်မဟုတ်
ငုတ်တုတ် ......
လူရုပ် ......အမည်နာမဆိုင်းဘုတ်
ရောမကျေးကျွန် ဇာတ်ထုပ်
**သခင်နဲ့ကျွန် စစ်ပွဲတွေရဲ့** အတွင်းပဋိပက္ခ
လူ့သမိုင်း အနှစ်ချုပ်။

□ **နေဝင်တာမရှိ**
**နေထွက်တာ မရှိ**
လူသားတွေရဲ့ စိတ်လှည့်စား
နေထွက်ချိန် ကြာညောင်းမေ့လို့
မြင်တွေ့ရ ရုပ်ပုံတွေ အလင်းအမှောင်ပြောင်းရွှေ့ခြင်းသာ
**ဒို့ပြည့်မှာ ညဖြစ်ကျန်လို့**
**ကမ္ဘာတစ်ခြမ်းမှာ နေ့ဖြစ်နေဆဲ .......။**

□ တကယ်တွေးကြည့်တော့
**နေဝင်တယ်ဆိုမရှိ**
**အလင်းနဲ့အမှောင်ဖြစ်တည်မမြဲ**
**ရွေ့လျားခြင်းနိယာမ သဘာဝတရားပါပဲ**
အသိတရားနဲ့ ညို
ကိုယ့်ကိုယ်ကိုယ် ပြန်လည်တူးဆွဖော်ကြည့်
လူဖြစ်ခြင်းရဲ့ မူလဇာစ်မြစ်
တော်လှန်တွန်းကန်မှု သတ္တိ။ ။

ညိုသစ်




yati august 2012

# အပြာရောင်သတို့သမီးဝတ်စုံနဲ့ သူမ

ဘာသာစကား ကဗျာဆရာက ဘယ်နိုင်ငံရေးပါတီမှ မဝင်ဘူးတဲ့
မဲမပေးဘူးတဲ့ နိုင်ငံရေးကင်းစင်နယ်မြေမှာ နေထိုင်သတဲ့
နိုင်ငံရေးဆိုတာ ရှုံစရာ၊ ကြောက်စရာ သာမန်လူတွေနဲ့ မသက်ဆိုင်တဲ့အရာလား
နိုင်ငံရေးဆိုတာ လူ့အဖွဲ့အစည်းဝင် လူသားတိုင်းနဲ့ လူသားရဲ့နေ့စဉ်ဘဝလား
ကေသရာဇာခြင်္သေ့မင်းလို တူသောလုံ့လနဲ့ ကြီးကြီးငယ်ငယ်သားကောင်ကို လိုက်မှာလား
ကယ်ပေါက်တွေတပ်ဆင်ထားတဲ့ ပုတတ်လိုတွင်းအောင်းသတ္တဝါအဖြစ် နေမှာလား
အပင်ကကောက်မှတော့ အကိုင်းလည်းကောက်မှာပဲ အကောက်လိုနေမှာလား
အပင်က ဖြောင့်မှတော့ အကိုင်းလည်းဖြောင့်မှာပဲ အဖြောင့်လိုနေမှာလား
ဘာသာစကားကတော့ လင်းထိန်နေတဲ့ နယူးယောက်မြို့ကြီးလို ဘယ်တော့မှမအိပ်ဘူး
ဘယ်သူဟာ တောက်ပတဲ့သမိုင်းကို ဝင်းပတဲ့ခေတ်ကို ရှေ့ရောက်အောင်တွန်းထိုးခဲ့ပါသလဲ
ဘယ်သူဟာ စိမ်းစိမ်းစိုစိုအနုပညာကို၊ လတ်လတ်ဆတ်ဆတ်ကဗျာကို ရှေ့ရောက်အောင်တွန်းထိုးခဲ့ပါသလဲ
ကိုယ့်အပူနဲ့ကိုယ်၊ ကိုယ့်ဒဏ်ရာနဲ့ကိုယ်၊ ကိုယ့်ကဗျာနဲ့ကိုယ် ထွန်းလင်းတောက်ပဝင်းထိန်လို့
သမိုင်းကိုတော့ လက်ချိုးလိမ်ပြီး နောက်ကျောကို ဓားနဲ့မထိုးနဲ့ပေါ့
စိတ်ကူးရဲ့သူဟာ တောင်တွေရွှေ့လျားစေတယ်၊ အိပ်မက်ကို ငြိမ်းချမ်းစေတယ်
ဘယ်သူမဆို ကိုယ့်သမိုင်းနဲ့ကိုယ် ထမ်းရွက်ရမှာပဲ ကိုယ့်ခေတ်ကို ထမ်းရွက်ရမှာပဲ
ငယ်ရွယ်စဉ်တုန်းက ငယ်ရွယ်စဉ်တုန်းမို့ မိဘတွေရဲ့စကားကို နားထောင်ရ
ကျောင်းနေစဉ်တုန်းက ကျောင်းနေစဉ်တုန်းမို့ ဆရာတွေရဲ့စကားကို နားထောင်ရ
အိမ်ထောင်ကျစဉ်တုန်းက အိမ်ထောင်ကျစဉ်တုန်းမို့ မိသားစုရဲ့စကားကို နားထောင်ရ
ဘာသာစကား၊ ဓလေ့ထုံးစံ၊ အစဉ်အလာ ယဉ်ကျေးမှုရဲ့ စကားကို နားထောင်ရ
ကမ္ဘာ၊ သမိုင်းခေတ် Time & Space ရဲ့စကားကို နားထောင်ရ
ငါတို့ဟာ ကြွေပန်းအိုးထဲ ထည့်စိုက်ခံရတဲ့ မကြီးထွားတော့တဲ့ ပိတောက်ပင်တွေလား
အမေရိကန်လူမည်းခေါင်းဆောင် မာတင်လူသာကင်းက I have a Dream လို့ ဟောခဲ့တယ်
အမေရိကန်လူမည်းအဆိုတော် မိုက်ကယ်ဂျက်ဆင်က We are the world လို့ ဆိုခဲ့တယ်
ကဗျာဆရာ ချားဘန်းစတိုင်းက " ကဗျာတစ်ပုဒ် လောကထဲဝင်လာပြီဆိုရင် Political Space ထဲ ဝင်ရောက်ရတာ
ဖြစ်တယ် " လို့ ပြောခဲ့တယ်၊ လူသားဟာ Time & Space ထဲက ရုန်းထွက်လို့ ရသလား
ကမ္ဘာပေါ်မှာ ဆွတ်ပျံ့လွမ်းမောဖွယ် ချစ်ခြင်းမေတ္တာတရားတွေ ခန်းခြောက်သွားခဲ့လေပြီလား၊ Post Ideology ထဲမှာ
တံခါးကို ပိတ်ထားမှာလား၊ တံခါးကို ဖွင့်ထားမှာလား ကမ္ဘာကြီးထဲက နေ့စဉ်ရိုက်ချက်တွေကို မလွတ်အောင်၊ မဆုံးရှုံး
အောင် မှန်မှန်ကန်ကန် တုံ့ပြန်ရမှာပဲ
ကမ္ဘာပေါ်မှာ လူသားလောက်ကြီးကျယ်မြင့်မြတ်တဲ့အရာ ဘာရှိဦးမှာလဲ
အပြာရောင်ကောင်းကင်ပေါ်မှာ ငှက်အုပ်ကြီးပျံသန်းသွားတာကို မကြည့်ချင်ဘူးလား
အစိမ်းရောင်တောတောင်ပေါ်က ရေတံခွန်ကြီးဖြာကျတာကို မကြည့်ချင်ဘူးလား
အဝါရောင်နေကြာပန်းခင်းကြီး ကခုန်နေတာကို မကြည့်ချင်ဘူးလား
အဖြူရောင်သတို့သမီးဝတ်စုံနဲ့ အလှကြီးလှနေတဲ့သူမကိုကော မကြည့်ချင်ဘူးလား

မောင်ကြူးရင့်

Asian Fame Media Group

# ကဗျာလပြည့်ကျော်တစ်ရက်နေ့ ဆုတောင်းစာ

လူဖိုးလို့ ခင်အောင်အေးက ကဗျာရွတ်လိုက်တဲ့အခါ လူဆိုးလား လူစိုးလား မှန်းဆကြည့်လိုက်ရ
အသားစကို ဘိုင်အော့ပ်စီ လုပ်ကြည့်ပြီးရင် ရလဒ်က အသားဆိုးများလား ရင်မောအောင် စောင့်ရ
ကွန်ဆက်ချူယယ်နဲ့ ပို့စ်ကွန်ဆက်ချူယယ်ပွက် ငြိကျ်းဝေ မျက်နှာဘုတ်အုတ်ပေါ် တင်ပွားပုံက
စမ်းသပ်ကဗျာ၊ ကွန်ဆက်ချူယယ်အရေးအသားနဲ့ ကွန်ဆက်ချူယယ်ကဗျာကြား အခြားကို သတိထားပါတဲ့
ဒီလူတွေ လူကောင်းတွေလား၊ လူဆိုးတွေလား သူတို့ကဗျာကိုကြည့်ပြီး ဆုံးဖြတ်ရမလား
ကဗျာဆိုးတွေက ကဗျာစိုးတွေ ဖြစ်လာမှာလည်း တွေးမပူပါနဲ့၊ ကဗျာဖိုးတွေနဲ့ ဟန်နီမှာ တွေ့မှာစိုးရင်သာ ၃၈ လမ်းကို
ရှောင်လျှောက်ရမှာ
ရိုးရင့်ရွက်ရှည်ပြီးရင်တော့ ဂိုးဂွင့်ဂွက်ဝွေ လာတတ်တာ ဟိုတုန်းကတည်းကပဲ
ဘဦးပြီးတော့ ဘူးသီးနဲ့၊ ဘူဖွာနဲ့၊ ဘုဇပတ်ပင်နဲ့ ဘုမသိဘမသိ ကဗျာဆရာတွေ ဆက်လာမယ်
ဘခက်ဆိုတဲ့ လေးစားအပ်သော လူဆိုးကြီးတစ်ယောက် ရောက်လာအောင် စောင့်ပါ
ပုဒ်ဖြတ်မှတ် မျဉ်းစောင်းတွေနဲ့ မြင်းမရှိတဲ့ မြင်းဇောင်းတွေ လှိုင်လှိုင်ဆောက်ပါ
မြင်းဇောင်းတွေ များတာ ကဗျာကုံထံယောင်ဆောင်ဖို့ တစ်ခုတည်းသောနည်းလမ်းမဟုတ်သော နည်းလမ်းတစ်ခုမျှသာလို့
အဲဒီ နဝေတိမ်တောင်တချို့ တိမ်ပေါ်ခုန်တက်လိုက်ပုံ
ဓာတ်ပုံအယ်လ်ဘမ်တစ်ခုစာ ရိုက်ပြီးခဲ့ရင် မီဒီယာနဲ့ ကဗျာရေထားတဲ့ အဲဟို ခေါင်းတုံးတိုပုဂ္ဂိုလ်လေးဆီ ပို့လိုက်ပါ
ကျန်တာကို သူ လူထုဂျာနယ်လစ်ဇင် ထပ်ရောလိမ့်မယ်
ပေါင်တင်ကွန်ပျူတာတစ်လုံးပေါ်ကနေ စက်ဘီးစီးတတ်စ မဆင်းတမ်းစီးပြလိမ့်မယ်
ဘိုင်အော့ပ်စီ အဖြေထွက်ရင် အဖျက်တွေ့တွေ့ပြားပြား ကျွမ်းကျေသွားဖို့ ရောင်ခြည်ပြင်းပြင်း ရှို့ရုံသာ
ကျွမ်းကျင်သူ ဝေဖန်ရေးဆရာက ခရမ်းပြာရောင် အမှတ်အသားပြလိမ့်မယ်
ခင်ဗျားရဲ့ ဓာတ်ခွဲခန်းက စက်စုံရဲ့လား၊ သေချာရင် ဆက်စုန်မယ် (မသေချာတဲ့ ကဗျာကြီးထဲ)
လူတွင်ကျယ်တွေ တစ်ယောက်ပြီးတစ်ယောက် ဂွမ်းချင်ဂွမ်းသွားပါစေ (ဖြစ်ရိုးဖြစ်စဉ်အတိုင်းပဲ)
ကဗျာတွင်ကျယ်တွေသာ တစ်ပုဒ်ပြီးတစ်ပုဒ် ထွန်းကားကျန်ရစ်ပါစေ။ ။

မောင်လင်းရိပ်



yati august 2012

# ကိုယ်တွင်းပဋိပက္ခရဲ့ ပုံတူ

အဖေ
မနက်ခင်းနေရောင်အောက်မှာ ဆန့်ထားသလို
ညနေခင်းနေရောင်ထဲမှာ ကျွန်တော့်အရိပ်
ကျွန်တော့်အရပ်ထက် ရှည်တယ်။

နေ့ရောညပါ မွန်းတည့်မြဲ အမာရွတ်ကို
အရေပြားပေါ်က ဖယ်ထုတ်မရသလို
ကျွန်တော့်စိတ်နဲ့ ကျွန်တော့်အရိပ်ဟာ
ကျွန်တော့်အတိတ်လို လွန်လွန်ကျူးကျူး ခိုင်ခံ့နိုင်လွန်းတယ်။

သောကများများ မောဟထူထူ အမြဲတမ်း
ဆူဝေနေတဲ့ သံရည်ပူအိုးလို ဘဝတွေ
တွယ်တာမြတ်နိုးစိတ်နဲ့ ဆန်တက်ခဲ့တဲ့ ကောင်းကင်မှာ
မြေသင်းရနံ့တွေ လှိုင်လို့
တောရိုင်းပန်းတွေ ဝေဝေဆာဆာ
ကျွန်တော်မသိမီသော စစ်အတွင်းခရီးသည်ဘဝမှာ
အဖေတို့လူငယ်တွေ ဘယ်လိုစွမ်းရည်
ဘယ်လိုနှလုံးသားနဲ့ ခြေကုပ်မြဲတဲ့ဦးခေါင်းကို တည်ဆောက်ခဲ့တာလဲ။

အဖေ
ကျွန်တော့်အသက် မျိုးဆက်တစ်ဆက်
ကျော်လွန်ခဲ့ပြီ အဖေ
ချစ်ခြင်းမေတ္တာဆိုတာ
ကျွန်တော်နဲ့မတည့်တဲ့ အစားအစာလား
ကျွန်တော့်ကောင်းကင်
ကျွန်တော့်မြေသား
ကျွန်တော့်တောတန်း
ကျွန်တော့်လွင်ပြင်
ကျွန်တော့်ပန်းဥယျာဉ်
ကျွန်တော့်အိမ်ရာ
ကျွန်တော့်မိသားစု
ကျွန်တော့်ဆွေမျိုးသားချင်းနဲ့
ကျွန်တော့်မိတ်ဆွေအပေါင်းအသင်းများ
ကျွန်တော်တို့အချင်းချင်း ပွင့်လင်းနွေးထွေးစွာ
ကျွန်တော်တို့အချင်းချင်း လင်းချင်းတောက်ပစွာ
နေထိုင်ပျော်မွေ့လိုစိတ် တဖိတ်ဖိတ်တလက်လက်
ကျွန်တော် ချင်ခြင်းတပ်တယ်အဖေ
သူ့ကိုယ်သူ ပြန်တောက်တဲ့တိမ်တွေအောက်မှာ
ဝယ်မရ တောင်းမရတဲ့အရာကို
ဆာလောင်မွတ်သိပ်တာလောက်
အခံရခက်တာ ဘာများရှိဦးမှာလဲ အဖေ။

ညနေခင်းနေရောင်အောက်မှာ ဆန့်ထားသလို
မနက်ခင်းနေရောင်ထဲမှာလည်း ကျွန်တော့်အရိပ်
ကျွန်တော့်အရပ်ထက် ရှည်တယ်။ ။

နိုင်သစ်နီ




Asian Fame Media Group
af MEDIA GROUP

# လူမှုဘဝဟန်ပန်အကြောင်း တစေ့တစောင်း

လူကအတွေ့အကြုံဆိုတာနဲ့ တပူးတတွဲတွဲ
အတွေ့အကြုံက လူမှာစိုက်ဝင်နေတယ်ထား
ကံကြမ္မာ ဆင်ခြင်တုံတရား လွတ်လပ်ခြင်း တွေးခေါ်မြော်မြင်မှု
အခုလည်း ဘာသာရေးစာအုပ်တွေ ဖတ်နေတယ်ဆိုတော့
လောလောဆယ် ရင်အခုန်ဆုံးစာအုပ်နှစ်အုပ်
ညွှန်းပေးလိုက်ပါလား .............
ဦးအေးမောင်ရဲ့ ဗုဒ္ဓနဲ့ဗုဒ္ဓဝါဒရယ်
ကျောက်သဘော်ဆရာတော် အတ္တုပ္ပတ္တိရယ်
ကြုံရင်လာခဲ့ပါဦးမယ် ပြန်ရင်လည်း ယူသွားချင်တယ်
အင်္ဂလိပ်စာရယ် Laptop လေးတစ်လုံးရယ် ရအောင် လုပ်ရမယ်
မင်းဖြစ်ဖြစ် ငါဖြစ်ဖြစ် မသေခင်တွေ့ရအောင်
သူများမကောင်းကြောင်း ကိုယ်ကောင်းကြောင်း
သူများမကောင်းကြောင်း ကိုယ်မကောင်းကြောင်း
သူများကောင်းကြောင်း ကိုယ်ကောင်းကြောင်း
တစ်ခုကို နည်းနည်းစီ နည်းနည်းစီ
ကိုယ်ယုံကြည်ရာ ကိုယ်လုပ်ကြတာပေါ့
ဒါပေမဲ့ စကားကိုဆက်တယ်
ခေါင်းစဥ်တစ်ခုအောက်မှာ အသေခံဖို့တော့
မသင့်တော်ဘူးထင်ပါတယ် ငါ့အထင်ပါ
ငါ့အထင်ဆိုတာ သူ့အထင်ပါ
ဟုတ်ချင်လည်း ဟုတ်မယ်၊ ဟုတ်ချင်မှလည်း ဟုတ်မယ်
လူဆိုတာ ကိုယ့်ရင်ခုန်သံကို ကိုယ်သစ္စာရှိဖို့
လိုမယ်ထင်တယ်လို့ ပြောတဲ့သူတွေ ပြောကြတယ်
"သန်းမွှေး" တစ်ယောက်လည်း ရန်ကုန်မှာ ကားတိုက်ခံရလို့
ဆုံးသွားတယ်
သဗ္ဗေသတ္တာ ကမ္မသကာပါပဲလို့ ပြောရင်ရမလား
တကယ်တော့ လူ့ဘဝဆိုတာ
ကမ်းခြေရောက်တော့လည်း အဆိုးချည်းကျန်တာပါပဲ
ပြောရင် လက်ခံရမလို
ဘာလိုလို။ ။

သူရနီ
(အောက်တိုဘာ - ၂၀၀၉)



Asian Fame Media Group

# ပြင်ဆင်ဆဲ သမိုင်း

မီးလောင်ပေါက်နေတဲ့ အတွေးအခေါ်တချို့နဲ့
သံသရာစက်ဝိုင်းထဲ ဝေဒနာပစ္စယာ တဏှာကူးလို့
ဖွင့်မဖတ်ဖြစ်သေးတဲ့ အနာဂတ်ပြဋ္ဌာန်းချက်အတွက်
သက်ပြင်းကို အကြိမ်ကြိမ်ချလို့
ဘာမှမလုပ်ဖြစ်ဘဲ ကုန်ကုန်သွားတဲ့
နေ့စွဲတွေကို မျက်တောင်မခတ်တမ်း စိုက်ကြည့်လို့
လက်ဖက်ရည် ပေါ့ပြက်ပြက်တစ်ခွက်နဲ့
နိုင်ငံတကာသတင်းကို ရယူလို့
အဟောင်းပေး အသစ်ယူ
ကြွေးစနစ်လို
စိတ်ကျခြင်းကို မီးကူးမိတယ်
အုတ်နံရံပေါ် လျှောက်တက်သွားတဲ့
နွယ်ပင်စိမ်းစိမ်းလေးကို ကြည့်ရင်း
မြေကြီးအောက်ဆင်းနေတဲ့ မျှော်လင့်ချက်လည်း ခွေကျ
ပစ္စုပ္ပန်တည့်တည့် မရှုနိုင်တဲ့စိတ်နဲ့
ယမ်းအောက်နေတဲ့ ကျည်ဆန်ကိုထည့်
ဘဝထဲ ပစ်ကြည့်လိုက်တော့
ဖားတစ်ပိုင်း ငါးတစ်ပိုင်းတစ်ကောင် ရတယ်
အိမ်အပြန် ညဥ့်နက်တာကလွဲလို့
ကိုယ့်ဖို့ သူ့ဖို့
စနက်တံ မီးမရှို့ဖြစ်သေးဘူး ..........။ ။

မင်းဘုန်းမောင်





Asian Fame Media Group
af MEDIA GROUP

# ခရီးတစ်ဝက်မှာပဲ ခရီးထွက်သွားတဲ့ လူတစ်ယောက်

"ကိုငြိမ်းချမ်း ဆုံးပြီ" တဲ့
ဖေတင်ညွန့်ရဲ့ သတင်းစကားမှာ
ကိုမင်းနဲ့ကျွန်တော် တုန်လှုပ်အံ့အားသင့်ခဲ့ရ
"ဘယ်လိုဖြစ်တာလဲ"
"ဘာဖြစ်သွားတာလဲ"
အင်တာနက်ခေတ်ကြီးထဲမှာ
ကျွန်တော်တို့တစ်တွေက
တစ်မြို့တည်းနေပေမယ့် နီးလျက်နဲ့ဝေးကွာ
ဒီလိုမဖြစ်သင့်ပေမယ့် ဒီလိုဖြစ်ခဲ့ရပြီ
ဒီလိုမခွဲခွာသင့်ပေမယ့် ဒီလိုခွဲခွာခဲ့ရပြီ
ဟောဒီလို ခရီးတစ်ဝက်မှာပဲ
ခရီးထွက်သွားတဲ့ လူတစ်ယောက်
စစ်ကွင်းဆိုတဲ့ စစ်ကွင်းရဲ့တစပြင်ထဲမှာ
"ကိုငြိမ်းချမ်း ငြိမ်းချမ်းသွားပြီ" တဲ့
ဖေတင်ညွန့်ရဲ့ မှတ်ချက်
ဘယ်သူကန့်ကွက်နိုင်မှာလဲ
ပွဲအစမှာပဲ ပွဲသိမ်းခဲ့ရ
ပွဲအထွက်မှာပဲ ပွဲပျက်ခဲ့ရ
မငြိမ်းချမ်းတဲ့ ဘဝမှတ်တမ်း
ငြိမ်းချမ်းစွာ တစ်ခန်းရပ်ခဲ့ပြီလား
တစ်ခါက မှတ်မှတ်ရရ
ဘယ်လောက်သောက်သောက် ဘယ်တော့မှမမှောက်
သောက်ရင်း မော့ရင်း မော့ရင်း သောက်ရင်း
မိုးစင်စင်လင်းသွားပစေ
သေရည်အိုးထဲမှာ သေရည်ရှိနေသရွေ့
ဒီလူဘယ်တော့မှ သတိမရွေ့စေရဘူး။
သူ့ရဲ့ ထင်ရှားတဲ့ အမှတ်အသား
Rocker တွေလို ဆံပင်ရှည်ရှည်နဲ့
ဂစ်တာကို မယ်ဒလင်လိုတီး
မယ်ဒလင်ကို ဂစ်တာလိုတီး
အနုပညာခရီးမှာ ရေစီးကိုဆန်တက်ရင်း
ဆရာဝင်းဖေရဲ့ "ချက်ကြီးအတွက် အရက်" ဆိုတာ
သူ့အနှစ်သက်ဆုံး စကားပြေပါ။
"မဖွံ့မအလင်း"
စနေစာပေစကားဝိုင်း ကနဦးအစမှာ
တစ်ခန်းတစ်ကဏ္ဍပါဝင်အားဖြည့်ခဲ့
ကျွန်တော်တို့ရဲ့ အချိုးအကွေ့တိုင်းမှာ
ဘယ်ခါမှ လက်တွဲမပျက်ခဲ့
ဒီလိုနဲ့
ကစားချိန် မိနစ်ကိုးဆယ်မပြည့်မီ
ပွဲသိမ်းခရာမမှုတ်မီ
ဟောဒီလို ခရီးတစ်ဝက်မှာပဲ
ခရီးထွက်သွားတဲ့ လူတစ်ယောက်
ဟောဒီလို ခရီးတစ်ဝက်မှာပဲ
ခရီးထွက်သွားတဲ့ လူတစ်ယောက် ။ ။


မောင်ခင်မှိုင်း (ချောက်)

ကွယ်လွန်သွားခဲ့သော ကိုငြိမ်းချမ်းသို့ ။




Asian Fame Media Group
af MEDIA GROUP



ခက်တာက တို့က ဈေးဆစ်ချင်တာ ဈေးဆစ်ရင် ယောက်ျား မဆန်ဘူးတဲ့ ပါပဲ
အသင့်မြင်းအိမ်ဂျာတွေကြောင့် တို့ရပ်ကွက် အသင့်မြင်းမြင်း ရောင်းနေတာ ပြန်မကျဘူး
ပြုံးပါဟား
ဗင်းမှာ ငွေလိုနေတာပဲ
လူမမြင် အတတ်ပညာ ကျောင်း
မဟုတ်ဘူး မိန်းမ လိုချင်တာ
လူမမြင် အတတ်ပညာ ကျောင်း
အဲဒါကြောင့် မိန်းမယူဖို့ ငွေလိုနေတာပဲ ပြောတာပေါ့!




Asian Fame Media Group




Asian Fame Media Group
MEDIA GROUP



Asian Fame Media Group





မင်္ဂလာပါ မမရတီ. . . ဝိုင်းက ရတီရဲ့ပရိသတ်တစ်ဦးပါ။ ထာဝရပရိသတ်လို့ပြောရင်လည်း မမှားပါဘူး။ ဝိုင်းစာလေးကို ရတီစာမျက်နှာထက်မှာ ဖော်ပြဖြစ်အောင် ဖော်ပြပေးပါနော်။ ဝိုင်းလေ ကိုအောင်ရဲလင်းနဲ့ Bobby Soxer ရဲ့လိပ်စာလေးတွေကို သိချင်ပါတယ်။ ဖုန်းနံပါတ်ကတော့ မမရတီ အဖြေရခက်မှာစိုးလို့ မတောင်းတော့ပါဘူးနော်။ တကယ်လို့ ဖုန်းနံပါတ်ပေးမယ် ဆိုရင်တော့ မမရတီကို ဘယ်လိုကျေးဇူးဆပ်ရမှန်းတောင် မသိတော့ပါဘူး။

*ဝိုင်း(မြိတ်မြို့)*

**ဝိုင်းသိချင်တဲ့ အောင်ရဲလင်းရဲ့ လိပ်စာကတော့ အမှတ် ၂၀၊ အောင်တော်မူလမ်း၊ မြေနီကုန်း၊ စမ်းချောင်းဖြစ်ပါတယ်။ Bobby Soxer ကတော့ နံပါတ် ၁၄၄၊ ၄၇ လမ်းအထက်၊ ၈လွှာ ၊ ဗိုလ်တထောင်မြို့နယ် ဖြစ်ပါတယ်။ ဖုန်းနံပါတ်ကတော့ မမရတီ ခဏခဏပြောဖူးသလိုပဲ ပေးပိုင်ခွင့်မရှိပါဘူးလို့ မပြောင်းမလဲ ဖြေပါရစေ။ ဝိုင်းဘယ်ပုံဘယ်နည်း ကျေးဇူးဆပ်မလဲဆိုတာ သိခွင့်မရှိတော့လို့ စိတ်မကောင်းလိုက်တာကွယ်။**

# မမရတီ

## အချစ်ရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အနုပညာအရေး

## Questions & Answers



မမရတီ. . . သမီးကြိုက်တဲ့ အကယ်ဒမီမင်းသားက ချစ်သူတွေ့သွားပြီဆိုတာ ဟုတ်သလားဟင်။ သမီးကြားရတာကတော့ သူ့ချစ်သူကောင်မလေးက ငယ်ငယ်လေးတဲ့။ တချို့ဂျာနယ်တွေ မဂ္ဂဇင်းတွေမှာလည်း သူတို့ စုံတွဲပုံတွေ တွေ့တွေ့နေရတယ်။ ရင်တွေ ပူလိုက်တာမမရတီရယ်။ ဒီသတင်း ဟုတ်သလား မဟုတ်ဘူးလားဆိုတာ မမရတီအတည်ပြုပေးပါလားဟင်။ အနီးဆုံးလမှာ အမြန်ဆုံး အကြောင်းပြန်ပေးပါနော်။ သမီးတို့ မင်းသားက အေးဆေးတယ်၊ ဘုရားတရားအရမ်း ဝါသနာပါတာ။ သူ့ဘဝမှာ ဘုန်းကြီးတောင် ဝတ်ဖြစ်ချင်ဝတ်ဖြစ်မှာတွေ ဘာတွေကြားထားတော့ သမီးတို့က မင်းသားအတွက် အရမ်းအရမ်းကို ဂုဏ်ယူဝမ်းမြောက်နေကြတာ။ မမရတီ ပြန်ဖြေပေးဦးနော်။

*ခင်သူဇာစိုး*

**ချစ်သူငယ်ငယ်လေးရတယ်ဆိုတာ ပျော်စရာပါ ခင်သူဇာစိုးရဲ့၊ ချစ်သူတွေပါဆိုမှ စုံတွဲပုံလေးတွေ ရိုက်ချင် ဖော်ပြချင်မှာ သဘာဝပဲပေါ့။ ကြားနေ မြင်နေရတယ် ဆိုပေမယ့် အတည်ပြုဖို့ဆိုတာက ကာယကံရှင်ကလွဲလို့ မမရတီ ဘာပြောလို့ရမှာလဲကွယ်။ သေချာရင်တော့ မကြာခင် ကြေညာမှာပေါ့။ အေးပေမယ့် မနွေးဘူး၊ ဘုရား**

AsiaFame Media Group



**တရားနဲ့ ချစ်ခြင်းတရားဆိုတာ သူ့အကန့်နဲ့သူ၊ ခေါင်းတုံးမဟုတ်သမျှ တစ်ဆုံးချစ်လို့ရတယ် ဆိုတာကို မင်းသားက သက်သေပြတာနေမှာပေါ့ကွယ်၊ ဒါကြောင့် ကြားရင် ကြားတယ်မှတ်ပြီး မုဒိတာ ပွားပေးလိုက်ပါလို့ ပြောချင်ပါတယ်ကွယ်။**

မမရတီရေ. . . သေတဲ့သူက သေသွားပြီ။ ဒါပေမဲ့ မင်းသားကို ချစ်တဲ့ ပရိသတ်ကတော့ အသံတွေ မစဲနိုင်သေးပါလားဗျာ။ အခုလည်း သူသေလို့ ဝင်စားတဲ့သူဆိုပြီး သတင်းတွေ အရမ်းထွက်နေပြန်ပြီနော်။ ကျွန်တော်တောင် အဲ့ဒီဂျာနယ်ဝယ်ဖတ်လိုက်သေးတယ်။ ဖတ်လို့ တော်တော် ကောင်းပါတယ်။ မင်းသားရဲ့ ဇနီးကတော့ ဝင်စားတယ်ဆိုတဲ့ ကလေးနဲ့ ပတ်သက်ပြီး ဖြေတာ တော်တော်ပြတ်တယ်နော်။ ဒါပေမဲ့ ဖြေတာက ဖြေပါ။ ကျွန်မလည်း နောက်ထပ် အိမ်ထောင်ပြုရင် ပြုမယ်ဆိုတာချည်းကိုတော့ ခဏခဏ ရင့်ကျူးနေဖို့ မကောင်းပါဘူးဗျာ။ ဟိုတစ်ခါကလည်း သူ့သားအရင်းလို ဖြစ်နေတဲ့ သူနဲ့ အတူနေတဲ့ ကလေးကလည်း သူထပ်တွဲနေတဲ့ အိမ်ထောင်ဖက် အသစ်ကို လက်ခံတဲ့ပုံစံမျိုးတွေ မေးထားဖြေထားသေးတာ ဖတ်လိုက်ရသေးတယ်။ သေသွားတဲ့ မင်းသားကို လွမ်းတယ်ဗျာ။ စိတ်မကောင်းဘူး။

*ပိုင်ခန့်ကို (မော်ကျွန်း)*




**ပိုင်ခန့်ကို တစ်ယောက်ကတော့ သူများအပူ ကိုယ့်အပူ လုပ်နေပါပေါ့လား။ ဒါမျိုးတွေက ဆန်းမှမဆန်းတော့တာ ပိုင်ခန့်ကိုရယ်။ အင်ဂျလီနာဂျိုလီဆိုလည်း ဘရက်ပစ်နဲ့လက်ထပ်မယ့်ကိစ္စကို အတူတူနေနေကြပေမယ့် ခုနစ်နှစ်လုံး အချိန်ဆွဲနေလာပြီးမှ သားအကြီးဆုံးလေးက အတူ ကစားနေကြရင်း ဒယ်ဒီလို့ ထခေါ်လို့ ဘရက်ပစ်ကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာပါလို့ ပြောခဲ့ဖူးသေးတာပဲ။ ဒါက သူတို့မိသားစုအရေးမို့ သူတို့ စိတ်ကြိုက်ပြောရေးဆိုခွင့်ရှိပါတယ်။ ထို့အတူ ပိုင်ခန့်ကိုကလည်း ကွယ်လွန်သွားပြီဖြစ်တဲ့ မင်းသားရဲ့ ပရိသတ်မို့ စိတ်မကောင်းဘူး ဆိုတာကို ပြောပိုင်ခွင့်ရှိတာပါပဲ။ ဒါကြောင့် ကယ်စီယမ်ကွေကာကို လူတိုင်း ကိုယ့်အတွေးနဲ့ ကိုယ်သောက်ကြပါတယ်ဆိုတဲ့ ကြော်ငြာထဲကလို ကိုယ့်သဘောအတိုင်းပေါ့ကွယ်။**

မမရတီ. . . ကျွန်မက ရတီရဲ့စာဖတ်ပရိသတ်ပါ။ ရတီမှာ ဝတ္ထုများများလေး ထည့်ပေးပါလားရှင်။ ဆောင်းပါးကောင်းတွေလည်း ဖတ်ချင်ပါသေးတယ်။ ကိုယ့်ရဲ့ ဗဟုသုတအသိအမြင်ကို တိုးတက်အောင် လုပ်ဖို့ဆိုတာ ဒီလိုစာတွေဖတ်ရမှ ဖြစ်တာရှင့်။ ပြောသာပြောရတာပါ။ အိမ်မှာကလည်း ကျွန်မတစ်ယောက်ပဲ စာဖတ်တဲ့သူရှိတာ။ သမီးတွေက အရုပ်တွေပဲ ကြည့်ကြတာ။ ဘယ်မင်းသား ဘယ်မင်းသမီး ဘာတွေဝတ်တယ် ဒါတွေပဲ သူတို့က ခံစားတာ။ ကျွန်မကြိုက်တဲ့ တချို့မဂ္ဂဇင်းတွေဆိုရင် စာများလို့ဆိုပြီး အငှားဆိုင်တွေမှာ မတွေ့ရတော့ဘူး။ ကျွန်မကလည်း ဝယ်မဖတ်နိုင်ဘူးလေ။ အငှားဆိုင်ကိုပဲ အားကိုးနေရတာ။ ဘာပဲပြောပြော ရတီကိုတော့ အမြဲတမ်း အားပေးနေပါ့မယ်။ ဘယ်သူဘာပြောပြော စာပေဘက်ကပဲ တည့်တည့်မတ်မတ်ရပ်တည်ပေးမယ့် မဂ္ဂဇင်းအဖြစ် ချစ်ခင်နေပါရစေ။

*မခင်မာထွေး (စစ်ကိုင်း)*

**ရတီကို ဝတ္ထုများများထည့်ပေးပါဆိုတဲ့ မခင်မာထွေးရေ။ မမရတီတို့စာအုပ်ထဲမှာ ဝတ္ထု ၇ ပုဒ်နဲ့ ၈ ပုဒ်ကြားအမြဲ ပါပါတယ်။ ဆောင်းပါးလည်း အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ထည့်ပေးထားပါတယ်။ အများဖတ်ချင် ကြည့်ချင်တဲ့ ဖက်ရှင်ကဏ္ဍလေးတွေကလည်း လျှော့လို့မရပြန်ဘူးလေ။ မခင်မာထွေးပြောလို့ ရယ်စရာ ပြောရဦးမယ်။ ရတီရဲ့ စာဖတ်ပရိသတ် အမျိုးသားကြီး တစ်ဦးက ဖုန်းဆက်ပြောလာပါတယ်။ ကြော်ငြာတွေ မထည့်ပါနဲ့၊ စာရွက်ဖိုးကုန်တယ်။ ဖတ်စရာသာ များများထည့်စမ်းပါတဲ့လေ။ မမရတီတို့မှာ သူ့စကားကို ကြားလိုက်ရတာ ငိုရခက် ရယ်ရခက်ပါ။ ခုခေတ်မှာ မဂ္ဂဇင်းရေရှည် ရပ်တည်နိုင်ဖို့အတွက် ကြော်ငြာဆိုတာလည်း အရေးကြီး**

Asian Media Group



အခန်းကဏ္ဍဆိုတာ သူ့ကို ဘယ်လိုရှင်းရပ့်ါနော်။ ဟာသတစ်ခု ကြားဖူးတယ်။ ဝယ်သူတစ်ယောက်က အကြော်ရောင်းတဲ့ သူတစ်ယောက်ကို မြှောက်ပေးနေတာက ငါးလည်းစားကောင်း မင်းလည်း ရောင်းကောင်းအောင် အချပ်ကြီးကြီးသာကြော်ကွာလို့ ပြောသတဲ့။ အခု မမရတီတို့လည်း ပရိသတ်လည်း အကြိုက်တွေ့ မဂ္ဂဇင်းလည်း အာဟာရဖြစ်အောင် အချပ်ကြီးကြီးတွေ ကြော်နေပါတယ်လို့ ပြောရမယ့်ကိန်းပါရှင်။ မခင်မာထွေးက အားပေးတယ်နော်။ တည့်တည့်မတ်မတ်ရပ်တဲ့။ ရတီမဂ္ဂဇင်းလည်း ရပ်နေတာကတော့ တည့်တည့်ပါပဲ။ ဒါပေမဲ့ အရိပ်က နည်းနည်း စောင်းနေတာကတော့ ခေတ်ကာလကြောင့်လို့ နားလည်ပေးပါလားရှင်။

မမရတီ. . . ရတီမဂ္ဂဇင်းကို အွန်လိုင်းကတစ်ဆင့် စာမူပေးလို့ ရလားဟင်။ ကျွန်တော်တို့ စာတိုက်က အမြန်ချောပို့နဲ့ပို့ရင် စာပို့ခတွေ ဈေးကြီးလို့ပါ။ ရွေးမရွေးကလည်း မသေချာတော့ စာတိုက်ကနေ တတန်တက ပို့ရမှာကို ဝန်လေးနေလို့ပါဗျာ။ အွန်လိုင်းကနေ ပို့ချင်တယ်ဆိုလို့ အလွယ်လမ်းလိုက်တယ်လည်း မထင်လိုက်ပါနဲ့ဦးနော်။ ကော်နက်ရှင်ကို စိတ်ရှည်လက်ရှည် စောင့်ပြီး ပို့ရတာမို့ ကျွန်တော့် စာမူလေးကိုလည်း စိတ်ရှည်လက်ရှည် ဖတ်ပေးပါဗျာ။

*မောင်သက်နိုင်(တောင်ငူ)*

**ဟုတ်ကဲ့ နားလည်ပါတယ် မောင်သက်နိုင်ရေ။ မေးလ်နဲ့ ပို့တဲ့သူတင် စိတ်ရှည်ရတာ မဟုတ်ပါဘူး။ မေးလ်ကိုဖွင့်ပြီး စိတ်ရှည်လက်ရှည် စောင့်စားဖတ်ရတဲ့ အယ်ဒီတာရဲ့ ဘဝကိုလည်း နားလည်ပေးပါလို့ ပြောချင်ပါတယ်။ ဒါပေမဲ့ အားတင်းထား မောင်သက်နိုင်ရေ။ ၂၀၁၃ အရှေ့တောင် အာရှဆီးဂိမ်းပြိုင်ပွဲက မြန်မာနိုင်ငံမှာ ကျင်းပမှာဆိုတော့ ဆီးဂိမ်းအမီ အင်တာနက် မြန်နှုန်း နှစ်ဆနီးပါး ပိုမိုမြင့်တက်ဖို့ လုပ်မယ်လို့ သိရပါတယ်။ ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်း အပြီးလောက်မှာ လက်ရှိအသုံးပြုနေတဲ့ ပင်လယ်ရေအောက် ဖိုက်ဘာတွေ ဆက်ကြောင်းတွေကို နောက်ထပ် မြန်နှုန်းမြင့်အောင် တိုးချဲ့ ဆောင်ရွက်နေတယ်လို့ ပြောနေဆိုနေကြတယ်ကွယ့်။ ဒါဆိုရင် တို့တွေရဲ့ စာမူအပို့အယူ ကိစ္စတွေ အတော်ကြီးကို အဆင်ပြေချောမွေ့သွားမှာပါ။**



မမရတီ. . . ရတီအဖွဲ့သားတွေ ကျန်းခံ့သာလို့ မာကြရဲ့လား၊ သမီးတို့ နယ်မှာတော့ မိုးရာသီသာဆိုတယ်။ ဘုရားစူး မိုးရာသီပဲ အစ်မရေ။ မိုးသာရွာတယ် မိတ်တွေထွက်ပြီး ချွေးတွေကလည်းထွက် နေရထိုင်ရခက်လိုက်တာ။ ဓာတ်ဆားရည်နဲ့ အသက်ဆက်နေရတယ်။ ဖျားလိုက်ကြတာလည်း အိမ်မှာ အလှည့်ကျကို ဖြစ်နေတာပဲ။ ရတီမဂ္ဂဇင်းမှာ မိုးရာသီ ကျန်းမာရေး ကဏ္ဍလေးဘာလေး ထည့်ပါဦး မမရတီ။ အလှအပရေးရာတွေအပြင် ကျန်းမာရေး ဆောင်းပါးလေးတွေလည်း ဖတ်ပါရစေ။

*ခင်သီတာစိုး*

**ခင်သီတာစိုးရဲ့ အကြံပေးချက်လေးကို မှတ်ထား လိုက်ပါပြီ။ ဒါနဲ့ တစ်ခုမေးပါရစေဦး။ ဓာတ်ဆားရည်နဲ့ အသက်ဆက်ရတယ်လို့ ဘာကြောင့် ပြောတာလဲဟင်။ ပူလို့ ချွေးထွက်လွန်လို့ ဓာတ်ဆားရည် သောက်သင့်တယ်ထင်ပြီး သောက်နေတာလား။ မမရတီ သိတာကတော့ အလွန်အမင်း ပူပြင်းတဲ့အခါ ချွေးထွက်လွန်တဲ့အခါ ခန္ဓာကိုယ်မှာ ပိုတက်စီယမ်လို့ခေါ်တဲ့ အငန်ဓာတ် ကုန်ဆုံးတာ မှန်တယ်။ အငန်ဓာတ်လိုတာလည်း မှန်တယ်။ ဒါပေမဲ့ ဓာတ်ဆားရည် တစ်အားသောက်ပြီး ချွေးထွက်လွန်တာကို ပြန်လည် ဖြည့်ဆည်းတာတော့ မှားတယ်လို့ သိထားပါတယ်။ ဒါဟာ ဆရာဝန်များ ထောက်ခံတဲ့ ကုထုံး မဟုတ်ပါဘူး။ ဓာတ်ဆား သောက်တာများသွားရင် ကျောက်ကပ် မကောင်းတဲ့သူ အတွက်ဆို အသက် အန္တရာယ်တောင် စိုးရိမ်ရတယ် ကြားဖူးတယ်။ အကောင်းဆုံး ကတော့ ဆေးရုံ၊ ဆေးခန်းသွားပြီး ဆရာဝန်ညွှန်ကြားချက်နဲ့ သောက်တာ ကောင်းပါတယ်။ အထူးသဖြင့် သီးစုံဓာတ်ဆားတွေဟာ ပိုပြီးမသောက်သင့်ပါဘူး မခင်သီတာစိုးရေ။**

♦

Asian Fame Media Group



# တည်ကြည်ခန့်ညား ယောက်ျားသား

လူမျိုးတိုင်းမှာ ရိုးရာယဉ်ကျေးမှုဆိုတာရှိသလို ရိုးရာဝတ်စုံတွေလည်း ရှိပါတယ်။ ခေတ်ကာလတွေ ပြောင်းလဲပြီး အမြင်တွေဆန်းသစ်လာတာနဲ့အမျှ ဝတ်စုံတွေရဲ့အဆင်တန်ဆာတွေလည်း ကွဲလွဲလို့ လာတာတွေ့ရပါတယ်။ ဘယ်လိုပဲ အသစ်တွေပေါ် ပေါ် ရိုးရာရဲ့လမ်းကြောင်းပေါ်မှာ ဂုဏ်ယူဖွယ်ရာ ခန့်ညားတဲ့ ဆင်မြန်းမှုကို မြန်မာအမျိုးသားတွေ ဖြစ်တဲ့ ကျော်ကျော်ဗို၊ ထွန်းထွန်း၊ မောင်တို့က "ရွှေပြည်တန်" ပိုးထည်တိုက်ရဲ့ပံ့ပိုးမှုနဲ့ "တည်ကြည်ခန့်ညား ယောက်ျားသား" ကဏ္ဍကနေ "ရတီ" စာဖတ်ပရိသတ် ကြီးအတွက် ရုပ်အကျီနဲ့ ပိုးပုဆိုးတွဲဖက်ဝတ်ဆင်ပြီး ရိုးရာကိုကျက်သရေရှိစွာ တင်ဆက်ပေးလိုက်ပါတယ်။

**ယုယအိမ်**

မော်ဒယ် - ကျော်ကျော်ဗို
ဝတ်စုံ - ရွှေပြည်တန်ဖိုးထည်
ဓာတ်ပုံ - ကိုနိုင် (ပေါ်ပြူလာ)

Asian Fame Media Group
af MEDIA GROUP




Asian Fame Media Group



# တည်ကြည် ခန့်ညား ယောက်ျားသား

Asian Fame Media Group




af MEDIA GROUP
Asian Fame Media Group



# တည်ကြည် ခန့်ညား
# ယောက်ျားသား

မော်ဒယ် – မောင်
ပုဆိုး – ရွှေပြည်တန်ခိုးထည်
နေရာ – မြရိပ်ညို
ဓာတ်ပုံ – ကိုနိုင် (ပေါ်ပြူလာ)

Asian Frame Media Group



# တည်ကြည် ခန့်ညား ယောက်ျားသား

Asian Fame Media Group
af MEDIA GROUP



# ရတီမဂ္ဂဇင်းရဲ့ ချစ်ပရိသတ်ကြီးအတွက် သတင်းကောင်း

## Audience of Celebrities' Choice

**အစီအစဉ်**

ပရိသတ်ကြီးအားလုံး မင်္ဂလာပါ။ ရတီမဂ္ဂဇင်းကိုအားပေးနေကြတဲ့ ပရိသတ်တွေ အတွက် "Audience of celebrities' choice" ဆိုတဲ့ ကဏ္ဍလေးတစ်ခု ဖွင့်လှစ်ပေးလိုက်ပါတယ်။

**အခွင့်အရေး**

၂၀၁၂ **နိုဝင်ဘာလ**ထုတ် ရတီမဂ္ဂဇင်းအတွက် **အဆိုတော်အောင်လ**နဲ့အတူ ရတီစာမျက်နှာပေါ်မှာ အလန်းစားအိုက်တင်၊ အလန်းစား အပြင်အဆင်တွေနဲ့ ဓာတ်ပုံတွဲရိုက်ခွင့်ရမှာ ဖြစ်ပါတယ်။

**ထူးခြားချက်များ**

ဒီကဏ္ဍရဲ့ထူးခြားမှုတစ်ခုကတော့ ဓာတ်ပုံရိုက်ခွင့်ရမယ့် ပရိသတ်ကို မဂ္ဂဇင်းက ရွေးချယ်မှာမဟုတ်ဘဲ အနုပညာရှင်ကိုယ်တိုင်က ရွေးချယ်မှာဖြစ်ပါတယ်။

**မိတ်ကပ်၊ အဝတ်အစား**

ရွေးချယ်ခံရတဲ့ ပရိသတ်တွေအတွက် အဝတ်အစားနဲ့ မိတ်ကပ်ကိုတော့ ရတီမဂ္ဂဇင်းကနေစီစဉ်ပေးမှာနော်။

---

**စည်းကမ်းချက်များ**

(၁) အောက်ဖော်ပြပါဖြတ်ပိုင်းနဲ့တကွ 5"x7" အရွယ်ရှိ (တစ်ကိုယ်လုံးပြည့် အလှဓာတ်ပုံတစ်ပုံ၊ ဘေးတိုက်မြင်ဓာတ်ပုံတစ်ပုံ၊ မျက်နှာအပြည့်ပုံတစ်ပုံ)
(၂) အသက် ၁၅ နှစ်မှ ၃၀ နှစ်အတွင်းရှိ အမျိုးသား၊ အမျိုးသမီးမည်သူမဆို
(၃) မိဘ(သို့) အုပ်ထိန်းသူခွင့်ပြုချက်လက်မှတ်
(၄) ရွေးချယ်ခံရရင် ရတီမဂ္ဂဇင်းမှ ဆက်သွယ်ပေးမှာဖြစ်ပြီး ရတီမဂ္ဂဇင်းမှ စီစဉ် ပေးတဲ့ အစီအစဉ် ရက်ချိန်းများအတိုင်း အတိအကျလာရောက်ပေးရန်

---

ချစ်ပရိသတ်ကြီးရေ...ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်နဲ့ဓာတ်ပုံအတူ တွဲရိုက်ရမယ့် အခွင့်အရေးကို လက်လွတ်မခံဘဲ **၂၀၁၂ စက်တင်ဘာလ ၁၀ ရက် (တနင်္လာနေ့)** နောက်ဆုံးထားပြီး စာအိတ်ပေါ်မှာ "Audience of celebrities' choice" ရတီ စာပေအနုပညာမဂ္ဂဇင်းလို့ လိပ်မူပြီး အမှတ် ၁၅၀/၁၆၀၊ ၃၅ လမ်း(အလယ်) ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ အမြန်ဆုံး ပို့လိုက်ကြပါနော်။

*ပြီးခဲ့တဲ့လတွေမှာ ရွေးချယ်မခံရတဲ့ပရိသတ်တွေလည်း ဒီကဏ္ဍမှာ ကိုယ်နှစ်သက်တဲ့ သရုပ်ဆောင်တွေ ပါဝင်လာတဲ့အခါ အောက်ပါပုံစံအတိုင်း ဖြည့်စွက်ပြီး ထပ်မံပေးပို့နိုင်ကြပါတယ်။*

**မှတ်ချက် - ဒီကဏ္ဍကို လစဉ် အနုပညာရှင်တစ်ယောက်စီနဲ့ အလှည့်ကျစီစဉ်ပေးသွားမှာဖြစ်လို့ ပါဝင်ချင်တဲ့ ဝါသနာရှင်ပရိသတ်တွေ စောင့်မျှော်အားပေးလိုက်ကြပါဦးနော်။**

✂ - - - - - - - - - - - - - - - - - - - -



အမည် ------------------------------
မွေးသက္ကရာဇ် ------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------
ပညာအရည်အချင်း ------------------------------
အလုပ်အကိုင် ------------------------------
အနုပညာလုပ်ရှားမှု ------------------------------
အိမ်ထောင်ရှိ/မရှိ ------------------------------
အရပ်အမြင့် ------------------------------
နေရပ်လိပ်စာ ------------------------------
ဖုန်းနံပါတ် ------------------------------

Asian Fame Media Group

ဒီတစ်ခါ Audience of Celebrities' Choice ကို ချစ်စရာကောင်းပြီး ပျော်ရွှင်တတ်တဲ့ "ချစ်သုဝေ" ကိုယ်တိုင်ရွေးချယ်ထားတဲ့ မွန္တလေးက "ဖြူဖြူသင်း"၊ ရန်ကုန်က "လင်းယုမွန်သော်" တို့နဲ့အတူ တစ်ဦးနှင့်တစ်ဦး ရင်းနှီးနွေးထွေးစွာ၊ ပျော်ရွှင်စွာ အလုပဆုံး ရိုက်ချက်တွေနဲ့ ပုံဖော်ပေးခဲ့တဲ့ ဓာတ်ပုံပညာရှင်ကိုနိုင် (ပေါ်ပြူလာ)၊ အစစအရာရာကို အလုပဆုံးဖြစ်အောင် စုစည်းပြီး စာဖတ်ပရိသတ်အတွက် အမြင်အာရုံမှာ ပသာဒဖြစ်သလို၊ ခံစားဖတ်ရှု ပျော်ရွှင်စရာသူတိုတွေရဲ့ ဝိုင်းဖွဲ့စကားလေးပါကြားယောင်လို့ ချမ်းမြေ့မှုတစ်ခုဖြစ်ပေါ်လာစေဖို့ "ရတီ" ဝိုင်းတော်သားများက စေတနာအစစ်နဲ့ ရတနာအသစ်တစ်ခုလို ပေးဆပ်ရင်း. . . .



# Audience of Celebrities' CHOICE

MODEL
CHIT THU WAI, PHYU PHYU THIN, LIN YU MON THAW
COSMETIC SPONSOR
CANMAKE (TOKYO)
MAKE-UP
DECEMBER HNIN, WYNE
FASHION
E.S.P.A.D.A
PHOTO
KO NAING (POPULAR)
ARRANGED BY
YU YA EAIN, PHYOE SU PO PO

Asian Ame Media Group
MEDIA GROUP



MODEL
CHIT THU WAI, PHYU PHYU THIN,
LIN YU MON THAW
COSMETIC SPONSOR
CANMAKE (TOKYO)
MAKE-UP
DECEMBER HNIN, WYNE
FASHION
E.S.P.A.D.A
PHOTO
KO NAING (POPULAR)

Asian Fame Media Group

MODEL
CHIT THU WAI, PHYU PHYU THIN,
LIN YU MON THAW
COSMETIC SPONSOR
CANMAKE (TOKYO)
MAKE-UP
DECEMBER HNIN, WYNE
FASHION
E.S.P.A.D.A
PHOTO
KO NAING (POPULAR)



Asian Fame Media Group
af MEDIA GROUP



MODEL CHIT THU WAI, PHYU PHYU THIN, LINYU MON THAW COSMETIC SPONSOR CANMAKE (TOKYO)
MAKE-UP DECEMBER HNIN, WYNE FASHION E.S.P.A.D.A PHOTO KO NAING (POPULAR)

Asian Fame Media Group


MODEL CHIT THU WAI, PHYU PHYU THIN, LINYU MON THAW COSMETIC SPONSOR CANMAKE (TOKYO)
MAKE-UP DECEMBER HNIN, WYNE FASHION E.S.P.A.D.A PHOTO KO NAING (POPULAR)
Asian Fame Media Group



MODEL CHIT THU WAI, PHYU PHYU THIN,, LIN YU MON THAW COSMETIC SPONSOR CANMAKE (TOKYO)
MAKE-UP DECEMBER HNIN, WYNE FASHION E.S.P.A.D.A PHOTO KO NAING (POPULAR)



MODEL CHIT THU WAI, PHYU PHYU THIN,, LIN YU MON THAW COSMETIC SPONSOR CANMAKE (TOKYO)
MAKE-UP DECEMBER HNIN, WYNE FASHION E.S.P.A.D.A PHOTO KO NAING (POPULAR)

Asian Fame Media Group



MODEL CHIT THU WAI, PHYU PHYU THIN, LINYU MON THAW COSMETIC SPONSOR CANMAKE (TOKYO)
MAKE-UP DECEMBER HNIN, WYNE FASHION E.S.P.A.D.A PHOTO KO NAING (POPULAR)

Asian Fame Media Group



MODEL CHIT THU WAI, PHYU PHYU THIN, LIN YU MON THAW COSMETIC SPONSOR CANMAKE (TOKYO)
MAKE-UP DECEMBER HNIN, WYNE FASHION E.S.P.A.D.A PHOTO KO NAING (POPULAR)

Asian Fame Media Group



MODEL
CHIT THU WAI, PHYU PHYU THIN,
LIN YU MON THAW
COSMETIC SPONSOR
CANMAKE (TOKYO)
MAKE-UP
DECEMBER HNIN, WYNE
FASHION
E.S.P.A.D.A
PHOTO
KO NAING (POPULAR)

Asian Fame Media Group

# ပရိသတ်အမေး အနုပညာရှင်အဖြေ

**သော်သော်-** မမကိုချစ်လို့ ဓာတ်ပုံအတူတူရိုက်ချင်လို့ ပေးပို့ကြတဲ့သူတွေ အများကြီးထဲကမှ ညီမတို့နှစ်ယောက်ကို ဘယ်လိုများရွေးဖြစ်သွားတာလဲဟင်။

**ချစ်သု** - မမက လာသမျှပုံတွေထဲက တစ်ယောက်ကို ရွေးပါဆိုတော့ အရမ်းကို စိတ်ညစ်သွားတယ်။ အားလုံးက ကိုယ့်ကိုချစ်တဲ့ ကိုယ့်ပရိသတ်တွေဆိုတော့ မမက အားလုံးနဲ့ရိုက်ချင်တာ၊ မဖြစ်မနေရွေးရတော့မယ်ဆိုတော့ ကဲ ဒါဆိုလည်း နှစ်ယောက်ရွေးမယ်ကွာဆိုပြီး ဈေးဆစ်လိုက်တာ၊ မမအတွေးကတော့ ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ နှစ်နှစ်ကာကာ မမကို ချစ်တယ်လို့ထင်တဲ့ နှစ်ယောက်ကို မမက ရွေးလိုက်တာပေါ့။

**ဖြူဖြူ** - မမ လတ်တလော အနုပညာနဲ့ပတ်သက်တဲ့ လှုပ်ရှားမှုလေးတွေ ပြောပြပေးပါလား။

**ချစ်သု** - မမ အခုအနုပညာနဲ့ပတ်သက်ပြီး အားလုံးကို မျှအောင်လုပ်နေပါတယ်။ အခွေအနေနဲ့ဆို ကိုလင်းလင်းနဲ့ အတွဲခွေလေးတစ်ခု လုပ်နေတယ်။ Stage Show တွေလည်း လက်ခံပြီး ဆိုဖြစ်နေတယ်။ August လထဲမှာ မန္တလေးမှာဆိုဖို့ လက်ခံထားတယ်။ 'ဖြူဖြူ' လာကြည့်ရမယ်နော်။ ကားလည်း ဆက်တိုက်ရိုက်ဖြစ်နေတယ်။ အခု ကိုပြေတီဦးနဲ့ 'အာရကေ' ဆိုတဲ့ ကားလေးရိုက်နေတယ်။ ပြီးရင် ကိုနေတိုး၊ ရဲတိုက်၊ အောင်ရဲလင်းတို့နဲ့လည်း ဆက်တိုက်ရိုက်ဖို့ရှိတယ်။

**သော်သော်** - မမရဲ့အချစ်ရေးနဲ့ပတ်သက်ပြီး ညီမလေးတို့ သိခွင့်ရမယ်ဆိုရင် ပြောပြပေးပါလား မမ။

**ချစ်သု** - မမအချစ်ရေးနဲ့ပတ်သက်ပြီး စာမျက်နှာတွေပေါ်မှာ ဖော်မပြသေးဘူးဆိုတာက ဒီစိတ္တဇနာမ်တွေက ဘယ်အရာမှ အစိုးမရဘူး ညီမရဲ့။ လက်ထပ်တဲ့အခါကျရင် မမရဲ့အမျိုးသားကို ဘယ်သူ့ကိုမှအသိမပေးခင် ပရိသတ်ကိုအရင်ဆုံး အသိပေးမှာပါ။ မမဘဝမှာ လျှို့ဝှက်ထားတာဘာမှမရှိဘူး။ ဒီအရွယ်မှာ အချစ်ဆိုတာရှိတယ်။ ခံစားတတ်တယ်။ အချစ်အကြောင်းတွေကို ဇိုကာချဲ့ပြီး စာမျက်နှာပေါ်မတင်တာက မမနဲ့ မမပရိသတ်က အဲဒီအရာတွေထက် သူတို့အပေါ်ထားတဲ့ အလုပ်နဲ့စေတနာက ပိုပြီးသက်ဆိုင်တယ်လို့ မမထင်လို့ပါ။

**ဖြူဖြူ** - မမ သီချင်းလေးတွေ စပြီးဆိုဖြစ်ခဲ့တာလေးကို ပြောပြပါဦး။

**ချစ်သု** - သီချင်းစဆိုဖြစ်တာကလည်း ငယ်ငယ်တည်းက ပိုးပါလာတယ်ပြောရမှာပေါ့နော်။ မမကလည်း သီချင်းအရမ်းဆိုချင်တယ်။ မမအဖေကလည်း ဂီတလောကကဆိုတော့ အခွေထုတ်ဖို့တို့ ဘာတို့တွေအထိတော့ မရည်ရွယ်ပါဘူး။ မမကိုယ်တိုင်က သီချင်းကိုဆိုချင်လို့ အဖေ့ Band နဲ့ သကြံန်မဏ္ဍပ်မှာ အင်္ဂလိပ်သီချင်းတွေစဆိုဖြစ်ရာကနေ အရှိန်မသေတော့ဘဲ ဆက်တိုက်သီချင်းတွေ ဆိုဖြစ်လာတာ။ သီချင်းဆိုတာကလည်း မမစိတ်ရဲ့ ထွက်ပေါက်၊ မမဝါသနာပါရာ၊ မမရူးသွပ်ရာ၊ အဲလိုမျိုး သီချင်းတွေဆိုနေရရင် ပျော်နေတဲ့သူဆိုတော့။

**သော်သော်** - မမသီချင်းတွေ ဆိုရာကနေ သရုပ်ဆောင်ဖြစ်လာခဲ့ရတာလေးလည်း ပြောပြပေးပါဦးနော်။

**ချစ်သု** - သရုပ်ဆောင်ဖြစ်ခဲ့တာကို ပြောပြရရင် သီချင်းစီးရီးကြော်ငြာရိုက်တာက စခဲ့တာ။ 'ဟယ်ရီလင်း' ရဲ့ တန်ဖိုးများနဲ့ ပေးဆပ်ခြင်းကြော်ငြာက စခဲ့တာ။ သရုပ်ဆောင်လုပ်ရတာကို ဝါသနာမပါဘူး။ ဖေဖေစီစဉ်တဲ့ စီးရီးဖြစ်တာရယ်၊ ဖေဖေက မျက်နှာသစ်လေးပဲ လိုချင်တာ၊ ငါ့သမီးလေး ဝင်ရိုက်လိုက်ပါဆိုတာကနေ ရိုက်ဖြစ်သွားပေမယ့် ဝါသနာမပါခဲ့ဘူး။ ဒါပေမဲ့ မမကို ဘုရားသခင်ပေးတဲ့လမ်းကြောင်းလေးက ဒီလိုဖြစ်လာတာရယ်၊ ပရိသတ်ကလည်း မမသရုပ်ဆောင်တာကို သဘောကျကြတာရယ်၊ အားပေးကြတာရယ်၊ မမလုပ်ခဲ့တာလေးတွေကလည်း လက်ချိုးရေလို့ ရပါတယ် ညီမရယ်။ အရမ်းနည်းပါတယ်။ မမလုပ်ခဲ့တာနဲ့ မမရခဲ့တဲ့ပရိသတ် ချိန်ထိုးကြည့်ရင် အဆမတန် အနုပညာလမ်းကြောင်းပေါ်ကို ပို့ဆောင်ပေးခဲ့ကြတာပါ။ မမကို အားပေးတဲ့ပရိသတ်အတွက် ပေးလာတဲ့အခွင့်အရေးနဲ့အတူ ငါကြိုးစားရမယ်ဆိုတဲ့စိတ်နဲ့လုပ်ရင်း နှစ်နှစ်ကာကာ ဝါသနာပါလာခဲ့တာ၊ အရမ်းပျော်လာခဲ့တာ၊ သရုပ်ဆောင်အလုပ်က လူအများနဲ့ ကျင်လည်ကျက်စားရတာဆိုတော့ စိတ်ရှုပ်စရာလေးတွေ၊ ရှိတာပေါ့။ မမစိတ်ကလည်း တချို့နေရာလေးတွေမှာ Strong ဖြစ်တော့ ညှိနှိုင်းရတာလေးတွေတော့ ရှိတာပေါ့။ သရုပ်ဆောင်ဆိုတာကို သဘောကျသလို အရမ်းလည်းဝါသနာပါတယ်။

**ဖြူဖြူ** - အနုပညာလောကမှာ ရေရှည်ရပ်တည်နိုင်ဖို့ ဘယ်လိုများ ထိန်းသိမ်းနေထိုင်သင့်ပါသလဲ မမ။

**ချစ်သု** - ညီမတို့ကို ပြောပြရမယ်ဆိုရင် မမထင်တာကတော့ အနုပညာလောကတစ်ခုတည်းမှာ မဟုတ်ပါဘူး။ ကျင်လည်ကျက်စားနေရတဲ့ လောကတိုင်းမှာ ဘယ်လောကမှာမဆို မမယုံကြည်ထားတာ။ အဓိကက ရိုးရိုးသားသားလေးနေပြီး စိတ်ထားလေးကို ဖြူဖြူစင်စင်ထား၊ မနာလိုဝန်တိုမှုကင်းစွာနဲ့ အကျော်အခွစိတ်တွေမထားဘဲ စေတနာထားရမယ်။ ကိုယ်လုပ်တဲ့အလုပ်ပေါ်မှာ ရိုသေလေးစားမှုရှိရမယ်။ ကိုယ့်ရဲ့ လုပ်ဖော်ကိုင်ဖက်တွေကိုလည်း လေးစားရမယ်။ ဒါဆိုရင် အရာရာဟာ အကောင်းဘက်ကိုပဲ ဦးတည်လာမှာပါ။ ကြိုးစားအားထုတ်မှုပါ ထပ်ထည့်လိုက်တဲ့အခါ ဘယ်လောကမှာမဆို သိက္ခာသမာဓိရှိရှိနဲ့ ရေရှည်ရပ်တည်နေနိုင်မှာပါ။



Asian Fame Media Group

**သော်သော်** - ညီမတို့နဲ့ ရိုက်ကူးရတဲ့အပေါ် လိုအပ်ချက်ကလေးတွေရှိတာ ပြုပြင်နိုင်အောင် ပြောပြပေးပါဦး မမ။

**ချစ်သု** - ညီမတို့နဲ့ရိုက်ရတာ မမ အရမ်းပျော်ပါတယ်။ လိုအပ်ချက်ရယ်လို့လည်း မမြင်ပါဘူး။ ညီမလေးတို့က တောင့်တောင့်ကြီးဖြစ်မနေဘဲ မမ ထင်ထားတာထက် အများကြီးတော်ပါတယ်။ အနုပညာပိုးတွေရှိကြမယ့် ပုံပါပဲ။ ဟုတ်ပါတယ်နော် (ရယ်လျက်)။ ဓာတ်ပုံရိုက်တာ ဝါသနာပါရင်လည်း လေ့လာအားတွေ ကောင်းဖို့လိုသလို အဆိုတော်လုပ်မယ်ဆိုရင်လည်း စာများများဖတ်ဖို့လိုတယ်၊ စကားလုံးတွေနဲ့ အတွေးအခေါ်တွေ အားကောင်းလာဖို့၊ နောက် တူရိယာပစ္စည်းတစ်ခုခု တီးတတ်ရင် ပိုကောင်းတာပေါ့။ Note တတ်တော့လည်း ဆိုရ၊ ရေးရတာ ပိုကောင်းတာပေါ့။

## အနုပညာရှင်အမေး၊ ပရိသတ်အဖြေ

**ချစ်သု** - ကဲ ညီမလေးတို့ မေးတာလေးတွေ မမ ဖြေပြီးသွား ပြီဆိုတော့ ညီမလေးတို့ ဒီကဏ္ဍမှာပါဝင်ဖြစ်ခဲ့ပုံ လေးတွေလည်း မမကို ပြောပြကြဦးလေ။ ကဲ သော်သော်က အရင်ပြောပြ။

**သော်သော်** - သမီးက 'ရတီ' စာအုပ်ကို အမြဲဖတ်ပါတယ်။ ဒီကဏ္ဍလေးကိုဖတ်မိတော့ တော်တော် စိတ်ဝင်စားသွားတယ်။ သော်သော်လည်း ကိုယ်နှစ်သက်တဲ့သူတွေ့ရင် ဝင်ပြိုင်မယ်ဆိုပြီးအားခဲထားတုန်း ဖြုန်းဆို မမရွေးချယ်မယ့် ဒီကဏ္ဍလေးကိုတွေ့တော့ အရမ်းဝမ်းသာသွားတာ၊ ပြီးတော့ ကိုယ့်ထက်ချောတာတွေလည်း အများကြီးလာကြမှာဆိုပြီး စိတ်အားလည်းငယ်သွားတယ်။ ကိုယ်ဟာ ဖြစ်နိုင်ပါ့မလားလို့လည်း တွေးမိတယ်။ မမရဲ့ ရွေးချယ်မှုမှာလည်း ပါဝင်ချင်တော့ ကံတရားပဲလေဆိုပြီး မမကိုချစ်တဲ့ စိတ်တစ်ခုတည်းနဲ့ဝင်ပြိုင်ဖို့ ဓာတ်ပုံတွေ သွားရိုက်တယ်။ ပြီးတော့ မမနဲ့အရင်တုန်းက တွဲရိုက်ခဲ့ဖူးတဲ့ ပုံလေးလည်း အမှတ်တရလည်းဖြစ် သတိလည်းရသွားအောင် ထည့်ပေးလိုက်မယ်ပေါ့။ မမသိစေချင်တာလေးတွေအတွက် စာလေးလည်း ရေးလိုက်တယ်။ ညီမကိုမရွေးမှာကိုလည်း ကြောက်တယ်။ Form ကိုလည်း 'ရတီ'စာပေတိုက်ကို သမီးကိုယ်တိုင်ကို သွားတင်တာ၊ ဖုန်းကိုလည်း နေ့တိုင်းမျှော်တယ်။ မျှော်နေတုန်း 'ရတီ'က ဖုန်းဆက်လာတော့ သမီးပျော်လိုက်တာ၊ မမကိုတောင် ဖုန်းဆက်ပြီး ပြောမိတဲ့အထိပါပဲ။

**ချစ်သု** - ဖြူဖြူ Form တင်ဖြစ်ခဲ့တာကိုလည်း မမကို ပြောပြပါဦး။

**ဖြူဖြူ** - ညီမတို့အိမ်က 'ရတီ'ကို အမြဲတမ်းဖတ်တယ်။ ဒီကဏ္ဍကို တွေ့ပေမယ့်လည်း ရိုးရိုးပဲဖတ်လိုက်ကြတာပေါ့။ ဒီတစ်ခါကျ တော့ မမနဲ့ တူတူဓာတ်ပုံရိုက်ရမယ့် အစီအစဉ်ပါလာတော့ တစ်အိမ်လုံးကလည်း မမပရိသတ်၊ ညီမကလည်း မမကို အရမ်း ရူးသွပ်မှန်းသိတော့ ညီမလေးနဲ့ မောင်လေးကရော Form တင်ဖို့ဝင်ပြိုင်ဖို့ အရမ်း တိုက်တွန်းကြတယ်။ အဲဒါနဲ့ ဓာတ်ပုံသွားရိုက်ကြတာ။ ရိုက်ရင်းရိုက်ရင်းနဲ့ ပုံ ၇၀ ကျော်သွားတယ်။ အဲဒီအထဲကမှ ကိုယ့်ကိုယ်ကိုယ် လှတယ်လို့ထင်တဲ့ ပုံတွေရွေး Form တွေဖြည့်ပြီး သူငယ်ချင်းကို တစ်ဆင့်တင်ထားပေးဖို့ ပြောရတာ။ မန္တလေးမှာလည်း မမနဲ့ဓာတ်ပုံတွဲရိုက်ဖို့ တင်ထားတဲ့အကြောင်းတွေလည်း ပြောပြဖြစ်တယ်။ သူတို့ကလည်း ရွေးပြီလားလို့ ခဏခဏမေး နေကြတုန်း 'ရတီ' ကအကြောင်းကြားတော့ ညီမလေးက အရင်သိတာ။ မမက ညီမလေး ကိုရွေးလိုက်တဲ့ အကြောင်းပြောတော့ ပျော် လိုက်တာ တစ်အိမ်လုံး ထအော်ကြရော။ မျက်ရည်တောင်ကျတယ်။ သူငယ်ချင်းတွေဆီ ဖုန်းဆက်ပြီး စကားတောင် မပြောနိုင်ဘူး မျက်ရည်တွေက ဝဲနေတယ်။ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုဖြစ်သွားမှန်းတောင် မသိဘူး။

**ချစ်သု** - မမကရွေးတုန်းက မန္တလေးက တစ်ယောက်ရွေးချင်တယ်။ လာရတာ အဆင်ပြေပါ့မလားလို့ တွေးမိတာပေါ့။ ရွေးထားတာ နှစ်ယောက်ထဲက နယ်ကမလာဖြစ်ရင် ရန်ကုန်က တစ်ယောက်နဲ့ပဲ ရိုက်ရတော့မယ်ပေါ့။ ညီမလေး ရောက်အောင်လာပေးတဲ့အတွက် မမအရမ်း ကျေးဇူးတင်ပါတယ်။ မမက အဆိုရော သရုပ် ဆောင်ရောလုပ်နေရတာဆိုတော့ ညီမလေးတို့ ဘက်ကမြင်တွေ့ရတဲ့ အားနည်းချက်၊ အားသာချက်လေးတွေ ပြောပြပါဦး။

**ဖြူဖြူ** - ညီမလေး ကြည့်ရတဲ့ထဲက 'ထူးထူးခြားခြားမိသား'ကို အရမ်းကြိုက် တယ်။ ရှေ့ပိုင်းက မမပျော်နေတဲ့ အခန်းလေးတွေကို ကြည့်ရတော့ ညီမတို့လည်း ပျော်တယ်၊ နောက်ပိုင်း ဦးလူမင်းကို ကြွေတဲ့အချိန်မှာ မမခံစားရတာကို မြင်ရတော့ ညီမတို့ စိတ်မကောင်းဘူး။ ညီမလေးကတောင် ပြောတယ်၊ အစ်မရဲ့ ခံစားမှုက ဇာတ်ကားထဲ အထိပါသွားတယ်လို့ ပြောနေတယ်။

**ချစ်သု - သော်သော်ရဲ့အမြင်လေးလည်း ပြောပါဦး။**

**သော်သော်** - မမကို ဦးရင်ဂိုသီချင်းမှာ သရုပ် ဆောင်တည်းက စသိခဲ့တာ၊ ဆံပင်ကုပ်ဝဲလေးနဲ့။ ပြီးတော့ မမချစ်သုဝေဆို



Asian Kalle Media Group



တာထက် မျက်ခုံးထူထူကြီးကို မှတ်ထားတာပဲ။ ဒီတည်းက ကြိုက်တာ နောက်ဇာတ်ကားကျတော့ 'နေတစ်ခြမ်း လတစ်ခြမ်း' အရမ်းကြိုက်တယ်။ မမရဲ့ ပထမဆုံးကားပေါ့နော်။ သမားရိုးကျ မဟုတ်ဘဲ ခွဲထွက်ထားတာဆိုတော့ အရမ်းလည်း ကောင်းတယ်။ သဘောလည်းကျတယ်။ သီချင်းနဲ့ပတ်သက်ရင်လည်း မမအသံကို သဘောကျတယ်။ မမသီချင်းတွေကို လိုက်ဆို ရင်လည်း သမီး အသံနဲ့လိုက်တယ်။ 'တကယ် ဆိုရင်'တို့၊ 'အဖြူရောင်လေးပါ' တို့ဆို အရမ်း ကြိုက်တယ်။ မမကိုယ်တိုင် ဒါရိုက်တာ လုပ်ထားတဲ့ တိမ်တွေနေတဲ့အရပ်ကို ကြိုက်တယ်။ မမသီချင်းတွေ ကြိုက်လို့ Ringtone ထဲမှာ တောင် ထည့်ထားတယ်။ အိမ်ကဆက်ရင် 'တိမ်တွေနေတဲ့ အရပ်' ဖေဖေ ဆက်ရင် 'မင်းယုံနိုင်မလား' ဆိုပြီး ထည့်ထားတယ်။ တခြားသူတွေ ဆက်ရင်လည်း Ringtone တွေကို မမ သီချင်းတွေနဲ့ ခွဲထားတယ်။ အကြိုက်ဆုံး ဆိုတာ ခွဲမထားဘူး။ အကုန်လုံးကို ကြိုက်တယ်။

**ချစ်သု - အနုပညာကို ရောဝါသနာပါလား။ စောစောကပြောတော့ ပါတယ်ဆို။**

**ဖြူဖြူ** - ဝါသနာက ဓာတ်ပုံရိုက်တာရယ်၊ သီချင်းဆိုတာရယ်။ ဒါပေမဲ့ စင်ပေါ်မတက်ရဲဘူး။

**သော်သော်** - ညီမကတော့ အဆိုပြိုင်ပွဲတွေလည်း ပြိုင်ဖူးတယ်။ အိမ်ကတော့ အားမပေးတော့ အိမ်က မသိအောင် ခိုးလုပ်တယ်။ အခုတော့ မီဒီယာပိုင်းမှာ နေရာလေးတစ်ခုရအောင် ကြိုးစားနေတယ်။

**ချစ်သု** - ညီမလေးတို့ ရည်ရွယ်ချက်တွေ ကောင်းပါတယ်။ ကိုယ်ယုံကြည်ရာကိုယ်လုပ်၊ ကိုယ့်အလုပ်ပေါ် ရိုသေလေးစား၊ ရိုးသား၊ စိတ်ထားကောင်းကောင်းထားရင် အကောင်းဆုံးသောအရာတွေကို ပိုင်ဆိုင်ရလိမ့်မယ်နော်။ အခု မမနဲ့တွဲရိုက်ရတော့ကော ဘယ်လိုမြင်လဲ။ ဟယ်ဖက်တီးလေးလို့ မြင်လား၊ မမအခန်းထဲ စဝင်လာတော့ ဘယ်လိုမြင်လဲ။ ညီမတို့ အမြင်လေးပြောပါဦး။ ငါ့အစ်မက မိတ်ကပ် မပြင်လည်း လှနေတာပဲလို့။

**သော်သော်** - ညီမတို့ အစ်မနဲ့တွဲရိုက်ရတဲ့အချိန်မှာ စိတ်လှုပ်ရှားမှုတွေ အရမ်းပဲဖြစ်သွားတယ်။ မမက သင်ပြပေးသလို၊ စိတ်ကူးသစ်တွေလည်း အများကြီးရပါတယ်။

**ဖြူဖြူ** - မမနဲ့ရိုက်ရတာ ပျော်တယ်။ ညီမတို့လို မရိုက်တတ်ရိုက်တတ်တွေကို တွဲခေါ်လို့ ကျေးဇူးလည်းတင်တယ်။ ဘာပြောရမှန်း မသိတော့ဘူး။

**ချစ်သု - မမနဲ့ အခုလို ဓာတ်ပုံရိုက်ခဲ့ရတဲ့ အတွေ့အကြုံလေးကို သူငယ်ချင်းတွေမေးရင် ညီမတို့က ဘယ်လို ပြန်ပြောပြမလဲ။**

**သော်သော်** - ညီမအတွက်တော့ အရမ်းပျော်ပါတယ်။ ဒီ Form လေးကို ကိုယ်တိုင်ကိုယ်ကျ လာတင်တာပါ။ ညီမရဲ့ အိပ်မက်တွေလည်း တကယ်ဖြစ်ခဲ့ပါပြီ။ သူငယ်ချင်းတွေကိုလည်း ကိုယ်ရည်မှန်းတာရှိရင် အကောင်အထည်ဖော်ကြည့်ပါ။ တကယ်ဖြစ်လာရင် တကယ်ပျော်ရပါတယ်လို့ ပြောပြပါမယ်။

**ဖြူဖြူ** - မချစ်သုဝေနဲ့ တွဲရိုက်ရတာပျော်တယ်။ အခုလိုရိုက်ခွင့်ရဖို့ရော ညီမတို့အတွက် အဝတ်အစားတွေ၊ မိတ်ကပ်တွေကအစ လိုလေသေးမရှိအောင်စီစဉ်ပေးတဲ့ 'ရတီ' စာပေအနုပညာ မဂ္ဂဇင်းအဖွဲ့သားများနှင့်အတူ မမကိုလည်း ကျေးဇူးတင်ပါတယ်။

**ယုယအိမ်၊ ဖြိုးစုပိုပို**

**Model** - Chit Thu Wai, Phyu Phyu Thin, Lin Yu Mon Thaw
Cosmetic Sponsor - CANMAKE (Tokyo)
Make -Up - December Hnin, Wyne
Fashion - E.S.P.A.D.A
Photo - Ko Naing (Popular)

Asian Fame Media Group



# HITS OF THE SEASON

Model - N Kairar,
Umbrella - Asahi,
Make up - Nyi Nyi Maung (Sanchaung)
Photo - Ko Naing (Popular)
Arranged by Moe Thauk Khyal

Asia Fame Media Group




Asian Fame Media Group
MEDIA GROUP

# HITS OF THE SEASON

Model - N Kairar,
Umbrella - Asahi,
Make up - Nyi Nyi Maung (Sanchaung)
Photo - Ko Naing (Popular)




Model - N [illegible],
Umbrella - Asahi,
Make up - Nyi Nyi Maung (Sanchaung)
Photo - Ko Naing (Popular)

Asia Family Media Group




Asian Fame Media Group



# HITS OF THE SEASON

Model - N Kairar,
Umbrella - Asahi,
Make up - Nyi Nyi Maung (Sanchaung)
Photo - Ko Naing (Popular)

MEDIA GROUP


Mod
Mom
စာရေးဆရာမ လွန်းထားထားနှင့် သမီးလေး မေမိုးမာန်မောင်
SUGAR FREE
REVITALITE
NEUTRAL TO TASTE
အစားအသောက် ဂျီးများတဲ့
သားသားမီးမီးတို့ အာဟာရ ပြည့်ဝ
ကျန်းမာဖို့ နှစ်သက်ရာ အစားအစာနှင့်
ရောစပ် ချက်ပြုတ်ကျွေးမွေးနိုင်သည့်
REVITALITE



# *Mod* **Mom**

Model - Lun Htar Htar & May Moe Mann Maung



SUGAR FREE

NEUTRAL TO TASTE

ကိုယ်ဝန်ဆောင်ချိန်နှင့် နို့တိုက်ချိန်အတွင်း
လိုအပ်သည့် ပရိုတင်းဓာတ်ကို အပြည့်အဝ
ဖြည့်ဆည်းပေးနိုင်မည့်

REVITALITE

Asian Media Group



# Mod Mom

Model - Lun Htar Htar & May Moe Mann Maung

Asian Fame Media Group


SUGAR FREE

NEUTRAL TO TASTE

ကိုယ်အလေးချိန် ထိန်းသိမ်းရန်နှင့်
နှလုံးကျန်းမာရေးအတွက် ပဲပိစပ်မှ ထုတ်လုပ်
ထားသည့် ပရိုတင်း ဖြည့်စွက် အာဟာရမှုန့်

REVITALITE




SUGAR FREE
NEUTRAL TO TASTE
သတ်သတ်လွတ် စားသူများ၊
အားကစားသမားများနှင့်
ဘိုးဘိုးဘွားဘွား လူကြီးမိဘများ
အားလုံးအတွက်အသင့်လျော်ဆုံး
ပရိုတင်း ဖြည့်စွက်အာဟာရမှုန့်
REVITALITE

# Mod Mom

Model - Lun Htar Htar & May Moe Mann Maung





# စည်းကမ်းရှိတဲ့ လူမှုအဖွဲ့အစည်းဖြစ်စေချင်တဲ့ ပြည်စိုးအောင်ရဲ့ Designer's Idea

ကိုယ့်ရဲ့မွေးရာပါ ပါရမီ (Talent) ကို ဘဝမှာအရင်းခံပြီး ဝါသနာပါရာ အသက်မွေးဝမ်းကျောင်းမှုကို ပြုသူတွေက ဘဝအောင်မြင်မှု ပန်းတိုင်ကို တစ်ချိန်ချိန်မှာတော့ မလွဲမသွေ ရောက်သွားမှာပါပဲ။ ဒါပေမဲ့ ကိုယ့်ရဲ့ ပန်းတိုင်၊ ကိုယ့်ရဲ့ရည်မှန်းချက်တွေကိုတော့ အကောင်အထည်ဖော်နိုင်ဖို့ အရည်အချင်းတွေ ပိုင်ဆိုင်ထားရပါလိမ့်မယ်။ ဒီလိုအရည်အချင်းတွေနဲ့ ဝါသနာပါတဲ့ အလုပ်တွေကို မွေ့မွေ့ပျော်ပျော် စွာဖန်တီးနေတဲ့ Designer ပြည်စိုးအောင်နဲ့ ရတီက တစ်ခုသောနေ့လယ်ခင်းလေးမှာတွေ့ဆုံရင်း သူ့ဘဝ၊ သူ့အလုပ်၊ သူ့ အနာဂတ်၊ သူ့စိတ်ကူးတွေကို မေးကြည့်ဖြစ်ခဲ့ပါတယ်။

**ဖြိုးစုပိုပို**

Asian Fame Media Group



**ဦးပြည့်စိုးရဲ့ ငယ်ဘဝအမှတ်တရပုံရိပ်လေးတွေကို ပြောပြပေးပါ။**

ကျွန်တော်တို့က ရန်ကုန်ဇာတိပါပဲ။ မောင်နှမ ၄ ယောက်ရှိတယ်။ ကျွန်တော်ကတော့ ဒုတိယမြောက် သားပါ။

**Designer တစ်ယောက်အဖြစ် ရပ်တည်နိုင်ဖို့အတွက် ဘယ်လိုကြိုးစားအားထုတ်ခဲ့ရပါသလဲ။**

Designer ဖြစ်ဖို့ကတော့ ကျွန်တော်လည်း ကျောင်းပြီးသွားတော့ ဘယ်လိုလမ်းကြောင်းနဲ့ အသက်မွေးရမလဲ စဉ်းစားတာပေါ့။ အဲဒီလို စဉ်းစားတော့ ကိုယ်ကိုယ်တိုင်လည်း ဝါသနာပါပြီး ဘေးက လူတွေကလည်း အားပေးကြတာနဲ့ ဒီလိုင်းကို ရွေးဖြစ်ခဲ့တာပါ။ အဲဒီအချိန်တုန်းက မကြီးစန်း (မိတ်ကပ်ခင်စန်းဝင်း) ကလည်း မိတ်ကပ်နဲ့ သတို့သမီးဝတ်စုံမှာ အောင်မြင်နေပြီ။ အဲဒီတော့ ကျွန်တော်လည်း သူများကို အားကိုးနေရတာကနေ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ချင်ခဲ့တယ်။ မကြီးစန်းကလည်း အားပေးခဲ့တော့ ဒီ Designer အလုပ်ကို လုပ်ဖို့ရွေးခဲ့တာပါ။

**မကြီးစန်း (ခင်စန်းဝင်း) နဲ့ကရော ဘယ်လိုပူးပေါင်းပြီး အလုပ်လုပ်ဖြစ်ခဲ့တာပါလဲ။**

မကြီးစန်းနဲ့က ကျွန်တော် အသက် ၁၄ နှစ်တည်းက မကြီးစန်းဆီ ရောက်ခဲ့တာပေါ့။ သူနဲ့ အတူတူနေပြီး သူ့အလုပ်တွေအကုန်လုံးကို 'ကကြီး' ကနေ 'အ' အထိ ဝင်ကူပေးရတော့ သူ့အလုပ်တွေ အကုန်လုံးကို ကိုယ်ကသိနေခဲ့တာပေါ့။ ကျွန်တော် ကျောင်းမပြီးခင်တုန်းကဆိုရင် ပန်းအလှပြင်တာ လုပ်တယ်။ မကြီးစန်းက မိတ်ကပ်နဲ့ အောင်မြင်စပေါ့။ မင်္ဂလာဆောင်ဆိုရင် မိတ်ကပ်၊ ဆံပင်၊ ဝတ်စုံ၊ ပန်းကအစ တာဝန်ယူပြီးလုပ်ပေးတယ်။ အဲဒီမှာ ကျွန်တော်က ပန်းအလှပြင်တာကို တာဝန်ယူပြီး အလှဆင်ပေးတယ်။ ကျွန်တော်က ပန်းအလှပြင်တာကို မြင်ဆရာတွေကြောင့် တတ်ခဲ့တာပေါ့။ ကျောင်းတစ်ဖက်နဲ့ အဲဒီ အလုပ်လုပ်တာပေါ့။ ကျောင်းလည်း ပြီးသွားရော ဘာလုပ်ရမလဲဆိုတော့ ဒီပန်းအလှက လုပ်လို့ရပေမယ့် ကိုယ့်ဆိုင်ကိုလာအပ်တဲ့ သတို့သမီးတွေရဲ့ဝတ်စုံကို တခြားမှာ သွားအပ်နေရတယ်။ ကိုယ်ကိုယ်တိုင် တတ်ခဲ့ရင် ပြဿနာတွေ မဖြေရှင်းရတော့ဘူးဆိုပြီး ဒီပညာကိုသင်ဖို့ ရွေးခဲ့တာပေါ့။ ပန်းအလှပြင်တာကိုတော့ ကိုခင်မောင်ဝင်းက ဆက်လုပ်တယ်။

**Design ပညာကို ဘယ်မှာလေ့လာခဲ့ပြီး တက်ခဲ့တဲ့ ကျောင်း၊ သင်တန်းအမည်ကိုလည်း သိပါရစေ။**

ကျွန်တော်က Bangkok က Rabee Dress Making Institute မှာ တက်ခဲ့တာပါ။

**ဦးပြည့်စိုးအနေနဲ့ကရော ကိုယ့်ဘဝကိုကိုယ် ရွေးချယ်ခဲ့တာလား။ ဒါမှမဟုတ် မိသားစုက ရွေးချယ်ပေးခဲ့တာလား။**

ကျွန်တော်ကိုယ်တိုင်လည်း ဒီပညာကို ငယ်ငယ်ကတည်းက ဝါသနာပါခဲ့တာပါ။ ပြီးတော့ အားလုံးက ဒီလမ်းကိုလျှောက်ပါဆိုပြီး ဝိုင်းပြီး တိုက်တွန်းတာတွေလည်း ရှိခဲ့တာပေါ့။ ဒါပေမဲ့ ဘယ်သူကပဲ ဘယ်လောက်ပဲတိုက်တွန်း၊ တိုက်တွန်း၊ ကိုယ်တိုင်က ဝါသနာမပါရင်တော့ ဖြစ်မှာ



Designer's Idea

Asian Frame Media Group



မဟုတ်ဘူးလေ။ အဲဒီတော့ သူများ Push လုပ်တာကို လက်ခံပြီး ကိုယ်ကိုယ်တိုင်က ဒီပညာကို ဝါသနာပါတော့ ပိုပြီးထဲထဲဝင်ဝင် လုပ်ဖြစ်သွားတာပါ။

**ဦးပြည့်စိုးက Florist လည်း လုပ်ခဲ့ဖူးပြီးတော့ အခုကျမှ ဘာကြောင့် ဒီ Florist ကို ဆက်မလုပ်တော့တာပါလဲ။**

ဘာလို့လဲဆိုတော့ လူတစ်ယောက်က အလုပ်တွေ အများကြီးမလုပ်နိုင်ဘူးလေ။ လုပ်ရင်တော့ ရတာပေါ့လေ။ ဒါပေမဲ့ Manage လုပ်တာပဲ ဖြစ်လိမ့်မယ်။ ကျွန်တော်ကကျတော့ အလုပ်ကို အားလုံးကိုယ်တိုင်လုပ်ချင်တာ။ တကယ်လည်း ကျွမ်းကျွမ်းကျင်ကျင်နဲ့ လုပ်ချင်တာ။ အဲဒီတော့ ဒီနှစ်ခုထဲမှာရွေးတော့ Designer အလုပ်ကတော့ ပိုပြီး ပေါက်မြောက်အောင်မြင်နိုင်တယ်လို့ ကျွန်တော်ကယူဆတယ်။ ဒါကြောင့် Designer ပဲ လုပ်တော့တယ်။ အခု ဒီ Designer အလုပ်ပဲလုပ်နေရင်း တစ်ခါတလေမှာလည်း ဒီပန်းပြင်တာနဲ့ပတ်သက်ပြီး စိတ်တိုင်းမကျတာလေးတွေ ရှိတယ်။ Professional တွေလုပ်တာတော့ မပြောပါဘူး။ ပညာရှင်တွေက တော်ကြပြီးသားပဲ။ ဒါပေမဲ့ တစ်ခါတလေမှာ သတို့သမီး၊ သတို့သားရဲ့ မိတ်ဆွေတွေ၊ အသိုင်းအဝိုင်းတွေက လက်ဖွဲ့ချင်လို့ပါဆိုပြီး လက်ဖွဲ့ကြတာတွေ ရှိကြတယ်။ တကယ့်ပန်းပညာရှင်တွေလည်း မဟုတ်ကြဘူးလေ။ လက်တည့်စမ်းသလိုတွေ မင်္ဂလာပွဲမှာ လုပ်ထားတာတွေ ရှိတယ်။ အဲဒီတော့ ကိုယ်က ဒီပန်းအလှနဲ့ပတ်သက်ပြီး အတော်အသင့်သိထားတော့ အဲဒီလိုတွေဆိုရင် စိတ်ညစ်တယ်။ ရင်ကပ်ပန်းကြီးက ကိုယ့်ဝတ်စုံနဲ့ လွဲနေတာတို့၊ လက်ကိုင်ပန်းက လိုက်လျောညီထွေမရှိတာတို့တွေ ရှိလာတာပေါ့။ ကိုယ့်ဝတ်စုံရဲ့ အလှပါပျက်သွားသလို ခံစားရတယ်။ အဲဒီလိုပွဲလေးတွေက တစ်ခါတလေ ပါလာတတ်တယ်။ ပန်းပညာရှင် Florist စစ်စစ်တွေ လုပ်ထားတာတော့ အဲဒီလိုတွေ မဖြစ်ပါဘူး။ ပန်းထိုးထားတာကို ကြည့်ပြီး ဒါဘယ် Service က လုပ်တယ်။ ဘယ်သူ ထိုးတယ်ဆိုတာ သိတယ်။ အဲဒီလိုတော်တဲ့သူတွေလည်း ရှိပါတယ်။

**ဝါသနာပါလို့ ဒီလမ်းကြောင်းပေါ်မှာ အောင်မြင်မှုရနေတဲ့သူနဲ့ ဝါသနာမပါဘဲနဲ့ ဒီလမ်းကြောင်းမှာ အောင်မြင်မှုရတဲ့သူနှစ်ဦးရဲ့ ကွာခြားချက်ကရော ဘာတွေများ ဖြစ်နိုင်လဲ။**

ဝါသနာပါရင်တော့ ဒီလုပ်ငန်းလုပ်တဲ့သူက အလုပ်မှာ ပျော်တာပေါ့။ အလုပ် ဘယ်လောက်ပိပိဒဏ်လည်း ခံနိုင်တယ်။ အလုပ်များတာကိုလည်း ပျော်ပြီးအောင်မြင်မှုကိုလည်း ရေရှည်တည်တံ့နေအောင် ဖန်တီးနိုင်တာပေါ့။ ပြီးတော့ ကံဇာတာ၊ စန်း၊ သူ့ရဲ့ ဘဝအပေါ်ခံယူချက်၊ သူများအပေါ်ထားတဲ့ စေတနာ မေတ္တာတရား၊ အဲဒါတွေပေါ်



မူတည်ပြီး လုပ်ငန်းတစ်ခု အောင်မြင်တယ်၊ ကျရှုံးတယ်က ဖြစ်တာလေ။ ဝါသနာမပါဘဲနဲ့ အောင်မြင်တယ်ဆိုတာက ခဏပဲ။ သူက ဒဏ်ဘယ်ခံနိုင်မလဲ၊ ပျော်လည်း ပျော်မှာမဟုတ်ဘူးလေ။ စေတနာတို့၊ ခံယူချက်တို့ကလည်း ဝါသနာပါတဲ့သူနဲ့တော့ တူမှာမဟုတ်ဘူးလေ။ အောင်မြင်မှုရေရှည်ဖို့ဆိုတာက သူက သိပ်ပြီးမသေချာဘူး။ သူ့မှာ စန်းရှိနေသလောက်ပဲ အောင်မြင်နိုင်မှာလေ။

**Fashion ဆိုတာ Visual Design လို့ ပြောကြတယ်၊ ဟုတ်ပါသလား။**

ကျွန်တော့်အနေနဲ့ဆိုရင်တော့ Design ဆိုတာက အရင်ခေါင်းထဲမှာ ပေါ်လာတာ၊ ခေါင်းထဲမှာရှိတဲ့ Design ကို ချဆွဲပြီး တကယ့်လက်တွေ့လုပ်တဲ့အခါ ကိုယ်ဆွဲထားသလို လုပ်လို့မရတာတွေ ရှိတယ်။ တကယ့်လက်တွေ့မှာ လုပ်ဖို့မဖြစ်နိုင်တာတွေ ရှိတယ်။ Visual Design ဆိုတာ ပြော

Asian Fame Media Group

လို့လည်း ရတယ်။ Sketch အတိုင်း ဖြစ်ဖို့ကလည်း ပြောသလောက်တော့ မလွယ်ဘူး။ Fashion ဆိုတာက Visual Art ဆိုရင်လည်း မမှားဘူး။ အနုပညာတစ်ခုပဲ Fashion ဆိုတာက . . . .

**Fashion မှာ Beauty နဲ့ Creative ပါရမယ်လို့ ပြောကြတယ်။ အဲဒါတွေအပြင် ဘာတွေပါရဦးမလဲ။**

Fashion မှာ အလှရော၊ ဖန်တီးမှုရော ပါတယ်။ တခြား အမြောက်အမြားပါသေးတယ်။ အဲဒါတွေက ကိုယ့်ရဲ့ စိတ်ကူးစိတ်သန်းလို့ ပြောလို့ရတဲ့ inspiration ဆိုတာလည်း ရှိရမယ်။ ကိုယ်က ဘာအတွက် လုပ်မှာလဲ။ ဘယ်လိုလုပ်မှာလဲဆိုတာ စဉ်းစားရမယ်။ Fashion မှာ ဘယ်ဟာကို အခြေခံပြီးလုပ်လဲဆိုတာ ရှိကိုရှိရတယ်။ ဘယ် trend ကို သွားမလဲဆိုတာ ရှိရတယ်။ Inspire မရှိရင်တော့ တန်ဖိုးမရှိဘူးပေါ့။ ကိုယ့်ရဲ့ ဆင်ထားတဲ့ fashion က ကိုယ်စလိုက်တဲ့ Inspiration ပေါ်မူတည်ပြီး လှတယ်၊ မလှဘူး၊ style ရှိတယ်၊ မရှိဘူး ဖြစ်လာတာပါ။

**လူတစ်ယောက်ရဲ့ ဝတ်စားဆင်ယင်မှုကို ကြည့်ပြီး သူ့ရဲ့ Impression, Status, Wealth တွေကို ခန့်မှန်းလို့ရတယ်ဆိုတဲ့ စကားအပေါ် ဦးပြည်စိုး ဆွေးနွေးပေးပါဦး။**

Wealth ဆိုတဲ့ ချမ်းသာမှုကိုတော့ ခန့်မှန်းလို့ ရလိမ့်မယ်။ ဒါက Hight Society မှာပေါ့။ သူ့အင်္ကျီ brand က ဘာ၊ သူ့အိတ်က ဘာ၊ သူ့ဖိနပ်က ဘယ်လောက်တန်ပေါ့၊ ဒါတွေကြည့် 'ဪ သူချမ်းသာတယ်ပေါ့' ဒီလိုခန့်မှန်းလို့ ရတယ်။ အဲဒီလို society ကလည်း တစ်ယောက်နဲ့တစ်ယောက်က ပြိုင်နေကြတာလေ။ ဘယ် branded ကို ကိုင်တယ်၊ ဘယ်ပွဲသွားတယ်ဆိုပြီးပေါ့။ Impression နဲ့ Status ကတော့ မဆိုင်ပါဘူး။ အဝတ်အစားကိုကြည့်ပြီး သူ့ status သူ့ အဆင့်အတန်း ဘယ်လောက်ရှိတယ်ဆိုတာက မခန့်မှန်းနိုင်ပါဘူး။ စိတ်ဓာတ်လည်း ဒီလိုပါပဲ။ ကိုယ့်ရဲ့ ရင့်ကျက်တည်ငြိမ်မှု၊ ကိုယ်ကျင့်သိက္ခာ၊ ဣန္ဒြေရှိမှုတို့ ပြောဆိုဆက်ဆံမှုတွေနဲ့ပဲ ဆိုင်တာပါ။ ကိုယ်က ဘယ်လောက်ဈေးကြီးတဲ့ အင်္ကျီကိုပဲ ဝတ်ထားဝတ်ထား ကိုယ်ကျင့်တရားမကောင်းရင် အဆင့်အတန်းရှိတဲ့လူ ဖြစ်မှာမဟုတ်ဘူး။ ရှိကြပါတယ်၊ စတွေ့တဲ့အချိန်မှာ သူ့ရဲ့ဝတ်ပုံစားပုံကိုကြည့်ပြီး ခန့်မှန်းကြတာတွေပေါ့။ ဒါပေမဲ့ အဲဒီခန့်မှန်းမှုတွေက အမြဲမမှန်ပါဘူး။ သူ့ရဲ့ဝတ်စားပုံနဲ့ ကွဲလွဲတဲ့ပြုမူပုံတွေ၊ ကိုယ်ကျင့်တရားတွေက ရှိနေကြတယ်။ ဒါကြောင့် လူတစ်ယောက်ရဲ့ ဝတ်စားဆင်ယင်ပုံကိုကြည့်ပြီး သူ့ရဲ့တန်ဖိုးရှိမှုကို တိုင်းတာလို့ မရပါဘူး။

**Fashion ကို အသုံးဝင်မှုအနေနဲ့ရော၊ အရေးပါမှုအနေနဲ့ပါ ဆင်ယင်နေကြတဲ့အပေါ် သုံးသပ်ပေးပါဦး။**


ဒါကတော့ ကိုယ်က လှလှပပဝတ်စား ဆင်ယင်ရမယ့် ပွဲမျိုးကျတော့ လှလှပပဝတ်စားရမှာပေါ့။ အသုံးဝင်မှုဆိုတာထက် ကာလ၊ ဒေသ၊ အချိန်နဲ့ ပိုဆိုင်လိမ့်မယ်။ အရေးပါမှုဆိုတာကတော့ ခုနကပြောတဲ့ လူတစ်ယောက်ရဲ့ ဝတ်စားဆင်ယင်မှုကိုကြည့်ပြီး သူဘယ်လောက်ချမ်းသာလဲတို့၊ ဘယ်လို အဆင့်အတန်းရှိလဲဆိုတာတွေပေါ့။ အသုံးဝင်မှုကတော့ ဆောင်းရာသီမှာ အနွေးထည်တွေကို Fashion အနေနဲ့ ဝတ်တာ၊ နွေရာသီမှာ ချည်သားလေးတွေကို fashion ထွင်ဝတ်တာတွေပေါ့။ ဒါပေမဲ့ တစ်ခါတလေမှာ ကိုယ့်ရဲ့ခံစားမှုနဲ့လည်း ဆိုင်သေးတယ်။ ဆောင်းရာသီပေမယ့် ကိုယ်ကမချမ်းတတ်ရင် တခြား Design ထွင်ဝတ်လို့ ရသေးတာပဲ။ အဲဒီ တော့ ခံစားမှုနဲ့တိုက်ဆိုင်ပြီးတော့လည်း ဝတ်ကြတာတွေလည်း ရှိပါသေးတယ်။ Feeling နဲ့ အများကြီးဆိုင်ပါတယ်။

**အခုခေတ်မှာ Fashion ဆိုရင် အရမ်းကြီးကို ဆန်းသစ်တီထွင်ပြီး ဝတ်လာကြတာ တွေ့နေရတယ်။ အဲဒီအပေါ် ဘယ်လိုသုံးသပ်မိပါသလဲ။**

ဆန်းသစ်တီထွင်တယ်ဆိုတာက ဘယ်မှာမဆို လုပ်တာကောင်းပါတယ်။ Fashion မှာမှ မဟုတ်ဘူး။ တခြားနယ်ပယ်တွေမှာလည်း ဆန်းသစ်ကြတာတွေ ရှိပါတယ်။ ဒါမှလည်း တိုးတက်မှုဆိုတာ ရှိမှာပေါ့။ ဒါပေမဲ့ ကိုယ့်နိုင်ငံ၊ ကိုယ့်ယဉ်ကျေးမှုအပေါ်မှာအခြေခံပြီး ဆန်းသစ်ရင်တော့ ပိုကောင်းတာပေါ့။ ကိုယ့်လွတ်လပ်မှုနဲ့ ကိုယ်ထွင်နိုင်တယ်၊ ဝတ်နိုင်တယ်ဆိုပေမယ့် ယဉ်ကျေးမှုဆိုတာလည်း ရှိသေးတယ်လေ။ ကိုယ်က မြန်မာပြည်မှာနေတယ်ဆိုရင် မြန်မာ့ယဉ်ကျေးမှုကိုတော့ လေးစားရမှာပေါ့။

**နောက်ပြီး ခေတ်မီအောင်ဝတ်ရင်းနဲ့ သရုပ်ပျက်တဲ့အဆင့် ဖြစ်သွားတတ်တာတွေကိုလည်း တွေ့နေရတော့ ဦးပြည်စိုးရဲ့အမြင်ကိုလည်း သိပါရစေ။**

စောစောက ပြောသလိုပေါ့။ ယဉ်ကျေးမှုဆိုတာ ရှိရမှာလေ။ တော်ရုံတန်ရုံ တိုတာ၊ ဟိုက်တာ ရပါတယ်။ လွန်လွန်းသွားရင်တော့ သရုပ်ပျက်သွားပြီပေါ့။ ကိုယ့်ရဲ့ Fashion ကို လူတွေက လှတယ်၊ မလှဘူး ပြောဖို့ထက် ကဲ့ရဲ့ချင်၊ ရှုတ်ချချင်ကြပြီပေါ့။ ကိုယ့် အဝတ်နဲ့ကိုယ် သူများအထင်သေးတာ ခံရတာပေါ့။ ပြီးတော့ ဝတ်ထားတဲ့သူ့ရဲ့ မိသားစုပုံစံ



Designer's Idea



Asian Fame Media Group







ကိုလည်း ခန့်မှန်းနိုင်တယ်။ သူ့မိဘက မဆုံးမဘူးလားမသိဘူး ဆိုတာမျိုးပေါ့။ မိမနိုင်ဖမနိုင်များ ဖြစ်ပြီလားပေါ့။ အဲဒီလိုတွေ ဝေဖန်တာခံရမှာပေါ့။ ဒီလိုမျိုးတွေ ဝတ်တယ်ဆိုတာ အလွှာတစ်ခုရှိတယ်။ ဒါမျိုးဝတ်တဲ့ Class တစ်ခုက ရှိတယ်။ ဒီလိုပုံစံ ဝတ်လိုက်မိလို့ ကိုယ့်ကို ဒီလို Class ထဲကလို့ ထင်သွားလိမ့်မယ်။ ဒါကြောင့် ဆင်ခြင်ရမှာပေါ့။

**လူတိုင်းမှာ Design Sense ရှိကြတယ်ဆိုတာ ဟုတ်ပါသလား။**

ဟုတ်ပါတယ်။ အားလုံးမှာ Fashion Sense ရှိပြီးသား။ ဘာလို့လဲဆိုတော့ Fashion ကို လုံးဝ စိတ်မဝင်စားပါဘူးဆိုတဲ့ သူတွေတောင် တစ်နေ့တစ်ခါတော့ မှန်ကြည့်ပြီး ကိုယ့်ကိုယ်ကိုယ် လှအောင် ပြင်လေ့ရှိကြတယ်။ ရိုးတဲ့သူကလည်း ခပ်ရိုးရိုး Design လေးတွေ ထွင်တတ်တယ်။ ဆန်းဆန်းပြားပြားသူကလည်း သူ့ရဲ့ Fashion ကို ခပ်ဆန်းဆန်းလေးတွေထွင်တာပဲလေ။ ဥပမာ - အဖြူရောင်ကြိုက်လို့ သူက အမြဲအဖြူဝတ်တယ်ဆိုလည်း သူ့ရဲ့ Fashion က အဖြူရောင်ဝတ်စုံတွေပေါ့။ အဲဒီလိုပေါ့။ ဆံပင်တိုတာ ကြိုက်တော့လည်း Hair Design က ဆံပင်တိုတို လေးနဲ့ပေါ့။ ဒါတော့ အားလုံးက Design တွေပါပဲ။ ကိုယ့်အိမ်မှာ စားပွဲတွေ၊ ခုံတွေကို နေရာချတော့လည်း ကိုယ့်အိမ်အနေအထားနဲ့လိုက်ပြီး Design ချရတာပဲလေ။ Design အကြောင်း နားမလည်ပါဘူး ဘယ်လောက်ပဲအော်အော်၊ လူတွေအားလုံးမှာ Design Sense တွေ ပါလာပြီးသားပါ။ နည်းနည်းပိုထူးခြားတာနဲ့ မထူးခြားတာပဲ ကွာတာပါ။

Designer's idea

**Fashion Designer တစ်ယောက်မှာ ဘယ်လို အရည်အချင်းမျိုးတွေ ပိုင်ဆိုင် ထားသင့်ပါသလဲ။**

အဲဒါက ပြောရတာ ခက်တယ်။ Fashion Designer တစ်ယောက်မှာ မရှိမဖြစ်ရှိ ရမှာက Fashion Senseပေါ့။ ကိုယ့်ရဲ့ Sense ကိုလည်း ကိုယ်က သိထားရမယ်။ ပြီးတော့ Talent ပေါ့။ Talent ပေါ်မှာ အခြေခံပြီး Senseကို ဘယ်လို မျိုးပွားရမလဲ ဆိုတဲ့ အင်အားကြီး တစ်ခု ရှိရမယ်။ လေ့လာစူးစမ်းမှုတွေလည်း ကောင်းရမယ်။ သူများတွေက ဘာတွေထွင်ထားလဲ။ ဟိုးအရင်က ဖန်တီးမှုတွေက ဘာတွေလဲ၊ အနာဂတ်မှာ ဘာတွေဖြစ်လာနိုင်မလဲဆိုတဲ့ လေ့လာမှုအားကလည်း ကောင်းရမယ်။ ပြီးတော့ အခြေခံ Background ကလည်း ရှိရမယ်။ သူ ဘယ်လောက်ပဲ Talent ရှိရှိ၊ ဘယ်လောက်ပဲ Sense ကောင်းကောင်း၊ သူ့ကို နောက်ကနေ ပံ့ပိုးပေးမယ့် သူမရှိရင် အကျိုးမရှိနိုင်ဘူးလေ။ ကိုယ့်ကို ကူညီပေးမယ့် ဝန်ထမ်းဆိုတာလည်း လိုသေးတယ်။ ပြီးတော့ ကိုယ်ထွင်ထားတဲ့ ကိုယ့်ရဲ့ Design တွေကို ဝတ်ဆင်ပေးမယ့် Model ဆိုတာလည်း လိုတာပဲ။ ကိုယ်က ဘယ်လောက်ပဲထွင်ထား ထွင်ထား၊ မဝတ်တဲ့သူ တွေပဲဆိုရင် ကိုယ့် Design က လူကြားထဲမှာ ပြခွင့်ရမှာ မဟုတ်ဘူးလေ။ Media ဆိုတာလည်း လိုတာပဲလေ။



**Fashion ကျကျ ပြင်ဆင်ဖို့ဆိုရင် Branded မှ၊ နာမည်ကြီး Designer နဲ့မှဖြစ်မှာလို ထင်မြင်နေကြတဲ့သူတချို့ကိုလည်း အကြံလေးပေးပါဦး။**

အဲဒါက တစ်ခါတလေလည်း ပတ်သက်ပေမယ့် တစ်ခါတလေမှာတော့ လုံးဝမပတ်သက်ပါဘူး။ Branded ဝတ်ထားရင်တော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေရှိတာပေါ့။ ချမ်းလည်း ချမ်းသာတာကိုး။ ခေါင်းအစ ခြေအဆုံးကို အကောင်းစား Brand စစ်စစ်တွေနဲ့ဆင်ထားရင် ယုံကြည်မှုရှိတာပေါ့။ ဒါပေမဲ့ အဲဒါက လူတန်းစားတစ်ရပ်အတွက်ပဲပေါ့။ သာမန်လူတန်းစားအတွက်လည်း လက်သင့်နေတဲ့ ပစ္စည်းတွေ အများကြီးရှိပါတယ်။ Branded တွေ မဟုတ်ပေမယ့် လှတဲ့အရည်အသွေးကောင်းတဲ့ပစ္စည်းတွေ အများကြီးပါပဲ။ အသုံးအဆောင်တွေ ရတနာတွေထဲမှာလည်း ဒီလိုပါပဲ။ ကိုယ်နဲ့ လက်လှမ်းမီသလောက်ဟာတွေ ရှိနေပါတယ်။ အဓိကကတော့ ကိုယ်နဲ့လိုက်ဖက်မှု ရှိဖို့ပဲ။ အကောင်းစားပဲ ဖြစ်ဖြစ်၊ အကောင်းစား မဟုတ်တာဘဲဖြစ်ဖြစ်၊ ကိုယ်နဲ့ လိုက်ဖက်ရမယ်။ ဒါဆို ကိုယ်နဲ့တစ်ထပ်တည်းကျတဲ့ Fashion ဖြစ်တာပေါ့။ အပေါစားတွေ ဝတ်ထားပေမယ့် သူနဲ့လိုက်နေခဲ့ရင် သူလှတာကို ဘယ်သူမှငြင်းမှာ မဟုတ်ဘူး။ ဘယ်အရာမဆို ဝတ်လို့ရတယ်။ ပြီးတော့ ကိုယ့်ရဲ့ခန္ဓာကိုယ်မှာရှိတဲ့ ပြစ်ချက်တွေ၊ အားသာချက်တွေကို ကိုယ်တိုင်မြင်တတ်ပြီး လက်ခံဖို့လည်း လိုတယ်။ ကိုယ်က လည်တိုင်လှသူလား၊ ခါးတုတ်နေတာလား ဆိုတာတွေပေါ့။ အဝတ်အစားဝတ်တဲ့အခါ ကိုယ့်ရဲ့အားနည်းချက်တွေကို ကာကွယ်ထားပြီး အားသာချက်တွေကို လူတွေမြင်ခွင့်ပေးပေါ့။ အဲဒီလိုမသိတဲ့သူတွေကတော့ Designer တွေပေါ် အားကိုးရမှာပေါ့။ Designer ဆင်တဲ့အတိုင်း ဝတ်ရတော့မှာပေါ့။ Designer မှာလည်း နာမည်ကြီးတာ မကြီးတာထက် အရည်အချင်းရှိတဲ့ Designer ကို ရွေးရမှာပါ။ နာမည်ကြီးပြီး အရည်အချင်း မပြည့်ရင်တော့ ကိုယ့် Fashion ကလှလာဖို့ အာမမခံနိုင်ဘူးပေါ့။ ကျွန်တော်ပြောချင်တာတော့ Brand သုံးနိုင်ရင် Brand အစစ်တွေပဲသုံး၊ မတတ်နိုင်ရင် Fancy တွေ၊ တခြား ကိုယ်နိုင်တာတွေသုံး၊Brand အတုတွေတော့ မသုံးနဲ့။ ကိုယ့်ကို သူများအထင်သေးစေတယ်။ ဒါကြောင့် အတုတွေတော့ မသုံးပါနဲ့ပေါ့။

**ဘယ်ပညာမှာမဆို အလွယ်တကူနဲ့ အောင်မြင်မှုမရနိုင်ဘူးလို့ ပြောကြတယ်။ အဲဒီသုံးသပ်ချက်အပေါ်မှာ ဦးပြည်စိုး ထပ်မံဖွင့်ဆိုချင်တာများ ရှိမလား။**

ဒါပေါ့၊ အောင်မြင်မှုရဖို့ကတော့ မလွယ်ပါဘူး။ အလွယ်လမ်းလိုက်ပြီး အောင်မြင်နေတဲ့ လူတွေလည်း ရှိပါတယ်။ ဒါပေမဲ့ အဲဒီအောင်မြင်မှုက တန်ဖိုးထားလို့ မရဘူးပေါ့။ ခက်ခဲလေလေ တန်ဖိုးရှိလေလေပေါ့။ ကိုယ်က ဒီလမ်းကိုခက်ခက်ခဲခဲလျှောက်ခဲ့ရရင် ကိုယ်ရဲ့ဘဝအရိပ်က တန်ဖိုးရှိသလို လူပုံအလယ်မှာလည်း ဂုဏ်ရှိတာပေါ့။ အောင်မြင်တဲ့သူတွေအားလုံးကလည်း အလွယ်တကူရခဲ့ကြတာတွေ မဟုတ်ပါဘူး။ ခက်ခဲမှုတွေ ပင်ပန်းမှုတွေ ရှိခဲ့ကြတာပဲလေ။ ပြီး ကံ ကံ၏ အကျိုးဆိုတာလည်း ရှိတယ်။ အလုပ်တစ်ခုကို လုပ်မယ်ဆိုရင် သန့်ရှင်းရိုးသားစွာနဲ့ အသက်မွေးမှုလုပ်ရမယ်။ ကိုယ့်ရဲ့အတိတ်က ကုသိုလ်ကံကလည်း ဒီလက်ရှိဘဝမှာ ရောင်ပြန်ဟပ်တာလည်း ရှိသေးတယ်လေ။ အလွယ်လေးရခဲ့တဲ့ အောင်မြင်မှုကလည်း တာရှည်မခံတတ်ဘူး။ လွယ်လွယ်နဲ့ပဲ ကျဆုံးသွားတတ်တယ်လေ။

**အခုခေတ်မှာ Fashion Designer တွေ အရမ်းများလာတယ်နော်။ လူတွေက Fashion နဲ့ ပတ်သက်ပြီး ပိုပြီးစိတ်ဝင်စားလာကြလို့များလား။**

လူဦးရေက တိုးတက်လာတော့ Designer က များလာတယ်လို့တောင် ကျွန်တော်က မမြင်သလိုပဲနော်။ နည်းတောင် နည်းနေသေးသလိုပဲ။ ဒါပေမဲ့ Designer လို့ အမည်ခံထားတဲ့ Dress Maker တွေက များနေတာလေ။ စက်ချုပ်သမားတိုင်းက Designer ဆိုပြီးအော်နေတော့ Designer တွေ များလာတယ်လို့ ထင်တာပေါ့။ အမှန်တော့ တကယ်ကို နှံ့နှံ့စပ်စပ်တတ်တဲ့ Designer က နည်းနေသေးပါတယ်။

**Designer's Design အစီအစဉ်မှာ Judge လုပ်ပေးနေတဲ့ ဦးပြည်စိုးအနေနဲ့ရော မျိုးဆက်သစ် Designer တွေရဲ့ ဖန်တီးမှုနဲ့ ပတ်သက်ပြီး ဘာများ ဆွေးနွေးချင်ပါသလဲ။**

ပြိုင်ကြတဲ့ Designer တွေက တော်ကြပါတယ်။ ပြိုင်ပွဲဆိုပေမယ့် တစ်ခုတည်းပြိုင်ရတာ မဟုတ်ဘူး။ ပေးတဲ့ ခေါင်းစဉ်အမျိုးမျိုးပေါ် လိုက်ပြီး ဖန်တီးရတာလေ။ ကျွန်တော်ဆိုရင် ပွဲတက်ဝတ်စုံဆိုတော့ အဲဒီဟာပဲ ဖန်တီးတတ်တယ်။ တခြားဟာတွေဆိုရင် ပွဲတက်လောက် မကျွမ်းကျင်တော့ဘူး။ ဒါပေမဲ့ ဒီပြိုင်ပွဲက ပြိုင်ပွဲဝင်တွေကတော့ ခေါင်းစဉ်အလိုက် အမျိုးမျိုးစဉ်းစားပြီး ဖန်တီးရ တာ၊ ဒါကြောင့် သူတို့တွေက တော်ကြပါတယ်။ ဒါပေမဲ့ ကျွန်တော် တခြားသူတွေဖန်တီးထားတဲ့ လက်ရာတွေကိုကြည့်ပြီး တစ်ပုံစံတည်းလိုက်ကူးတတ်တဲ့ Designer တွေကိုတော့ မဝေဖန်လိုပါဘူး။ သူ့မှာ ဒီလောက်ပဲ အရည်အချင်းရှိလို့ပါလို့ ယူဆပါတယ်။

Asian Fame Media Group
AF MEDIA GROUP

**Fashion Design ဆိုတာကို ဦးပြည်စိုး အနေနဲ့ ဘယ်လိုအဓိပ္ပာယ်ဖွင့်ချင်ပါသလဲ။**

Fashion Design ဆိုတာ Fashion က သတ်သတ် Design ကသတ်သတ်ပါ။ Design ဆိုတာက အနုပညာဖန်တီးမှုပါတယ်။ Design တစ်ခုနဲ့ ဆင်ယင်ထားတဲ့ ဝတ်စားဆင်ယင်မှုကို Fashion ခေါ်တာပေါ့။ ကျွန်တော်နားလည်တာတော့ အဲဒီလိုမျိုးပါပဲ။ Design မိုက်ရင် Fashion ကျတာပေါ့။

**ယောကျ်ားတွေက မိန်းမတွေထက် Fashion အမြင်စူးရှတယ်ဆိုတာ ဟုတ်ပါသလား။**

အဲဒါကိုတော့ ကျွန်တော်လက်မခံဘူးဗျ။ ဘာလို့လဲဆိုတော့ အမျိုးသမီးမှာလည်း အမျိုးသမီးအလျောက် သူ့ရဲ့ Sense ရှိပြီးသား၊ ယောကျ်ားတွေမှာလည်း သူတို့မှာ ကိုယ်ပိုင်အမြင်ရှိကြပြီးသားပဲ။ အမျိုးသမီး၊ အမျိုးသားဆိုတာထက် လူတစ်ယောက်ချင်းစီက Fashion ဆိုတာကို ဘယ်လိုမြင်လဲဆိုတာကအရေးကြီးတာ။Fashion တစ်ခုကိုကြည့်တဲ့ Look က နူးညံ့သိမ်မွေ့မှုဆိုတဲ့ အမြင်နဲ့မြင်တာလား၊ sexy တစ်ခုအနေနဲ့ မြင်တာလားပေါ့။ အမျိုးသားဖြစ်ပေမယ့် နူးညံ့သိမ်မွေ့တဲ့ အမြင်ကိုမြင်ရင် နူးညံ့သိမ်မွေ့တဲ့ ဝတ်စုံတွေ Design တွေ ထွက်လာနိုင်သလို အမျိုးသမီးဖြစ်ပေမယ့်လည်း sexy အမြင်မြင်နေရင် ဆွဲဆောင်မှုရှိတဲ့ ဝတ်စုံတွေထွက်လာနိုင်တာပဲ။ ကိုယ့်ရဲ့ ပင်ကိုစိတ်နဲ့ပဲဆိုင်တယ်။ သူ့ရဲ့ ထိုးဖောက်မြင်နိုင်စွမ်းနဲ့ သင်ယူနိုင်စွမ်းပေါ်ပဲ မူတည်တယ်။ ပြီးတော့ သူ့ရဲ့ Design Sense တွေကို ဘယ်လောက်အထိ အသုံးချနိုင်လဲဆိုတာပေါ်မှာပဲ မူတည်တာပါ။ ကျွန်တော်တို့နဲ့မတူညီတဲ့ စိတ်ခံစားမှုတွေ အာရုံဝင်စားမှုတွေက အမျိုးသမီးတိုင်းမှာ ရှိနေပါတယ်။ အတွေးတွေအမြင်တွေ အရမ်းကောင်းတဲ့ အမျိုးသမီးတွေလည်း ရှိပါတယ်။

**ကမ္ဘာမှာနာမည်ကြီး Designer အများစုက အမျိုးသားတွေ ဖြစ်နေတတ်တာက အကြောင်းများရှိနေမလား။**

အမျိုးသား Designer တွေများသလို အမျိုးသမီး Designer တွေလည်းများပါတယ်။ ယောကျ်ားတွေကကျတော့ လွတ်လပ်ကြတယ်။ အိမ်ထောင့်တာဝန်ဆိုတာမှာ အမျိုးသမီးလောက် မများကြဘူး။ အိမ်ထောင်တစ်ခုမှာ ပိုက်ဆံရှာပေးနိုင်ရင် ယေဘုယျ သူ့တာဝန်ပြီးတယ်။ အမျိုးသမီးကကျတော့ မဟုတ်ဘူး။ ပြောမကုန်တဲ့ အသေးအဖွဲ့အလုပ်တွေ အများကြီးပဲ။ အဲဒီတော့ အမျိုးသားတွေက ပိုပြီးလုပ်ခွင့်ရသလိုဖြစ်ပြီး ရှေ့ရောက်နေတာပါ။ အမျိုးသမီးတွေက နောက်ကျန်ခဲ့တဲ့ သဘောပေါ့။ အမျိုးသမီးမှာက လုပ်ငန်းကိစ္စ၊ အိမ်မှုကိစ္စရှိနေတာလေ။ ဖန်တီးမှု စွမ်းအားတွေ လျော့ကုန်တာပေါ့။ အမြင်တွေ အတွေးအခေါ်



တွေ ဘယ်လောက်ပဲထက်မြက်ပေမယ့် ဖန်တီးခွင့်မရရင် နောက်ကျန်ခဲ့တာပေါ့။ ကမ္ဘာမှာ နာမည်ကြီး Designer တွေထဲက Co Co Channel ဆိုလည်း စစချင်းက အမျိုးသမီးဦးဆောင်တာပဲလေ။ အခုနောက်ပိုင်းမှသာယောကျ်ား Designer တွေ ဖြစ်ကုန်တာပါ။

**ဦးပြည်စိုးအနေနဲ့ရော Design ထွင်တဲ့အခါ Customer တွေအတွက် ဘာတွေကို အဓိက စဉ်းစားပြီး ထွင်ပေးဖြစ်ပါသလဲ။**

ကျွန်တော်လေ အမှန်အတိုင်းပြောရရင် သူတို့ စိတ်ချမ်းသာမှုကိုပဲ ဦးစားပေးလိုက်တော့တယ်။ အရင်တုန်းကတော့ ကိုယ်က Design ထွင်တဲ့အခါ အများကြီးစဉ်းစားပြီး ဖန်တီးပေးတာ။ ဒါပေမဲ့ ကိုယ်က ထွင်ပေးပြီးခါမှ Customer က ဘာဖြစ်တယ်၊ ညာဖြစ်တယ်ဆိုပြီး Complain တွေများလာတော့ လျော်တာတွေ စားတာတွေနဲ့ စိတ်ရှုပ်ခဲ့ရပေါင်းများပြီး အဲဒီတော့ အခုနောက်ပိုင်းတော့ Customer တွေစိတ်တိုင်းကျပဲအားလုံးလိုက်လျောပေးလိုက်တော့တယ်။ ဘာလို့လဲဆိုတော့ ကိုယ်က ဒီအလုပ်နဲ့ အသက်မွေးနေတာလေ။ ကိုယ့်ဝန်ထမ်းတွေအတွက် ကိုယ့်လုပ်ငန်းတွေ လည်ပတ်ဖို့အတွက် ရေရှည်ရပ်တည်ဖို့အတွက်က ဝင်ငွေက လိုတယ်လေ။ ဒါကြောင့် တစ်ခါတလေမှာလည်း ငွေမျက်နှာတစ်ခုပဲကြည့်ပြီး မျက်စိမှိတ်ပြီး လုပ်ပေးလိုက်ရတာတွေရှိတယ်။ ကိုယ့်စိတ်တိုင်းကျ ဖန်တီးပါလို့ တောင်းဆိုတဲ့ Customer မျိုးလည်း ရှိပါတယ်။ အဲဒီအခါကျတော့လည်း အကောင်းဆုံးဖန်တီးတာပေါ့။ ကိုယ့်ဆီလာတဲ့ Customer တွေ အားလုံးကို စိတ်ချမ်းသာစေချင်တယ်။

**မင်္ဂလာသတို့သမီး ဝတ်စုံတွေကို ဖန်တီးတဲ့အခါ ကိုယ်ရဲ့ Creativity နဲ့ရှိနေတဲ့ Culture နှစ်ခုဆုံလာတဲ့အခါ ဘယ်ဟာကိုပိုပြီး အလေးထားဖြစ်ပါသလဲ။**

ဒါကတော့ ဝတ်မယ့်သူ သွားမယ့်လမ်းပေါ်မူတည်တယ်။ ဥပမာ TV Channel တွေ၊ မဂ္ဂဇင်းစာမျက်နှာထက်တွေမှာ ဖော်ပြမယ့်ဟာတွေဆိုရင် ယဉ်ကျေးမှုကိုအခြေခံပြီး ဖန်တီးပေးရတယ်။ လူအများအမြင်တင့်တယ်အောင်ပဲ ဖန်တီးရမှာပေါ့။ လုပ်ချင်တာတွေ စွတ်လုပ်ဖို့ မသင့်တော်ဘူး။ မစဉ်းစားဘဲ ဇွတ်လုပ်တာက လူမိုက်ပဲပေါ့။ ရှေးထုံးမပယ် ကောင်းဘူးဆိုတဲ့ စကားလည်း ရှိတယ်လေ။ ပါတီသွားမယ့် ဝတ်စုံမျိုးဆိုရင်တော့လည်း ပြတ်တာတွေ ဟိုက်တာတွေ ဖန်တီးလို့ ရတာပေါ့။ မင်္ဂလာသတို့သမီးဝတ်စုံကျတော့ ရှေးထုံးတွေ၊ ဓလေ့တွေကို အများကြီး ဦးစားပေးရတယ်။ အဆန်းထွင်မယ့် Design ဆိုတာ နောက်မှစဉ်းစား၊ အရောင်တောင်မှ ရွေးချယ်မှုက ရှိနေသေးတယ်လေ။ သတို့သား သတို့သမီးက ဆန်းသစ်ချင်ဦး၊ နှစ်ဖက်မိဘတွေ၊ အဘိုးအဘွားတွေက သဘောမတူတာတွေ အများကြီးပဲလေ။ Dinner လိုအတွက် Dress ချုပ်ရင်တော့ ကိုယ်ဖန်တီးချင်တဲ့ Design မျိုးကို Customer နဲ့ ညှိပြီးလုပ်ရတာပေါ့။ ရိုးရာနဲ့ ပတ်သက်လာခဲ့ရင်တော့ ရိုးရာပေါ်မှာပဲအခြေခံပြီး တီထွင်ပေးရတာပေါ့။ ရိုးရာကို ဖျက်ဆီးသလိုဖြစ်လို့ မရဘူးလေ။ အဲဒါက အရေးကြီးတယ်။

**ပရိသတ်ကို Fashion Design နဲ့ ပတ်သက်ပြီး ဦးပြည်စိုး ဘာများအကြံပေးချင်ပါသလဲ။**

အခုခေတ်မှာတော့ လူတွေအားလုံးက Fashion ဆိုတာကို စိတ်ဝင်တစားရှိလာကြပါပြီ။ စားတာ၊ သောက်တာ၊ နေတာထိုင်တာ အားလုံးမှာ Fashion ကျကျ နေထိုင်နေကြပါပြီ။ ဒါပေမဲ့ ကျွန်တော်တစ်ခုလေး သတိပေးချင်တာက စည်းကမ်းဆိုတာလေးပါ။ အဲဒါကို လူတွေမေ့ထားကြသလားလို့ပါ။ အဝတ်အစား ဝတ်တာမှာလည်း စည်းကမ်းဆိုတာ ရှိတယ်။ အဝတ်အစားဝတ်တဲ့အခါ စည်းကမ်းလေးရှိထားတော့ စောစောကပြောခဲ့တဲ့ သရုပ်ပျက်ဝတ်စားမှုဆိုတာတွေ ဖြစ်လာမှာ မဟုတ်တော့ဘူးပေါ့။ ဒါကြောင့် စည်းကမ်းလေးတော့ ရှိကြပါပေါ့။ နေရာတကာမှာ စည်းကမ်းလေးရှိရင် ကျွန်တော်တို့ လူမှုအဖွဲ့အစည်းကြီးက အရှိန်အဟုန်နဲ့ တိုးတက်လာမှာပေါ့။ အဲဒါလေးပဲ ပြောချင်ပါတယ်။

**ဖြိုးစုပိုပို**

Asian Fame Media Group

တက်ကြွတဲ့အရွယ်၊ နုပျိုတဲ့အလှတရား၊ သန့်ရှင်းသပ်ရပ်တဲ့ ဝတ်စားဆင်ယင်မှု ဒီသုံးခု ပြီးပြည့်စုံနေရင်တော့ လူငယ်တစ်ယောက်ရဲ့ စတိုင်ဟာ ကြည့်ချင်ဖွယ်တင့်တယ်နေတယ် ဆိုတာကို ရတီပရိသတ်အတွက် အခုလိုတင်ဆက်လိုက်ပါတယ်။



မော်ဒယ် – ကောင်းထက်ဇော်၊ ကောင်းပြည့်၊ စိုင်းစည်တွမ်ခမ်း

အဝတ်အစား – TEN

Asian Fame Media Group




မော်ဒယ် – စိုင်းစည်သွမ်ခမ်း၊ကောင်းပြည့်၊ကောင်းထက်ဇော် အဝတ်အစား – TEN




မော်ဒယ် – စိုင်းစည်သွမ်ခမ်း၊ ကောင်းပြည့်၊ ကောင်းထက်ဇော်

အဝတ်အစား – TEN



# HOTTEST LATEST

Arranged By Thida Soe

Model - Thinzar Nwe Win
Hair & Make-up - Paing Paing
Dress - Angel Ly
Shoes & Bag - BONIA
Photo - Ko Naing (Popular)

မိန်းကလေးတိုင်းဟာ လှပအောင် ပြင်ဆင်ခြယ်သပြီးတာနဲ့အတူ Fashion ကျကျဝတ်စားလိုက်တာနဲ့ အားလုံးပြီးပြည့်စုံသွားတာ မဟုတ်သေးပါဘူး။ အားလုံးပြည့်စုံလှပနေဖို့အတွက် Fashion နဲ့ လိုက်ဖက်တဲ့ အိတ်အဆင်တန်ဆာကလည်း လိုအပ်ပါတယ်နော်။ အခုလို ဖွံ့ဖြိုးတိုးတက်မှုတွေနဲ့အတူ ခေတ်မီဆန်းသစ်လာတဲ့ ခေတ်ကြီးမှာ မိန်းကလေးတိုင်းကလည်း မိတ်ကပ်ပြင်ဆင်မှု၊ Fashion ရွေးချယ်မှု၊ Fashion ကို ပံ့ပိုးပေးတဲ့ အိတ်ကို ရွေးချယ်တတ်မှုကလည်းအရေးကြီးပါတယ်။ ကဲ...ပရိသတ်ကြီးရေ သဉ္ဇာနွယ်ဝင်းရဲ့ Hottest Latest Fashion တွေကို လေ့လာကြည့်ရအောင်နော်။ ။

သီတာစိုး

Asian Fame Media Group



# HOTTEST LATEST

Arranged By Thida Soe

Model - Thinzar Nwe Win
Hair & Make-up - Paing Paing
Dress - Angel Ly
Shoes & Bag - BONIA
Photo - Ko Naing (Popular)

Asian Fame Media Group
MEDIA GROUP




# HOTTEST LATEST

Arranged By Thida Soe

Model - Thinzar Nwe Win
Hair & Make-up - Paing Paing
Dress - Angel Ly
Shoes & Bag - BONIA
Photo - Ko Naing (Popular)

Asian Fame Media Group



# HOTTEST LATEST

Arranged By Thida Soe

Model - Thinzar Nwe Win
Hair & Make-up - Paing Paing
Dress - Angel Ly
Shoes & Bag - BONIA
Photo - Ko Naing (Popular)

Asian Fame Media Group




Asian Fame Media Group
af MEDIA GROUP

# HOTTEST LATEST

Arranged By Thida Soe

Model - Thinzar Nwe Win
Hair & Make-up - Paing Paing
Dress - Angel Ly
Shoes & Bag - BONIA
Photo - Ko Naing (Popular)

ပျိုမျစ်နုနယ်လှပခြင်းတွေမှာ တည်ငြိမ်ခြင်းတွေ ရောစွက်လို့ အေးချမ်းနေတဲ့ ရုပ်သွင်ဟာ များပြားလှသော တာဝန်များကို ထမ်းနေသူလို့ မထင်ရသူကတော့ AA ဆေးဝါးလုပ်ငန်းရဲ့ **Director** ဒေါက်တာ စောနေနွယ်ပဲ ဖြစ်ပါတယ်။

အသက် ၃၅ နှစ်မပြည့်သေးတဲ့ သူမက သာမန်ဝန်ထမ်းသားသမီးဘဝနဲ့ ကြီးပြင်းလာခဲ့ရလို့လား မသိ၊ ရုန်းကန်ကြိုးစားစိတ် အမြဲရှိနေတတ်တာဟာလည်း အောင်မြင်မှု အကြောင်းတရားတွေထဲက တစ်ခုလို့ ဆိုရမှာပါပဲ။ သူမရဲ့ နောက်ကွယ်က အောင်မြင်မှုအကြောင်းတရားတွေဟာ ဘာတွေဖြစ်မလဲဆိုတာ ရတီပရိသတ်လည်း သိချင်နေမှာပါပဲ။ ဒါကြောင့် ဒေါက်တာစောနေနွယ်နဲ့ မေးဖြစ်တာတွေကို ဝေမျှလိုက်ပါတယ်။

# Beyond the Women

## ဒေါက်တာ စောနေနွယ်

■ ငွေသော်တာ ■



Asian Fame Media Group
MEDIA GROUP

**ငယ်ငယ်တုန်းက အကြောင်းလေးတွေ ပြောပြပေးပါဦး။**

'စော'က ရန်ကုန်သူပါ။ အဖေက သင်္ဘောလိုက်ပါတယ်၊ Chief Officer ပါ။ အမေက ကုန်သွယ်ရေးက မန်နေဂျာပါ။ မိန်းကလေး ကျောင်းဖြစ်တဲ့ လသာ (၂) ကနေ ၁၀ တန်းအောင်ပြီး ဆေးတက္ကသိုလ် တက်ခဲ့တာပါ။ 'စော'က ၉၄ မှာ ဆယ်တန်း အောင်ပါတယ်။ 'စော'တို့တုန်းက ကျောင်းခဏခဏ ပိတ်တာနဲ့ ကြုံရတယ်။ ၅ တန်းမှာ ၂ နှစ်ပိတ်တယ်။ ၁၀ တန်းမှာ ၂ နှစ်ပိတ်တယ်ဆိုတော့ နာတာပေါ့။ ဆေးကျောင်း 2nd MB ရောက်တော့လည်း ၂ နှစ်ပိတ်တာနဲ့ ကြုံပြန်ရော၊ တချို့လည်း စိတ်မရှည်တော့ ကျောင်းဆက်မတက်ဘဲ နိုင်ငံခြားထွက်ကြတယ်။ 'စော'ကတော့ Accounting CAT တက် ဖြစ်သွားတယ်။ အဲဒါကြောင့် စီးပွားရေးနဲ့ဆိုင်တဲ့ ပညာတွေသိခဲ့ရတာ။ CAT တက်နေရင်း ဆေးကျောင်းက ပြန်ဖွင့်တော့ တော်တော်တော့ ပင်ပန်းလိုက်သေးတယ်။ 'စော'အသက် ၂၇ နှစ်ကျမှ ဆရာဝန်ဘွဲ့ရတာ။

**မိန်းကလေးကျောင်းတွေရဲ့ အားသာချက်၊ အားနည်းချက်တွေကိုလည်း သုံးသပ်ပြပါဦး။**

အချစ်တော်ထားတဲ့ အားနည်းချက်တော့ ရှိတယ်။ ယောကျ်ားလေးမရှိတော့ အဲဒါကိုရအောင် ဖန်တီးပြီးစုံတွဲတွေ ဖြစ်အောင် လုပ်ကြတာပေါ့။ တချို့က ဒီအပေါ်မှာပဲရှုးသွပ်ပြီး လိုင်းကြောင်သလိုတွေ ဖြစ်ကုန်ရော။ မိဘတွေကလည်း မိန်းမချင်းပဲလေ၊ အချစ်တော်ပဲလေဆိုပြီး သိပ်ပြီးအလေးအနက်မထားကြသလို၊ စိတ်မပူကြဘူး။ အချစ်တော်တွေနဲ့ စိတ်လေတဲ့လူတွေလည်း ပညာရေးမှာ လိုင်းကောင်းတွေ ရသင့်ရက်နဲ့ မရတာတွေလည်း ရှိတယ်။

ယောကျ်ားလေး မရှိတဲ့ ကျောင်းမှာနေလာရပြီး တက္ကသိုလ်ရောက်တော့ ယောကျ်ားလေးဆိုတာကို တွေ့ရုံ၊ ချစ်ရုံနဲ့လိုက်ပြေးပြီး ဒုက္ခရောက်ကြတာတွေလည်း ရှိတယ်။ များသောအားဖြင့် ချုပ်ချယ်တဲ့ မိဘတွေက မိန်းကလေးကျောင်းကိုပဲ တမင်ထားကြတာလေ။ အချုပ်ချယ်ခံရတာတွေ၊ သဘာဝကို မသိရတာတွေဟာ တက္ကသိုလ်ရောက်မှ အကုန် လွှတ်လပ်ပြီး ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်တာလေးတွေ ရှိနိုင်တာပေါ့။

**ဒါဆို ကိုယ့်သမီးအတွက်ကော ဘယ်လို ပြင်ဆင်စဉ်းစားထားပေးသလဲ။**

ကိုယ့်သားသမီးကို ရိုးသားကြိုးစားပြီး ပညာပြည့်ဝတဲ့ သားသမီးကောင်း ဖြစ်အောင် အမြဲသွန်သင်ဆုံးမလျက် ရှိပါတယ်။

**အိမ်ထောင်ကျခဲ့တဲ့ အချိန်နဲ့ အဲဒီတုန်းက အကြောင်းလေးတွေ . . .**

ဘွဲ့ရပြီး ၅ လလောက်မှာ ကိုဇော်မိုး (ဦးဇော်မိုးခိုင်)နဲ့ လက်ထပ်တာ။ ကိုဇော်မိုးက 'စော'ရဲ့ အစ်ကိုနဲ့ သူငယ်ချင်းလေ။ ကိုဇော်မိုးနဲ့က ကျိုက်ထီးရိုးဖူးစာလို့ပဲ ပြောရမယ် ထင်တယ်။ အစ်ကိုက ကျိုက်ထီးရိုးသွားမယ်ဆိုတော့ 'စော'





က လိုက်သွားရင်းနဲ့ ပိုရင်းနှီးသွားကြတာလေ။ အဲဒီမှာ ဖူးစာဆုံတာပဲ။ အဖေချင်းကလည်း တက္ကသိုလ်မှာ တစ်ဆောင်တည်း နေခဲ့ဖူးတယ်။

**ကိုဇော်မိုးခိုင်ရဲ့ မိဘတွေက စီးပွားရေးနယ်ပယ်မှာ နာမည်ကြီးတွေဆိုတော့ သူတို့ဆီက ဘယ်လို ပညာတွေရပါသလဲ။ (ယောက္ခမများဖြစ်ကြတဲ့ ဦးမြတ်သင်းအောင်ဟာ လှိုင်သာယာ စက်မှုဇုန် ဥက္ကဋ္ဌလည်း ဖြစ်သလို AA Group ကုမ္ပဏီရဲ့ ဥက္ကဋ္ဌဖြစ်ပြီး၊ ဒေါ်ခင်မြင့်မြင့်ဟာလည်း AA Group of Companies မှာ ဒုဥက္ကဋ္ဌ ဖြစ်ပါတယ်။ အမျိုးသမီး စွမ်းဆောင်ရှင် အသင်းရဲ့ ဥက္ကဋ္ဌတာဝန်ကိုလည်း ယူခဲ့ဖူးသူ လုပ်ငန်းရှင် အမျိုးသမီးကြီး အဖြစ်ရော၊ ယခင် မယ်အဖြစ်ရော နာမည်ကြီးခဲ့သူပါ။)**

ကိုဇော်မိုးအဖေက ဗဟုသုတ ကြွယ်ဝသလို၊ အရာရာမှာနှံ့စပ်တော့ မသိတာမှန်သမျှ ဘာမဆို မေးရပါတယ်။ ကိုယ့်ကိုလမ်းပြညွှန်ပြနိုင်တော့ သူ့ဆီက ပညာတွေ အများကြီးရပါတယ်။ ကိုယ့်မိဘအပြင် ဆရာလိုပါပဲ။ ကိုဇော်မိုးအမေက ပေါင်းသင်း ဆက်ဆံရေးကောင်းတယ်။ လူမှုရေးပညာတွေ သူ့ဆီက လေ့လာရတယ်။ ကိုဇော်မိုး အမေက Human Resource Management



Asian Fame Media Group
MEDIA GROUP





နိုင်နင်းတော့ သူက လိုအပ်တဲ့ ဝန်ထမ်းတွေကို Counselling ခေါ်လုပ်ပြီဆို သွားနားထောင်ပြီး ပညာယူရတယ်။

**ဆရာဝန် မလုပ်ဖြစ်ဘဲနဲ့ ဆေးကုမ္ပဏီလုပ်ဖြစ်သွားပုံကတော့. . .**

ကျောင်းပြီးတော့ အင်္ဂလန်က MRCP ကို ဆက်ဖြေချင်တာ။ အိမ်ထောင်ပြုလိုက်ပြီဆိုတော့လည်း တကွဲတပြားဆီ မနေချင်ပြန်ဘူး။ အဲဒါနဲ့ပဲ ကိုဇော်မိုးရဲ့ AA Medical မှာ ဝင်လုပ်ဖြစ်သွားတာ။

ဆရာဝန်ဆိုရင်တော့ ဆက်ဆံရတဲ့ လူနာတွေနဲ့ အပြန်အလှန် လေးစားမှုရှိမှာပေါ့နော်။ ဆေးကုမ္ပဏီမှာ ဆေးဖြန့်ဖြူးတာကျတော့ မထင်မှတ်ထားတာတွေ ကြုံရတာ အများကြီးပါပဲ။ ခုအချိန်ထိလည်း ဆေးကုချင်တုန်း၊ MRCP ဖြေပြီး ဆရာဝန် ပြန်လုပ်ချင်စိတ် ရှိတုန်းပါပဲ။ ဒါပေမဲ့ အခြေအနေအရ လောလောဆယ်တော့ ကိုယ်ပိုင်စီးပွားရေးပဲ လုပ်ဖြစ်နေပါတယ်။

**တချို့ ဆရာဝန်တွေက ဆရာဝန်ဘွဲ့လက်မှတ်ရပြီး ဆေးမကုဘဲ ဆေးကုမ္ပဏီမှာ အလုပ်လုပ်ကြတာ ဘာကြောင့်လဲ။**

ဆရာဝန်တွေ M.B,B.S ရပြီး ဆေးမကုဘဲ ဆေးကုမ္ပဏီတွေမှာ ဝင်ရောက် လုပ်ကိုင်ကြတာ အဓိက ဝင်ငွေကြောင့်လို့ ထင်မြင်မိပါတယ်။

**ဆေးကုမ္ပဏီရဲ့ အတွေ့အကြုံတွေကိုလည်း သိချင်ပါတယ်။**

စီးပွားရေးလောကမှာ ပတ်ဝန်းကျင်က လူစုံပါပဲ။ စရိုက်မျိုးစုံ၊ အဆင့်အတန်းမျိုးစုံ၊ တချို့က ကိုယ့်ဘက်ပဲ ကြည့်ပြောတတ်သူမျိုးတွေလည်း ရှိတယ်၊ ရောင်းရတာလည်း မလွယ်၊ ဝယ်ချင်လာအောင်ပြောရတာလည်း ပင်ပန်းပါလား ဆိုတာလည်း သဘောပေါက်လာတယ်။ အလုပ်ရဲ့ Internal Environment, External Environment မှာရှိတဲ့ လူတွေဆီက ပညာတွေ ဗဟုသုတတွေ အများကြီး ရပါတယ်။

အလုပ်ထဲမှာ လိုတာတွေလည်း အကုန်ဝိုင်းလုပ်ရတယ်။ ဂိုဒေါင်မှာ ဘာလိုလဲ။ အရေးပေါ် အခြေအနေဆိုရင် ဘယ်နေရာဖြစ်ဖြစ် ဝင်ပါရတာပဲ နယ်တွေဆင်းပြီး တစ်မြို့ဝင်တစ်မြို့ထွက်လည်း ဆေးလိုက်ရောင်းဖူးတယ်၊ တောလမ်းခရီးမှာ ကားပျက်လို့ ဆိုက်ကားနဲ့ ဝပ်ရှော့လိုက် ရှာတာလည်း လုပ်ဖူးတာပဲ၊ ကြုံတဲ့နေရာမှာရှိတဲ့ တည်းခိုခန်းမှာ တည်းလိုက်ရတာတောင် ရှိဖူးတယ်။ ကိုယ့်လုပ်ငန်း ဖြစ်လာပြီဆိုတော့ ကိုယ့်ဝန်ထမ်းတွေရဲ့ ဝန်ဆောင်မှုက တကယ်ကောင်းရဲ့လား။ အမြဲ လေ့လာစုံစမ်းနေရတယ်။ စားပွဲခုံမှာထိုင်ပြီး လုပ်တာထက် Manage By Walking Around (MWA) စနစ်ကို ပိုကြိုက်တယ်။ အချိန်ရှိရင်ရှိသလို လုပ်ဖြစ်ပါတယ်။

**ကုမ္ပဏီရဲ့ လက်ကိုင်ထားတဲ့ ဆောင်ပုဒ်၊ Mission , Vision ........**

လက်ကိုင်ထားတဲ့ ဆောင်ပုဒ်က "Products You Can Trust" ပါ။ AA Medical က ဆေးများဟာ "ယုံကြည်စိတ်ချရတဲ့ အရည်အသွေးကောင်း

မွန်တဲ့ဆေးများ" ဖြစ်တယ်ဆိုတဲ့ ဆောင်ပုဒ်ပါ။

**Vision - ရည်မှန်းချက်ကတော့**

မြန်မာနိုင်ငံမှာ ယုံကြည်စိတ်ချရတဲ့ ပြည်သူ့အကျိုးပြု ဆေးဝါးများ တင်သွင်းဖြန့်ချိပေးလျက်ရှိသော နံပါတ်(၁) ဆေးကုမ္ပဏီအဖြစ် အစဉ်အမြဲရပ်တည်ရန်။


**Mission - ကျွန်ုပ်တို့၏ ခံယူထားသည့် တာဝန်များကတော့**

ယုံကြည်စိတ်ချရသော အရည်အသွေးကောင်းမွန်သည့် ဆေးဝါးများကို အကောင်းဆုံး ဖြန့်ဖြူး၍ ပြည်သူများ၊ စားသုံးသူများကို အကောင်းဆုံး ဝန်ဆောင်မှုပေးရန် ဖြစ်ပါတယ်။

**စီမံခန့်ခွဲမှု ပုံစံကိုလည်း ပြောပြပေးပါဦး။**

ကုမ္ပဏီမှာ ဝန်ထမ်း ၆၅၀ နဲ့ ဌာနခွဲ(၁၆) ခု ရှိပါတယ်။ နိုင်ငံခြားက အကြံပေးတွေ ငှားထားပြီး ဝန်ထမ်းတွေရဲ့ အရည်အချင်းတွေ တိုးတက်လာဖို့ သင်တန်းတွေ ပေးပါတယ်။ နိုင်ငံခြား ဆွေးနွေးပွဲတွေကို စေလွှတ်ပေးတယ်။

ဝန်ထမ်း အသစ်တွေအတွက် Training Manager တွေကို ခန့်ထားပေးပြီး စဉ်ဆက်မပြတ် Training ပေးပါတယ်။ ၂၀၁၂မှာကိုပဲ ပို့ချတဲ့ သင်တန်း အပတ်စဉ် ၁၁ ခု ရှိနေပါပြီ။ ကိုယ့်ပစ္စည်းကို ဝယ်မယ့် ဆေးရုံ၊ ဆေးခန်း၊ ဆေးဆိုင်က လူတွေက ဆေးအကြောင်းကို ကျွမ်းနေတဲ့သူတွေ ဖြစ်တယ်။ ဆက်ဆံရမယ့် ဆရာဝန်ကြီးတွေနဲ့ စကားပြောရမယ့် အခါမှာ ကိုယ့်ဝန်ထမ်းတွေရဲ့ အရည်အသွေးက မြင့်နေမှဖြစ်မှာ။ 'စော'တို့ ကုမ္ပဏီက ဆေးအမျိုးပေါင်း ၂၀၀ ကျော်လောက် ဖြန့်ဖြူးရောင်းချနေပါတယ်။ တင်သွင်းလာတဲ့နိုင်ငံက (၇)နိုင်ငံလောက် ရှိတယ်။ ကိုရီးယား၊ ဗီယက်နမ်၊ အင်္ဂလန်၊ အမေရိကား၊ အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့က ဖြစ်ပါတယ်။



Asian Fame Media Group

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာမှု (FDI) အပေါ်မှာကော ဘယ်လိုမျှော်လင့်ပြင်ဆင်ထားပါသလဲ။**

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာတာကောင်းပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များကို ကာကွယ်ပေးတဲ့ ဥပဒေလည်း သေသေချာချာ ရှိဖို့လိုပါတယ်။ ဥပမာ- တခြားနိုင်ငံတွေမှာဆိုရင် Trading နဲ့ Distribution လုပ်ငန်းကို နိုင်ငံသား ၅၁% နှုန်း အနည်းဆုံးပါမှ လုပ်ခွင့်ရမယ်ဆိုပြီး ကိုယ့်နိုင်ငံသားတွေအတွက် ကာကွယ်ပေးတဲ့ ဥပဒေမျိုး ရှိပါတယ်။ ဒီမှာ ယခုလက်ရှိ မြန်မာနိုင်ငံမှာ Trading လုပ်ငန်း၊ Distribution လုပ်ငန်းကို နိုင်ငံသားတွေပဲ လုပ်ခွင့်ပြုတယ်ဆိုပေမယ့် နိုင်ငံခြားကုမ္ပဏီတွေဟာ Service Company အနေနဲ့ ထူထောင်ပြီး Trading ဖြစ်တဲ့ Importation ကို မြန်မာနိုင်ငံသား နာမည်ခံခိုင်းပြီး Import လုပ်ကြတယ်။ ပြီးတော့ သူတို့ Service Company ကနေ ဖြန့်ချိရေး လုပ်ကြပါတယ်။

နိုင်ငံခြား ကုမ္ပဏီတွေဟာ သူတို့ရဲ့ နိုင်ငံတကာမှာ ဖွင့်ထားတဲ့ရုံးခွဲတွေ လုပ်ငန်းတွေကိုပြပြီး သူတို့က မြန်မာနိုင်ငံမှာပါမက အခြားအရှေ့တောင်အာရှမှာပါ Trading နဲ့ ဖြန့်ချိရေးတွေ လုပ်ပေးမယ်ဆိုပြီး သူတို့ရဲ့ Regional Muscle (အရှေ့တောင်အာရှ ဒေသတွင်း လွှမ်းမိုးနိုင်တဲ့ ကြွက်သားထုတ်ပြပြီး) လက်ရှိ နိုင်ငံသားတွေ ဖြန့်ဖြူးရောင်းချခွင့် ရနေတဲ့ နိုင်ငံခြားထုတ်ကုန်တွေကို နိုင်ငံခြား Manufacturer တွေဆီ ချဉ်းကပ် လုယူသွားနိုင်ခြေ ရှိပါတယ်။ ဒါတွေကို နိုင်ငံသား လုပ်ငန်းရှင်တွေအားလုံး မျှော်လင့်ထားရပါမယ်။

ဒါကြောင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို ကြိုဆိုသလို နိုင်ငံသားတွေအတွက် ကာကွယ်ပေးမယ့် ဥပဒေတွေ သေသေချာချာ ပြဋ္ဌာန်းပေးဖို့လိုပါမယ်။

**ကြုံလာနိုင်တဲ့ စိန်ခေါ်မှုတွေက ဘာများဖြစ်နိုင်မလဲ။**

ကြုံလာနိုင်တဲ့ စိန်ခေါ်မှုတွေကတော့ မြန်မာနိုင်ငံသား လုပ်ငန်းရှင်တွေမှာ ဝင်လာမယ့် နိုင်ငံခြားကို ယှဉ်ပြိုင်နိုင်မယ့် နည်းပညာတွေ စနစ်တွေ ပြင်ဆင်ထားဖို့လိုပါမယ်။ ရင်ပေါင်တန်းဆောင်ရွက်နိုင်မယ့် လူ့စွမ်းအား အရင်းအမြစ်လိုပါမယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေမှာ နိုင်ငံခြားသားတွေရမယ့် အခွင့်အရေးထက်မနည်း နိုင်ငံသားတွေလည်း ရရှိသင့်ပါတယ်။ ဒါမှလည်း နိုင်ငံသားပိုင် စီးပွားရေးလုပ်ငန်းများ ခိုင်မာတောင့်တင်း အောင်မြင်မှသာ နိုင်ငံတော်လည်း ခိုင်မာတောင့်တင်း အောင်မြင်ပါမယ်။ ဘာလို့လဲဆိုရင် နိုင်ငံခြား စီးပွားရေးလုပ်ငန်းတွေဟာ သူတို့ အကျိုးအမြတ်ရှိရင် ဝင်လာပြီး အကျိုးအမြတ်မကောင်းရင် ထွက်သွားမယ့်သူတွေ ဖြစ်တယ်။ နိုင်ငံသား စီးပွားရေးလုပ်ငန်းများကပဲ နိုင်ငံရဲ့အနိမ့်အမြင့် ဘယ်အခြေအနေမှာမဆို ကြံ့ကြံ့ခံပြီး နိုင်ငံတော်နှင့်အတူ ရှိနေမယ့် နိုင်ငံရဲ့ Asset များသာ ဖြစ်ပါတယ်။

**ငယ်ငယ်တုန်းက စာကြိုးစားဖို့ တွန်းအားနဲ့ ခု အလုပ်ကြိုးစားဖို့တွန်းတဲ့ တွန်းအားတွေ အကြောင်းနဲ့ ကွဲပြားပုံတွေကကော။**

ငယ်ငယ်တုန်းက စာကြိုးစားတာက ကိုယ့်ကို မိဘက တခြားအမွေထက် ပညာအမွေကိုပဲ ပေးမယ်၊ ပညာတော်မှ ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်နိုင်မှာဆိုတဲ့ စိတ်နဲ့ကြိုးစားတာ။

လုပ်ငန်းမှာက ကြိုးစားလေလေ အောင်မြင်လေလေ၊ အောင်မြင်မှု အရသာသိလေ ပိုကြိုးစားချင်လေဖြစ်ပြီး ကြိုးစားဖို့တွန်းအားတွေ ဖြစ်လာတာ။ အိမ်ထောင်ကျစတုန်းက ဒီလောက်လည်း အလုပ်မများသလို ဝင်ငွေလည်း ခုလောက်မကောင်းပါဘူး။ ကြိုးစားရင်းနဲ့ အလုပ်တွေများလာသလို ဝန်ထမ်းဦးရေတောင် အိမ်ထောင်ကျစအရင်တုန်းနဲ့မတူဘဲ များလာတယ်။ ဝန်ထမ်း ၆၅၀ ကျော်ကို အလုပ်အကိုင်ပေးနိုင်တဲ့ အလုပ်ကို စီမံခန့်ခွဲရတာ၊ တိုင်းပြည်ရဲ့ GDP ကို တစ်ဖက်တစ်လမ်းက တိုးအောင်လုပ်ပေးခွင့်ရတဲ့ နိုင်ငံသားဖြစ်ရတာ၊ ကိုယ်တင်သွင်းတဲ့ဆေးက ပြည်သူတွေရဲ့ ကျန်းမာရေးအတွက် အထောက်အကူပြုနေတာ ဖြစ်တဲ့အတွက် ကျေနပ်ဂုဏ်ယူပါတယ်။ 'စော'တို့က ရောဂါတွေအတွက် ကာကွယ်ဆေးတွေအများဆုံး ဖြန့်ချိတာဆိုတော့ အဲဒီအတွက်လည်း ဝမ်းသာ ပီတိဖြစ်မိပါတယ်။

■

ကြုံလာနိုင်တဲ့စိန်ခေါ်မှုတွေကတော့ မြန်မာနိုင်ငံသား လုပ်ငန်းရှင်တွေမှာ ဝင်လာမယ့် နိုင်ငံခြားကို ယှဉ်ပြိုင်နိုင်မယ့် နည်းပညာတွေ စနစ်တွေ ပြင်ဆင်ထားဖို့ လိုပါမယ်။ ရင်ပေါင်တန်း ဆောင်ရွက်နိုင်မယ့် လူစွမ်းအားအရင်းအမြစ် လိုပါမယ်။ မြန်မာနိုင်ငံရဲ့နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေမှာ နိုင်ငံခြားသားတွေရမယ့် အခွင့်အရေးထက်မနည်း နိုင်ငံသားတွေလည်း ရရှိသင့်ပါတယ်။

■



**ကာကွယ်ဆေးတွေပဲ အဓိက သွင်းဖြစ်ရတဲ့ အကြောင်းအရင်းကကော။**

"Prevention is Better than Cure" ဆိုတဲ့အတိုင်း ကာကွယ်ခြင်းသည် ကုသခြင်းထက်များစွာ အကျိုးပြုခြင်းကြောင့် ပြည်သူလူထုရဲ့ ကျန်းမာရေးကို အလေးထား စောင့်ရှောက်နိုင်ဖို့ သွင်းခြင်းဖြစ်ပါတယ်။

**မစောက workaholic တစ်ယောက်လား။**

အလုပ်ကိုစွဲလား ဆိုရင်တော့ Workaholic ဖြစ်တယ်လို့ ပြောရမယ်ထင်တယ်။ မီးဖွားပြီး ၂၀ ရက်လောက်မှာ အလုပ်ပြန်လုပ်နေပြီ။ ခရီးသွားနေရင်လည်း အလုပ်အကြောင်းတွေပဲ စဉ်းစားနေဖြစ်တယ်။ စိတ်က အလုပ်ထဲမှာပဲ။ အလုပ်ကပဲ ဝိညာဉ်သဖွယ် ဖြစ်နေသလိုပဲ။

**မစောရဲ့ ဖက်ရှင်အပေါ် စိတ်ဝင်စားမှုနဲ့ သုံးဖြစ်တဲ့ အမှတ်တံဆိပ်တွေပြောပြပေးပါ။**

ငယ်ငယ်ကတည်းက စိတ်ဝင်စားတယ် ထင်ပါတယ်။ အမေတို့ ပြောတာကတော့ ၂ တန်းလောက်တည်းက သနပ်ခါးလိမ်းပြီးရင် မှန်ရှေ့က မခွာဘူးတဲ့။ ကျောင်းမှာ စာဘယ်လောက်များနေနေ စာမေးပွဲနီးနေလည်း ဖိုသီဖတ်သီနဲ့ အပူသည်ရုပ် ဖြစ်အောင်တော့ မနေဘူး။ ခုချိန်မှာတော့ နေရာကိုလိုက်ပြီး သင့်လျော်အောင် ဝတ်စားဆင်ယင်ပါတယ်။

**ဖက်ရှင်ပိုင်းမှာ ရွေးချယ်ဖြစ်နေတဲ့ အမျိုးအစားလေးတွေလည်း ပြောပြပါဦး။**

မိတ်ကပ်မှာဆို ဘာကိုပဲပြောင်းသုံး ပြောင်းသုံး Revlon ကိုပဲ ပြန်ပြန်ရောက်သွားတယ်။ တခြား Brand တွေနဲ့ သိပ်မတည့်လို့။ တခြား Brand နှုတ်ခမ်းနီတွေသုံးရင် ယားတာတို့ အရည်ကြည်ဖုထွက်တာတို့ ဖြစ်လို့ Revlon ရဲ့ ပင်တိုင်ချစ်သူတစ်ဦးပဲ ဖြစ်နေတယ်။ ပိုက်ဆံအိတ်မှာတော့ Channel ကိုကြိုက်တယ်။ အဝတ်အစားနဲ့ ဖိနပ်ကိုတော့ Brand အကောင်းစားတွေ မဟုတ်လည်း ကြိုက်ပါတယ်။ အမျိုးမျိုးပြောင်းဝတ်ရလို့ ဈေးကြီးတဲ့ Brand ကြီးတွေ သိပ်မရွေးချင်ဘူး။

**ယုံကြည်ကိုးကွယ်မှုနဲ့ ပတ်သက်ပြီး လုပ်ဖြစ်တာလေးတွေ။**

'စော'က မိရိုးဖလာ ဗုဒ္ဓဘာသာကနေ ကိုယ်တိုင် နက်နက်ရှိုင်းရှိုင်း သက်ဝင်ယုံကြည်တဲ့ ဗုဒ္ဓဘာသာဝင်ဖြစ်လာသူမျိုးပါ။ ငယ်ငယ်တည်းက အဘွား၊ အမေ၊ အဖေတွေ လေ့ကျင့်ပေးလို့ သီလရှင်(၂)ခါ ဝတ်ခဲ့ဖူးတယ်။ တရားလည်း ခဏခဏထိုင်တယ်။ ခုလည်း ရုံးသွားရင် ကားပေါ်မှာ ပရိတ်ရွတ်သွားတယ်။ တချို့ ရုံးပိတ်ရက်တွေဆို နေ့ယောဂီအဖြစ် ရိပ်သာမှာတရားထိုင်ဖြစ်တယ်။ ရွှေတောင်ကုန်း၊ မိုးကုတ်ရိပ်သာတို့ ဝင်လေ့ရှိပါတယ်။ အဲသလို ရိပ်သာဝင်ချိန်တွေဆိုရင် အေးချမ်းမှုကို ခံစားရတယ်။ တရားထိုင်ရင်း ဖြစ်ပျက်ကို ရှုတဲ့အခါ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ ကျင်လည် လှုပ်ရှားရတဲ့ ဘဝကိုဖက်တွယ်နေတာဟာ အဓိပ္ပာယ်မရှိပါလားလို့မြင်မိတဲ့ အခါရှိတယ်။ ဒါပေမဲ့ ပုထုဇဉ်ဆိုတော့လည်း ကိလေသာကို

Asianfame Media Group

မဖြတ်နိုင်သေးပါဘူး(ရယ်လျက်)။

**ကြုံခဲ့ရတဲ့ လောကဓံ အဆိုး၊ အကောင်းတွေကကော. . .။**

လောကဓံ အဆိုးတွေကတော့ အရောင်းကျတဲ့အချိန်၊ ဝင်ငွေကျဆင်းတဲ့အချိန်၊ လုပ်တဲ့အလုပ်တွေ အဆင်မပြေတဲ့အချိန်တွေရှိတာပေါ့။ အလုပ်ထဲမှာ ကိုယ်ကမှန်ပေမယ့် ကိုယ်ကအရမ်းနစ်နာလို့ အမှုအခင်းတွေ ဖြစ်ရတာတွေလည်း ရှိတယ်။

လောကဓံ အကောင်းတွေကတော့ အထက်ကပြောခဲ့တာတွေနဲ့ ဆန့်ကျင်ဘက် အရမ်းအဆင်ပြေတဲ့အချိန်တွေပေါ့။

**မစောတို့ YPO (Young President Origanization) မှာ ပါပြီမဟုတ်လား။ အဲဒါကို ဒီကလူတွေ ပိုသိအောင် ရှင်းပြပေးပါလား။**

'စော'ကတော့ ကိုဇော်မိုးရဲ့ဇနီးအနေနဲ့ အဖွဲ့ဝင်ထားပါတယ်။ Young President Organization က US Origin World Organization တစ်ခုပါ။ သူ့ရဲ့ သတ်မှတ်ချက်က လုပ်ငန်းတစ်ခုကို ကိုယ်တိုင်တကယ် ဦးဆောင်နေတဲ့သူ ပိုင်ရှင် (သို့) CEO (သို့) Managing Director ဖြစ်ရမယ်။ အသက် ၄၄ နှစ်ထက် မကျော်သူ၊ လုပ်ငန်းရဲ့ တစ်နှစ်အရောင်း(သို့) ဝန်ဆောင်မှုကလည်း ကန်ဒေါ်လာ ဘယ်လောက် အနည်းဆုံးရှိရမယ်ဆိုတဲ့ ကန့်သတ်ချက်ကို ပြည့်မီရင်ပြည့်မီ ဒါမှမဟုတ် ဝန်ထမ်းဦးရေ အနည်းဆုံး (၁၅၀)ထက်မနည်း စီမံခန့်ခွဲနေတာလည်း ဖြစ်ရမယ်ပေါ့။ YPO ဝင်ရင် သတ်မှတ်ထားတဲ့ အရောင်း(သို့) ဝန်ဆောင်မှု ပမာဏ(သို့)ဝန်ထမ်းဦးရေ တကယ်ရှိမရှိ သူတို့ က Independent Audit နဲ့စိစစ်တာရှိပါတယ်။ ဝင်ကြေးက ကန်ဒေါ်လာ သောင်းကျော်သွင်းရတယ်။ 'စော'တို့က Singapore Chapter ကို မြန်မာပြည်အနေနဲ့ Join လုပ်တာပါ။ အဲဒီမှာ Forum တွေ Meeting တွေ စီစဉ်ပေးတယ်။ နိုင်ငံတကာက စီးပွားရေးမှာ ဦးဆောင်နေတဲ့သူတွေ ဆုံကြတွေ့ကြဆိုတော့ အခွင့်အလမ်းတွေကအများကြီးပါ။ Business Partner ရှာလို့လည်း လွယ်သလို ကိုယ့်လုပ်ငန်းရဲ့ အခက်အခဲတွေ ရှိလာရင်လည်း ဝိုင်းဖြေရှင်းပေးကြပါတယ် ကောင်းပါတယ်။ လုပ်ငန်းတွေအတွက် Network ပိုကျယ်လာတာပေါ့။

မြန်မာပြည်က ထိပ်တန်းစီးပွားရေး ဦးဆောင်သူ လူငယ်တွေလည်း တော်တော်လေး ဝင်ထားကြပါတယ်။ အသက် ၄၄ ထက် ကျော်သွားရင် WPO (World President Organization) ဆိုပြီးတော့ ရှိပါသေးတယ်။ အသေးစိတ် လေ့လာချင်ရင် www.ypo.com မှာ လေ့လာနိုင်ပါတယ်။

*ဒေါက်တာ စောနေနွယ်ဟာ သာမန်အားဖြင့်ဆိုလျှင် အေးဆေးပြီး နှုတ်နည်းသူလို့ ထင်ရသော်လည်း အလုပ်အကြောင်းများကို အင်တာဗျူးနေချိန်မှာတော့ စိတ်ဝင်တစား စိတ်ရှည်လက်ရှည် ဖြေပေးနေသည်ကို ကြည့်ခြင်းအားဖြင့် သူမကိုင်တွယ်နေတဲ့လုပ်ငန်းတွေ ဘာကြောင့် အောင်မြင်တိုးတက်နေတယ်ဆိုတာကို အံ့ဩစရာ မလိုတော့ပါ။ ခေတ်ရဲ့ အမျိုးသမီးဆိုတာ ကဏ္ဍသစ်တွေ အောင်မြင်အောင် ဖွင့်လှစ်နိုင်ခြင်းနဲ့ မိရိုးဖလာ ယဉ်ကျေးမှုတွေ မသွေဖည်ခြင်းတို့ကို ဟန်ချက်ညီအောင် လုပ်ဆောင်နိုင်သူ ပါလားဆိုတာကိုလည်း သူမက နူးညံ့စွာ ဝင့်ထည်စွာ ပုံဆောင်ပြနိုင်ပါပြီ။*



*အမျိုးသမီးတိုင်းမှာ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင် စွမ်းအား ကိုယ်စီရှိကြမှာပါ။ ကိုယ်ရှိတဲ့ ကျွမ်းကျင်မှုနဲ့ စိတ်ခွန်အားတို့ကို လေ့ကျင့်ပေးခြင်းဖြင့် လောကကြီးကို လှပအောင် ဝိုင်းဝန်းပြုစုနိုင်တဲ့ လှပတဲ့ မိန်းမသားတွေ ဖြစ်နိုင်ကြပါစေလို့။*

**ငွေသော်တာ**



Asian Fame Media Group



# Sweet Dream

Model - Maung, Cheryl
Make up Artist - Smile Ko Htike,
Nyi Nyi Maung (Sanchaung)
Photo - Ko Naing (Popular)
Location - Mya Yeik Nyo Hotel
Skin Care & Make up- MISSHA Cosmetics (Korea) MISSHA

ခုလို မိုးရာသီကာလဟာ ချစ်သူကို တမ်းတ စိတ်ကူးယဉ်လွမ်းဆွတ်ဖို့ အကောင်းဆုံး ကာလတွေပါ။ မိုးအေးအေးမှာ ကိုယ့်ချစ်သူနဲ့ ပျော်ရွှင်ခဲ့ဖူးတာတွေကို အမှတ်တရ တွေးကြည့်မိတတ်တဲ့ ငယ်ရွယ်သော နှလုံးသားပိုင်ရှင်များအတွက် ရတီက Sweet Dream ကဏ္ဍလေးကို တင်ဆက်လိုက်ပါတယ်။

ယုယအိမ်

Asian Fame Media Group
MEDIA GROUP



# Sweet Dream

Model - Maung, Cheryl
Make up Artist - Smile Ko Htike,
Nyi Nyi Maung (Sanchaung)
Photo - Ko Naing (Popular)
Location - Mya Yeik Nyo Hotel
Skin Care & Make up- MISSHA Cosmetics (Korea)
Arranged by Yu Ya Eain

MISSHA

Asian Fame Media Group
af MEDIA GROUP



Asian Fame Media Group

## Sweet Dream

Model - Maung, Cheryl
Make up Artist - Smile Ko Htike,
Nyi Nyi Maung (Sanchaung)
Photo - Ko Naing (Popular)
Location - Mya Yeik Nyo Hotel
Skin Care & Make up- MISSHA Cosmetics (Korea)
Arranged by Yu Ya Eain





## Sweet Dream

Model - Maung, Cheryl
Make up Artist - Smile Ko Htike,
Nyi Nyi Maung (Sanchaung)
Photo - Ko Naing (Popular)
Location - Mya Yeik Nyo Hotel
Skin Care & Make up- MISSHA Cosmetics (Korea)
Arranged by Yu Ya Eain

Asian Fame Media Group
MEDIA GROUP



# Sweet Dream

Model - Maung, Cheryl
Make up Artist- Smile Ko Htike,
Nyi Nyi Maung (Sanchaung)
Photo - Ko Naing (Popular)
Location - Mya Yeik Nyo Hotel
Skin Care & Make up- MISSHA Cosmetics (Korea) MISSHA
Arranged by Yu Ya Eain

Asian Fame Media Group



# khin phone's profile
## as told by herself

model. khin phone/ place . Bar One 4
photo . ko naing (popular)

Asian Fame Media Group
MEDIA GROUP



# khin phone's profile
# as told by herself

model. khin phone/ place . Bar One 4
photo . ko naing (popular)/ arranged by yu ya eain

Asian Fame Media Group
af MEDIA GROUP



## khin phone's profile
# as told by herself

model. khin phone/ place . Bar One 4
photo . ko naing (popular)

Asian Fame Media Group



# ခင်ပြောသော ခင်အကြောင်း

## Confidence

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိဖို့ လိုအပ်ပါတယ်။ ကိုယ့်ယုံကြည်မှုနဲ့လုပ်တဲ့လုပ်ရပ်ကို ကိုယ်တိုင်လေးစားနိုင်ဖို့လည်း လိုအပ်ပါတယ်။ စိတ်အင်အားတွေ ကုန်ခန်းနေတဲ့ အချိန်မျိုးမှာ ခင်ဘုဏ်း Confidence လျော့နေတတ်တယ်။

## Discipline

စည်းကမ်းဆိုတာ လူတစ်ဦးစီရဲ့စိတ်ထဲမှာ ရှိနေပြီးသားပါ။ လုပ်သင့်တာ၊ မလုပ်သင့်တာတွေကို ခွဲခြားစိစစ်ပြီး ကိုယ်၊ နှုတ်၊ စိတ်တွေကို စောင့်စည်းတာစည်းကမ်းပါပဲ။ ခင်ဘုဏ်း ကိုယ်တိုင်သတ်မှတ်တဲ့ စည်းကမ်းအတိုင်းတော့ ခင်ဘုဏ်းကျေနပ်ပါတယ်။

## Time

ကုန်သွားတဲ့အချိန်တွေကို ပြန်ဝယ်လို့မရနိုင် တော့လို့ အချိန်ဟာ တန်ဖိုးအရှိဆုံးလို့ ပြောစမှတ်ပြုကြပါတယ်။ လက်ရှိအချိန်က တန်ဖိုးအရှိဆုံးမို့ အခုဘာလုပ်ချင်လဲဆိုတာကို သိတာနဲ့တစ်ပြိုင်နက် ထလုပ်လိုက်တာအကောင်းဆုံးလို့ထင်ပါတယ်။ ခင်ဘုဏ်းအတွက် အချိန်တွေကို မသုံးမိဘဲ ဖြုန်းတီးမိမှာ အကြောက်ဆုံးပါပဲ။ ခင်ဘုဏ်းမေမေက "ခင်ဘုဏ်းပြည့် အချိန်မဖြုန်းနဲ့" တဲ့၊ ငယ်ငယ်တုန်းက စာကျက်ပျင်းလို့လေ။ အခုထိ နားထဲမှာ စွဲနေတယ်။

## Parents

ခင်ဘုဏ်းအတွက် မိဘတွေက အလေးအထားရဆုံး နံပါတ် ၁ ပါပဲ။ အမေနဲ့အဖေက ပေးထားတဲ့ စိတ်ခွန်အားတွေနဲ့ ကိုယ့်ကိုယ်ကိုယ်ကောင်းအောင် ကြိုးစားနေထိုင်ခြင်းဖြင့် မကုန်နိုင်တဲ့ မိဘကျေးဇူးကို ဆပ်နေပါတယ်။

## Love

'အချစ်' ဆိုတာ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ ဖြစ်တည်နေတဲ့ 'မေတ္တာတရား' ဖြစ်တဲ့အတွက် လူတွေအသက်ရှင်ဖို့ လေကောင်းလေသန့်လိုပဲ မရှိမဖြစ်လိုအပ်ပါတယ်။ အစွန်းတစ်ဖက်ကို ရောက်သွားရင်တော့ ခံစားတတ်တဲ့ လူ့စိတ်ပေါ်မူတည်ပြီး ပူလောင်စေတတ်တယ်။ အကောင်းဆုံးကတော့ လောကကြီးကို ချစ်တဲ့မျက်စိနဲ့ပဲ ကြည့်ကြရင် ပိုချစ်စရာကောင်းတယ်လို့ ခင်ဘုဏ်း ခံစားမိပါတယ်။

## Hatred

ခင်ဘုဏ်းအပေါ် သူတစ်ပါးက 'မုန်း' မှာကို မလိုလားသလို၊ ကိုယ်ကလည်း ဘယ်သူ့အပေါ်ကိုမှ 'မမုန်း' မိအောင် နေပါတယ်။ 'အမုန်း' ဟာ နှစ်ဦးနှစ်ဖက်အတွက် အကျိုးယုတ်စေတတ်လို့ 'အမုန်း' ကို မကြိုက်ပါဘူးရှင်။

Asian Fame Media Group



# သူပြောသော သူ့အကြောင်း

### Life

ဘဝမှာ ကိုယ် ဘာဖြစ်ချင်တယ်ဆိုတာ သိဖို့လည်း လိုပါတယ်။ ဖြစ်ချင်တာကိုလုပ်ရင်း ကိုယ်နဲ့ ကိုယ့်ပတ်ဝန်းကျင်ကို မထိခိုက်စေတဲ့ လူတစ်ယောက်ဖြစ်ဖို့ ခင်ဘုဏ်းကြိုးစားနေထိုင်ပါတယ်။ အနေတတ်၊ အသေတတ်ဖို့ အမြဲတွေးတောဆင်ခြင်ပါတယ်။

### Friendship

သူငယ်ချင်း လုံးဝမရှိတော့လည်း အဆင်မပြေသလို၊ သူငယ်ချင်းတွေ အများကြီးရှိတော့လည်း ကိုယ့်အချိန်တွေပါ ကုန်တတ်တယ်။ မိတ်ဆွေကောင်းရှိဖို့တော့ သိပ်လိုအပ်ပါတယ်။ ဒါမှ တိုင်ပင်စရာတွေကို တိုင်ပင်နိုင်မယ်၊ နည်းကောင်းလမ်းမှန်တွေ ကိုယ့်ကို ညွှန်ပြပေးနိုင်မယ်။ ခင်ဘုဏ်းမှာ သူငယ်ချင်းတွေ အများကြီးရှိပေမယ့် အရမ်း close ဖြစ်တဲ့သူ နည်းနည်းပဲ ရှိပါတယ်။

### Books

စာအုပ်နဲ့ မိတ်ဆွေဖွဲ့တတ်ဖို့လည်း အရေးကြီးတယ်လို့ ခင်ဘုဏ်းထင်ပါတယ်။ တစ်ယောက်တည်း ရှိနေတဲ့ အချိန်မျိုးမှာ စာအုပ်ကောင်းဟာ အဖော်ကောင်းပါပဲ။ 'ရသ' စာအုပ်တွေ ဖတ်ရတာကို ကြိုက်တယ်။ စာအုပ်တွေကတစ်ဆင့် လူတွေအကြောင်း၊ လောကအကြောင်း အများကြီး သိနိုင်ပါတယ်။ စာဖတ်တဲ့ အလေ့အကျင့်ကောင်းတွေရှိဖို့ ခင်ဘုဏ်း လေ့ကျင့်နေပါတယ်။

### Motto

"Be Honest"

### Collections

ဖိနပ်တွေ၊ အရုပ်သေးသေးလေးတွေ ပဲပေါ့။

### On Art

အနုပညာကို ရူးသွပ်လွန်းလို့ တခြားဘာမှ မလုပ်တတ်တဲ့ထိပါပဲ။ 'ဂီတ' ကို မြတ်နိုးတယ်၊ လေးစားတယ်၊ ချစ်တယ်၊ ကြောက်တယ်၊ သီချင်းတွေ ချစ်လို့သီချင်းတွေ ရေးတယ်၊ ဆိုတယ်။ တစ်ခါတလေ ခင်ဘုဏ်း ဖန်တီးထားတာလေးတွေ ပရိသတ်ဆီ အရောက်မပို့နိုင်တာတွေ ရှိမယ်။ ဒါပေမဲ့ ခင်ဘုဏ်း ချစ်တဲ့ 'ဂီတ' နဲ့ပဲ ခင်ဘုဏ်းအသက်ရှူနေပါတယ်။

### Other Hobbies

အင်္ကျီပုံစံလေးတွေ ဆွဲမယ်၊ ပန်းချီကားတွေ ဆွဲမယ်။

### Food of taste

ချဉ်ချဉ်စပ်စပ်လေးဆို အဆင်ပြေပြီ။

ယုယအိမ်

Asian Fame Media Group

# ဒေသသင်္ကေတ

## အခါ


လှမြင့်ဆွေ

အခါတိုင်းရင်းသားတွေဟာ မြန်မာနိုင်ငံထဲကို ဝင်ရောက်လာတဲ့ ထိုင်း-တရုတ် မျိုးနွယ်စုထဲက 'ခယ်မြောက်' ဆိုတဲ့ အမျိုးအနွယ်ကနေ ဆင်းသက်လာခဲ့တဲ့လူတွေဖြစ်တယ်လို့ ယူဆကြပါတယ်။ အဲဒီ အခါတိုင်းရင်းသားတွေဟာ မူလကတရုတ်ပြည်ထဲမှာ နေထိုင်ရာကနေ ရေကြည်ရာမြက်နုရာ ပြောင်းရွှေ့လာကြရာမှ မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံဒေသတစ်ဝိုက်နဲ့ လာအိုနိုင်ငံ ထိုင်းနိုင်ငံဆက်စပ်ဒေသတွေမှာ ပျံ့နှံ့နေထိုင်ကြသူတွေဖြစ်ပါတယ်. . .

အခါတိုင်းရင်းသားတွေဟာ ကိုယ့်အမျိုးအနွယ်ကို ထိန်းသိမ်းစောင့်ရှောက်တတ်သူ တွေဖြစ်ပါတယ်. . အခါတိုင်းရင်းသားတွေဟာ သူတို့အချင်းချင်း 'အခါ'လို့ ခေါ်ဝေါ်သုံးစွဲကြပြီး အချို့ တိုင်းရင်းသားတွေက သူတို့ကို 'အီကော'လို့ခေါ်တာကို လုံးဝမနှစ်သက်ကြပါဘူး. . ကျိုင်းတုံဒေသမှာ နေထိုင်ကြတဲ့ 'အခါ' တိုင်းရင်းသားတွေဟာ အခြားတိုင်းရင်းသားတွေနဲ့ ရောနှောနေထိုင်ခြင်းမရှိကြဘဲ သီးခြားအခါရွာကလေးတွေ တည်ဆောက်ထားကြတာဖြစ်ပါတယ်. . ကျိုင်းတုံဒေသတစ်ဝိုက်နေထိုင်ကြတဲ့ တိုင်းရင်းသားမျိုးစုံဟာ သူတို့ရဲ့ ရိုးရာဝတ်စုံတွေကို သာမန်အချိန်တွေမှာ ဝတ်ဆင်ကြခြင်းမရှိတော့ပေမယ့် အခါတိုင်းရင်းသားတွေကတော့ ရိုးရာဝတ်စုံကို အခုထက်ထိ အစဉ်အမြဲ ဝတ်ဆင်လျက်ရှိကြတာကို တွေ့ရှိရပါတယ်. . .











ဓာတ်ပုံ - ကျော်သာ










ဓာတ်ပုံ - ကျော်သာ

Asian Family Media Group



အခါတိုင်းရင်းသားတွေရဲ့ အဓိကစီးပွားရေးလုပ်ငန်းကတော့ 'စိုက်ပျိုးရေး' ပဲဖြစ်ပါတယ်. . . အခါ တိုင်းရင်းသားတွေဟာ များသောအားဖြင့် တောင်ယာစိုက်ပျိုးရေးကိုသာလုပ်ပြီး တောင်ယာစပါး၊ ဝါ၊ ပြောင်း၊ နှမ်း၊ ငရုတ်၊ မြေပဲ၊ ပဲ၊ ဟင်းသီးဟင်းရွက်၊ အာလူးနဲ့ ဆေးရွက်ကြီးတွေကို စိုက်ပျိုးကြတာဖြစ်ပါတယ်. . . အချို့'အခါ'တိုင်းရင်းသားတွေဟာတောင်ကုန်းဒေသတွေမှာ လှေကားထစ်စိုက်ပျိုးရေးကိုအသုံးပြုကာ ဆန်စပါးစိုက်ပျိုးကြတာဖြစ်ပါတယ်. . လှေကားထစ်စိုက်ပျိုးရေးဟာ တောင်စောင်းတွေကို ပေါက်ထွန်ပြီး လှေကားထစ်ပုံစံ မြေကွက်တွေကို ပြုလုပ်ထားတာဖြစ်ပါတယ်. . . မြေကွက်တွေမှာ ရေလျှံမကျစေဖို့ ကန်သင်းရိုးတွေခတ်ပြီးရေကို အမြင့်ဆုံးအထစ်မြေကွက်ကနေ အနိမ့်ဆုံးအထစ် မြေကွက်ထဲကို ရေမြောင်းနဲ့ဖြစ်ဖြစ်၊ ဝါးပြွန်နဲ့ဖြစ်ဖြစ် ရေသွင်းယူစိုက်ပျိုးတာဖြစ်ပါတယ်. .

'အခါ' တိုင်းရင်းသားတွေဟာ များသောအားဖြင့်တော့ လယ်ကွက်ထဲမှာ ကျွဲတစ်ကောင်တပ် ထယ်တွေ၊ ထွန်တွေနဲ့ ရေစိုထွန်ယက်ပြီး အစိုစိုက်ပျိုးတာဖြစ်ပါတယ်. . . စိုက်ပျိုးတဲ့လတွေကတော့ ပြည်မက လယ်ယာစိုက်ပျိုးရေးအချိန်နဲ့ သိပ်မကွာခြားတာကို တွေ့ရပါတယ်. . .





Asian Home Media Group



အခါတိုင်းရင်းသားတို့ရဲ့ လူဦးရေဟာ မြန်မာနိုင်ငံမှာ နှစ်သိန်းကျော်ခန့် ၊ လာအိုနိုင်ငံတွင်နှစ်သိန်းခန့်နှင့် ထိုင်းနိုင်ငံမှာ ငါးသောင်းခန့်ရှိကြောင်း သိရပါတယ်။ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်မှာ လူဦးရေတစ်သန်းခွဲခန့်ရှိသော 'ဟန်နီ' (Hani) လူမျိုးများနှင့်အခါတို့ရဲ့ ဘာသာစကားမှာအလွန်နီးနီးစပ်စပ်တူညီကြတာမို့ မျိုးနွယ်ခွဲများဖြစ်နိုင်တယ်ဟု ယူဆရပါတယ်။

အခါတိုင်းရင်းသားတွေဟာ ရှေးယခင်က 'နတ်'ကိုးကွယ်တဲ့သူတွေဖြစ်ခဲ့ပေမယ့် ဒီကနေ့မှာတော့ ကျိုင်းတုံနဲ့ တာချီလိတ်တစ်ဝိုက်မှာရှိတဲ့'အခါ'တွေဟာ ခရစ်ယာန်ဘာသာဝင်တွေဖြစ်သွားကြသလို တချို့လည်း ဗုဒ္ဓဘာသာဝင်တွေ ဖြစ်သွားကြပြီဖြစ်ပါတယ်. . .


နတ်ကိုးကွယ်တဲ့ 'အခါ'တွေဟာ တောင်စောင့်နတ်၊ တောစောင့်နတ်၊ ရွာစောင့်နတ်စတဲ့ မိရိုးဖလာ နတ်တွေကို ကိုးကွယ်ကြပြီး ပူဇော်ပသပွဲတွေကို ကျင်းပပြုလုပ်လေ့ရှိကြပါတယ်. . ဒီဇင်ဘာလနှစ်သစ်ကူးချိန် စပါးစိုက်ပြီး အပင်ပေါက်ကလေးတွေထွက်စအချိန်နဲ့ စပါးသိမ်းပြီးတစ်လနှစ်လကြာချိန် စသဖြင့် တစ်နှစ်မှာ (၃)ကြိမ်လောက်ပူဇော်ပသကြပါတယ်. . . နတ်ကိုးကွယ်တဲ့ 'အခါ'တိုင်းရင်းသားတွေရဲ့ အိမ်တိုင်းမှာ နတ်စင်လေးတွေရှိကြပြီး နေ့စဉ်ပူဇော်ပသမှုလေးတွေ လုပ်လေ့ရှိကြပါတယ်. .












Asian family Media Group









Asian Fame Media Group



'အခါ' တိုင်းရင်းသားတွေရဲ့ ရွာအဝင်တွေမှာ အထိမ်းအမှတ်ထားတဲ့ အရုပ်တွေ၊ ပစ္စည်းတွေ၊ နတ်စင်လေးတွေ ရှိတတ်ပါတယ်. . . အဲဒီပစ္စည်းတွေကို လက်နဲ့ကိုင်တွယ်ကြည့်တာတို့၊ ဖျက်ဆီးတာတို့လုပ်ရင် ကော်တိုင်းရင်းသားတွေက သိပ်စိတ်ဆိုးတတ်ကြပါတယ်. . . အဲဒါကို ငွေကြေးနဲ့ ပေးလျော်ရုံ၊ တောင်းပန်ရုံနဲ့လည်း မကျေနပ်ကြပါဘူး. . . နတ်စိတ်ဆိုးမှာကိုလည်း အလွန်စိုးရိမ်တဲ့ သူတွေဖြစ်ပါတယ်. . .

'အခါ'တွေရဲ့ရွာဟာ ရွာတံခါးမုတ်ပေါက်တစ်ဖက်တစ်ချက်စီ ပြုလုပ်ထားပြီး အဲဒီမုခ်ပေါက်အဝင်ဝတွေမှာ သစ်သားတို့၊ ဝါးနှီးတို့၊ လျှော်တို့နဲ့ ငှက်ရုပ်၊ ကြက်ရုပ်၊ လူရုပ် စတာတွေကို ထုလုပ် ရက်လုပ်ကြပြီး သစ်သားနဲ့ ဆောက်ထားတဲ့ မုခ်ဦးတွေပေါ်မှာ တင်ထားလေ့ရှိကြပါတယ်. . . ဒီရုပ်ထုတွေရဲ့အဓိပ္ပာယ်ဟာ အလွန်လျှို့ဝှက်နက်နဲတဲ့ အဓိပ္ပာယ်ရှိတယ်လို့ သိရပါတယ်. . .

ကျိုင်းတုံမြို့တစ်ဝိုက်မှာ နေထိုင်ကြတဲ့ အခါတိုင်းရင်းသားတွေဟာ လူတွေမှာဝိညာဉ်ရှိတယ်၊ လူ့လောကမှာအပြစ်လုပ်ရင် အဲဒီလူသေတဲ့အခါ ကောင်းကင်ကိုဝိညာဉ်မရောက်နိုင်ဘူးလို့ ယူဆထားကြပါတယ်။ ဒါကြောင့်ဝိညာဉ်လိပ်ပြာခေါ်တဲ့ ဓလေ့ကိုကျင့်သုံးကြလေ့ရှိတယ်။ လိပ်ပြာခေါ်ရာမှာလည်း 'လာကူကူ' လို့ခေါ်တဲ့ ရိုးရိုးလိပ်ပြာခေါ်တာတို့၊ 'လာဒူဒူ' လို့ခေါ်တဲ့ အရေးကြီးလိပ်ပြာခေါ်တာတို့၊ သေခါနီးလူနာအတွက် လိပ်ပြာခေါ်တာတို့၊ ကလေးအတွက်လိပ်ပြာခေါ်တာတို့ဆိုပြီး အမျိုးမျိုးကွဲပြားခြားနားတဲ့ လိပ်ပြာခေါ်တာတွေရှိတယ်လို့ သိရပါတယ်။

ဘာပဲဖြစ်ဖြစ် အခါတိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့ထုံးစံလေးတွေဟာ သူ့ဒေသနဲ့သူ ရှိရင်းမြဲအတိုင်းရှိနေဆဲဖြစ်တာမို့ ဖြူစင်ရိုးသား၊ ချစ်စဖွယ်ကောင်းတဲ့ 'ဒေသသင်္ကေတ' လေးတွေဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ■



ဓာတ်ပုံ - ကျော်သာ

Asian Fame Media Group



# မိန်းကလေးအချစ်ကို ပြောပြလိုက်တဲ့ သက်ထားစံ

ဓာတ်ပုံ - ကိုနိုင် (ပေါ်ပြူလာ)

ကမ္ဘာပေါ်မှာ မြန်မာဆိုတာ ဆွေကြီးမျိုးကြီး လူမျိုးစုတစ်ခုပါ။ ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်သဘာဝ တရားပေါ်မှာ အခြေတည်ပြီး ရိုးရာနဲ့ဓလေ့ကို စွဲမြဲ ထိန်းသိမ်းလာကြသူတွေ၊ ကိုယ်ပိုင်ယဉ်ကျေးမှုကို ကိုယ်တိုင်ကိုင်စွဲလို့ ကိုယ့်ဂီတ၊ ကိုယ့်ဗီဇနဲ့ နူးညံ့စွာ ဖန်တီးရင်း ရာဇဝင်ကို သမိုင်းနဲ့ရေးခဲ့တဲ့ သူတွေပါ။ ဒီလိုမြန်မာဓလေ့သီချင်းတွေကို အမွေတစ်ခုလို လက်ဆင့်ကမ်း သယ်ဆောင်လာကြတဲ့သူတွေထဲက တစ်ဦးအပါအဝင်ဖြစ်တဲ့ သူကတော့ တေးသံရှင် "သက်ထားစံ"ဖြစ်ပါတယ်။

"ပဲ့တင်နေသောဆုတောင်းများ"ဆိုတဲ့ တေးစီးရီးနဲ့ မြန်မာမလေးတစ်ယောက် မြန်မာသံစဉ်တေးစု တစ်ခုအတွက် စွန့်လွှတ်မှု၊ ရယူပိုင်ဆိုင်မှုတွေနဲ့ တည်ဆောက်ခဲ့တဲ့ မြန်မာမှု တေးသံရှင်လေးတစ်ဦးကို ရတီ စာဖတ်ပရိသတ်ကြီးနဲ့ မိတ်ဆက်ပေးလိုက်ပါတယ်။

ယုယအိမ်

Asian frame Media Group
MEDIA GROUP



Asian Fame Media Group
MEDIA GROUP


Asian Fame Media Group



**မြန်မာသံကို မြန်မာဆန်ဆန်လေး ဆိုပြချင်တဲ့ သက်ထားစံ၊ အနုပညာလောကထဲ ဘယ်လို ရောက်ရှိလာခဲ့တာလဲ။**

သမီးက ရန်ကုန်သူပါ။ ၂၀၀၈ ခုနှစ်၊ ၆ လပိုင်းလောက်ကစပြီး အနုပညာလောကထဲကို ရောက်ရှိခဲ့တာပါ။ တကယ်တော့ သီချင်းဆိုတာကို ငယ်ငယ်လေးတည်းက ဝါသနာပါခဲ့တာ၊ ကျောင်းတစ်ဖက်နဲ့ဆိုတော့ သီချင်းနဲ့ ပတ်သက်တာတွေ လုပ်ခွင့်မရခဲ့ဘူးပေါ့။ သမီး တတိယနှစ် ရောက်တဲ့ အချိန်မှာ အလုပ်တစ်ခုကို ရွေးချယ်ခဲ့ပါတယ်။ ဒါပေမဲ့ သမီး အလုပ်လမ်းကြောင်းပေါ်မှာလည်း မပျော်ပိုက်ခဲ့ဘူး။ ရင်ထဲမှာလည်း အနုပညာအလုပ်မှ မလုပ်ရရင် စိတ်မပျော်တာ ကြောင့် အနုပညာပဲ လုပ်တော့ မယ်လို့ စိတ်ပိုင်းဖြတ်လိုက်တာပါ။ ဆရာနေထွဏ်းဦးတို့နဲ့ အခွေစီစဉ်ဖြစ်ခဲ့ပြီး ဒီအခွေ မထွက်ခင် ဆရာနေထွဏ်းဦး၊ ဦးမင်းဂျွန်စိုး တို့စီစဉ်တဲ့အခွေတွေမှာဝင်ဆိုခဲ့ပါတယ်။ ပထမအခွေက အေသင်ချိုဆွေ၊ ဖူးစုံ၊ စိမ့်နေခြည်တို့နဲ့ သကြ်န်ခွေပါ၊ နောက်တစ်ခွေက ဦးနေထွဏ်းဦး၊ ဦးမင်းဂျွန်စိုးတို့နဲ့ အတွဲခွေထွက်ခဲ့ပါတယ်။

**ဝန်ထမ်းဘဝကို စွန့်လွှတ်ပြီး အဆိုတော်ဘဝကို ရွေးချယ်ခဲ့တဲ့အကြောင်းပြောပြပါဦး။**

ဝန်ထမ်းဘဝကို စွန့်လွှတ်ဖို့ဆိုတာ သမီးအတွက် အရမ်းခက်ခဲပါတယ်။ သမီးတို့မှာ ဝန်ထမ်းမျိုးရိုးလည်း မရှိတော့ မိဘတွေကဝန်ထမ်း အလုပ်ကို အရမ်းပဲသဘောကျပါတယ်။ သမီးကိုယ်သမီးပြန်ဆန်းစစ်တော့လည်း သမီးဘဝမှာ သမီးစိတ်ချမ်းသာဖို့လည်း အရေးကြီးနေပါတယ်။ ဝန်ထမ်းအလုပ်ကိုလုပ်နေပြီး မပျော်ဘူးဆိုရင် သမီးလည်း စိတ်ချမ်းသာမှာမဟုတ်လို့ အနုပညာအလုပ်ကိုပဲ တစ်သက်လုံးလုပ်တော့မယ်ဆိုပြီး သမီး ရွေးချယ်ဆုံးဖြတ်လိုက်တာပါ။ အောင်မြင်သည်ဖြစ်စေ ကျရှုံးသည်ဖြစ်စေ ဒီအလုပ်ကိုပဲ သမီးတန်ဖိုးထားပြီး ဆက်လုပ်သွားမှာပါ။

**ပွဲတင်နေသောဆုတောင်းများ အခွေသွင်းဖြစ်သွားခဲ့ပုံကရော. . ။**

အခွေသွင်းဖြစ်ခဲ့ပုံလေးက သမီးအတွဲခွေလေးတွေထွက်ပြီးတော့ သမီးတို့ဆရာက နယ်ပွဲလေးတွေသွားတယ်။ သမီးတို့ကိုနယ်က ပရိသတ်တွေက တကယ်ကို လှိုက်လှိုက်လှဲလှဲ အားပေးကြတာ သမီးစိတ်ထဲမှာ ပီတိအရမ်းဖြစ်ခဲ့ရပါတယ်။ သမီးဟာ တေးသံရှင်တစ်ဦးအနေနဲ့ ရပ်တည်တော့မယ်ဆိုရင် တစ်ကိုယ်တော် တေးစီးရီးဟာ မဖြစ်မနေလိုအပ်တဲ့အတွက် သမီးမှာရှိရှိသမျှ အင်အားအကုန်နဲ့ ဒီတေးစီးရီးလေးကို ဖြစ်အောင်ကြိုးစားပြီး ထုတ်ခဲ့တာပါ။

**သီချင်းတွေကို ဘယ်သူတွေ ရေးပေးထားတာလဲ။**

တေးရေးတွေကတော့ ဦးဝင့်နိုင်၊ ဦးအောင်ငြိမ်းသက်၊ ဦးနေထွဏ်းဦး၊ ဦးသျှန်ထွန်း(မြန်မာစာ)၊ ဦးမင်းဂျွန်စိုး၊ ဦးဇော်မင်း(ဂစ်တာ)နဲ့သမီးလည်း ပါဝင်ရေးသားထားပါတယ်။ တေးဂီတကတော့ Composer ဖြစ်ပြီး၊ E.M.S Studio မှာအသံဖမ်းယူထားပါတယ်။

**သက်ထားစံကြိုက်နှစ်သက်တဲ့ သီချင်းပုံစံကရော. . ။**

သမီးက ဆူညံမြူးကြွနေတဲ့ သီချင်းတွေထက် သီချင်းအေးအေးလေးနဲ့ ငြိမ့်ငြိမ့်လွမ်းလွမ်း သီချင်းလေးတွေကို သဘောကျတယ်။ နားထောင်လိုက်ရတဲ့ လူတစ်ယောက်ရဲ့ရင်ထဲမှာ စိမ့်ဝင်စွဲလမ်းခံစားသွားရမယ့် သီချင်းမျိုးဖြစ်စေချင်တယ်။ သမီးကိုယ်တိုင်လည်း အဲဒီ သီချင်းမျိုးလေးတွေနားထောင်ဖြစ်တယ်။

**ဘာကြောင့်မြန်မာသံကိုမှ နှစ်သက်ရွေးချယ်ဖြစ်ခဲ့တာလဲ။**

မြန်မာသံကို ကြိုက်နှစ်သက်ရတာက သမီးက မြန်မာပီပီ မြန်မာမှုကို မြတ်နိုးသလို၊ ထွက်ရှိနေတဲ့ တေးတွေထဲမှာ မြန်မာသံက နည်းပါးသလို မျက်နှာလည်းငယ်ရပါတယ်။ သမီးရဲ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းရော သမီးရဲ့ဟန်ပန်အနေအထားကအစ အရာအားလုံးနဲ့ တိုက်ဆိုင်တယ်။ အဆိုတော်တစ်ယောက်အဖြစ် ရွေးချယ်တော့မယ်ဆိုရင် သမီးနဲ့အကိုက်ညီဆုံးက မြန်မာသံဖြစ်သလို မြန်မာမှုကိုလည်း မြတ်နိုးလွန်းလို့လည်း နှစ်သက်စွာရွေးချယ်ခဲ့တာပါ။

**သီချင်းဟောင်းတွေ ဆိုဖြစ်ခဲ့တာကရော။**

သီချင်းဟောင်းတွေဆိုဖြစ်ခဲ့တာက သမီးငယ်ငယ်တည်းက သဘောကျနှစ်သက်ခဲ့သလို ဆရာ ဦးဝင့်နိုင်ရေးတဲ့ 'အစက ကြိုသိခဲ့ရင်' သီချင်းက အရမ်းအောင်မြင်ခဲ့တဲ့ သီချင်းပါ။ သမီးလည်း အရမ်းကြိုက်တော့ ဒီအခွေကိုလည်း စီစဉ်တဲ့ အချိန်မှာ ဒီသီချင်းကို အရင်ဆုံးရွေးချယ်ဖြစ်ခဲ့သလို သွင်းတော့လည်း အရင်ဆုံးပဲ

Asian Fame Media Group

သွင်းဖြစ်ခဲ့ပါတယ်။ သီချင်းထဲမှာပါဝင်တဲ့ ခံစားချက်ကိုလည်း အရမ်းကြိုက်လို့ပါ။

**သက်ထားစံ ကိုယ်တိုင်ရေးတဲ့ 'မိန်းကလေးအချစ်' သီချင်းအကြောင်းလေးလည်းပြောပါဦး။**

ဒီသီချင်းလေးကို ရေးဖြစ်ခဲ့တာက သမီးရဲ့ ပထမဦးဆုံးတစ်ကိုယ်တော်စီးရီးမှာ ပရိသတ်ကြီးအတွက် အမှတ်တရရေးဖြစ်ခဲ့တာပါ။ ခံစားချက်အနေနဲ့ကတော့ သမီးသူငယ်ချင်းရဲ့ခံစားချက်ပါ။ သမီးသီချင်းရေးဖို့ ပြင်နေတုန်း သူငယ်ချင်းက သူ့ချစ်သူအကြောင်းနဲ့ ပတ်သက်ပြီးပြောပြတာ။ သမီးက သူ့နေရာကနေခံစားပြီး ရေးဖြစ်သွားတာပါ။

**နားထောင်ပြီးတဲ့ ပရိသတ်တွေရဲ့ တုံ့ပြန်သံကိုရော ကြားရပြီလား။**

ပရိသတ်တွေက မိုးသက်နိုင်နဲ့ဆိုထားတဲ့ 'ရှင်းရှင်းပဲပြောမယ်' အတွဲသီချင်း၊ 'စိမ်းရက်လေသောအခါ'၊ 'အချစ်အတွက် ပေးဆပ်ခြင်း'၊ 'အစက ကြိုသိခဲ့ရင်'တို့ကို အလွမ်းအဆွေးသီချင်းလေးတွေ ဖြစ်ပေမယ့် နှစ်သက် အားပေးမှုလေးတွေ အများကြီးလည်း ရခဲ့ပါတယ်။

**သီချင်းရွေးချယ်ခဲ့ပုံကိုလည်းပြောပြပါဦး။**

ဒီအခွေစလုပ်မယ်ဆိုတော့ သမီးငယ်ငယ်တုန်းက ကြိုက်နှစ်သက်ခဲ့တာကို အရင်ရွေးချယ်ခဲ့တာပါ။ နောက် ဆရာနေထွဏ်းဦး၊ ဆရာဦးဟိန်းလတ်တို့နဲ့ တိုင်ပင်ပြီး ဒီသီချင်းလေးတွေကို ရွေးချယ်လိုက်တာပါ။ သီချင်းနဲ့ပတ်သက်ရင်လည်း စာသားကို အရင်ကြည့်ပါတယ်။ ခံစားလို့ရတယ်ဆိုမှ သံစဉ်ကို နားထောင်ပါတယ်။

**အခွေအတွက် ဖြတ်ကျော်ခဲ့ရတဲ့ အခက်အခဲတွေလည်းရှိမှာပေါ့။**

အခွေအတွက် စတင်မယ်ဆိုကတည်းက သမီးဝန်ထမ်းဘဝလေးတည်းကနေ ရုန်းကန်ခဲ့ရတာဆိုတော့ အစမှာ သီချင်းဝယ်ဖို့တောင် အခက်အခဲရှိခဲ့ပါတယ်။ သီချင်းဝယ်ပြီးတော့လည်း အသံသွင်းဖို့ ရက်ချိတ်ရတာ၊ စီစဉ်ရတာ ရုံးတစ်ဖက်ဆိုတော့ အသံသွင်းဖို့၊ ရက်ချိတ်ပြီးမှ ပင်ပန်းနေလို့ အသံမထွက်၊ အသံသွင်းတွေပျက်လို့ အခက်အခဲတွေမျိုးစုံကြုံရပါတယ်။ တဖြည်းဖြည်းလုပ်ရတဲ့အတွက် ၂ နှစ်လောက် ကြာသွားပါတယ်။ သမီးကြိုးစားမှုရဲ့ အဓိက ရည်ရွယ်ချက်က သမီးရဲ့ တစ်ကိုယ်တော်ခွေလေး ပရိသတ်ရင်ထဲ အရောက်ပို့ချင်တာပါ။

**အခွေအတွက် ဘယ်သူတွေက အားပေးကူညီခဲ့ကြသေးလဲ။**

သမီးဒီအခွေကို လုပ်မယ်ဆိုတော့ ပထမတော့ သမီးရဲ့မိဘနှစ်ပါးက အားမပေးပါဘူး။ နောက် သမီးအရမ်းဖြစ်ချင်နေတဲ့ စိတ်ကိုသိသွားတော့မှ အဖေအမေကလည်း အားပေးသလို၊ Asian Fame Media Group မှ ဒုတိယဥက္ကဋ္ဌ ဆရာဦးဟိန်းလတ်ကလည်း စိတ်ဓာတ်တက်ကြွ အောင် အားပေးကူညီခဲ့ပါတယ်။ အဓိက အားပေးကူညီခဲ့တာကတော့ ဆရာ ဦးနေထွဏ်းဦးရဲ့ဇနီးပါ။ အစစအရာရာမှာ ဦးဆောင်စီစဉ်ပြီး ညွှန်ကြားသင်ပြပေးခဲ့တာပါ။

**Stage Show အတွေ့အကြုံတွေကတော့ ရှိပြီးသားပေါ့။**



Stage Show အတွေ့အကြုံဆိုရင်တော့ သမီးအတွက် နယ်ပရိသတ်က ပိုအားပေးကြပါတယ်။ အသစ်တစ်ယောက်ဖြစ်ပေမယ့် အရမ်းအားပေးကြပါတယ်။ ဒီအခွေလေးဖြစ်လာတာကလည်း အဓိက နယ်ပရိသတ်ရဲ့ အားပေးမှုကြောင့်ပါ။

**မြန်မာဂီတအပေါ် ခံယူချက်ကိုလည်းသိချင်ပါတယ်။**

မြန်မာမှုဂီတနဲ့ပတ်သက်ပြီး သမီးက ဘယ်တော့မှ ပြောင်းလဲသွားမှာမဟုတ်ပါဘူး။ မြန်မာမှုဂီတကိုလည်း အခုထက် အများကြီးပိုတိုးတက်စေချင်ပါတယ်။ တခြားဂီတတွေ တိုးတက်နေသလို၊ သမီးတို့ မြန်မာမှုဂီတလည်း တိုးတက်လာမယ်ဆိုရင် အကောင်းဆုံးဖြစ်မယ်လို့ ထင်ပါတယ်။ သမီးကိုယ်တိုင် ဝတ်စားဆင်ယင်တာက အစ ရိုးရှင်းအေးချမ်းတဲ့ အဝတ်အစားမျိုးကိုပဲ ဝတ်ဆင်တယ်။

**VCD ရိုက်ကူးမှုအတွက် စီစဉ်ရပုံတွေကိုလည်း ပြောပါဦး။**

ဒီအခွေလေးရိုက်ကူးဖို့အတွက် မိတ်ကပ် အဝတ်အစားကအစ သမီးစိတ်ကြိုက် စီစဉ်ခဲ့တာပါ။ အစကတည်းက Live Show ကိုပဲ ရိုက်ကူးချင်စိတ်ရှိနေတော့ တခြားသူတွေ ရိုက် ထားတာ အကုန်လေ့လာတယ်။ အဲဒီထဲကမှ ဆရာညီညီ (လဝန်းသစ်)နဲ့ ရွေးချယ်ရိုက်ကူးပုံဖော် ဖြစ်ခဲ့တာပါ။

**နောက်ထပ်အခွေသစ်ကော စီစဉ်နေပြီလား။**

သမီးဒီအခွေမထွက်ခင်ကတည်းက နောက်တစ်ခွေအတွက် သီချင်းတွေ စုနေပါပြီ။ Studio date လည်းယူထားပြီးပါပြီ။ တေးရေးတွေက ဦးဝင့်နိုင်၊ ဦးနေထွဏ်းဦး၊ ဦးအောင်ငြိမ်းသက်နဲ့ တခြားရွေးချယ်ဆဲတွေလည်းရှိပါတယ်။ တေးဂီတကတော့ Composer နဲ့ ပါပဲ၊ ဒီအခွေထွက်ပြီးတာနဲ့ နောက်တစ်ခွေဆက်ထွက်ဖို့ ကြိုးစားနေပါတယ်။

**ပရိသတ်ကြီးအတွက် ရင်တွင်းစကားလေးလည်း ပြောပါဦး။**

သမီးပြောချင်တာက မြန်မာမှု သံစဉ်များကို အားပေးကြပါလို့ ပရိသတ်ကြီးအတွက် သမီး တတ်နိုင်သမျှ တတ်ကျွမ်းသမျှ ပေးဆပ်ထားပါတယ်။ သမီးအခွေလေး ကြည့်ရခြင်းအားဖြင့်လည်း တစ်ခုခုခံစားရရှိနိုင်ပါစေ။ သမီးတို့ မတိမ်ကော မပပျောက်အောင် ထိန်းသိမ်းနိုင်ဖို့ ပရိသတ်ကြီးကလည်း ဝိုင်းဝန်းအားပေးကြပါလို့၊ ပရိသတ်ကြီးရွှင်လန်း ချမ်းမြေ့ပါစေ. . .

**မြန်မာမှု၊ မြန်မာသံကို၊ မြန်မာဟန်လေးနဲ့ ထိန်းသိမ်းရှေ့ဆက်နေတဲ့ အဆိုရှင် 'သက်ထားစံ' ရဲ့ 'ပွဲတင်နေသောဆုတောင်းများ'နဲ့ ပရိသတ်ကြီးလည်း အလွမ်းဖြေနိုင်ပါစေ. . .။**

ယုယအိမ်

Asian Fame Media Group

# အိမ် ထောင် ကျခြင်း မဟုတ်ပါ

မောင်ဆွေသက်



Asian Fame Media Group

အချိန်တန်အရွယ်ရောက်လာသူတိုင်း ရင်ခုန်လာတတ်ကြသည်။ ထိုသို့ရင်ခုန်လာသော ခံစားမှုကိုလည်း အချစ်ဟု ခေါ်ကြသည်။ ထိုအချစ်ကြောင့်လည်း ကိုယ်က ချစ်ရသူ၊ ကိုယ့်ကို ချစ်လာသူတို့ ရှိလာကြသည်။

ချစ်ရသူတို့ အချစ်ခံရသူတို့ ရေစက်ဆုံလာသောအခါ အိမ်ထောင်ဟူ၍ ပေါ်လာကြသည်ဟု လူတိုင်းသိကြသည်။

အိမ်ထောင်ဟူသည် ချစ်ရသူနှင့် အချစ်ခံရသူတို့ချည်း ဆုံစည်းမှုကြောင့်သာ မဟုတ်။ မိဘဆွေမျိုးအသိုင်းအဝိုင်း၊ ပတ်ဝန်းကျင်လှိုင်းတို့ကြောင့်လည်း အိမ်ထောင်ရေးနယ်ပယ်သို့ ရောက်လာကြသူတွေ ရှိသည်။

မည်သို့ပင်ဆိုစေ၊ လူယောကျ်ားနှင့်လူမိန်းမတို့ အတူတကွ နေထိုင်ပေါင်းဖက်ကြခြင်းသည် အိမ်ထောင်သာ ဖြစ်ပါ၏။

လူ့လောကကြီးတွင် ထိုမျှအရေးပါသော စကားလုံး "အိမ်ထောင်" ကို အမျိုးမျိုးသုံးစွဲခေါ် ဝေါ်ကြသည်။ အိမ်ထောင်ပြုခြင်းအရေးကိစ္စကို "အိမ်ထောင်ရေး" ဟုဆိုသည်။ ထိုစကားလုံး အိမ်ထောင်၊ အိမ်ထောင်ရေးကို ပြုလုပ်ခြင်းကိရိယာသို့ ပြောင်းလိုက်သောအခါ အိမ်ထောင်ပြုသည်၊ အိမ်ထောင်ချသည်ဟု ဆိုပြန်သည်။

ဤမျှသိမ်မွေ့သော အရေးပါသောအကြောင်းအရာကို ပြက်ရယ်ပြုလိုသည်လား၊ သေးသိမ်မှေးမှိန်စေလိုသည်လား မသိ။ ပြောစမှတ်ရှိကြပြန်သေးသည်။

"အိမ်ထောင်ဆိုတာ ထောင်နဲ့တူပါတယ်ကွာ၊ အိမ်ထောင်ကျတယ်ဆိုတာ ထောင်ကျတာပါပဲကွာ" ဟု ပြောတတ်ကြသေးသည်။ အိမ်ထောင်ကျသည်နှင့် လွတ်လပ်မှုတွေ ကုန်ဆုံးချုပ်ပျောက်၍ အကျပ်အတည်းမျိုးစုံရောက်လာရပြီဟု ဆိုကြသည်။ အပျော်အပြက် ပြောလေသည်လား၊ သရော်အဖျက်ပြောလေသည်လား မသိ။ အိမ် + ထောင် + ကျ ဟူသော စကားလုံးသုံးလုံးကို လုံးကောက်ဖွင့်ဆို၍ လိုရာဆွဲပြောကြဟန် တူသည်ဟု ထင်ပါသည်။

ကျွန်တော့် အယူအဆမှာ ထိုသို့ မဟုတ်။ အိမ်ရာထူထောင်ခြင်း အဓိပ္ပာယ်သည်သာ အသင့်မြတ်ဆုံး အမှန်ကန်ဆုံးဟု ယုံကြည်မိပါသည်။

တစ်အိုးတစ်အိမ် အတည်တကျဖြစ်ဖို့ ထူထောင်ခြင်းဖြင့် အကြင်ယောကျ်ား၊ မိန်းမတို့လက်တွဲကြသည်၊ ပေါင်းဖက်ကြသည်ဟုသာ အဓိပ္ပာယ်ဖွင့်ဆိုသင့်ပါသည်။



တစ်နေရာ (တစ်အိမ်) တည်းမှာ အတည်တကျဖြစ်ပြီ။ ဘဝကို ထူထောင်ပြီဟုသာ လက်ခံချင်သည်။

ဤသို့ အဓိပ္ပာယ်ဖွင့်ဆိုမှုနှစ်မျိုးကို ရင်းနှီးသူအချင်းချင်း ငြင်းခုံကြသည်။ စကားနိုင်လုကြသည်။ အထူးသဖြင့် အိမ်ထောင်ပြုသွားသော သူငယ်ချင်းကို လူပျိုသူငယ်ချင်းများက နောက်ပြောင်ကျီစယ်ကြသော စကားဝိုင်းမှာ အသံကျယ်ကျယ် ပွဲလွင့်တတ်ပါသည်။

ကျွန်တော့်အယူအဆ၊ ကျွန်တော့်ခံယူချက်ကို ခိုင်မာစေဖို့ ယနေ့ မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရပါသည်။

ကဗျာဆရာလေး ညိုထွေးကို မတွေ့တာကြာပြီ။ ကဗျာကို တစ်ရှိုက်မက်မက်နှစ်သက်၍ ကဗျာစာလုံးတွေထဲမှာ ဘဝကို နှစ်မြှုပ်ထားလိုသူ လူငယ်လေးဖြစ်သည်။ အချိန်ရှိသမျှ ကာရန်တွေ တွေးသည်၊ ကာရန်တွေ ရွေးသည်။ ပုံစံကျကဗျာတွေလည်း ရေးသည်၊ မော်ဒန်ကဗျာကိုလည်း ရှေ့တန်းမှာ နေရာရအောင် ရေးသည်။ ရှေးရိုးကို လေ့လာရင်း ရှေ့တိုးဖို့ ကြိုးစားသည်။ အတွေးအခေါ် ရှေ့တန်းတင်သော သူ့ကဗျာတွေသည် စာတစ်ကြောင်းနှင့် တစ်ကြောင်းလည်း ကာရန်လေးများ တစ်လုံးဖြစ်စေ ချိတ်ဆက်ထားတတ်သည်။ မဂ္ဂဇင်းကြီးတစ်စောင်မှာ နေရာရလာသော အခါ ကဗျာကဏ္ဍကို သူ ဦးစားပေးသည်။

လူပုံက ညိုညိုနွဲ့နွဲ့နှင့် ဆံခွေနုလေးက နဖူးမှာ ဝေ့ဝဲကျနေသည်။ ခေါင်းလေးငုံ့ကာစောင်းကာ လမ်းလျှောက်တတ်သည်ကပင် ကဗျာဟန်ပါသည်ဟု ကဗျာချစ်သူများက ဆိုကြသည်။

သူ့ကို ခြုံကြည့်လျှင် ညိုညိုနွဲ့နွဲ့နှင့် ချည့်ချည့်နဲ့နဲ့ ပုံပေါက်သည်။ မျက်တွင်းဟောက်ပက်နှင့် ပါးလေးနှစ်ဖက်က ချိုင့်ဝင်နေသည်။ ဝိုင်းစက်သော မျက်လုံးအစုံကလည်း အိပ်ရေးမဝသောဒဏ်ကြောင့် မှေးမှိန်နေသည်။ ကဗျာအကြောင်းဆွေးနွေးရင်း ဝင်းလက်လာတတ်သော မျက်လုံးအစုံက အားယူရင်းယူရင်း မှေးမှိန်သွားကြပြန်သည်။

သူ့ကို ကျွန်တော်မေးကြည့်သော အခါ ညဥ့်နက်သန်းခေါင်မက နံနက်လင်းအားကြီးအထိ စာဖတ်သည်။ ကဗျာဖတ်သည်။ ကဗျာစပ်သည်ဟု ဆိုသည်။ လူပျိုလူလွတ်ကလေးဖြစ်၍ ကြုံရာမှာ ကြုံသလို စားသည်။ အသောက်အစားကင်းသော်လည်း စာလောဘကြီးသူမို့ အချိန်မှန်ခြင်းကို ဆန့်ကျင်နေတတ်သူ ဖြစ်သည်။ တစ်နေ့တစ်နေ့မှာ လေးနာရီငါးနာရီတော့ အိပ်သင့်သည်ဟု ပြောမိသော အခါ သူက ပြုံးနေတတ်သည်။ ကျွန်တော့်မြေးထက် အသက်ငယ်သူဖြစ်၍ သူ့ရှေ့ရေးနှင့် ကျန်းမာရေးကို ပူမိသည်။ ပုံမှန်စားဖို့၊ ပုံမှန်အိပ်ဖို့ သတိပေးတိုင်း ခေါင်းညိတ်တတ်ပါသည်။

" ကျွန်တော် အခုလောက် ကြိုးစားတာတောင် သူများတွေရေးတဲ့ ကဗျာတွေလောက် ကောင်းအောင် မရေးနိုင်သေးဘူး ဆရာရယ်" ဟု အားပျော့သံလေးနှင့် ပြောတတ်သည်။

မတွေ့ရတာ ကြာပြီဖြစ်သော ထိုကဗျာဆရာလေးကို ယနေ့ ပြန်တွေ့ရသည်။ ရုတ်တရက် မမှတ်မိသလို ဖြစ်မိသည်။

ဝိုင်းသောမျက်နှာမှာ ပါးလေးများ ပြည့်နေသည်။ မျက်စိနှစ်ဖက်ကလည်း ဟောက်ပက်ကလေးမဟုတ်တော့သလို မျက်လုံးလေးများလည်း ဝင်းလက်တောက်ပလို့ နေသည်။ ဆံပင်ပျော့ပျော့လေးများကလည်း စည်းမဲ့ကမ်းမဲ့ နဖူးပေါ် ကျနေခြင်းမျိုး မဟုတ်ဘဲ သပ်ရပ်စွာ ဝဲကျနေသည်။

"ဟာ မောင်ညိုလေး လူတောင်မှားတယ်ကွာ၊ ပြည့်ပြည့်ဖြိုးဖြိုး၊ ကြည်ကြည်လင်လင်နဲ့ ဘယ်လိုဖြစ်လာတာလဲ" ဟု မေးလိုက်မိသေးသည်။

"ဟုတ်တယ်ဆရာ၊ ဆရာတို့ ပြောသလို အခု ကျွန်တော်စည်းကမ်းရှိရှိ နေဖြစ်လာတယ်" ဟု ရှက်စနိုးလေး ဖြေသည်။ သူ့လက်ထဲမှာ ပါလာသော ထမင်းချိုင့်လေးကို အထင်းသားမြင်ရသည်။

သည်တော့မှ မသက်ဆွေက သတိပြုမိသည်။

"ဟုတ်တာပေါ့ ကိုမောင်ရေ၊ သူက ဘဝပြောင်းသွားပြီလေ၊ အိမ်ထောင်ရှင်ဘဝ ရောက်သွားပြီကိုး" ပြောလိုက်သည့်အခါမှ ကျွန်တော်လည်း သတိရမိသည်။ သူ အိမ်ထောင်ထူတာ ခြောက်လလောက်ရှိပြီကိုး။

ဟုတ်ပါသည်။ ဖြစ်သလိုနေ၊ ဖြစ်သလိုစားသော ကဗျာဆရာလေး မောင်ညိုထွေး အိမ်တစ်ဆောင်၊ မီးတစ်ပြောင်နှင့် ဘဝကို ထူထောင်လိုက်ပြီးပြီ။

သာယာသော၊ ချမ်းမြေ့သော အိမ်ထောင်စုတစ်ခုကို ထူထောင်လိုက်ပြီးသော စာကြမ်းပိုးလေးတစ်ယောက် လူရုပ်သူရုပ် ပေါက်လာပြီ။ အချိန်မှန် အိမ်ပြန်နေပြီ ထင်သည်။ အချိန်မှန် အစားမှန်နေပြီ ထင်သည်။ ဟင်းချက်ကောင်းသော အိမ်ရှင်မလေးရနေပြီ ထင်သည်။

တစ်နေ့တစ်နေ့မှာ နှစ်ဆယ့်လေးနာရီထက် နာရီတွေ ပိုထွက်မလာသော်လည်း ထိုနှစ်ဆယ့်လေးနာရီကို စနစ်တကျအသုံးချတတ်လာပြီ ထင်သည်။

ဟုတ်ပါသည်။ မောင်ညိုထွေး တစ်ယောက် စနစ်တကျ အိမ်ထောင်တစ်ခုကို ထူထောင်နိုင်လိုက်ပါပြီ။

မောင်ညိုထွေးတစ်ယောက် **အိမ်ထောင် ကျ ခြင်း** မဟုတ်တာ သေချာလှပါသည်။

**မောင်ဆွေသက်**

**(အမည်ဆင်တူလျှင် ကြိုတင်တောင်းပန်ပါသည်။)**



Asian Fame Media Group

# ဆေးမဲ့ကောင်း ရေးမဲ့ကောင်း

ညီညီညာညာ ညက်ညက်ညောညော

## Funny Photo







### အထူးထု

ညက်ညက်အခုတစ်လော ကျန်းမာရေး မကောင်းပါဘူး။ အရင်တုန်းက ဒေါင်ဒေါင်မြည်သလောက် အခုတစ်လော ချူချာပူနာ သိပ်ဖြစ်ပါတယ်။ ဖြစ်လာမှတော့ ကုရမှာပေါ့ဆိုပြီး စိတ်အေး လက်အေးထား နီးရာ အထူးကုဆေးခန်းသွားမိပါတယ်။ အထူးကုဆရာဝန်မကြီး ကြွချီတော်မူလာပြီး သကာလ ကိုယ်ဖြစ်နေတဲ့ ရောဂါဇာစ်မြစ်ကို ကိုယ်က ရှည်ရှည်ဝေးဝေး ရှင်းပြချင်နေမိပေမယ့် သူက အချိန်မပေးပါဘူး။ ဘတ်ဘတ်ဆိုပြီး ဆေးစစ်ရမယ်ဆိုတဲ့မှတ်ချက်နဲ့ တစ်ကိုယ်လုံးမှာရှိသမျှ စစ်ရမယ့် အရာအားလုံး သူက စာရေးပေးလိုက်ပါတယ်။ တကယ်ပါ။ ညက်ညက် ဆရာကြီးလုပ်တာ မဟုတ်ပါဘူး။ ညက်ညက်နေမကောင်းဘူးဆိုပေမယ့် သူစစ်ခိုင်းသလောက် ခေါင်းအစ၊ ခြေအဆုံး ဆေးစစ်ရလောက်တဲ့ ရောဂါမဟုတ်ဘူးဆိုတာတော့ ကိုယ့်ဟာကိုယ် သိပါတယ်။ ဒါပေမဲ့လည်း ကိုယ်ကပြမိပြီ။ သူက စစ်လေသတည်းဆိုတော့ စစ်ပေါ့။ ဖတ်ခဲ့ဖူးတဲ့ ကာတွန်းလေးတောင် သတိရမိသေးတော့။ ဆရာဝန်လုပ်ပြီး ဆေးစစ်ချက်တွေရမှ ရောဂါ သတ်မှတ်နိုင်ရင် ဘာလို့ ဆရာဝန်လုပ်နေသလဲဆိုတဲ့ ဟာသလေးပါ။ ပြီးတော့ ညက်ညက်တို့ ငယ်ငယ်တုန်းက ရပ်ကွက်ထဲမှာ အရမ်းနာမည်ကြီးတဲ့ စေတနာဆရာဝန်ကြီး တစ်ယောက်ကိုလည်း သတိရလိုက်ပါသေးတယ်။ အဲ့ဒီဆရာဝန်ကြီးက သူ့ဆီလာပြသမျှ လူနာကို ဆေးကုသပေးတဲ့နေရာမှာ တကယ့်ပျောက်စေ ဆရာတစ်ပါးလိုပါပဲ။ သူညွှန်းတဲ့ဆေးသောက်ရုံ သူပြောတဲ့အတိုင်း လိုက်နာရုံနဲ့ ပျောက်ပါတယ်။ သူက တစ်ဆင့် ထပ်ညွှန်းခံရတဲ့သူဟာ တော်တော်ရောဂါဆိုးနေတဲ့ သူမှပဲ အညွှန်းခံရတာပါ။ တော်တန်ရုံကတော့ သူ့ဆီမှာပဲ ပြီးသွားပါတယ်။ ထားပါတော့လေ။ အတိတ်က အတိတ်မှာပဲ ပြီးပါစေတော့။ ညက်ညက်လည်း အခုပြတဲ့ အထူးကုဆရာဝန်မကြီးညွှန်းဆိုချက်အတိုင်း ဆေးစစ်ချက်တွေယူလိုက်တာ အိတ်ထဲက ပိုက်ဆံတစ်သိန်း အဟောသိကံချက်ချင်းလို ဖြစ်သွားပါတယ်။ တကယ်လို့များ ပိုက်ဆံပါမလာဘူးဆိုရင် မတ်တတ်သေလိုက်ရတော့မှာလားလို့ ခပ်ချဉ်ချဉ်တွေးမိပါသေးရဲ့။ နောက်တစ်နေ့ ဆေးစစ်ချက်တွေ ပြန်ယူပြီး သူချိန်းတဲ့ရက်ပြန်ပြတော့ သူက ခေါင်းတညိတ်ညိတ်နဲ့ ကောင်းပါတယ်၊ အထူးအထွေ စိုးရိမ်စရာ ဘာမှမရှိဘူး၊ အခုဆေးပေးလိုက်မယ်၊ သောက်လိုက်တဲ့လေ။ ဖြစ်မှဖြစ်ရပလေ အထူးထုဆေးခန်းနဲ့ အထူးထုဆရာဝန်မကြီးရယ်။



## ဝပ်နိုင်မှ လွတ်မယ်နော်

ညက်ညက်လေမပြောချင်ပါဘူးဆိုနေမှ အမြင်မတော် အကြား မတော်တွေ တယ်ကြားရ မြင်ရတာပဲနော်။ တကယ်ဆို ညက်ညက်က တီဗီရှေ့ထိုင်ခဲတယ်။ ထိုင်ခဲတဲ့ အချိန်မှ ကွက်တိကို လာမြင်ရတော့တာပဲ။ နိုင်ငံတော်က တရားဝင်လွှင့်တဲ့ ရုပ်သံလိုင်းတစ်ခုမှာ လာနေတဲ့ အစီအစဉ်တစ်ခုကွယ်။ ရင်ဘတ်ကို အမြှောက်နဲ့ ပစ်လိုက်သလို အုန်းခနဲနေအောင် လာဆောင့် တော့တာပဲ။ စိတ်ထဲ မလည်း မသိဆိုးဝါးလေ



ခြင်းလို့ မချိတင်ကဲဖြစ်မိတယ်။ လူရွှင်တော်တစ်ယောက်က ညဏ်စမ်းအစီအစဉ်တစ်ခု ရယ်ရွှင်ဖွယ်ရာ တင်ဆက်ခါနီးမှာ သူငယ်ငယ်က ကဗျာလေးတစ်ပုဒ်အရမ်း ကြိုက်ခဲ့တယ်လို့ပြောပြီး ကလေးလို ဟန်ပန်လုပ်ပြီး ရွတ်ပြတယ်လေ။ သူရွတ်တဲ့ ကဗျာလေးက အားလုံးသိကြပါတယ်။ 'ကြိမ်လုံးလေး၊ ကြိမ်လုံးလေး ဆရာမ ကိုင်တဲ့ ကြိမ်လုံးလေး၊ ကြိမ်လုံးလေးက သေးသေးသွယ် ရိုက်ရင်နာတတ်တယ်'ဆိုတဲ့ ကလေးကဗျာလေးပါ။ အဲ့ဒါကို နောက်ဆုံးစာသား နေရာမှာ အမှန် အတိုင်းမဆိုဘဲ ကဗျာကိုဖျက်ပြီး "ကြောက်ပါတယ်ဆိုနေမှ ဆရာမ . . မ" ဆိုပြီး အားရပါးရ ပီပီသသကြီးကို ရွတ်ချပစ်လိုက်တော့တာပါပဲ။ ဘုရား ဘုရား ဆရာသမားဆိုတာ အနန္တော အနန္တငါးပါးထဲမှာ တစ်ပါးအပါအဝင်ဆိုတာ သင်းတို့ မသိလေကြသလား။ လူရွှင်တော်က မသိဘူးထားဦး။ ဒီအစီအစဉ်ကို အဆင့် ဆင့်တည်းဖြတ်ကြမယ့် အဆင့်ဆင့်သောပုဂ္ဂိုလ်တွေကရော ဒါမျိုးကို ခွင့်ပြုကြသတဲ့လား။ ဒီလိုစကားလုံး၊ ဒီလိုအသုံးအနှုန်းဟာ ရုပ်ရော အသံရော တစ်နိုင်ငံ လုံး၊ စိတ်ဝင်စားတဲ့သူရှိရင် တစ်ကမ္ဘာလုံးကပါ ကြည့်နိုင်တာမို့ ယဉ်ကျေးမှုမရှိတာ၊ ဂါရဝတရားမရှိတာကို ချပြနေကြတာလား။ ညက်ညက်လေစိတ်ထဲမကောင်းရင်းက သတင်းစာထဲမှာ မိုးကြိုးပစ်လို့ သေတဲ့သူတွေစာရင်း ဒါကြောင့် များများလာတာကိုးလို့ တွေးလိုက်မိတာလွန်သလား ပရိသတ်တို့ရေ။ ဟောပြောရင်း ဆိုရင်း မိုးသံလေသံတွေကြားပြီ။ မိုးကြိုးတွေ ပစ်နေပြီ။ အပြစ်ရှိသူတွေ ဝပ်. . .။

# Funny Photo




## စာမလာ သတင်းမကြား

ညောညောလည်း ဒေါ်ဒေါ်တွေ တော်တော်ဖြစ်ရပါတယ်။ လူတွေက ဘာလို့များ ကတိမတည်ကြပါလိမ့်။ လုပ်နိုင်ရင်လုပ်နိုင်တယ်၊ မလုပ်နိုင်ရင် မလုပ်နိုင်ဘူးပေါ့။ အခုတော့ ညောညောတို့က တက်သစ်စအဆိုတော် ပိစိကလေးတစ်ယောက်ကို လူငယ်ကြိုက်လေးဟဲ့ဆိုပြီး ကဏ္ဍလေးတစ်ခုအတွက် ကမ်းလှမ်းလိုက်ပါတယ်။ ကောင်းပြီကောင်းရဲ့နဲ့ လက်ခံလိုက်တော့ အေးဆေးပေါ့။ တကယ်တမ်း ရိုက်တော့မယ်ဟေ့ ဗျူးတော့မယ်ဆိုလည်းဆိုရော သင်းက မလာဘူးလေ။ ဖုန်းလေးတစ်ချက်တောင် ဆက်ဖော်မရတဲ့ သင်းကို ညောညောတို့က နားလည်မှုအပြည့်အဝ ပေးလိုက်ပါတယ်။ ဩော် ဆက်သွယ်ရေးကွန်ရက် ခက်ခဲရှာတယ်ပေါ့။ ဟုတ်တယ်လေ။ လူက ဆိုက်ကားပေါ်မှာ ဖုန်းကပြန်ဖြေရင် ဆက်သွယ်မှုဧရိယာပြင်ပဆိုတဲ့ ခေတ်မလား။ ထားပါတော့။ ဒါနဲ့ပဲ နောက်တစ်ခါပြန်ထပ်ချိတ်၊ သူကလည်း လိုလိုချင်ချင်ကို ထပ်လက်ခံ၊ ညောညောတို့ကလည်း အမှတ်မရှိတဲ့အသည်းနဲ့ နှစ်ခါ ပြန်သွားစောင့်ပေါ့။ ဒီတစ်ခါတော့ အဆိုတော်ပိစိညှောက်တောက်လေးက ပိပိရိရိကို ထပ်လှည့်စားသွားတာပါ။ မလာတာမှ ဖုန်းလည်းမလာ၊ လူလည်းမလာ။ ညောညောဆိုတာလေ အတောင့်လိုက်ထွက်လာတဲ့ ဒေါသကို အတောင့်လိုက်ပြန်မျိုရင်း ဒီလိုပုံ ဒီလိုအချိုးနဲ့ သင်းဘယ်လို ဆက်စခန်းသွားမလဲ။ အခုတောင် ရန်ကုန်ဧရိယာအတွင်းရဲ့ နယ်ပယ်အချို့မှာပဲ လက်ခံသေးတဲ့ဟာကို ဒီကလေးမာန်တက်နေပါပေါ့လား။ အဆိုတော်တစ်ယောက်ပေါ် နောက်ခြောက်လဆို ဘယ်သူလဲ၊ ဘာလဲ၊ ဘယ်တုန်းက ဘာဆိုခဲ့ဖူးလို့လဲဆိုတဲ့ ခေတ်ကြီးမှာ စာနယ်ဇင်းနဲ့ပရိသတ်ကို အလေးမထားရင် ရှိတဲ့ပရိသတ်လေး ပြုတ်ပြုတ်ပြုန်းသွားမှာ မြင်ယောင်ပါသေးတော့ နာမည်သုံးလုံးနဲ့ ပရုတ်ဆီလိုလို၊ ဘာလိုလိုနာမည်ပိုင်ရှင် အဆိုတော်လေးရေ။



Asian Fame Media Group





## မြန်မာစာတန်းထိုး စစ်စစ်

ညာညာတို့ မြန်မာလူမျိုးတွေက ဘယ်အရေး မဆို ကမ္ဘာကျော်စေရမယ်လို့ ရည်ရွယ်ချက်ပြင်းတဲ့ သူတွေပါ။ ဥပမာ-မြန်မာ့အားကစား ကမ္ဘာလွှမ်းစေရမယ်ဆိုတဲ့ ဆောင်ပုဒ်မျိုးနဲ့ ကြိုးစားတတ်ကြသလိုပေ့ါ။ ဒါဘာဖြစ်လဲနော်။ ကောင်းတဲ့ဘက်ကမို့ လက်ခုပ်တီးကြိုဆိုကြရမှာပါ။ အခုလည်း နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အဘက်ဘက်က တိုးတက်အောင် ကြိုးစားနေကြတဲ့ အချိန်အဖွဲ့အစည်းအသစ်၊ စိတ်အားလူအားအသစ်တွေနဲ့ အလှအသီးသီးမှာ ချီတက်နေကြတာမြင်ရတွေ့ရ စိတ်ချမ်းသာစရာ ကောင်းလှပါတယ်။ ညာညာတို့က အနုပညာသမားတွေဆိုတော့ အနုပညာအဆင့်အတန်း တိုးတက်အောင်ဖန်တီးမယ်လို့ ပြောလာသူဆိုရင် လွတ်ချစ်၊ လွတ်ကြိုဆိုချင်တော့တာပါ။ အခုဆို မဂ္ဂဇင်းတွေဂျာနယ်တွေထဲမှာ ရုပ်ရှင်၊ ဗီဒီယိုလောကက ဖန်တီးသူပါဝင်သူတွေအားလုံးက သူတို့ကို ကိုရီးယားကားတွေလို စိတ်ဝင်စားစရာဖြစ်အောင် ရိုက်နိုင်လားမေးရင် အလွန်တရာ စိတ်ဆိုးကြတာကလား။ အေးလေ။ ညာညာလည်း အဲ့လိုမေးရင် မခံချင်ပါဘူး။ ညာညာတို့က ရုပ်စရာရှိရင် ကိုယ့်မြန်မာ့ အနုပညာသမားတွေဘက်ကပဲ ပြတ်ပြတ်သားသားရပ်မှာ။ အလုပ်မအားလို့နော်။ အားများအားလို့က ကြည့်စရာရှိရင်တောင် ကိုယ့်မြန်မာကားပဲကြည့်မှာ။ ဒါပေမဲ့ဗျာ အဲ့လိုကြွေးကြော်နေတဲ့ ညာညာ့လိုလူမျိုးကိုမှ နောက်နေသလားမှတ်ရတယ်။ အိမ်ကလူတွေက အရမ်းကောင်းတယ် အရမ်းကောင်းတယ်ပြောနေတဲ့ မြန်မာဗီဒီယိုဇာတ်ကားတစ်ကားကို ကြည့်မိပါတယ်။ တစ်နေရာလည်း ရောက်ရော ပြနေတဲ့ဇာတ်ဝင်ခန်းရပ်သွားပြီး ဖုန်းမြည်သံထည့်ရန်ဆိုတဲ့စာတန်းကြီး ပီပီပြင်ပြင်ကို တက်လာတယ်ဗျာ။ ညာညာလည်း မျက်လုံးတွေ ဘာတွေကျယ်သွားပြီး မျက်စိများမှားသလားပေ့ါ။ ထပ်ရစ်ကြည့် ထပ်တွေ့တယ်ဗျာ။ ဖုန်းမြည်သံထည့်ရန်တဲ့။ ပြီးတော့မှ သရုပ်ဆောင် မင်းသမီးရုပ်ပုံပေါ်လာပြီး ဖုန်းကောက်ကိုင် စကားပြောတဲ့အခန်း ဆက်လာပါလေရော။ ဩော်ဟိုးအရင်ခေတ်က အသံတိတ်ဇာတ်ကားကို လွမ်းရှာလေသည်လို့ ဖြေတွေးရုံမှတစ်ပါး ညာညာလည်း မပြောတတ်တော့ပြီ။

# Funny Photo











Action Fame Media Group

## ငါဟဲ့ လူဝင်စား

ညီညီတို့ လူသတ္တဝါဆိုတာများ တယ်လည်း သံယောဇဉ်ကြီးကြတာကိုး။ သေသောသူ ကြာရင်မေ့ဆိုပေမယ့် မမေ့နိုင်ရင် ပြဿနာတွေ တက်ကုန်ကြတာပဲ ဟရို့၊ အခုလည်း သေတဲ့ မင်းသားက သေပြီးနေပြီ။ ဟိုမှာဝင်စားတယ် ကြားလိုက်၊ ဒီမှာဝင်စားတယ်ကြားလိုက်နဲ့ မင်းသားခမျာ ဘယ်နှကိုယ်ခွဲပြီး ဝင်စားနေရမှန်းကို မသိတော့ပါဘူး။ ပြောလို့မရဘူး။ သူလည်း ခေတ်မီမီနဲ့ ကလုန်းတွေပွားပြီး ဝင်စားနေသလားမသိ။ တမလွန်မှာ ဒါတွေရှိ၊ မရှိဆိုတာ ကိုတော့ ညီညီလည်း မသေဘူးတော့ မသိသေးပါဘူး ဘုရားစူးရစေ့။ အခုလည်း သေသွားပြီဖြစ်တဲ့ ပြည်သူချစ်တဲ့ မင်းသား လူဝင်စားသတင်းကတော့ ခုတစ်လော အဟော့ဆုံးစာရင်းမှာ တစ်ကပြေးနေပါတယ်။ သူဝင်စားတာထိ ပြဿနာက မရှိသေးဘူး။ ယုံချင်ယုံကြ၊ မယုံချင်နေကြ၊ သဘောရှိ ကလောဟိ။ အခု ပြဿနာရှိနေတာက လူဝင်စားဆိုတဲ့ ကလေးရွှတ်ပြပြောပြတဲ့ နာမည်ထဲ ဘယ့်သူနာမည်တွေပါလဲ နားစွင့်ရင်း တဟိဟိ တခွိခွိ ဖြစ်ကုန်ကြတာ ပြဿနာ။ မင်းသားက ချစ်သူခင်သူများတယ်လေ။ ပရိသတ်ကို ပြောတာပါ။ အင်း ညီညီလည်း ဟိုကိုရီးယားတွေ သူတို့ဇာတ်လမ်းတွေကို နာမည်ပေးသလို ရွှေမင်းသားရဲ့ လူဝင်စားဆိုတဲ့နာမည်နဲ့ ဇာတ်တစ်ပုဒ်လောက်ရိုက်လိုက်ရင် ကောင်းမလားမသိဘူး။ အားပေးကြဦးနော် ပရိသတ်တို့ရေ။



## တစ်ကန့်စီထားသော သက်တမ်းများ

အနုပညာလောကက ချစ်မှုရေးရာတွေက အရှုပ်အရှင်းတယ်များတာပဲ ဟရို့ ညက်ညက်တို့လည်း အနုပညာရှင်တွေကို ချစ်တဲ့သူဆိုတော့ သူတို့ ချစ်မှုရေးရာတွေကိုလည်း တယ်စိတ်ဝင်စားမိတာပါပဲ။ အခုလည်း ညက်ညက်တို့ ညီအစ်မတွေ မျက်စိလည်စရာအကြောင်းရင်းက ဒီလိုပါ။ အဆိုတော်ကောင်လေးနဲ့ အဆိုတော်မလေး ချစ်ခင်စုံမက်စွာပေါင်းဖက်ပြီး သကာလ ရင်သွေးလေးမွေးဖွား၊ နောက်များမကြာမီ ကွဲကြပြဲကြလေသတည်းဆိုတဲ့ အကြောင်းက တစ်လောဆီက ဖတ်ရကြားရ စိတ်မကောင်း ဖြစ်ခဲ့ရပါတယ်။ ဟော စိတ်မကောင်းဖြစ်လို့မှ မဆုံးသေးဘူး။ အဆိုတော် ကောင်လေးက နောက်ထပ် မော်ဒယ်မင်းသမီး ပေါက်စလေးနဲ့ ဂျာနယ်စာမျက်နှာတွေထက် ဟိုပါဒီပါ ဖြစ်လာပြန်တော့ သူလေး အချစ်သစ် တွေ့ရှာပြန်လေပြီပေါ့။ အဲဒီအထိက လက်ခံလို့ရပါသေးတယ်။ သို့သော်ငြား ဂျာနယ်တစ်စောင်မှာ ကောင်လေးက ဘာပြောလာလဲဆိုတော့ သူအချစ်သစ်တွေ့တာ ဟုတ်မှန်ကြောင်း၊ သူတို့ ချစ်သက်တမ်းက ဘယ်လောက်ရှိပါပြီဆိုတာ အတိအကျ ဖွင့်ဟဝန်ခံလိုက်ပါတယ်။ တခြားသူတွေတော့ မသိဘူး။ ညက်ညက်တို့တော့ မျက်လုံးပြူးရပါတယ်။ ဘာလို့လဲဆိုတော့ အရင်အိမ်ထောင်နဲ့တောင် ဒီလောက် အိမ်ထောင်သက်မကြာခဲ့တာ အခုချစ်သက်တမ်းကို ဖွင့်ဟဝန်ခံလိုက်တော့ မျက်လုံးကလယ်ကလယ် ဖြစ်ရတာပေါ့။ ချစ်သက်တမ်းကအရင်လား၊ အရင်အိမ်ထောင်သက်က အရင်လား၊ ဒါမှမဟုတ် ချစ်သက်တမ်းက တစ်ကန့်၊ အိမ်ထောင်သက်က တစ်ကန့် ဒီလိုလား၊ ဟာ ရှုပ်နေတာပါပဲ။



# Funny Photo







Asian Fame Media Group




# VERSATILE PEOPLE

# နိုင်ဇော်

ဘဝမှာ ဘဝလမ်းကြောင်းတစ်ခုထက်ပိုပြီး အောင်မြင်တဲ့သူတွေအကြောင်းကို တွေးလိုက်တဲ့အခါ ဂီတသမားတစ်ဦးအဖြစ် အခြေတည်လာခဲ့ပြီး တစ်ဆင့်ပြီးတစ်ဆင့်၊ တစ်ခုပြီးတစ်ခု အောင်မြင်လာခဲ့တဲ့ 'နိုင်ဇော်' Lazy Club ဆိုတဲ့ လူတစ်ယောက်အကြောင်းက ခေါင်းထဲကို အပြေးလေးဝင်ရောက်လို့လာပါတယ်။

သူနဲ့ စတင်ခင်မင်ခဲ့စဉ်က ဂစ်တာသမားသက်သက်ပါ၊ ဘဝရုန်းကန်မှုတွေကြားမှာ ဝေးသွားလိုက်၊ နီးလာလိုက်နဲ့ လူချင်းမဆုံဖြစ်တောင် သတင်းကောင်းလေးတွေ ကြားနေရပါတယ်။ ဒါကြောင့်လည်း ရတီရဲ့ Versatile People ကဏ္ဍအတွက် ကိုနိုင်ဇော်ကို interview လုပ်ဖို့စဉ်းစားမိရင်း ဂီတနယ်ပယ်မှာရော၊ စာပေနယ်ပယ်မှာပါ အောင်မြင်ကျော်လည်နေတဲ့ ကိုနိုင်ဇော့်ကို သွားရောက်တွေ့ဆုံခဲ့ပါတယ်။

ယုယအိမ်

Asian Family Media Group
MEDIA GROUP


## ဂီတသမိုင်းရဲ့ အစလေးက. . .

ကျွန်တော် ကျောင်းသားဘဝက ရပ်ကွက် Stage Show၊ တက္ကသိုလ်ရောက်တော့ အနုပညာအသင်း၊ ဥပဒေမေဂျာအသင်း၊ နောက် ကိုဝင်းမော်ရဲ့ ရွှေသံစဥ်၊ နောက် Lazy Club က ဂစ်တာသမားထွက်သွားလို့ ကျွန်တော် ဝင်တီးရာကနေ ဒီနေ့အထိ တီးဖြစ်နေတာပေါ့။ နောက် သူငယ်ချင်းတွေနဲ့ တီးဝိုင်းလည်း ဖွဲ့ခဲ့တယ်။ တီးလိုက်၊ မတီးလိုက်ပါပဲ။ တော်တော်တော့ ကြာသွားပြီ။ အဲဒါကလည်း သူငယ်ချင်းတွေနဲ့ အမှတ်တရပါပဲ။ အခုလက်ရှိမှာတော့ ကျွန်တော်တစ်ယောက်တည်းလည်း သီချင်းတွေ တီးတယ်၊ လိုအပ်လို့ရှိရင်လည်း နိုင်ဇော်နဲ့ သူငယ်ချင်းများဆိုပြီးတော့ သီချင်းတွေတီးတယ်။ Lazy Club အနေနဲ့လည်း တီးတယ်။

ကျွန်တော် မြတ်နိုးစွာ ဖန်တီးခဲ့တာတွေအနေနဲ့ ပြောရရင် Solo Album အနေနဲ့ လေးခုထွက်ထားတယ်။ မြေအောက်ကကြိုး၊ သိပ္ပံခေတ်ရဲ့ သားကောင်များ၊ သုခုမစက်ရုပ်၊ နောက် Looping ဆိုပြီး ကွန်ပျူတာ စီဒီမှာ သုံးဖို့ထုတ်ခဲ့တယ်၊ ကြာခဲ့ပါပြီ။ ၇ ကြိုးဂစ်တာ ပုံပြင်များဆိုပြီး ထွက်ခဲ့တယ်၊ ကျွန်တော့်စိတ်ကြိုက် ပေါ့နော်။ အဲ့ဒီခေတ်ကာလအတွက်တော့ အကောင်းဆုံးဖြစ်မယ်ထင်တာပဲ။ ဒီအခွေတွေကတော့ ဂီတ စုဆောင်းသူတွေလက်ထဲမှာ ရှိပါလိမ့်မယ်။ ဒါတွေက တော့ ကျွန်တော့်ရဲ့တစ်ကိုယ်တော် ဂီတဖန်တီးမှု အောက်မှာ ရှိနေခဲ့တာတွေပါ။

ဂီတအသစ်ကို ဖန်တီးဖို့ဆိုတာ ခုချိန်မှာ တော်တော်ပြောရခက်ပါတယ်။ အဓိကက နားထောင်တဲ့ လူကြိုက်ဖို့လိုတယ်၊ နောက် အဆိုတော်တွေကြိုက်တဲ့ သီချင်းကို တီးပေးမှ ကျွန်တော်တို့လည်း အလုပ်ရမှာဆိုတော့ လက်ရှိအချိန်ရဲ့ ပြဿနာ၊ ပရိသတ်ကြိုက်မှု၊ ခိုးကူးမှာ ပေါက်မှ ဝယ်ကြတာ၊ အားလုံးအကြိုက်ကို လိုက်ပြီး လုပ်နေရတာ၊ ကျွန်တော်တို့က ကြိုးစားပမ်းစားကြီး ဆန်းသစ်ထားရင် လူတွေခံစားလို့မရမှာလည်း စိုးရိမ်တော့ အရင်လို အမြင့်ကြီးတွေ လုပ်လို့မရတော့ဘူး။ လူတွေကြိုက်အောင်ပဲ ကျွန်တော်တို့ လုပ်နေရတယ်။

တစ်ခါတစ်ခါ သူငယ်ချင်းတွေ ကျွန်တော့်အပေါ် စိတ်တိုတဲ့ ကျွန်တော့်ရဲ့ စကားတစ်ခွန်းရှိတယ်။ 'အသက်ကြီးရင် ဂစ်တာမတီးတော့ဘူးဆိုတဲ့ စကား'၊ ကျွန်တော် သစ္စာဖောက်တာ မဟုတ်ဘူး၊ နားလည်မှုလွဲတာ၊ ကျွန်တော် စင်ပေါ်မှာ မတီးဘူးပြောတာ၊ ကျွန်တော့်အိမ်မှာ ကျွန်တော်ဖန်တီးမှာပေါ့။ အသက် ၆၀၊ ၇၀ လောက်ကျမှ စင်ပေါ်မှာ ခုန်ပေါက်တီးဖို့ဆိုတာ မဖြစ်နိုင်တော့ဘူးလေ၊ နောက်တက်လာမယ့် ကလေးတွေရဲ့ နုပျိုမှုနဲ့ ယှဉ်လို့မှ မရတာ၊ ကွန်ဖြေရှိရှိ နောက်ကွယ်ကနေ တီးရတာကို သဘောကျတယ်။ သူတို့နှစ်သက်တဲ့ ဂီတသမားတစ်ယောက် အနားယူသွားပေမယ့် သူတို့နားထောင်ချင်တဲ့ဂီတကို ဆက်နားထောင်ခွင့်ရတာမျိုး ဖြစ်စေချင်တာ၊ တိုင်းတစ်ပါးမှာရှိသလိုမျိုး ကျွန်တော်တို့နိုင်ငံမှာလည်း ရှိစေချင်တယ်။




ကျွန်တော်ဖြတ်သန်းခဲ့ရတဲ့ ဂီတလမ်းကြောင်း တစ်လျှောက်လုံး ပရိသတ်က တကယ်ကျေးဇူးတင်စရာကောင်းပါတယ်။ လုပ်ခွင့်ရခဲ့သမျှအရာတွေ အားလုံးလည်း ကျွန်တော် ကြိုးစားပြီး အားထုတ်ခဲ့တာတွေပါ။ မရေမတွက်နိုင်အောင် တီးခဲ့တဲ့အခွေတွေအားလုံး ပေါ့ပေါ့ဆဆဘာမှမလုပ်ခဲ့ပါဘူး။ လိုအပ်ချက်၊ အားနည်းချက်ရှိခဲ့ရင်လည်း နားလည်ပေးစေချင်ပါတယ်။ ကျွန်တော်က ဂီတအပြင် စာရေးခြင်း၊ ဇာတ်ညွှန်း၊ ဟောပြောပွဲတွေအတွက်ပါ အားထုတ်နေရလို့ ဂီတကို ၂၄ နာရီလုံးမပေးနိုင်တာကြောင့် ဆိုတာရယ်၊ ဒီအလုပ်တွေအပြင် ဂီတအစည်းအရုံးကိစ္စ၊ ပရိုမိုးရှင်းကိစ္စအားလုံးကို လုပ်နေရတော့ ကျွန်တော့်အတွက် ၂၄ နာရီက နည်းနေပါတယ်။ ကျွန်တော့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားထားတဲ့အပေါ် အားနည်းချက်တွေရှိခဲ့ရင် နားလည်ပေးပါလို့။

## စာရေးဖြစ်ခဲ့တဲ့အပေါ် . . .

စာရေးဖြစ်ခဲ့တဲ့အပေါ်မှာတော့ ကျွန်တော်က အဓိက စာဖတ်တာ၊ လွန်ခဲ့တဲ့ အနှစ် ၂၀ လောက်တည်းက စာဖတ်တာ၊ အိမ်ထောင် မကျခင်ကရော၊ ကျပြီးတဲ့အထိပါ ကျွန်တော် Studio သွားရင် ကျွန်တော့်အိတ်ထဲမှာ ဖတ်စရာ စာအုပ်အမြဲပါတယ်။ နဝရတ် Studio က အင်ဂျင်နီယာလေးတွေဆို ကျွန်တော့်အိတ်က သူတို့အတွက် စာကြည့်တိုက်ပဲ။ ဝတ္ထု၊ မဂ္ဂဇင်း၊ ဂျာနယ်အကုန်ရှိတယ်။ စာဖတ်တာကို ဝါသနာပါတာ၊ စာရေးတာကို ဝါသနာမပါလို့ ဒိုင်ယာရီတောင် မရေးဘူး၊ စာရေးဖို့အကြောင်းဖန်လာရတာလည်း နံနက်ခင်းဂျာနယ်က မိတ်ဆွေတွေက သီတင်းကျွတ်အကြောင်း ဟာသလေးရေးချင်လို့ ပြောပြပါဆိုလို့ပြောပြတာ၊ အဲ့ဒါကို ကြိုက်ပြီး ကိုနိုင်ဇော်ကိုယ်တိုင်ပဲရေးပေးပါ ဆိုရာကနေ ရေးဖြစ်သွားတာ။ ကျွန်တော် ၂ ပုဒ် ရေးပေးလိုက်တာ။ အဲဒီထဲက ရယ်စရာစာမူကလေးကို လူတော်တော်

Asian Fame Media Group



VERSATILE PEOPLE

များများက ကြိုက်သွားကြတာ၊ တကယ်တော့ ရယ်စရာရေးရတာ တကယ်ခက်တာ၊ လူတစ်ယောက်ကို ရယ်အောင်လုပ်ရတာ လွယ်တာမဟုတ်ဘူး။ လူတော်တော်များများလည်း သိကြတယ်။ ကျွန်တော်ကလည်း ခက်တာတွေကိုပဲ ရွေးလုပ်တတ်တဲ့သူ၊ ဂစ်တာဆိုတာကလည်း တော်တော်ကို အလုပ်ရှုပ်တာ၊ စင်ပေါ်မှာ ဂစ်တာသမားက အလုပ်အရှုပ်ဆုံး၊ အဲဒီအရှုပ်ဆုံးကို ကျွန်တော်က ရွေးလုပ်တာ၊ စာရေးတော့လည်း ဒီလိုပဲ၊ ပထမတစ်ပုဒ်က ကျွန်တော်နဲ့ ဂျေမောင်မောင်၊ ဒုတိယတစ်ပုဒ်က ကျွန်တော်နဲ့ နော်လီဇာ (ရယ်စရာ ဟာသ) ဒုတိယအပုဒ်ကို ပရိသတ်က ပိုသဘောကျကြတယ်။ တစ်နေ့ မင်္ဂလာဆောင်ပွဲအပြီး အပြန်မှာ ဧည့်သည်တွေက ကျွန်တော်ရေးထားတာလေးတွေ ကို သဘောကျတဲ့အကြောင်း၊ နော်လီဇာအကြောင်း ကို အချင်းချင်း ပြန်ပြောရင်း ရယ်ရတဲ့အကြောင်း ပြောပြကြတယ်၊ အဲ့ဒီမှာ ဂျာနယ်တိုက်ကလည်း ဆက်ရေးဖို့ တိုက်တွန်းတာနဲ့ အခုဆိုဆက်တိုက်ရေး လာတာ ၄ နှစ်ရှိသွားပြီ။ နောက်ပိုင်းကျတော့ ပေါ်ပြူလာတို့ အလင်းတန်းတို့ 8 Days တို့ ဂျာနယ် မဂ္ဂဇင်းတို့ ပေါင်းစုံပေးရတော့တာပဲ၊ အချိန်မရှိတော့ အလှည့်ကျပေးနေရတယ်၊ အခု ကျွန်တော် ပင်တိုင် ရေးတဲ့ မဂ္ဂဇင်း ၃ ခုရှိတယ်၊ အီတာနယ်လိုက်ဆိုရင် ကျွန်တော်တို့စာမူလှူတာ၊ စာရေးဆရာတွေအတွက် နာမကျန်းရန်ပုံငွေပေါ့၊ စာမူခလုံးဝမထုတ်ဘဲ ကျွန်တော့်နာမည်စာရင်းနဲ့ အမြဲလှူထားတာ၊ အပတ်စဉ် ကျေးဇူးတင်လွှာမှာလည်း အမြဲပါတယ်။ နောက်မဂ္ဂဇင်းတစ်ခုက ကျွန်တော်အမြဲဖတ်နေကျ မဂ္ဂဇင်း၊ အဲဒါ 'ရယ်စရာ' မဂ္ဂဇင်းပါ၊ နောက် New Style မှာကျတော့ ကျွန်တော့်ဘဝရဲ့ အတိတ်လေးတွေကို ရေးတာ၊ ဂီတအစည်းအရုံးမှာ လုပ်ခဲ့တဲ့ သက်တမ်း ၇ နှစ်မှာ ကြုံခဲ့တဲ့ ပြဿနာတွေ ရှိတယ်။ အဲဒီအကြောင်းတွေကို နောက်ပြန်တွေးတဲ့ အနေနဲ့ 'ဂီတဖြတ်ထုံး' ဆိုပြီး စာအုပ်လေးတစ်အုပ် ထုတ်ဖို့စပြီးရေးနေတယ်။ ဂီတလောကမှာရော၊ စာပေလောကမှာပါ မရှိသေးတဲ့ စာအုပ်ပါ၊ အရင်က ဦးပေါ်ဦးတို့ ခုံတော်မောင်ကျဘမ်းတို့လို ကျွန်တော် က အသံကို တရားစီရင်တဲ့ ဖြတ်ထုံးကို ရယ်စရာလေး တွေနဲ့ သူ့ဘက်ကိုယ့်ဘက် နစ်နာမှုမရှိအောင် ဆုံး ဖြတ်ခဲ့ရတဲ့ အကြောင်းလေးတွေကို ရေးပြီးထုတ်ဖို့ စီစဉ်ထားတယ်၊ ဂျာနယ်တွေလည်း မကင်းရာမကင်း ကြောင်းတွေဆိုတော့ ရေးပေးရင်းနဲ့ များလာတယ်။ အခု လုံးချင်းတစ်အုပ်ရေးထားတယ်။ 'အမေရိက အနုပညာဒိုင်ယာရီ'။ လုံးချင်းရေးဖူးအောင်လည်းပါတယ်၊ ဖတ်မိကြတဲ့သူတိုင်းကလည်း သဘောကျကြပါတယ်။ စာရေးဆရာကြီးတွေကိုယ်တိုင်ကလည်း သေသေချာချာ ဖတ်ကြည့်ချင်လို့ လက်ဆောင်တောင်းတာ ကျွန်တော်ကိုယ်တိုင်လက်မှတ်ထိုးပြီး လက်ဆောင်ပေးခဲ့တယ်။

အခုဆို ကျွန်တော်ရေးခဲ့တာလေးတွေ ပြန်ပြောရရင် ကျွန်တော်နဲ့ ကျွန်တော့်ပတ်ဝန်းကျင်၊ ကျွန်တော်နဲ့ ကျွန်တော့်ကမ္ဘာ၊ ကျွန်တော်နဲ့ ကျွန်တော့်အလင်္ကာ၊ အမေရိကအနုပညာဒိုင်ယာရီ၊ ဂီတနဲ့ပတ်သက်လို့ မြေအောက်ကကြိုး လျှို့ဝှက်ချက်၊ ဂစ်တာတီးနည်းထက်ပိုပြီးမြင့်တဲ့ ဂစ်တာတွေးနည်းပေါ့နော်။ ဘယ်လိုစဉ်းစားကြတယ်၊ ဘယ်လိုတွေးကြတယ်၊ ဘယ်လောက်ထိ ပင်ပန်းခံရတယ်ဆိုတာကို ရေးပြထားတာ မှတ်တမ်းပုံစံမျိုးပေါ့။ နောက်ထွက်မှာက ကြယ်စင်စုခရီးပေါ့၊ တီးဝိုင်း ၃ ဝိုင်း၊ အဆိုတော်အယောက် ၅၀ နဲ့ မလေးရှားခရီးစဉ်၊ နံနက်ခင်းမှာ ၁၅ ပတ်တိတိရေးထားတာ၊ အခု လုံးချင်းထုတ်မယ်၊ နောက်တစ်ပုဒ်က ကျွန်တော်နဲ့ ရှားလော့ဟုမ်းပြဿနာ၊ ဆောင်းပါးပေါင်းချုပ်ပေါ့၊

**ဇာတ်ညွှန်းရေးဖြစ်ခဲ့တာနဲ့ ပတ်သက်ပြီး. . .**

ဇာတ်ညွှန်း ရေးဖြစ်သွားတာကလည်း ကျွန်တော်က အသက်ကလေးနည်းနည်းရလာတော့ မျက်စိက သိပ်မကောင်းတော့ဘူး။ မျက်မှန်တပ်ဖတ်ရတာကို မကြိုက်ဘူး၊ အဲဒါနဲ့ စာမဖတ်ဘဲနေနေတာ၊ နောက် မဖတ်ရရင် မနေနိုင်တာနဲ့ မျက်မှန်တပ်ပြီး နည်းမျိုးစုံနဲ့ ပြန်ဖတ်တယ်၊ ipad တွေထဲလည်း ထည့်ဖတ်တယ်၊ စာဖတ်ရတာ အားမရပြန်တော့ ရုပ်ရှင်ကြည့်တယ်၊ သီချင်းနားထောင်တယ်၊ အိမ်မှာ ညဘက် သီချင်းနားထောင်ရတာလည်း အဆင်မပြေတော့ ကားမောင်းရင်း၊ ခရီးသွားရင်း ကြိုက်တဲ့သီချင်းတွေ အကုန်နားထောင်တယ်။ ညဘက်ဆိုရင် ရုပ်ရှင်တစ်ကားကြည့်ဖြစ်အောင် ကြည့်တယ်၊ ညတိုင်းလိုကြည့်တာ လေးငါးနှစ်ရှိပြီ။ နိုင်ငံခြားကားတွေကြည့်တာ၊ ကြည့်တယ်ဆိုတာကလည်း အပျော်ကြည့်တာ မဟုတ်ဘူး၊ ကြည့်ရင်းနဲ့ သင်နေတာ၊ ဂီတက လေထဲကသံစဉ်ကို နားနဲ့လိုက်ဖမ်းရတာ၊ ရုပ်ရှင်က အရုပ်နဲ့သွားတာဆိုတော့ မှတ်ရတာ ပိုလွယ်တယ်၊ ရုပ်ရှင်ရဲ့ အားသာချက်တွေ တွေ့ရတယ်၊ နောက်ခံတေးဂီတ ဖန်တီးပုံကအစ အကုန်လေ့လာတာ၊ တဖြည်းဖြည်းနဲ့ သဘောပေါက်လာတဲ့အခါ တကယ်ကောင်းတဲ့ ကားတွေကို ဘာလို့

■■

**လူတစ်ယောက်က ဇာတ်လမ်း၊ ဇာတ်ညွှန်းလည်းသိပြီ၊ ဂီတလည်းသိပြီ၊ အတွေးအခေါ်လည်းရှိပြီ၊ မင်းသားမင်းသမီးအားလုံးနဲ့လည်း ခင်မင်ရင်းနှီးမှုရှိပြီး လုပ်ဖော်ကိုင်ဖက်တွေကလည်းရှိသေသမှုရှိပြီ၊ အဲဒီတော့ ဒါရိုက်တာလုပ်ဖို့ပဲရှိတော့တယ်...**

■■

Asian Fame Media Group



ပြန်မရိုက်တာလဲ၊ တချို့မြန်မာမှုပြုတယ်ဆိုပေမယ့် ရှေးတည်းက တကယ်ကောင်းအောင် ရိုက်ခဲ့တဲ့ကားတွေ ရှိတယ်၊ အခုကျတော့ ဘာလို့ဟာသကားတွေကိုပဲ ရိုက်နေကြတာလဲ၊ ရယ်စရာမကောင်းဘဲ တကယ်ကောင်းတဲ့ နိုင်ငံခြားကားတွေလည်း ရှိတာပဲ။ အဲဒါနဲ့ ဇာတ်လမ်းလေးတွေရေးပြီး ပြတာပေါ့နော်၊ လွန်ခဲ့တဲ့ တစ်နှစ်လောက်တည်းက သူတို့ကလည်း ပြန်ပေးတယ်။ ဇာတ်ညွှန်းကို ဘယ်လိုရေးရတယ်၊ ပုံစံတွေကအစ ပြောပြတယ်။ ကျွန်တော်ကလည်း စာရေးလာတဲ့သူဆိုတော့ နောက် ငါ ဘယ်လိုရေးရမယ်ဆိုတာကအစ သိသွားတယ်၊ ကျွန်တော်က နဂိုတည်းက စာကို ဇာတ်ညွှန်းလိုရေးခဲ့တာ၊ ကျွန်တော်ရေးခဲ့တဲ့စာလေးတွေ ပြန်ဖတ်ကြည့်ရင် သိပါတယ်။ အဖွင့်ဆိုရင်လည်း တကယ်ကောင်းတဲ့အခန်းက စဖွင့်တာ၊ ဘယ်နေရာမှာ ဘယ်လိုဖြစ်တယ်ကအစ၊ အလယ်မှာ ဇာတ်ရှိန်ကိုလျှော့ပြီး အဆုံးမှာ ဇာတ်ကို ပြန်ဆွဲတင်သွားတာ၊ ပရိသတ်က ပြောကြတယ်၊ ကျွန်တော့်ဆောင်းပါးက စ၊ လယ်၊ ဆုံး မပျင်းရဘူးပေါ့နော်။ ကျွန်တော်က တစ်မျက်နှာတည်းနဲ့ ဇာတ်ညွှန်းကိုရေးခဲ့တာ၊ ဝတ္ထုကို ဇာတ်ညွှန်းလိုရေးမရတော့ ဆောင်းပါးကို ဇာတ်ညွှန်းလိုရေးခဲ့တာ၊ ကျွန်တော့် သူငယ်ချင်း 'ဇေပါ' (ကိုခန့်စည်သူရဲ့ ညီ)က ဒါရိုက်တာစလုပ်တော့ ကိုခန့်စည်သူကလည်း ဝတ္ထုကောင်းကောင်းလေး လိုချင်နေ တာ၊ လက်ဖက်ရည်ဆိုင်မှာ တွေ့ကြပြောကြရင်းကနေ ဇာတ်လမ်းကို ချက်ချင်းယူသွားတာ၊ နောက်တစ်ကား ထပ်ပေးတော့လည်း ယူသွားတယ်၊ သူက ကျွန်တော့်ကိုပြောပါတယ်၊ သူ့ကို ၃ ကား ပြည့်အောင် ပေးပြီးမှ တခြားသူ

Asian Fame Media Group




VERSATILE PEOPLE

ကိုပေးဖို့။ တခြားသူတွေကလည်း တောင်းထားတာရှိတယ်။ ခုချိန်ထိတော့ ကိုယ့်ကိုယ်ကိုယ် လေ့လာသူ အနေနဲ့ပဲ သတ်မှတ်ထားတယ်။ နောင်တစ်ချိန်မှာတော့ ဇာတ်ညွှန်း တွေကို ရေးတော့မယ်၊ အခုလည်း ရေးချင်နေတာ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့် ဝတ္ထုကိုပေးလိုက်တဲ့အခါ ဇာတ်ညွှန်းထဲမှာ ပြောင်းသွားတယ်။ အဲတော့ ကျွန်တော် နည်းနည်းလန့်လာတယ်။ ဒါနဲ့ဝတ္ထုလည်း အရသာမပျက်အောင် ဇာတ်ညွှန်းပါရေးဖို့။ ဒါဆို နှစ်ခါ ဖြစ်မယ်၊ တစ်ခါတည်းပဲ ဇာတ်ညွှန်းရေးလိုက်တာကောင်းမယ်လို့ တွေးမိတယ်။ ခုတော့ လေ့လာနေတယ်၊ သူငယ်ချင်းကို ပေးထားတဲ့ ဒုတိယလျှို့ဝှက်ချက်က ဇာတ်လမ်းပဲ ပေးထားတာ၊ နောက်ဆို ဇာတ်လမ်းနဲ့ဇာတ်ညွှန်းကို တွဲပေးနိုင်အောင် ကြိုးစားနေတယ်။ ခုချိန်မှာ ကျွန်တော် ညှိနိုင်ပါတယ်။ ဒါပေမဲ့ အချိန်အကြာကြီးတော့ မညှိနိုင်ပါဘူး။ ကျွန်တော်က အမြဲလေ့လာနေမှာပဲ၊ ဂီတသမားအဖြစ် ကနေ ဇာတ်ညွှန်းသမား အဖြစ်ဆိုတော့ ပြန်တော့သင်ရဦးမှာပေါ့။ ကျွန်တော် ကျွမ်းကျင်တဲ့ဂီတနဲ့ ကျွန်တော်ဖြတ်သန်းခဲ့တဲ့ စာပေကို ပေါင်းစပ်ပြီး ရုပ်ရှင်ဆိုတာကို ဖန်တီးဦးမှာပေါ့။

ဂီတနဲ့ပတ်သက်တဲ့ ရုပ်ရှင်ကိုလည်း ရုပ်လုံးဖော်နိုင်အောင် ကြိုးစားဦးမှာ။ ဥပမာ - ရုပ်ရှင်ထဲမှာ တယောထိုးတာတို့၊ စန္ဒရားတီးတာတို့ဆို လူကသာ ဟန်ဆောင်နေတာ၊ စိတ်ကလိုက်မလုပ်တော့ ဘယ်လိုမှ သဘာဝမကျနိုင်ဘူး။ ကျွမ်းကျင်တဲ့သူတစ်ယောက်ရဲ့လက်နဲ့ ပြောင်းလဲပြီး ရိုက်လို့ကောင်းသွားပေမယ့် ဒါရိုက်တာကိုယ်တိုင်က ဂီတကို နားမလည်တဲ့အခါ သဘာဝကျအောင်ရိုက်ဖို့က အဆင်မပြေတော့ဘူး။ လိမ်ရင်လည်း ပိပိရိရိပေါ့။ အဲဒါကြောင့် ကျွန်တော် ဂီတနဲ့ပတ်သက်တဲ့ ရုပ်ရှင် ကိုရိုက်ချင်တာ၊ ရုပ်ရှင်ရဲ့ နောက်ခံတေးဂီတကောင်းကောင်းတွေကိုလည်း တီးပြချင်တယ်။ ဘာကြောင့် ဒီနေရာမှာ ဒီလိုတီးတယ်၊ ဘာကြောင့် ဒီနေရာမှာ မတီးဘဲထားလဲဆိုတာ ခိုင်မာတဲ့ အကြောင်းပြချက်တွေလည်း ရှိရမယ်။ နိုင်ငံခြားကားတွေထဲကလို နောက်ခံတေးဂီတ ကောင်းကောင်းတွေ ဖြစ်လာစေချင်တယ်၊ ကျွန်တော် ဝင်လာချင်တာက ကူညီချင်တဲ့စိတ်တစ်ခုတည်းနဲ့ ဝင်လာချင်တာ၊ ဘယ်လောကမှာပဲဖြစ်ဖြစ် တိုးတက်ဖို့ဆိုတာ တကယ်လုပ်ချင်သူတွေရှိမှဖြစ်မှာ။

ဒါရိုက်တာဆိုရင်လည်း စေတနာပါပါနဲ့ ထောင့်စေ့အောင် ရိုက်စေချင်တယ်။ လူတွေရှေ့မှာ ဟိုအော်ဒီအော်လုပ်ပြီးတော့ တွေ့တာ

Asian Fame Media Group
MEDIA GROUP

ကောက်ဆက်တာမျိုးတော့ မဖြစ်စေချင်ဘူး၊ တကယ်ခံစားပြီး ကောင်းအောင်တော့ ရိုက်စေချင်တယ်၊ ဘာကိုမှ အလွယ်မလုပ်စေချင်ဘူး။ အခု ကျွန်တော် ဇာတ်လမ်းရေးတယ်၊ ဇာတ်ညွှန်းရေးတယ်၊ တစ်ချိန်မှာ ကျွန်တော် ဒါရိုက်တာလုပ်ကောင်းလုပ်မယ်။ ဘာကြောင့်လဲဆိုတော့ လူတစ်ယောက်က ဇာတ်လမ်း၊ ဇာတ်ညွှန်းလည်း သိပြီ၊ ဂီတလည်း သိပြီ၊ အတွေးအခေါ်လည်း ရှိပြီ၊ မင်းသား မင်းသမီး အားလုံးနဲ့လည်း ခင်မင်ရင်းနှီးမှုရှိပြီး လုပ်ဖော်ကိုင်ဖက်တွေကလည်း ရိုသေသမှုရှိပြီ၊ အဲဒီတော့ ဒါရိုက်တာလုပ်ဖို့ပဲရှိတော့တယ်။



**စာပေဟောပြောပွဲတွေမှာ မြင်တွေ့နေရတာကို မေးကြည့်တဲ့အခါ . . . .**

ဟောပြောပွဲမှာ ပြောဖြစ်ခဲ့တာတွေက ကျွန်တော်နဲ့ ခင်မင်ရင်းနှီးသူတွေ၊ မိတ်ဆွေတွေ၊ စာဖတ်ပရိသတ်တွေက ကျွန်တော်စကားပြောရင် ဟောဟောဒိုင်းဒိုင်းပြောတတ်တယ်။ မှန်တယ်ထင်ရင် ဘာမှမထောက်ဘူး။ မုန်းပါစေ ပြောတတ်တယ်။ပြီးတော့ ရယ်စရာလေးတွေနဲ့ ညှပ်ပြီး ပြောတတ်တော့ မကင်းရာမကင်းကြောင်းနဲ့ တောင်းဆိုမှုကြောင့် ပြောဖြစ်သွားတာ။ ဟောပြောပွဲမှာက အဓိကပရိသတ်ကို ကြည့်တတ်ဖို့ပဲ၊ တချို့က ဟောပြောခွင့်ရတာနဲ့ စွတ်ပြောတော့တာပဲ။ ပရိသတ်က ပျင်းနေလား၊ စိတ်ဝင်စားရဲ့လား ဘာမှ မကြည့်ဘူး၊ တချို့ကလည်း အလွတ်ကျက်ထားတဲ့ ဟာသတွေပြော၊ ပရိသတ်က ရယ်၊ တကယ်ဆို ရယ်စရာတွေပြောဖို့ခေါ်တာ မဟုတ်ဘူးလေ။ ပျော်ဖို့ သက်သက်ဆို လူရွှင်တော် ငှားမှာပေါ့။ တချို့ဆို အလွတ်ကျက်ထားတဲ့ စာသုံးလေးပုဒ်ကို ခေါင်းစဉ်ကိုက်ကိုက်၊ မကိုက်ကိုက် သူကျက်ထားတာပဲ ပြောတာ။ တကယ်တော့ မဖြစ်သင့်ဘူး၊ စာပေဟောပြောပွဲတစ်ခုရဲ့ ကုန်ကျစရိတ်က မနည်းဘူးလေ။ တကယ်တော့ အဘက်ဘက်က အကျိုးရှိအောင် ကြိုးစားအားထုတ်သင့်တယ်လို့တော့ မြင်တယ်။ ကျွန်တော်ဝင်ပြောဖြစ်တာက ပုံမှန်ထဲက ခွဲထွက်ချင်တာ၊ စာပေအကြောင်းလည်း အတည်ပေါက်ကြီးနဲ့ ကျွန်တော်မပြောဘူး။ စင်မြင့်ပေါ်မှာ ဂစ်တာကြီး တဒေါင်ဒေါင် တဒင်ဒင်မလုပ်ဘူး၊ တကယ် ဗဟုသုတရမှာ၊ ဆင်ခြင်သင့်တာ၊ ဖိနှိပ်ခံရတဲ့ဘဝမှာ ကျွန်တော်ကိုယ်တိုင်ရောက်နေတာ ကြုံရတဲ့ အဖြစ်အပျက်တွေနဲ့ ဘယ်လိုဖြေရှင်းသင့်တယ်ဆိုတာ ကျွန်တော် စာရေးခဲ့တဲ့ အတွေ့အကြုံနဲ့ပေါင်းစပ်ပြီး ပြောခဲ့တာ၊ အဲဒါကို ပရိသတ်က လက်ခံလို့လာဖိတ်ကြရင်း ဟောပြောဖြစ်ခဲ့တာ၊ တချို့ကလည်း ဟောပြောမှာ ငါတို့ပဲရှိတယ်၊ မျိုးဆက်သစ်တွေ မရှိဘူးလို့ ခံယူနေကြလို့ ကူညီရင်းနဲ့ ဟောပြောဖြစ်ခဲ့တာ။

**ခုလိုအောင်မြင်မှုလမ်းပေါ်မှာ ရေရှည်တည်တံ့နိုင်အောင် ပါရမီဖြည့်ပေးခဲ့သူလေးအကြောင်း . . .**

ပါရမီဖြည့်ဖက်ဆိုတော့ ကျွန်တော့်ဇနီးနာမည်က မသူဇာမိုးပါ။ အ. ထ. က (၄) ပုဇွန်တောင်မှာ ကျောင်းအတူတက်ကြတာ ကျွန်တော့်ထက်တစ်တန်းငယ်တယ်။ ငယ်စဉ်တည်းက သံယောဇဉ်ရှိခဲ့တာ၊ လက်ထပ်တော့လည်း သူနဲ့ပါပဲ။ သူက ဓာတုဗေဒအဓိကနဲ့ ကျောင်းပြီးတယ်၊ ကျွန်တော်က ဥပဒေနဲ့ ကျောင်းပြီးတယ်၊ သမီးက မိုးဖြူစင်ဇော်၊ သားက မိုးအာကာဇော်၊ အ. ထ. က (၄) ပုဇွန်တောင်မှာပဲ ကျောင်းတက်ကြပါတယ်။ ပါရမီဖြည့်တယ်ဆိုတာကလည်း ကျွန်တော်လုပ်ချင်တာကို လုပ်ခွင့်ပေးထားတာပါ။ ကျွန်တော်လုပ်ချင်တာ လုပ်တယ်ဆိုပေမယ့် အိမ်ရဲ့စီးပွားရေးနဲ့ မိသားစုကို မထိခိုက်အောင်တော့ လုပ်ရတာပေါ့။ အရင်တုန်းက တီးဝိုင်းက စီးရီးတွေ မနားရအောင် တီးနေရတော့ ကိုယ်ပိုင်လုပ်ချင်တဲ့ အခွေတွေလည်း စွန့်ပြီးလုပ်လို့ရတယ်။ ခုချိန်မှာ အရင်လို ရက်ဆက်မတီးရတဲ့အခါကျတော့လည်း ဂစ်တာတီးတဲ့အလုပ်အပြင် တခြားဝင်ငွေရမှာတစ်ခုကို စဉ်းစားရသလို ကိုယ့်အိမ်ထောင်ဖက်ရဲ့ စိတ်ထဲမှာ မပူပန်ရအောင်လည်း ထားရတာပေါ့လေ။ စာတွေရေးတယ်၊ စာမူခတွေ လျှော့တယ်ဆိုတာကလည်း ကျွန်တော့်ကို ယုံကြည်လို့ သူက လက်ခံပေးထားတာ။ ဝတ္ထုတွေ၊ ဇာတ်ညွှန်းတွေ ရေးတာ၊ အောင်မြင်တာ၊ မအောင်မြင်တာထက် ကျွန်တော့်ကို သူက လုပ်ခွင့်ပေးထားတာပါ။ တချို့ဆို မိန်းမက ကျွိုင်ရှာလို့ အိမ်မှာတောင် စာရေးလို့မရဘူး။ သူတို့ပြဿနာလိုက်ရှင်းနေရလို့ ဘာမှကိုလုပ်ခွင့်မရဘူး။ ကျွန်တော်ကတော့ ဒီလိုပြဿနာတွေမရှိလို့ စာရေးခွင့်၊ အနုပညာဖန်တီးခွင့်တွေ အေးအေးဆေးဆေးလုပ်လို့ ရတာပေါ့။ ခုတော့လည်း တည်ငြိမ်အေးချမ်းတဲ့ ဘဝလေးထဲမှာ ချမ်းမြေ့တဲ့မိသားစုဘဝကို ပိုင်ဆိုင်ရပြီပေါ့။ တချို့ဆို တိုက်ကြီး၊ ကားကြီးတွေနဲ့နေရပြီး စာမျက်နှာပေါ်မှာပဲ ပျော်နေရတာ၊ အပြင်လက်တွေ့ဘဝမှာ တစ်ယောက်တစ်ကွဲစီ ပြဿနာပေါင်းစုံနဲ့၊ ကျွန်တော့်မိသားစုကတော့ တကယ်ကို ပျော်တာ၊ ကျွန်တော်တို့ ကြိုးစားခွင့်၊ ဖော်ထုတ်ခွင့်ဆိုတာကလည်း အိမ်ထောင်ဖက်ရဲ့ နားလည်မှု၊ ပံ့ပိုးမှုတွေ အများကြီးပါပါတယ်။

**ကိုနိုင်ဇော်ပြောပြချင်တဲ့ ပရိသတ်အတွက် ရင်ထဲက စကား . . . .**

ကျွန်တော်က တစ်နေရာတည်းမှာ ရပ်နေတာကို မကြိုက်ဘူး။ တိုးတက်အောင်မြင်မှုကို အချိန်တိုင်းမှာ ရှာဖွေနေတာ၊ ပရိသတ်ကြီးလည်း တန်ဖိုးရှိသောအရာများကို ရှာဖွေတွေ့ရှိနိုင်ပါစေလို့။


**ယုယအိမ်**







# သူတို့ပြောတဲ့



ဒီလ "သူတို့ပြောတဲ့" ကဏ္ဍအတွက် "Y" ကိုရွေးချယ်လိုက်ပါတယ်။ Augustလမှာကျရောက်တဲ့ International Youth Dayကို ဂုဏ်ပြုတဲ့အနေနဲ့ Youth စကားလုံး အပါအဝင် Yesterdayနဲ့ Yourself တို့ရဲ့အနက်အဓိပ္ပာယ်များကိုဆရာ ဖေမြင့်၊ဆရာ ကောင်းသန့်နဲ့ လူငယ် တစ်ဦးဖြစ်တဲ့ ချန်ချန်တို့ရဲ့အမြင်များကို တင်ဆက်ပေးလိုက်ပါတယ်။

**ဖြိုးစုပိုပို**

Asian Fame Media Group

## Youth

လူငယ်ဘဝဆိုတာ ပျိုမျစ်တဲ့အရွယ်၊ လောကကြီးထဲမှာ အသစ်အသစ်တွေ တစ်ခုပြီး တစ်ခု စတင်ထိတွေ့ရတဲ့အရွယ်၊ တက်ကြွလန်းဆန်းတဲ့အရွယ်ဖြစ်တဲ့အတွက် လူ့ဘဝရဲ့သုခချမ်းသာတွေကို အပြည့်ဝဆုံး ခံစားသုံးစွဲနိုင်သလို ကံကြမ္မာအကြောင်းမလှလို့ ဆင်းရဲဒုက္ခကြုံတွေ့ရရင်လည်း ကြံ့ကြံ့ခံနိုင်တဲ့ အားမာန်တွေရှိတယ်။

တစ်ဖက်မှာ လူငယ်ဘဝဟာ လူ့ဘဝရဲ့ အစပထမကာလ၊ ဘဝတစ်ခုလုံးအတွက် အခြေခံအုတ်မြစ်ချတဲ့ ကာလဖြစ်တယ်။ လောကကြီးထဲမှာ လူတကာနဲ့ တန်းတူရည်တူ ယှဉ်ပြိုင်ရပ်တည်နိုင်ဖို့အတွက် ပညာသင်ရတယ်။ ကိုယ့်ကိုယ်ကိုယ် အရည်အသွေးမြင့်မားအောင် တည်ဆောက်ရတယ်။ ကျောင်းပညာသာမက လောကလူ့ဘဝနဲ့ဆိုင်တဲ့ အထွေထွေဗဟုသုတ ပြည့်စုံအောင် လေ့လာရ ဆည်းပူးရ စာဖတ်ရတယ်။

လူတစ်ယောက်ရဲ့ဘဝ ကြွယ်ဝပြည့်စုံဖို့အတွက် မိတ်ဆွေသစ်လိုတယ်။ အဲဒီအတွက် လူတစ်ဖက်သားကို စာနာထောက်ထားတဲ့စိတ်၊ မိမိအရေးသာမက သူတစ်ပါးအရေးကိုပါ တွေးတောတတ်တဲ့စိတ်၊ ယဉ်ကျေးပျူငှာဆက်ဆံတတ်တဲ့ အလေ့အထတွေ မွေးမြူဖို့လိုတယ်။ ဒီ့အပြင် မနာလိုစိတ်၊ အငြိုးအာဃာတထားတတ်တဲ့ စိတ်တွေကို ချိုးနှိမ်ဖယ်ရှားပြီး စိတ်ကောင်းနှလုံးကောင်းရှိသူတစ်ဦးဖြစ်အောင် တည်ဆောက်ဖို့လိုတယ်။

အဲဒီလို တည်ဆောက်နိုင်ရင်တော့ လောကကြီးအလယ် တင့်တယ်ဂုဏ်ယူဖွယ်ရာ လူတစ်ယောက် ဖြစ်လာလိမ့်မယ်။ အများရဲ့ လေးစားသိမှတ်ခြင်းခံရသလို မိမိကိုယ်ကိုယ်လည်း ကျေနပ်အားရနိုင်လိမ့်မယ်။

## Yesterday

မနေ့က၊ ဒီနေ့နဲ့ မနက်ဖြန်ဟာ ဆက်စပ်နေတယ်။ မနေ့ကဆိုတာဟာ အရင်ကြုံခဲ့ရဖူးတဲ့ ချမ်းသာပျော်ရွှင်မှုတွေကို တစ်ခါတစ်ရံ ပြန်လည်ခံစားကြည်နူးစရာ ဖြစ်တယ်။ ဒါပေမဲ့ အတိတ်ကို တမ်းတကြည်နူးရင်းအချိန်ကုန်ခံနေဖို့ မဟုတ်ဘူး။

မနေ့ကဆိုတာဟာ အတိတ်ကကြုံခဲ့တဲ့ ဖြစ်ရပ်တွေ၊ သူတစ်ပါးဆောင်ရွက်ချက်၊ မိမိဆောင်ရွက်ချက်တွေထဲက အကောင်းအဆိုးသင်ခန်းစာတွေ ထုတ်ယူဖို့ဖြစ်တယ်။ အကောင်းတွေ ထုတ်နုတ်၊ ပိုကောင်းအောင် မွမ်းမံပြင်ဆင်ပြီး ဆီလျော်ရာနေရာမှာ ဆက်လက်သုံးစွဲဖို့ ဖြစ်တယ်။ အဆိုးတွေကိုတော့ နောင်တနဲ့ယှဉ် ဆင်ခြင်စဉ်းစားပြီး နောက်ထပ်မဖြစ်ပေါ်အောင် ရှောင်ရှားနိုင်ဖို့ သတိထားရလိမ့်မယ်။ မနေ့ကရဲ့ တန်ဖိုးဟာ မနက်ဖြန်ကောင်းဖို့ကို ရည်မျှော်ပြီး ဆောင်ရွက်မယ့် ဒီကနေ့လုပ်ရပ်တွေ ပြည့်ဝမှန်ကန်စေဖို့ ဖြစ်တယ်။

## Yourself

မိမိကိုယ်ကိုယ် ကောင်းအောင်ကြိုးစားတယ်ဆိုတာ အတ္တသက်သက်မဟုတ်ဘူး။ လူဟာ ကိုယ့်ကိုယ်ကိုယ် ကောင်းအောင်ကြိုးစားဖို့ လိုတယ်။ ကောင်းအောင် ကြိုးစားတယ်ဆိုတာ ပညာတော်အောင်၊ ဥစ္စာချမ်းသာအောင် သက်သက်မဟုတ်ဘူး။ လူတစ်ယောက် ကောင်းအောင်လုပ်ဖို့ ကြိုးစားရာမှာ ဗလငါးတန်ဆိုတာ ရှိတယ်။ ကာယဗလ၊ ဉာဏဗလ၊ ဘောဂဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ။

ကိုယ်အားဉာဏ်အားပြည့်စုံခြင်း၊ ဥစ္စာဓနပြည့်စုံခြင်း၊ စာရိတ္တပြည့်ဝခြင်း၊ မိတ်ဆွေသင်္ဂဟပေါများခြင်း။ အဲဒီငါးရပ်နဲ့ပြည့်စုံသူဟာ လူတော် လူကောင်းပဲ။ သူဟာ သူ့အတွက် ကောင်းသလို၊ သူ့ပတ်ဝန်းကျင်အတွက်လည်း ကောင်းတယ်။ လူရယ်လို့ဖြစ်လာ သူတစ်ယောက်သည် စားဝတ်နေမှု ပြည့်ဝရုံ၊ မိမိဘာသာ အမှီအခိုကင်းစွာ ရပ်တည်နိုင်ရုံ၊ မိမိရဲ့ မိသားစုကို ကျွေးမွေးစောင့်ရှောက်နိုင်ရုံ၊ မိမိဆွေမျိုး မိတ်သင်္ဂဟနဲ့ ပျော်ရွှင်စွာ နေထိုင်နိုင်ရုံနဲ့ ကျေနပ်မနေသင့်ဘူး။

မိမိမှာရှိတဲ့ ကိုယ်စွမ်းဉာဏ်စွမ်းတွေကို အပြည့်ဝဆုံးအသုံးချပြီး မိမိကိုယ်ကိုယ် အကောင်းဆုံး အမြင့်မားဆုံး အနေအထားရောက်အောင် ထူထောင်သင့်တယ်။ အဲဒီနည်းအားဖြင့် မိမိပတ်ဝန်းကျင် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိကမ္ဘာအတွက်ပါ ကောင်းကျိုးပြုသူတစ်ဦးဖြစ်လာနိုင်တယ်။



## Profile

| | |
|---|---|
| အမည် | ဦးဖေမြင့် |
| ကလောင်အမည် | ဖေမြင့် |
| ပညာအရည်အချင်း | M.B.B.S (Ygn) |
| လက်ရှိအလုပ်အကိုင် | အယ်ဒီတာချုပ်(ပြည်သူ့ခေတ်ဂျာနယ်) |
| နေရပ်လိပ်စာ | တိုက်(N)၊ အခန်း(၆)၊ ရွှေမာလာရိပ်မွန်၊ ဘုရင့်နောင်လမ်း၊ ကမာရွတ်မြို့နယ်။ |




Asian Fame Media Group

## Youth

Youth ဆိုတဲ့ အဓိပ္ပာယ်ကို ပြောရမယ်ဆိုရင်တော့ ဆရာတို့က Youth မဂ္ဂဇင်းလုပ်တယ်၊ အဲဒီမဂ္ဂဇင်းလုပ်မယ်ဆိုတော့ Youth နဲ့ ပတ်သက်ပြီး အဓိပ္ပာယ်ကို Dictionary တွေထဲမှာ လိုက်ရှာတယ်။ Y.O.U.T.H စကားလုံး ၅ လုံးမှာ တစ်ခုချင်းစီ အဓိပ္ပာယ်တွေရှိတယ်။ Y ဆိုတာက Youth ဆိုတဲ့ ပျိုမျစ်မှုပေါ့။ O က Obligation တာဝန်သိမှု၊ U ကကျတော့ Unity စည်းလုံးညီညွတ်မှု၊ T က Truth လည်းဟုတ်တယ်၊ Trust လည်းဟုတ်တယ်။ မှန်ကန်မှုပေါ့။ နောက်ဆုံး H ကတော့ Honesty ဆိုတဲ့ ရိုးသားမှုပေါ့. . . အဲဒီလို အဓိပ္ပာယ်ငါးခုနဲ့ပြည့်စုံရင် ဒါက Youth ပဲပေါ့. . .။ ဒီတော့ လူငယ်ဆိုတာနဲ့ ဒီစကားလုံးငါးခုရှိထားသင့်တယ်။ ဒီငါးခုမှာ ပျိုရွယ်မှုဆိုတာ လူငယ်တွေမှာ ပိုင်ဆိုင်ပြီးသားပဲ။ တာဝန်သိမှုကတော့ လေ့ကျင့်ယူမှရမယ်. . . လူငယ်တစ်ယောက်က စည်းမဲ့ကမ်းမဲ့ ပစ်စလက်ခတ်နေလို့ မရဘူး. . . လုပ်ချင်တာလုပ်လို့မရဘူး။ တာဝန်ဆိုတာမှာ အိမ်တာဝန် အလုပ်ဆိုလည်း အလုပ်တာဝန်ရှိတယ်။ ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံ၊ ကိုယ့်ဘာသာစကားနဲ့ ပတ်သက်ပြီးသူ့မှာ တာဝန်ရှိတယ်။ တာဝန်ရှိတဲ့အတိုင်း တာဝန်သိတတ်ရမယ်။ တာဝန်သိပြီဆိုတာနဲ့ စောင့်ထိန်းရမယ့် ကျင့်ဝတ်တွေရှိတယ်။ လိုက်နာရမယ့် စည်းကမ်းတွေရှိတယ်။ တာဝန်သိမှုဆိုတာ လူငယ်တစ်ယောက်မှာရှိရင် အဲဒီလူငယ်က အရမ်းကို တန်ဖိုးရှိတဲ့ လူငယ်ဖြစ်ပြီး။ Unity ကျတော့ လူငယ်တိုင်းကရှိတယ်။ လူကြီး (၂) ယောက် (၃) ယောက် ဝိုင်းထိုင်ပြီး စကားပြောကြပေမယ့် မရင်း နှီးကြဘူး၊ဒါပေမဲ့ လူငယ်တွေကကျတော့ ချက်ချင်း ရင်းနှီးလွယ်တယ်။ ပြီးတော့ စည်းလည်းစည်းလုံးတယ်။ လူငယ်တွေရဲ့ Mindself တွေက အရောင်မဆိုးထားတော့ အရမ်းရိုးဖြောင့်ကြတယ်။ ဒါကြောင့် လူငယ်တွေမှာ ရိုးသားမှု honesty လည်းရှိပြီးသားပဲ။ ဒါပေမဲ့ စည်းလုံးညီညွတ်မှုက မှန်ကန်တဲ့ စည်းလုံးညီညွတ်မှုတော့ ဖြစ်ဖို့လိုတယ်။ ဘီယာ သွားသောက်ဖို့ စည်းလုံးတာ ဘောလုံးပွဲ လောင်းဖို့ စည်းလုံးတာမျိုးကို ပြောတာမဟုတ်ဘူး။ အကျိုးရှိတဲ့ တစ်စုံတစ်ရာကို ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်ဖို့အတွက် စည်းလုံးညီညွတ်မှုမျိုးက လူငယ်တိုင်းမှာ ရှိထားသင့်တယ်။ ပရဟိတလုပ်ငန်းတွေ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက်ပေါ့ . . . ဒီမိုကရေစီ လူ့အဖွဲ့အစည်းဖြစ်ဖို့က တာဝန်သိတဲ့ လူငယ်တွေ ညီညွတ်မှုရှိတဲ့ လူငယ်တွေ အများကြီး လိုအပ်တယ်။ ပြီးတော့ truth ဆိုတဲ့ မှန်တာကို ပြောရဲတာ၊ မှန်တဲ့ဘက်က ရပ်တည်နိုင်တာ ဒီလို လူငယ်မျိုးကလည်း လိုတာပဲ။ မှန်တာကို လုပ်ရမယ်ဆိုရင် ကိုယ်ကျိုးတောင်စွန့်ရဲတယ်ဆိုတဲ့ လူငယ်မျိုးတွေက တန်ဖိုးရှိတဲ့ လူငယ်ပေါ့။ ကိုယ်ကောင်းစားဖို့အတွက် အမှန်တရားကို မျက်ကွယ်ပြုပြီး ငါးသလောက်ပေါင်းစားသလို ပေါင်းစားမယ် ဆိုရင်တော့ တိုင်းပြည်ကြီးက ခြကိုက်သလိုဖြစ် သွားလိမ့်မယ်။ Honesty မှာလည်း ပင်ကိုရိုးသားပြီးသား လူငယ်တွေက အရောင်းဆိုးခံရ လွယ်တတ်တယ်။ သူ့ရဲ့ မိဘအကြီးအကဲ ဒါမှမဟုတ် သူ့ရဲ့Boss က ကိုယ်ကျိုးပဲကြည့်ပြီး အတ္တပဲ ရှေ့တန်းတင်တတ်တဲ့ သူမျိုးတွေဆိုရင် သူတို့က ဒါကိုကြည့်ပြီး အတုယူသွားရော။ ဒါကြောင့် youth လူငယ်ဆိုရင်တော့ အခုပြောခဲ့တဲ့ ပျိုမျစ်မှု၊ တာဝန်သိမှု၊ စည်းလုံးညီညွတ်မှု၊ မှန်ကန်မှု၊ ရိုးသားမှု ဒီငါးခုနဲ့ ပြည့်စုံတဲ့ လူငယ်တွေဖြစ်ကြဖို့ ဆရာက ဆန္ဒပြုပါတယ်။

## Yesterday

Yesterday ဆိုတာ အဓိပ္ပာယ် ရှင်းရှင်းပဲဆိုရင်တော့ မနေ့ကပေါ့။ အတိတ်ပေါ့။ ဆရာတို့ဆီက မကြာခင်မှာ Politic ဆိုတဲ့ ဂျာနယ်ရဲ့Motto လေးကလည်း Yesterday Today Tomorrow တဲ့။ ဆရာတို့က Yesterday ကို တန်ဖိုးထားရမယ်။ အတိတ်ဆိုတာသမိုင်းပဲ။ ဒီနေ့ဖြစ်ပျက်နေတာတွေ အားလုံးက Yesterday နဲ့ မကင်းလွတ်ကြဘူး။ Yesterday ရဲ့အကျိုးဆက်က ဒီနေ့မှာ လာပြီးဖြစ်ပျက်နေတာ Yesterday ကောင်းခဲ့ရင် Today ကောင်းမယ်။ Today ကောင်းရင် Tomorrow ကောင်းမယ်။Yesterday ဆိုတာကလည်း ဒီအတိုင်းရောက်ခဲ့တာ မဟုတ်ဘူးလေ။ Today ကနေ ဖြတ်သန်းမှ Yesterday ကိုရောက်မှာလေ။ ဒါကြောင့် Yesterday ကောင်းဖို့ဆိုရင် Today မှာ ကောင်းတာတွေ လုပ်ရမှာပေါ့။သမိုင်းကောင်းတွေ ကျန်ဖို့က Yesterday ကောင်းဖို့လိုတယ်။ လူတွေအားလုံးက အချိန်ဆိုတဲ့ ရထားကြီးကို စီးပြီးသွားကြတာလေ။ ကိုယ် ဘယ်ဘူတာမှာ ဆင်းရမှန်းလည်း မခန့်မှန်းနိုင်ဘူး။ တချို့က ကိုယ်စီးချင်တဲ့ ဘူတာအထိ လိုက်နိုင်ပေမယ့် တချို့ကကျတော့လည်း လမ်းတစ်ဝက်က ဘူတာတွေမှာပဲ ဆင်းကျန်ခဲ့ရတာတွေရှိတယ်။ ဒါပေမဲ့ ဒီလူတွေအကုန်လုံးက သမိုင်းမှာ ကျန်ကြမယ့်သူတွေပဲလေ။ ဒါကြောင့် ရထားစီးသူတွေ အားလုံးက ကောင်းတဲ့သမိုင်းတွေကိုပဲ ဖန်တီးခဲ့ကြရင်ကောင်းတာပေါ့။ ဒီတော့ Yesterday ကို မမေ့ထားကြပါနဲ့။ Yesterday ကောင်းမှ အတိတ်ကောင်းမယ်။ အတိတ်ကောင်းမှ သမိုင်းလှမှာပါ။

## Yourself

လူဆိုတာက မွေးဖွားလာချိန်မှာ ကိုယ့်အား






## Profile

| | |
|---|---|
| အမည် | ဦးခင်မောင်ကြွယ် |
| ကလောင်အမည် | ကောင်းသန့် |
| မွေးသက္ကရာဇ် | ၄.၇.၁၉၄၉ |
| လက်ရှိအလုပ်အကိုင် | အယ်ဒီတာချုပ်(Youth Magazine, Best Magazine)၊ ကောင်းသန့်စာပေတိုက်ထုတ်ဝေသူ၊ စာရေးသားခြင်း |
| ထွက်ခဲ့ဖူးပြီးသော စာအုပ်အရေအတွက် | ၈၇အုပ် အိပ်မက်အလွမ်း(၁၉၉၉-အမျိုးသားစာပေဝတ္ထုရှည်ဆု)၊ သမီးလေးဖတ်ဖို့စကားစုများ(လူသိများထင်ရှားသောစာအုပ်) |

ကိုယ်မကိုးနိုင်ကြဘူး။ သူများကိုပဲ အားကိုးကြရတာ တိရစ္ဆာန်မှာကျတော့ အင်အားတွေရှိတယ်လေ။ ကျားတွေ၊ ခြင်္သေ့တွေဆိုရင်လည်း အားကြီးတယ်။ ဆင်တွေဆိုရင်တော့ အားကြီးတာပြောဖို့ကို မလိုတော့ဘူး။ တိရစ္ဆာန်မှာက မွေးရာပါဗီဇသတ္တိတွေပါလာကြတယ်။ လူတွေမှာကျတော့ အဲဒါတွေ မပါလာဘူး။ လူမှာက ဦးနှောက်ပဲပါလာတာ။ အဲဒီ ဦးနှောက်ကိုပဲ ထက်သထက် ထက်အောင် လေ့ကျင့်ပေးရတယ်။ အဲဒီလိုလေ့ကျင့်ရင်းနဲ့ ထက်မြက်လာပြီး ခုနက အင်အားကြီးပါတယ်ဆိုတဲ့ တိရစ္ဆာန်တွေအားလုံးကို ခိုင်းနိုင်တဲ့သူဖြစ်သွားတယ်။ ဦးနှောက်ကို အစွမ်းထက်အောင် တန်ဖိုးရှိအောင် သင်ကြားပေးရမယ်။ ဘယ်လိုသင်ကြားပေးရမလဲဆိုတော့ အတွေ့အကြုံတွေ၊ စာအုပ်စာပေတွေ လေ့လာပြီးသင်ယူရမယ်။ ဖတ်ရမယ်၊ မှတ်ရမယ်။ အလုပ်တွေလုပ်ပြီး အတွေ့အကြုံတွေယူကြည့်ရတယ်။ မှားတာတွေကို ပြင်ပြီး မှန်အောင်လုပ်ရမယ်။ ဦးနှောက်က အစွမ်းထက်လာရင် ကမ္ဘာကြီးကိုလည်း ဖျက်ဆီးပစ်နိုင်တယ်။ ကမ္ဘာကြီး ငြိမ်းချမ်းအောင်လည်း ဖန်တီးနိုင်တယ်။ လူ့အစွမ်းသတ္တိက အန္တိမ်းမဲ့ဖြစ်လာတယ်။ ဒါပေမဲ့ တစ်ခါတစ်ရံ လူတွေက ကိုယ်တိုင်အားမကိုးချင်ဘဲ သူများကိုပဲ အားကိုးချင်ကြတယ်။ လူတွေက အားကိုးရာ ခိုကိုးရာရှာကြတယ်။ ကိုယ့်အားကိုယ်မကိုးဘဲ တစ်စုံတစ်ခုသော တန်ခိုးရှင်က လုပ်ပေးရင် သူ့ဘဝပြည့်စုံသွားလိမ့်မယ်လို့ ထင်နေတတ်တယ်။ ဒါကြောင့်လည်း ဘိုးတော်တွေ နတ်ဆရာ တွေရှိလာတာပေါ့။ ဒါပေမဲ့ ကိုယ့်အားကိုယ်မကိုးရင် ဘာတစ်ခုမှဖြစ်လာမှာမဟုတ်ဘူး။ မင်းဖြစ်ချင်လား။ ဒါဆိုရင် မင်းကိုယ်တိုင်လုပ်မှပဲ ရလိမ့်မယ်။ Yourself ဆိုတာ မင်းကိုယ်တိုင် ဆိုတာလေ။ ကိုယ့်အားကိုယ်ကိုးရမယ်လို့ဆိုတာပေါ့။ ကိုယ့်အားကိုယ်မကိုးရင် အနာဂတ်နိုင်ငံအတွက် ရင်လေးစရာတွေဖြစ်သွားလိမ့်မယ်။ အထူးသဖြင့် လူငယ်တွေမှာ ကိုယ့်အားကိုယ်ကိုးချင်တဲ့ စိတ်ရှိရမယ်။ အခွင့်အလမ်းတွေ၊ အခွင့်အရေးတွေဆိုတာက ကိုယ့်ရဲ့ လက်တစ်ကမ်းမှာပဲရှိတာ။ အဲဒီအခွင့်အလမ်းတွေကို ကိုယ့်ရဲ့ ကိုယ်ပိုင်အရည်အချင်းတွေနဲ့မှ ပိုင်ဆိုင်ရမှာ လူငယ်တွေမှာက အချိန်တွေက အရမ်းရှိတယ်။ အချိန်အများဆုံး ပိုင်ဆိုင်ထားတဲ့ သူတွေက လူငယ်တွေပဲ။ ဒါကြောင့် လူငယ်တွေက အဲဒီအချိန်တွေကို အကောင်းဆုံးအသုံးချပြီး ဘဝတိုးတက်အောင် လုပ်သင့်တယ်။ ဒါကြောင့် လူငယ်တွေကလေ့လာ သင်ယူပါ၊ ယုံကြည်ပါ ကိုယ့်အားကိုယ်ကိုးပါ၊ အမြဲသင်ယူလေ့လာပါ။

Youth လူငယ်တစ်ယောက်က Yesterday အတိတ်ကို သတိရပါ။

Today မှာ အကောင်းဆုံးလုပ်ပါ။ ပြီးတော့ Yourself ဆိုတဲ့ ကိုယ့်အားကိုယ်ကိုး စိတ်ဓာတ်ရှိပါ။

■ ■ ■



## Profile

| | |
|---|---|
| အမည် | ချန်ချန်(ခ)ဝင်းထွဋ်တာရာ |
| မွေးသက္ကရာဇ် | ၁၅.၁.၁၉၈၈ |
| လက်ရှိအလုပ်အကိုင် | ZAKH Fashion |
| နေရပ်လိပ်စာ | No.(9)၊နဝဒေးလမ်း၊ မရမ်းကုန်းမြို့နယ် |

### Youth

Youth ဆိုတာက အားလုံးသိတဲ့အတိုင်း လူငယ်ကိုပြောတာပေါ့။ လူငယ်ဆိုတာက ကလေးဘဝနဲ့ လူကြီးဘဝရဲ့ ကြားကာလတစ်ခုပေါ့။ ဒီလိုအချိန်မှာက အတက်ကြွဆုံး၊ အားအရှိဆုံးအချိန်ပေါ့။ အရာအားလုံးကလည်း ဘာမဆိုဖြစ်နိုင်တဲ့အချိန်ပဲ။ ဘဝအတွက် ဘယ်လိုရွေးချယ်မှာလဲ၊ ကိုယ့်ရဲ့ လူကြီးဘဝကို ဘယ်လိုဖြတ်သန်းသွားမလဲဆိုတဲ့ Decision တွေကို ဒီလိုလူငယ်အချိန်မှာ လုပ်ရတာပေါ့။ ရွေးစရာလမ်းတွေ options တွေကလည်း လူငယ်အချိန်မှာက အများကြီးပဲ။ ကောင်းတာတွေ ရွေးချယ်ခွင့်ရသလို၊ မကောင်းတာတွေ ဖြစ်သွားနိုင်တဲ့ အခြေအနေတွေလည်း များတယ်။ ဘာလို့လဲဆိုတော့ ချန်ချန်တို့ လူငယ်တွေက ဖယောင်းလိုပဲ လိုသလို ပုံသွင်းလို့ရတယ်။ ဒါကြောင့် လူငယ်တွေရဲ့ ပတ်ဝန်းကျင်က အရေးကြီးတယ်။ မိဘ၊ ဆရာ၊ သူငယ်ချင်း အားလုံးပေါ့။ ကိုယ်တိုင်ကလည်း အရေးကြီးတာပဲ။ ကိုယ်ကိုယ်တိုင်ကလည်း သစ္စာရှိရမယ်။ ဘာလို့လဲဆိုတော့ ကိုယ့်ရဲ့လုပ်ရပ်တွေကို ဘယ်သူမှမသိရင်တောင်မှ ကိုယ့်ကိုယ် ကိုယ်တော့ သိနေတာပဲလေ။ ကိုယ့်ရဲ့ လူငယ်ဘဝမှာ လုပ်တဲ့လုပ်ရပ်တွေက ကောင်းမှ လူကြီးဘဝမှာ ကောင်းမှာလေ။ ဒါကြောင့် ကိုယ့်ရဲ့လုပ်ရပ်တွေကို သစ္စာရှိဖို့ပဲ ပြောချင်ပါတယ်။

### Yesterday

Yesterday ဆိုတာက အတိတ်ကာလတစ်ခုပဲပေါ့။ လူတိုင်းမှာက Yesterday မှာဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေ ရှိကြပါတယ်။ ဒီနေ့ရဲ့ ကိုယ့်အဖြစ်အပျက်တွေက မနေ့ကနဲ့ ဆက်စပ်နေ တယ်။ Past ရယ်၊ Present ရယ်၊ Future ရယ်က အမြဲဆက်စပ်နေတာပါ။ Past မှာ အမှားတွေလည်း ရှိခဲ့ဖူးမှာပါ။ အမှားကင်းတဲ့လူရယ်လို့ မရှိပါဘူး။ ဒါပေမဲ့ အဲဒီအမှားကို လက်ခံပြီး အမှန်ပြန်ပြင်ချင်စိတ်က အရေးကြီးတာပဲ။ အမှားအတိုင်းဆက်သွားရင်တော့ အနာဂတ်မှာလည်း မှားနေမှာပဲ။ ချန်ချန်အမြင်မှာတော့ Yesterday က အတွေ့အကြုံတွေကို သင်ခန်းစာယူပြီး ဒီနေ့မှာ ကောင်းအောင်နေရင် အနာဂတ်ဆိုတာလည်း လှမှာပဲလို့ ယုံကြည်တယ်။ ပြီးသွားတဲ့ ကိစ္စတွေပဲဆိုပြီး မေ့လိုက်တာတော့ မလုပ်ပါနဲ့။ Yesterday က ကိစ္စတွေကလည်း ကိုယ့်ဘဝအတွက် အရေးပါပါတယ်။

### Yourself

Fashion Designer Diane Von Fustenberg ဆိုတဲ့သူကပြောတဲ့ စကားလေးရှိတယ်။ ချန်ချန် တအားသဘောကျတယ်။ သူက ဘာပြောလဲဆိုတော့ "The most important relationship you will ever have is the one with yourself" တဲ့။ လောကမှာ ကိုယ်ကိုယ်တိုင်က အရေးအကြီးဆုံးပဲ။ တခြားလူတွေဆိုတာက မိဘပဲဖြစ်ပါစေပေါ့။ ကိုယ့်ဘဝမှာ အမြဲဝင်မနေနိုင်ဘူး။ တခြားလူတွေက ကိုယ့်ဘဝထဲကို ဝင်လိုက် ထွက်လိုက်ပဲရှိနေမှာ။ တစ်ဘဝလုံးကိုယ်နဲ့အတူ နေသွားရမှာက ကိုယ်ကိုယ်တိုင်နဲ့ပဲ။ ဒါကြောင့် အမှားတစ်ခုလုပ်မယ်ဆိုရင်လည်း စဉ်းစားသင့်တယ်။ ဒီအမှားလုပ်ထားတဲ့ ကိုယ်က ကိုယ်ကိုယ်တိုင်နဲ့ တစ်သက်လုံးနေနိုင်လားပေါ့။ ဘယ်လိုကိစ္စမဆို ကိုယ်ကြောင့်ပဲဖြစ်ရမှာလေ။ တခြားလူကြောင့်ဆိုတာ ရာခိုင်နှုန်းအားဖြင့် နည်းပါတယ်။ ဒါကြောင့် ကောင်းတာတွေကိုလည်း ကိုယ်တိုင်လုပ်နိုင်သလို မကောင်းတာတွေကိုလည်း ဖန်တီးနိုင်သေးတာပဲလေ။ ဘယ်သူမပြု မိမိမှုဆိုတဲ့ စကားလိုပေါ့။ ဒါကြောင့် ချန်ချန်ပြောချင်တာက ကိုယ့်ကိုယ်ကိုယ် လေးစားပါ။ ကိုယ်တိုင်က လေးစားမှ တခြားလူတွေ လေးစားရမယ့်လုပ်ရပ်တွေ ဖြစ်လာမှာလေ။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် Respect ထားဖို့ မမေ့ပါနဲ့လို့ ပြောချင်ပါတယ်။

ဖြိုးစုပို

Asian Family Media Group

## မြို့ကြီးထဲက ရွာ



ပုံနှိပ်သစ်လွင် ကဗျာဥယျာဉ်

ကျွှာကြီးထဲက ကျွှာလေးပါ
တစ်နေ့ တစ်နေ့ ခက်ခဲမှုတွေနဲ့ နပန်းလုံးရင်း
တစ်ကိုယ်စာနေရာမှာ သူတို့အခြေချခဲ့တာ
ခုဆို
လေးရာသီတိုင်ခဲ့ပြီလေ
နာရီအလိုက် ရုန်းကန်ရင်း
ရှင်သန်ခြင်းအနက်ကို ငွေနဲ့တွက်လို့
ခေတ်မွတ်မှုတွေ စားသုံးဖို့လည်း
သူတို့ ဝန်မလေးခဲ့ဘူး။
အင်တာနက် မသိ
အီးမေးလ် မသိ
အိုဘားမား မသိ
ဘင်လာဒင် မသိ
တကယ်ဆို လူဖြစ်လာခြင်းကိုက
သူတို့အတွက် အမှားကို နှစ်ကိုယ်ခွဲနေသလို ... ။
သူတို့ကျွှာမှာ
ဆယ်ပေပတ်လည် အခန်းကျဉ်းလေးရှိတယ်။
ငါးဆယ်တန် ချဉ်ပေါင်းတစ်ခွက် ရှိတယ်
ဗိုအားဖျော့ဖျော့ မီးသီးအဝါလေးရှိတယ်
ပကတိဘဝနဲ့ ခဏာကင်းကွာဖို့
အနားယူစရာ ဗီဒီယိုရုံရှိတယ်
ပြီးတော့
ပြန်လာချိန်ကို မျှော်နေတဲ့
အရောင်မဲ့ မျက်ဝန်းတွေရှိတယ်။
အချိန်တွေ ပြောင်းလဲခဲ့လည်း
သူတို့ဘဝ မပြောင်းလဲခဲ့ဘူး
တစ်နှစ်ပြီး တစ်နှစ်
တစ်လပြီး တစ်လ
ကွာခြားမလာတဲ့ ခဏာတွေတိုင်းမှာပဲ
သူတို့ကျင်လည်ခဲ့ကြတာ
ဘဝဟာ မျှော်လင့်ခြင်းဆိုရင်တောင်
သူတို့လမ်းတော့ မပျောက်လိုဘူးတဲ့လေ...
တွေးတွေးဆဆပြောရင်း
အဝေးကို ငေးလိုက်တဲ့အခါ
အိမ်နံဘေးက ဝက်အော်သံကြားလိုက်တယ်
လမ်းတွေကတော့ ဗွက်တွေထူတုန်း... ။

နေခြည်သစ်

## မြည်တမ်းခြင်း



ပုံနှိပ်သစ်လွင် ကဗျာဥယျာဉ်

ဝိုးတဝါး ခြေသံတရုပ်ရုပ်
ငါ့အာရုံမှာ လာထိကပ်လာသမျှ
နာရီတစ်လုံးနဲ့ လက်တံတွေအတိုင်း
ငါ့နလုံးသား ကျိန်သံတွေကို
ငါ အတိုင်းသားကြားနေရတယ် ....
ကာရန်မဲ့ညတွေက
ဆင်ဆိုးတစ်ကောင်ရဲ့ ငိုသံတွေလို
တအူးအူး မြည်ဟစ်နေကြတယ်
မနက်ဖြန်တိုင်းမှာလည်း
အနာဂတ်တွေ မရှိတော့သလို
အနာဂတ်တိုင်းမှာလည်း
မနက်ဖြန်တွေ မရှိတော့ဘူး ...
သွားလာလှုပ်ရှားနေသမျှ
အတိတ်ဘဝရဲ့ မှန်တွေလို
ကိုယ့်ပုံကိုယ်ကြည့်ပြီး
ငါ ကိုယ်တိုင်ဟာ ... ငါမှ ဟုတ်ရဲ့လား
အာရုံတွေ ထွေပြားနေခြင်းက
အသက်ရှင်နေတဲ့ ဝိညာဉ်တစ်ကောင်လို
ဟိုရောက် ... ဒီရောက်
အထာမပေါက်တဲ့ စကားဗုက်တွေနဲ့အတူ
သေဆုံးခွင့်ပေးပါတော့ ...

အလင်းစစ် (မိုးညှင်း)

Asian Prime Media Group



ဖူးနုသစ်လွင် ကဗျာဥယျာဉ်

## အချစ်ပြဿဒါး

ဒဏ်ရာများနဲ့ ကောင်းကင်
ကြယ်စင်တွေ စစ်ခင်း
လမင်းက လှောင်ပြုံး
ငါ့နှလုံးသား တိမ်ဖုံးတဲ့နေ့
အဲဒီနေ့ကပေါ့ .... ။
ကာရန်တွေ အစဉ်မချို
ကဗျာတွေ ငိုတဲ့နေ့။
တမ်းတခြင်းက ရင်ကို လိုက်စား
မေတ္တာကမ်းပါးတွေ တဖြည်းဖြည်းပြိုကျ။
သံသယတွေ တရကြမ်းဖျက်နှင်းခဲ့လို့
နားလည်မှုတံတားလေး ပျက်စီးခဲ့ပြီ။
ပန်းတိုင်ကို ရိုက်ချိုး ယင်ပူဇော်တာတောင်
အချစ်က အမှောင်ကို မခွင်းနိုင်ခဲ့လို့
မသေချာခြင်းတွေ ရောစပ်ထားတဲ့ ကာလတစ်ခုအတွက်
ငါ .... အရှင်လတ်လတ် ကျရှုံးခဲ့ပေါ့။ ။

သျှင်နောင်းညို (တံတားဦး)



ဖူးနုသစ်လွင် ကဗျာဥယျာဉ်

## အိုဗာစတေး

ဇာတ်လမ်းအရ
ထောင်နှုတ်ခမ်းပေါ် လမ်းလျှောက်ဖို့ ဖြစ်လာတော့
မည်းမည်းမြင်သမျှ ထိတ်လန့်တတ်ခဲ့တာ ကြာပေါ့။
စူးစူးနစ်နစ် ယုံကြည်ထားသမျှ
အိပ်မက်ကို ပုံဖော်ရင်း
ခါးသီးပေမယ့် မျိုချခဲ့ရတယ်
ချိုမြသော်လည်း အန်ထုတ်ခဲ့ရတယ်။
ရှေ့မှာ
ဆောင်ရန် ရှောင်ရန်အပြည့်နဲ့ လမ်းကျဉ်း
ကိုယ့်ကိုယ်ကိုယ် တည့်မတ်ထိန်းလျှောက်နိုင်မှ
ဒဏ်ရာ အနာတရ သက်သာမယ်။
ပြဿဒါးတွေ အုပ်လိုက်သင်းလိုက် ဒီနှစ်မှာ
ညဆိုတာ အိပ်ဖို့သက်သက် မဟုတ်လေတော့
လုံခြုံရေးအတွက် ပုန်းခိုစရာရှာရင်း
ဆီအုန်းတောလည်း အိမ်ဖြစ်ခဲ့ဖူးပါရဲ့၊
ကောင်းကင်ထဲ ပျံဝဲနေတဲ့ငှက်လို
နေညိုရင် ဘယ်အပင်ခိုရမလဲ ....
နေထွက်ရင် ဘယ်စားကျက်မှာ သက်ဆင်းရမလဲ ....
သိုက်မြုံဝေးမှာ ဝမ်းစာရှာတဲ့ ကျွန်တော့်ဘဝ၊
ကျွတ်ကျွတ်အိတ် သေးသေးလေးတွေထဲ
ဆန်နို့ဆီဘူး နှစ်ဘူးစာနဲ့
ရေမြောင်းနံဘေးက
အရွက်သေးသေး ကန်စွန်းရွက်တွေ
ချိုးယူခဲ့ရတယ်။
ခွေးရူးတွေ ပတ်ပတ်လည်ထိုးဟောင်နေလို့
'အမေရေ'
သား အိမ်ပြင်ထွက်လို့ မရဘူး။
ဇာတ်လမ်းအရ
ထောင်နှုတ်ခမ်းပေါ် လမ်းလျှောက်ဖို့ဖြစ်လာတော့
မည်းမည်းမြင်သမျှ ထိတ်လန့်တတ်ခဲ့တာ ကြာပေါ့။ ။

မောင်လှ




## အမေအိုသို့ လွမ်းချင်း

အနိစ္စတရားနဲ့ အနီးကပ်ဆုံးရင်ဆိုင်နေတဲ့
လူတစ်ယောက်ဟာ အမေပါပဲ၊
ဒုက္ခတရားကို အသေအလဲထိုးသတ်ဖို့
အကြိမ်ကြိမ်ကြိုးစားခဲ့တာလည်း အမေပါပဲ၊
အနတ္တတရားနဲ့
ဆံဖြူသွားကျိုး ပေါင်းသင်းခဲ့တာလည်း အမေပါပဲ။
ရက်စက်လိုက်ကြတာ
သေမင်းရဲ့ ခံတွင်းဝကို
ဘယ်သူတွေ တွန်းပို့လိုက်ကြတာလဲ။
ဒီလို .... ဒီလိုနဲ့
ပျောက်ဆုံးသွားတဲ့ အမေတွေ
ပျောက်ဆုံးသွားတဲ့ ခန္ဓာကိုယ်တွေ
ကမ္ဘာမှာ ဘယ်လောက်တောင်ရှိနေပြီလဲ။
အမေများနေ့ရဲ့ အမေ့နေ့အကြောင်း ....
လက်မရှံ့ ကဗျာဆရာတစ်ယောက်ရဲ့ အမေ့အကြောင်း ....
ဦးကျော်သူအကြောင်း ....
အကြောင်းပေါင်းစုံနဲ့ အတူ
အကျိုးတရားကို ရှာဖွေလိုက်ချိန်
အားလုံးဟာ .... သခ်ီရဲ့ သားကောင်ဖြစ်လိုက်
အားလုံးဟာ .... သခ်ီရဲ့ မုဆိုးဖြစ်လိုက်နဲ့ပေါ့။
မေမေရေ ....
တစ်နေ့ကျရင် အားလုံးဟာ
လောင်တိုက်ထဲ သွင်းခံရမယ့် လူသားတွေချည်းပါပဲ။
နောက်ဆုံးတော့လည်း ....
ခင်ဗျား ပြောသလိုပ
နေညိုရင် အမေအိုကို သတိရတယ်တဲ့
ကျုပ်က
ရောင်နီလာကတည်းက
အမေအိုကို သတိရတယ်ဆိုရင်
ခင်ဗျားဘာပြောမလဲ။ ။

နေအိမ်ဝန်း (ကန့်ဘလူ)




## သရုပ်ဆောင်

ဇာတ်လမ်းကို သူပဲစခဲ့ပါ၏၊
ဇာတ်သိမ်းကိုလည်း
သူပဲ ရေးခဲ့ပါ၏။
သူတို့ သတ်မှတ်ခဲ့သော
ဟာသဆန်ဆန် အချစ်ဇာတ်လမ်းသည်
သူမအတွက်တော့
မမျှော်လင့်သော
အဖြစ်ဆိုးများနှင့် ဇာတ်သိမ်းသော
ရင်နာစရာ ဇာတ်လမ်းတစ်ပုဒ်ပင်၊
ဇာတ်သိမ်းတွင်
ငိုလိုက် လွမ်းလိုက် ရှူးလိုက်နှင့်
မင်းသမီးကတော့ ငေါင်းစင်းစင်းပင်၊
သူမအား ဇာတ်ရုံဘွဲ့
ပေးလိုက်ပြီဖြစ်သော
မင်းသားကတော့
သရုပ်ဆောင်ကောင်းခဲ့လွန်း၍
အကယ်ဒမီပင် ဝိုင်းမှန်းကြလေသည်၊
မင်းသားလည်း
လက်ခုပ်သံများအကြား မာန်ဝင့်စွာနှင့်
နောက် ဇာတ်လမ်းတစ်ပုဒ်တွင်
ကြိုးစားပမ်းစား သရုပ်ဆောင်
ပြန်လေသည်။

သမုန်းဖူး

Asian Frame Media Group




ဖူးနုသစ်လွင် ကဗျာဥယျာဉ်

## စိတ်ဒဏ်ရာ (၁)

မလှပတဲ့ ဘဝတစ်ခုကြားမှာ
ခါးသက်သက် စကားလုံးက နားထဲမှာ လောင်မြိုက်
ပုံသေနည်းဆန်တဲ့ လူတွေရဲ့ အတွေးတွေကြားမှာ
ရောဂါသည်တစ်ယောက်ဟာ အနာဂတ်ပျောက်ခဲ့တယ်။
မျှော်လင့်ချက်တွေနဲ့ ရှင်သန်ခွင့်အတွက်
အားပေးမယ့် အားဆေးကို သောက်ချင်လို့ တောင့်တခဲ့ပေမယ့်
အနာပေါ်ကို တုတ်ကျသလို ခံစားခဲ့ရတဲ့ဝေဒနာက
သေရာပါအမှတ်တရတစ်ခုအဖြစ်နဲ့
စိတ်မှာ ဒဏ်ရာရခဲ့ ......
အရာရာတိုင်းကို အရှုံးပေးရင် ဘဝကို စတေးရမလိုပဲ
ဝင်္ကပါလိုလည်ရင်
နှလုံးသားနဲ့ သီဆိုခဲ့တဲ့ အချစ်သီချင်းကလည်း ချိုပြီးတော့ခါး
ခြားနားခြင်းတွေနဲ့ယှဉ်တဲ့ အဖြေက
ရောဂါသည်တစ်ယောက်ရဲ့ ရင်ဘတ်ကို
အသည်းကွဲမြားတစ်စင်းနဲ့ ပစ်ခွင်းလို့ အကြောင်းပြချက်မလိုတဲ့
စကားလုံးများနဲ့ပဲ အလွမ်းတွေအန်ချခွင့်မရတဲ့အဆုံးမှာ ......
စိတ်ဒဏ်ရာစကားလုံးတွေသာ
နောက်ဆုံးတော့ ပိုင်ဆိုင်ခဲ့တယ်။ ။

စောအိဏ်းနှင်း(ရွှေဘို)



ဖူးနုသစ်လွင် ကဗျာဥယျာဉ်

## စက်ရုပ်တို့နှင့် မြို့ပြ

ဖြာထွက်နေဟန် သွေးကြွက်တွေရဲ့
ဗဟိုဟာ သတ္တဝါတစ်ကောင်
ဇီဝိန်ချုပ်ငြိမ်းရာ နေရာမှန်းမသိစဉ်က
နံရံဖွေးဖွေးမှာ ပန်းခြောက်ကလေး
ကပ်နေခဲ့သလို ကဗျာဆန်တယ်။
အတည်ပြုစရာ ဝတ်ဆံကတော့
ပျောက်ခြင်းမလှ ပျောက်နေခဲ့တယ်။
လူသားတိုင်း
အကန့်ဖွဲ့ထားတဲ့ နှလုံးသားနဲ့ ဦးနှောက်တွေ
ကိုယ်စီရှိပါလျက်
မှုတစ္စာ တွေးခေါ်စာနာခြင်းတရား
အကြောင်းမဲ့ ခေါင်းပါးနေကြရင်း
မှန်တစ်ချပ်လိုမှ တုံ့ပြန်မှုမရှိတဲ့
လောကကြီးအဖြစ်ကို အတွေးပိုပြီး
ဟစ်ကြွေးငိုချင်စိတ် မရှိအောင်
အထပ်ထပ် ထုံကျဉ်နေကြပြီ။
အများသူငါ အားနည်းချက်များစွာကို
မဖေးမ၊ မစင်ကြယ်စေဘဲ
ခြေမှုန်လိုမှတ် လှမ်းကာတက်မှ
အမြင့်ရောက်စတမ်းဆို
လေတိုက်ခံဖို့ အင်အားရှိပါ့မလားလို့ မတွေးဖြစ်ကြပြန်ဘူး။
မျက်ရည်ကိုနှင် အပြုံးတစ်ချက်ကိုပြင်
ရိုးသားမှုကိုပယ် မာယာကြွယ်နိုင်မှ
ဝင်ဆံ့မှုဖြစ်ခဲ့ရတယ်။
ဥဩသံသာက ကွန်ပျူတာလောက်မှ
အသုံးမဝင်ဘဲ
ဆည်းဆာရောင်သန်း၊ နာရီကိန်းဂဏန်းလောက်မှ
အရေးမပါတဲ့အခါ ထိုမြို့ထဲမှာ
ခံစားချက်မဲ့ စက်ရုပ်လူသားတို့
အကျည်းတန်စွာ သွားလာလှုပ်ရှားလို့။ ။

ခရေခင်

ကဗျာချစ်သူ၊ ကဗျာဝါသနာရှင်မည်သူမဆို **'ဖူးနုသစ်လွင်ကဗျာဥယျာဉ်'**ကဏ္ဍသို့ လိပ်မူပြီး ကဗျာများပေးပို့နိုင်ပါသည်။ ကဗျာပေးပို့ရာတွင် ကလောင်အမည်၊ အမည်ရင်း၊ နိုင်ငံသားကတ်ပြားအမှတ်၊ ပညာအရည်အချင်း၊ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာနှင့် **ဖုန်းနံပါတ်**ကို အပြည့်အစုံထည့်ပေးပါရန်။ (ရွေးချယ်ခံရသည့် စာမူရှင်များကို စာမူခ ချီးမြှင့်မည်ဖြစ်ပါကြောင်း)

Asian Frame Media Group
af MEDIA GROUP

# YATI HOROSCOPE

ဒေါက်တာမြတ်သစ် (မန္တလေး)




## သိဟ်ရာသီ

(ဇူလိုင် ၂၃ မှ ဩဂုတ် ၂၂ ကြား မွေးဖွားသူများ)

သင့်အတွက် အလုပ်သစ်လမ်းကြောင်းပေါ်သို့ ပြောင်းလဲလုပ်ဆောင်သင့်ပေသည်။ ငွေအခက်အခဲ - လုပ်ငန်းကျဆင်းမှုမှ လက်ရှိလမ်းကြောင်းမှ လွတ်ကင်းရန် မမြင်ပေ။ စီးပွားရေးကပ်မှ ဆက်နစ်မွန်းပြီး အကြွေးသံသယထဲ ရှိနေပေမည်။ ပညာရေး - တိုးတက်မှုရှိလာ၍ မိဘတို့ စိတ်ချမ်းသာစေမည်။ သူငယ်ချင်းချင်း စိတ်ဝမ်းကွဲမှုတို့ အဆင်ပြေစေတတ်သည်။ မောင်နှမချင်း အဆင်မပြေနိုင်သေးပါ။ ဆိုက်ကယ်စီး သတိပြုပါ။ လက်ကျိုးတတ်သည်။ အိမ်မွေး တိရစ္ဆာန် ဒုက္ခပေးတတ်၍ သတိပြုပါ။ ပတ်ဝန်းကျင်နှင့် ရန်မီးပွားရတတ်သည်။ အချစ်ရေး - ကံကောင်းစေမည်။

**ယတြာ။ ။အကျီဟောင်းစွန့်ပါ။**




## ကန်ရာသီ

(ဩဂုတ် ၂၃ မှ စက်တင်ဘာ ၂၂ ကြားမွေးဖွားသူများ)

သင့်အတွက် နာမည်သာကြီးပြီး ငွေမချမ်းသာ၊ အများရှေ့ ဟန်ကောင်းကောင်း နေရသော အခြေအနေထဲမှ ရုန်းမထွက်နိုင်သေးပါ။ အသစ်သစ်သော ပစ္စည်းများ အကျိုးအမြတ် မထွက်နိုင်သေးပါ။ နှစ်ပေါင်းများစွာကွဲနေသော ငယ်ကျွမ်းဆွေတို့နှင့် ပြန်ဆုံတတ်သည်။ ပညာရေး ကောင်းသည်။ အတူလုပ်ဖော်ကိုင်ဖက်များ၏ အတင်းအဖျင်း ပြောခြင်း ခံရတတ်သည်။ အချစ်ရေး - ရင်ခုန်စရာ တွေ့ရတတ်သည်။ ခရီးရှည်ကိစ္စ ပျက်တတ်သည်။

**ယတြာ။ ။ဖိနပ်၊ ထီး အဟောင်းများ စွန့်ပေးပါ။**




## တူရာသီ

(စက်တင်ဘာ ၂၃ မှ အောက်တိုဘာ ၂၂ ကြား မွေးဖွားသူများ)

သင့်အတွက် အကောင်းဆုံး ကြိုးစား လုပ်ဆောင်ပေးသော်လည်း အကောင်းမမြင်၊ ချီးကျူးမခံရ ကြုံစေတတ်သည်။ မြေဝင်မည်။ ကား ဝယ်ယူမှု အဆင်ပြေစေလိမ့်မည်။ ပညာရေး - ထူးချွန်ထက်မြက်စေတတ်သည်။ တစ်ပါးသူမှ အသားလွတ် စွပ်စွဲဒုက္ခပေးတတ်သည်။ ယခုကာလ အသုံးစရိတ် များလိမ့်မည်။ ကိုယ်ချစ်ရသူမှ မုန်းနေတတ်၏။ အခွင့်အရေး ကောင်းရရန် ရှိသည်။ စိတ်ရှည်ထားပေးပါ။ အဝတ်အစားသစ် ရတတ်သည်။ မိခင် လေဖြတ်တတ်၍ သတိထားသင့်ပေသည်။

**ယတြာ။ ။ထီးအနီ ဂုလက် လှူပါ။**




## ဗြိစ္ဆာရာသီ

(အောက်တိုဘာ ၂၃ မှ နိုဝင်ဘာ ၂၂ ကြား မွေးဖွားသူများ)

သင့်အတွက် ငွေကြေးဥစ္စာ အရေးကြီးကြောင်း အရာရောက်တတ်ကြောင်းနှင့် ခြွေမှုရုံသည်ကို သဘောပေါက်လာမည်။ ရှေးဆန်သော အသိအမြင် အတွေးများကို ခွာချသင့်သည်။ စီးပွားရေး - ကြိုးစားသင့် သော ကာလ ဖြစ်သည်။ ပညာရေး အဆင်ပြေမည်။ စပ်တူတွဲသော စီမံကိန်း အကျိုးရှိစေမည်။ လုပ်ဆောင်သော အလုပ်တိုင်း ချောမွေ့ကံကောင်းစေပါလိမ့်မည်။ ပြည်ပခရီး ကောင်းမွန်မည်။ စက်၊ မြေထွက်စေလိမ့်မည်။ ဆေးရုံ၊ ထောင်ကိစ္စလိုက်ပါကူညီရမည်။ အချစ်ရေး အဆင်ပြေလိမ့်မည်။

**ယတြာ။ ။ပဲဆွမ်းတစ်လှူပေးပါ။**



Asian Home Media Group




## ဓနုရာသီ

(နိုဝင်ဘာ ၂၃ မှ ဒီဇင်ဘာ
၂၁ ကြား မွေးဖွားသူများ)

သင့်အတွက် ဝင်ငွေပိုင်းများစွာ ပင် တိုးတက်လာမည်။ အကျိုးအမြတ်များစေ လိမ့်မည်။ ကံကောင်းစေသော ကာလတစ်ခုပင် ဖြစ်ပေမည်။ ရန်များမည်။ အနှောင့်အယှက် ပေါ်များ၍ စိတ်ပျက်ရတတ်သည်။ မုန်းနေသူမှ ကူညီမှု ပေးလာ တတ်သည်။ လက်အောက်ငယ် သားများ၏ ဒုက္ခပေးခြင်းကြုံ စေမည်။ မထင်မှတ်သော ကလေး ရှိခြင်း ကြုံလာစေလိမ့် မည်။ မိသားစုဝင် အချင်းချင်း စကားပြောရတတ်သည်။ ပညာရေး ကောင်းမည်။ အချစ်ရေး အဆင်ပြေမည်။

**ယတြာ။ ။ရေသက်စေ့ သပ္ပာယ်ပေးပါ။**




## မကာရရာသီ

(ဒီဇင်ဘာ ၂၂ မှ ဇန်နဝါရီ
၂၁ ကြား မွေးဖွားသူများ)

သင့်အတွက် ထူးထူးခြားခြား လုပ်ငန်း အောင်မြင်မှုများ ရရှိလာတတ်သည်။ ပညာရေး၊ သင်တန်းတက်ခြင်း အဆင်ပြေစေမည်။ စက်ရုံ၊ အလုပ်ရုံကိစ္စ အဆင်ပြေပါ လိမ့်မည်။ သဘာဝဘေး အန္တရာယ် ရှိ၍ သတိပြုသင့် သည်။ မြေနှင့် ပတ်သက်၍ အထူး အကျိုးပေးပါလိမ့်မည်။ အလုပ်သစ် ကြိုးစားမှုတို့ ကံကောင်းလိမ့်မည်။ သားသမီးအတွက် အကုန် အကျများမည်။ အိမ်ထောင်ရေး - အဆင်မပြေတတ်၊ စိတ်ညစ် ရတတ်သည်။ ရည်းစားသစ်နှင့် တွဲ၍ ပြဿနာဖြစ်တတ်သည်။

**ယတြာ။ ။အမွှေးတိုင် ၂၇ တိုင် ထွန်း လှူပါ။**




## ကုမ်ရာသီ

(ဇန်နဝါရီ ၂၂ မှ ဖေဖော်ဝါရီ
၁၈ ကြားမွေးဖွားသူများ)

သင့်အတွက် နေရာ အလုပ်သစ် ကိစ္စတို့ကို စနစ်တကျပြင်ဆင် ထားသင့်ပေသည်။ အဆင့်မြင့် ပညာရေး အကျိုးပေးမည်။ တစ်ပါး သူမှ ကြွေးကျန်များ လာရှင်းလိမ့်မည်။ အိမ်ထောင် ရေး ရန်မီးပွားရလိမ့်မည်။ သားသမီး ပညာရေး အဆင်ပြေ စေမည်။ ပြည်ပလုပ်ငန်း စပ်တူ အကျိုးရှိစေလိမ့်မည်။ လုပ်ငန်း ပေါင်းကို ပြုပြင်ရတတ် သည်။ အဆောက်အဦး ဆောက်လုပ်သောကိစ္စ အဆင် ပြေလိမ့်မည်။ လျှို့ဝှက်ထားသော စီးပွားရေး လုပ်ငန်းတို့ အောင်မြင် စေတတ်သည်။ အချစ်ရေး - ကံကောင်းစေတတ်သည်။

**ယတြာ။ ။မွေးနံ့ဘုရား ရွှေတစ်လှူပါ။**




## မိန်ရာသီ

(ဖေဖော်ဝါရီ ၁၉ မှ မတ်
၂၀ ကြားမွေးဖွားသူများ)

သင့်အတွက် ဝင်ငွေကောင်း သောနေရာ အလုပ်တို့ရရှိလာ တတ်ပေသည်။ လက်ဆောင် ကောင်း ရရှိပေမည်။ ပညာရေး - ဘွဲ့လွန်အဆင်ပြေ မည်။ မြှုပ်နှံသော အရင်းအနှီး အကျိုးရှိစေတတ်သည်။ အပျင်းထူရမည့် အချိန် မဟုတ်ပါ။ ကူညီသော မိတ်ဆွေကောင်းတို့ ရရှိမည်။ သားသမီး ရတနာ ထွန်းကားမည်။ သမီး ရတနာ ရရှိစေတတ်သည်။ ခြေလေးချောင်း သတ္တဝါ သေတတ်သည်။ ခြေ၊ လက်၊ အဆစ်အကြော ဒုက္ခပေးမည်။ အချစ်ရေး - စိတ်လေးစရာ သတင်း ကြားရတတ်သည်။

**ယတြာ။ ။စပါးနံ့ လှူပါ။**

(၇) ရက်သားသမီးများ
၂၀၁၂ August လအတွက် ကံစမ်းထီထိုးရန်
အားကောင်းသော ဂြိုဟ်များမှာ

ပထမပတ် - စနေဂြိုဟ် (၇)၊ အင်္ဂါဂြိုဟ် (၃)
ဒုတိယပတ် - တနင်္ဂနွေဂြိုဟ် (၁)၊ ကိတ်ဂြိုဟ် (၉)
တတိယပတ် - ကြာသပတေးဂြိုဟ် (၅)၊ ရာဟုဂြိုဟ် (၈)
စတုတ္ထပတ် - စနေဂြိုဟ် (၀)၊ စနေဂြိုဟ် (၇)
တို့ဖြစ်သည်။

Asian Fame Media Group




## မိဿရာသီ

(မတ် ၂၁ မှ ဧပြီ ၂၀ ကြား
မွေးဖွားသူများ)

သင့်အတွက် အဝေးအရပ်သို့ သွားရတတ်သည်။ ကြွေးပေါင်း၊ ငွေပေါင်း ကိစ္စတို့ အဆင်မပြေတတ်ပေ။ လူပေလူတေတို့ ရောက်လာတတ်သည်။ အလုပ်ကိစ္စအတွက် အတိုက်အခံ များတတ်သည်။ အချစ်ရေး - မကောင်းကြံစည် တတ်သည်။ ပညာရေး - တိုးတက်မှု ရှိသော်လည်း ကြိုးစားရန် လိုသေးသည်။ မြေ၊ စက်နှင့် ပတ်သက်၍ စိတ်ညစ်ရတတ်သည်။ အိမ်တွင်းရေး သာယာမှု နည်းပါးပေလိမ့်မည်။ လူမျိုးခြားနှင့်တွဲ၍ မလုပ်သင့်ပေ။ လင်မယား မချောမွေ့ညီနိုင်း၍ မကောင်းတတ်ပေ။ အိမ်၌ အနေနည်းသော ကာလတစ်ခုပင် ဖြစ်ပေသည်။

**ယတြာ။ ။သပြေ ၁၀ ညွန့် လှူပေးပါ။**




## ပြိဿရာသီ

(ဧပြီ၂၁ မှ မေ ၂၁ ကြား
မွေးဖွားသူများ)

သင့်အတွက် နှုတ်ဆင်ခြင်၍ နေသင့်ပေသည်။ ဝင်ငွေ - အရောင်းအဝယ်ပိုင်းတို့တွင် တိုးပွားမှုရှိစေ၏။ အကျိုးအမြတ် ပေါ်များသော ကာလတစ်ခုပင် ဖြစ်ပေသည်။ ပြောမရဆိုမရသော မိန်းမကြောင့် စိတ်ညစ်ရတတ်ပေသည်။ သားသမီးရပ်ဝေး သွားသောကိစ္စ အဆင်ပြေ စေမည်။ ကလေး ထပ်မံယူရန် အစီအစဉ် မဖြစ်နိုင်သေးပေ။ ရေရှည်အတွက် အလုပ် သစ်တစ်ခုကို စီစဉ်ဆောင်ရွက်ရတတ် ပေသည်။ ကားဝယ်ယူသော အစီအစဉ် ယခုကာလမှ စတင်၍ လုပ်ဆောင်သင့်ပေသည်။ အချစ်ရေး - အဆင်ပြေပါ လိမ့်မည်။ ကလေးငယ်အတွက် အလုပ်သမား မတည်မြဲတတ်၍ စိတ်မောရစေ မည်။

**ယတြာ။ ။အချိုရည် တစ်လှူပေးပါ။**




## မေထုန်ရာသီ

(မေ ၂၂ မှ ဇွန် ၂၁ ကြား
မွေးဖွားသူများ)

သင့်အတွက် လုပ်ငန်းတွင်း စိတ်ဝမ်းကွဲပြားသော ကိစ္စတို့ကို မဖြစ်မနေဖြေရှင်းရ တတ်ပေသည်။ ချစ်ခင်နေသူကို မုန်းရတတ်သည်။ အကြံအစည် အောင်မြင်သော် လည်း အလိုဆန္ဒမပြည့်နိုင် သေးပါ။ အခွင့်အရေး ကောင်းတို့ကို အပြောအဆို ကြောင့် လက်လွှတ်ရတတ် ပေသည်။ သည်းခံစိတ်ဖြင့် ကြိုးစားမှုများစွာ လုပ်ဆောင် ရမည်။ ပညာရေး - အထူးပင် ကောင်းမွန်ပေသည်။ ခရီးရှည် ထပ်မံသွားရန် ရှိသေးသည်။ အချစ်ရေး - အဆင်မပြေ၍ ဒေါသ ဖြစ်ရတတ်သည်။ ခေါင်းမူး ခေါင်းကိုက်ကြုံမည်။ အများနှင့် လိုက်လျောညီထွေ နေတတ်ရန် အရေးကြီးပေသည်။

**ယတြာ။ ။ရေသန့် တစ်သိုလ်ပြုပါ။**




## ကရကဋ်ရာသီ

(ဇွန် ၂၂ မှ ဇူလိုင် ၂၂ ကြား
မွေးဖွားသူများ)

သင့်အတွက် လုပ်ငန်းကို အကြောင်းပြု၍ အဆက်အသွယ် ကောင်းများ ဆက်တိုက်ပင် ရရှိ စေတတ်သည်။ စက်ရုံအလုပ်ရုံ သစ် ထူထောင်မှု အကျိုး ရှိလာသလို မြေနှင့် ပတ်သက်လျှင် သတိထား၍ ဝယ်ယူသင့်ပေသည်။ အိမ်တွင်း မိသားစု အချင်းချင်း စိတ်ဝမ်းကွဲပြားမှုတို့သည် မိတ်ဆွေများအထိ ရောက်ရှိလာနိုင်ပေသည်။ မီးဘေး သတိပြုသင့်သည်။ ပညာရေး - ကျောင်း အရွှေ့အပြောင်း ကြုံလာ နိုင်ပေသည်။ အတွေးအခေါ် မှတ်ဉာဏ် ပိုကောင်းစေတတ် သည်။ စာတမ်းရေး ကိစ္စ အဆင်ပြေလာမည်။ အိမ်ထောင်ရေး - အချစ်ရေး - စိတ်သဘော မတိုက်ဆိုင်၍ လမ်းခွဲရတတ်ပေသည်။

**ယတြာ။ ။နေရာထိုင် လှူပေးပါ။**

ဒေါက်တာမြတ်သစ် (မန္တလေး)
ဖုန်း-၀၂၇၃၇၉၄

Asian Fame Media Group



# မန္တလေးအတွေး မန္တလေးအရေး

ကိုထွန်း(လမ်း-၈၀)

## ပန်းကန်ပြားပျံ ကျွန်တော်နှင့် ဖေ့(စ်)ဘွတ်

ပြီးခဲ့တဲ့ ဇွန်လတုန်းကပေါ့။ မှတ်မှတ်ရရ ဇွန်လ ၁၈ ရက်၊ ည အချိန်ပါ။ ကိုထွန်းတစ်ယောက် စာအုပ်လေးတစ်အုပ်နဲ့ ဇိမ်ကျနေပါတယ်။ ချစ်ချစ်ကတော့ ထုံးစံအတိုင်း ကိုရီးယားဇာတ်ကားထဲ နစ်မြောနေတာပေါ့။ အဲသလိုနဲ့ ည ၉ နာရီလောက်မှာ တယ်လီဖုန်း ဂွမ်ခနဲမြည်လာပါတယ်။ ကောက်ကိုင်လိုက်တော့ ရန်ကုန်က ညီမဝမ်းကွဲ တစ်ယောက်က ဆက်နေတာ။ သူက ကျွန်တော့်ဆီကို တယ်လီဖုန်းဆက်ခဲတယ်။ ဘာအကြောင်းကိစ္စနဲ့ပါလိမ့်။ တယ်လီဖုန်း နားထောင်လိုက်တာနဲ့ စိတ်ပူပူနဲ့ အမောတကော လှမ်းမေးလိုက်တဲ့အသံကို ကြားလိုက်ရတယ်။

"အစ်ကို မန္တလေးမှာ ပန်းကန်ပြားပျံကျလာလို့ဆို"

သူ့စကားကြောင့် ကျွန်တော့်မှာ အံ့အားသင့်လွန်းလို့ ဟောခနဲဖြစ်သွားပါတယ်။ ပြီးမှ "ဟ နင် ဘယ်ကကြားရတာတုံး" မေးလိုက်တော့ ခုနက သူငယ်ချင်းတစ်ယောက် တယ်လီဖုန်းဆက်ပြောတာတဲ့၊ မိုးကောင်းကင်မှာ အလင်းစက်ဝိုင်းကြီး လင်းထိန်နေပြီး အဲဒါကြီးက မြို့လယ်မှာ ကျလာတာတဲ့၊ ၃၅-အေလမ်း ဝန်းကျင်လောက်မှာ ဖြစ်မယ် ထင်တယ်တဲ့။ သေသေချာချာ ပြောလိုက်လို့ ကျွန်တော့်မှာ ယုံရခက်ကြီး ဖြစ်သွားပါတယ်။ ဘယ်လို ဖြစ်ကုန်ပါလိမ့်။ ဒီလောက် ထူးခြားတဲ့ ဖြစ်ရပ်မျိုးဆိုရင် ကျွန်တော့်ဆီကို မိတ်ဆွေတွေက တယ်လီဖုန်းဆက် ပြောကြမှာပါ။ အထူးသဖြင့် မိတ်ဆွေကြီး ကိုဝင်း

Asian Fame Media Group

အလိုဗျာ ...ဟိုဟိုသည်သည် တွေးနေတဲ့ ကျွန်တော့် အတွေးတွေဟာ မော်တော်ကားအကြောင်း ရောက်သွားပြီး ဉာဏ်အလင်းတစ်ချက် ရသွားရင်း ဖြစ်နိုင်ဖွယ်ရှိတဲ့ အကြောင်းကိစ္စ တစ်ခုကို ဖျတ်ခနဲ စဉ်းစားမိလိုက် ပါတယ်။

ထွန်း။ ထူးခြားတဲ့ကိစ္စ မှန်သမျှ ကျွန်တော့်ဆီကို ချက်ချင်း တယ်လီဖုန်းဆက်ပြောတာ။ သတင်းခေတ်ကြီးမှာ ဖြစ်လာတဲ့ အကြောင်း ကိစ္စတွေကို ကျွန်တော်တို့တစ်တွေ ချက်ချင်းသိဖို့လိုလို့ ကြားကြားချင်း သူက ဖုန်းဆက်ပြောရခြင်း ဖြစ်ကြောင်း ရှင်းပြတယ်။ အဲသည်လို ဖုန်းဆက် ပြောလို့ ကျွန်တော်လည်း စောစော သိခွင့်ရပြီး သူ့ကို ကျေးဇူးတင်မိတယ်။ ဒါပေမဲ့ ကိုယ့်လူက လည်း တယ်လီဖုန်းဆက်ပြောတဲ့ အခါ အဖြစ်မှန်ထဲကို သူ့ထင်မြင်ချက်တွေနဲ့ ရောကြိတ်ပြီး ဟုတ်သလိုလို လုပ်တတ်လို့ သူ့စကားကို သုံးခွက် တစ်ခွက်တင်လောက်ပဲ ယုံကြည်မှု ပေးထားရတယ်။ အခုတော့ သူ့ဆီကလည်း တယ်လီဖုန်းမလာ။ အကြောင်းကိစ္စ မထူးလို့လား၊ သူ ခရီးသွားနေလို့လား။ ဒါဖြင့် တခြား မိတ်ဆွေတွေက ဘာဖြစ်လို့များ ကျွန်တော့်ဆီ တယ်လီဖုန်း မဆက်ကြတာပါလိမ့်။

ညီမဝမ်းကွဲနဲ့ တယ်လီဖုန်းပြောပြီးတော့ ချက်ချင်းပဲ မိတ်ဆွေတွေဆီကို တယ်လီဖုန်း ခေါ်ပါတယ်။ ဘယ်ကိုမှ ခေါ်လို့မရ။ ဆက်သွယ်ရေးဧရိယာရဲ့အပြင်ကို ရောက်နေတဲ့ ဖြေကြားသံကိုပဲ ကြားနေရပါတယ်။ အင်း. . . ဒါကိုလည်း သေချာဂရုစိုက်မှုဖြစ်မယ်။ ကျွန်တော်တို့မှာ ဂျီအက်(စ်)အမ်တွေ၊ ငါးသိန်းတန်တွေ၊ ၂ သိန်းတန်တွေနဲ့ တယ်လီဖုန်းတွေ ပေါများလှပေမယ့် ဆက်သွယ်ရေးဧရိယာက ကျဉ်းမြောင်းနေပုံရတယ်။ အဲဒီဧရိယာ လွတ်သွားရင် ဘယ်မှ တယ်လီဖုန်းခေါ်လို့ မရဘူး၊ အရေးအကြောင်းကိစ္စရှိလို့ တယ်လီဖုန်းခေါ်လိုက်ရင် ဖုန်းထဲမှာ လူကြီးမင်းနဲ့ တွေ့နေရတာကိုးနော။

တယ်လီဖုန်းကို နံဘေးချပြီး ဟိုဟိုသည်သည် လျှောက်တွေးနေပါတယ်။ ချစ်ချစ်ကတော့ သူ့ကိုရီးယားဇာတ်လမ်းတွဲထဲမှာ နစ်မြောလို့ ကောင်းတုန်း။ ကျွန်တော့် စိတ်အာရုံတွေကတော့ ပန်းကန်ပြားပျံဆီကို ရောက်နေပါတယ်။ ပန်းကန်ပြားပျံဆိုတာ အမေရိကန်တို့လိုနိုင်ငံတွေမှာသာရောက်လာတယ်လို့ ကြားဖူးတာ။ ဒါလည်း သိပ်မသေချာဘူး၊ ရုပ်ရှင်ထဲမှာတော့ ပန်းကန်ပြားပျံတွေ ရောက်လာပြီး ကမောက်ကမ ဖြစ်ကြတာကို ကြည့်ခဲ့ရဖူးတယ်။ ကမ္ဘာမြေကို ကျူးကျော်လာတဲ့ ပန်းကန်ပြားပျံကို ဒုံးတွေ၊ အမြောက်တွေနဲ့ ပစ်၊ ပန်းကန်ပြားပျံထဲက ဂြိုဟ်သားကလည်း သူတို့ရဲ့ရောင်ခြည်လက်နက်တွေနဲ့ ပြန်တွယ်။ အဲဒီ သိပ္ပံရုပ်ရှင်ဇာတ်ကားကြည့်ရတာ ကြောက်စရာကြီး။ ဟော. . . အခုတော့ ရုပ်ရှင်ထဲက ပန်းကန်ပြားပျံ မန္တလေးကို ရောက်လာပြီတဲ့။ ကျွန်တော်တို့ ကမ္ဘာမြေကို ဖျက်ဆီးဖို့လား၊ ကူညီဖို့လား၊ ပန်းကန်ပြားပျံနဲ့ အတူပါလာမယ့် ဂြိုဟ်သားတွေရဲ့ ရည်ရွယ်ချက်က ဘာလဲ။ သူတို့အထဲမှာ အီးတီလို ဂြိုဟ်သားလေး ပါလာမှာလား။ ဒီလိုဆိုရင်ဂြိုဟ်သားမှာလည်း နှလုံးသားနဲ့ပါကွယ်ဆိုတဲ့ ဇာတ်လမ်းတစ်ပုဒ် ဖြစ်လာနိုင်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ဆီကို လျှပ်စစ်မီးအတွက် အကူအညီပေးဖို့ လာတာများလား။ ဟား. . . ဒီလိုဆိုရင်တော့ မှားသွားပြီ။ တစ်နိုင်ငံလုံး ဖယောင်းတိုင်ထွန်းပြီး ယတြာချေလိုက်လို့ လျှပ်စစ်မီး မှန်သွားပြီး ညဆိုရင် အိမ်တိုင်းအိမ်တိုင်း လင်းထိန်နေတာ။ လမ်းမီးတော့ မလင်းဘူး၊ ဓာတ်တိုင်မှာ လျှပ်စစ်မီးချောင်းမှ မရှိတော့ ဘယ်လိုလုပ်လင်းနိုင်ပါတော့မလဲ။

အမေရိကန်တို့၊ ရုရှားတို့၊ တရုတ်တို့က ဂြိုဟ်တုတွေ အပြိုင်အဆိုင် လွှတ်တင်နေကြတယ်။ နောင်ဆိုရင် လူသားတွေကို ဂြိုဟ်တွေဆီ ခေါ်သွားလို့ရတော့မယ်။ ခုကတည်းက လိုက်ချင်တဲ့သူတွေကို စာရင်းကောက်နေတယ်လို့ ကြားရတယ်။ ခရီးစရိတ်က မနည်းဘူး၊ အသွားအပြန်ဆိုရင် ဒေါ်လာသိန်းဂဏန်းကုန်ကျမှာတဲ့။ ဒစ်စကောင့်တော့ နိုးပဲ။ ဒါလည်း အစဦးမို့ပါ။ အပြိုင်အဆိုင်ဆိုရင် ဈေးလျှော့ချမပေးဘဲမဖြစ်ဘူး၊ ဈေးမလျှော့လည်း ဝန်ဆောင်မှုကောင်းအောင် လုပ်ပေးရမယ်။ ရန်ကုန်၊ မန္တလေးပြေးနေတဲ့ လေအိတ်ကားတွေလို ပေါ့။ သတင်းစာထဲမှာ နိုင်ငံခြားက တင်သွင်းလာတဲ့ မော်တော်ကားဓာတ်ပုံကြီးတွေနဲ့ ကြော်ငြာနေတာလေ။ အဲဒီမော်တော်ကားကြီးတွေနဲ့ ပြေးဆွဲမယ့် အကြောင်းပေါ့။ အလိုဗျာ . . . ဟိုဟိုသည်သည် တွေးနေတဲ့ ကျွန်တော့် အတွေးတွေဟာ မော်တော်ကားအကြောင်း ရောက်သွားပြီး ဉာဏ်အလင်းတစ်ချက် ရသွားရင်း ဖြစ်နိုင်ဖွယ်ရှိတဲ့ အကြောင်းကိစ္စတစ်ခုကို ဖျတ်ခနဲ စဉ်းစားမိလိုက်ပါတယ်။

ကျွန်တော်တို့နိုင်ငံက ပွင့်လင်းမြင်သာမှုနဲ့ ဒီမိုကရေစီလမ်းကြောင်း

Asian Fame Media Group

ကို လျှောက်လှမ်းနေပြီ ဖြစ်ပါတယ်။ ပိတ်ထားတဲ့ တံခါးတွေ ဖွင့်လိုက်တဲ့ အခါ အရင်ကနဲ့ မတူတော့ဘူး။ လာလိုက်ကြတဲ့ နိုင်ငံခြားသားတွေ။ အစိုးရ အဖွဲ့အစည်းတွေနဲ့ အခြား အဖွဲ့အစည်းတွေ၊ လုပ်ငန်းရှင်တွေ ကျွန်တော်တို့ဆီကို ရောက်လာကြ တယ်။ ဟိုတစ်လောက အိန္ဒိယဝန် ကြီးချုပ် ကျွန်တော်တို့ဆီကို ရောက် လာတယ်။ အစိုးရချင်း ဆွေးနွေးကြ တာပေါ့။ သဘောတူညီချက်တွေ လည်း အများကြီးရှိတယ်။ အဲဒီအထဲ မှာ မန္တလေးနဲ့ အိန္ဒိယနယ်စပ်မြို့ကို တိုက်ရိုက်မော်တော်ကား ပြေးဆွဲ မယ့် အစီအစဉ်လည်း ပါတယ်။ ဟုတ်ပြီ၊ ကျွန်တော့်အတွေးတွေဟာ ဖြစ်နိုင်ခြေတွေနဲ့ တည်ဆောက်ပြီး ခိုင်မာသလိုလို ရှိလာတယ်။ ဧကန္တ



မိုးကောင်းကင်မှာ အလင်းစက်ဝိုင်း တန်းကြီးပေါ် ပေါက်လာပြီး ပန်းကန် ပြားပျံရောက်လာခြင်းဟာ တကယ် တော့ ဂြိုဟ်သားတွေက သူတို့ဂြိုဟ် နဲ့ မန္တလေးကို ပန်းကန်ပြားပျံပြေးဆွဲ ဖို့အတွက် ဂိတ်ဖွင့်မယ့်နေရာလာရှာ ခြင်း မဖြစ်နိုင်ဘူးလား။ ဟယ်. . . အဲဒီလိုဆိုရင်တော့ ဦးဘရင်ကုန်တင် ကားဂိတ်က ဂိတ်မှူး ကိုအောင် မောင်းဆီကို သွားပြီး တိုင်ပင်သင့် ကြောင်း နတ်လမ်းညွှန်ရမှာပဲ။ ဒါပေမဲ့ ကိုအောင်မောင်း တစ် ယောက် သူ့ဆီကို ဂြိုဟ်သားရောက် လာရင် စိတ်ညစ်တော့မယ် ထင်ရဲ့။ သူ့ခမျာလည်း ခုတစ်လော အမော ဆိုက်နေတယ်။ အရင်တုန်းက သူ တို့ရဲ့ ကုန်တင်မော်တော်ကားဂိတ် တွေဟာ မြို့ထဲမှာ ရှိတာပါ။ နောက် တော့ ချမ်းမြရွှေပြည်မော်တော်ကား ကြီးဝင်းထဲကို ပြောင်းရတယ်။ ပြောင်းခရွှေ့ခနဲ့ အဆောက်အဦဖိုး သူ့ခေတ် ကာလပေါက်ဈေး အရ တော်တော် ကုန်သွားတယ်။ ဒီလိုနဲ့ အလုပ်လုပ်ရင်း နှစ်တွေသာ ပြောင်း လဲသွားပြီး ဂိတ်မှူးရော ဂိတ်ပိုင်ရှင် ရော ချမ်းသာမလာဘဲ အခုတစ်ခါ ဇူလိုင်လကုန် နောက်ဆုံးထားပြီး မန္တလေးရဲ့ တောင်ဘက် အစွန်ဆုံး စွယ်တော် ဘုရားအနားကို ပြောင်းရ ပြန်ဦးမယ်။ ပြီးတော့ အဲဒီနေရာမှာ ကုမ္ပဏီက အဆင်သင့် ဆောက်လုပ် ထားတဲ့ အဆောက်အဦကို သိန်း ငါးရာကျော် ပေးပြီး ဝယ်ရမယ် ဆိုလား ကြားရတယ်။

ဒီတော့ ကိုအောင် မောင်း စိတ်ရှုပ်နေပြီ ပေါ့။ အဲဒီအချိန်မှာ ကျွန်တော် နတ်လမ်း ညွှန်ချက်နဲ့ ဂြိုဟ်သား ရောက်လာရင် ကလော် မတုတ်ရင် ကံကောင်း။ နတ်လမ်းညွှန်မယ့် ကိုထွန်းဆီကို ပြန်သွား လို့ ဟောက်လွှတ်တော့ မှာ သေချာတယ်။ ဒီလို ဆိုရင် ကျွန်တော်က ခွင်ရိုက်လို့ရပြီပေါ့။ မန္တလေးမြို့ကြီးဟာ တိုးချဲ့ထားတယ်။ တိုးချဲ့တယ်ဆိုပေမယ့် တချို့နေရာ တော်တော် များများမှာ အဆောက် အအုံ မဆောက်ဘဲ ဈေးအတက်ကို မျှော်ပြီး မြေကစား ကြမယ့် မြေကွက် အလွတ်တွေ အများကြီးရှိတယ်။ ပန်းကန်ပြားပျံ ဆင်းဖို့နဲ့ တားဖို့က နေရာအကျယ် အဝန်း အများကြီးလိုမယ်။ ဒီတော့ မြေကွက်ပိုင်ရှင်တွေနဲ့ ချိတ်ဆက်ပြီး အရောင်းအဝယ် ဖြစ်အောင် ပွဲကိုင် လိုက်ရင် အချိုကြီးတော့ ပွမှာသေချာ တာကော။ အဲဒါအပြင် ပန်းကန်ပြား ပျံက လောင်စာဆီ ဘယ်လိုသုံးလဲ။ ဓာတ်ဆီလား၊ အောက်တိန်းလား၊ ဂက်စ်လား၊ အင်ဂျင်ဝိုင် ဘယ်လို အမျိုးအစားသုံးလဲ၊ ဒါတွေကိုလည်း အကျိုးဆောင်ပြီး ပွဲကိုင်လို့ရသေး။ အင်ဂျင်ဝိုင်တော့ ရောပြီး ထည့်ရမှာ ပေါ့။ အာကာသထဲ ရောက်တော့မှ အင်ဂျင်ဝိုင်အရောနဲ့ တွေ့ပြီး စက် ပျက်လို့ ပျက်ကျလည်း မတတ်နိုင်ဘူး လေ။ ဒါတော့ သူ့ထိုက်နဲ့ သူပဲ။

အိုဗျာ၊ လိုအပ်ရင် ကျွန်တော် ကိုယ်တိုင်ဂိတ်မှူး လုပ်ပေးမှ အဆင် ပြေမယ်။ ဒီကလူတွေအကြောင်း သိတယ်လေ။ လားရှိုး၊ မူဆယ်နဲ့ ရွှေလီကို သကြန်တွင်း ဘုရားဖူးထွက် ကြတာ၊ အပြန်ကျတော့ ရွှေလီက တရုတ်ပစ္စည်းတွေ လိမ့်ဝယ်ကြလို့ မော်တော်ကားခမျာ ဒုက္ခရောက်ရ တယ်တဲ့။ ဒါမျိုးတော့ ကျွန်တော်က လက်သင့်မခံဘူး၊ လူတစ်ကိုယ်စာပဲ ရမယ်။ ထင်းစည်းလေး တင်ချင်လို့၊ ထန်းလျက်တောင်းလေး တင်ချင်လို့ ဆိုပြီး လာလုပ်ရင် ဒါက မန္တလေးနဲ့ ပုဂံပြေးဆွဲနေတဲ့ ပုဂံရထားမဟုတ် ဘူးဗျ။ ပန်းကန်ပြားပျံ ဘာမှတ်နေ လဲလို့ အပြတ်ဟောက်လွှတ်ပစ်မယ်။ အဲဒါကို မကျေနပ်လို့ ပေါ်ပြူလာ နယူး(စ်) တို့၊ မန္တလေးအလင်းတို့လို ဂျာနယ်တွေ တိုင်ရင်လည်း တိုင်ကြ ဗျာ။ ပြောစရာရှိတာတော့ ပြောရမှာ ပေါ့။ ပြီးတော့ ပန်းကန်ပြားပျံရဲ့ ဒရိုင်ဘာနဲ့ စပယ်ယာကိုလည်း သေချာ မေးထားဦးမှ၊ မင်းတို့တစ် တွေ လမ်းခရီးမှာ ဘယ်ဂြိုဟ်က ဘယ်ထမင်းဆိုင်မှာ ရပ်မှာလဲ။ ထမင်းဆိုင်နဲ့ ချိတ်ဆက်ပြီး ရပ်ချင် တိုင်းမရပ်နဲ့၊ ထမင်းဆိုင်က အစား အသောက် မကောင်း၊ ဈေးကကြီး ပေမယ့် ခရီးသည်တွေခမျာ မတတ် သာဘဲ ဗိုက်ဆာလွန်းလို့ ဝယ်စားရ တာမျိုး အဖြစ်မခံနိုင်ဘူးလို့ သတိ ပေးထားရဦးမယ်။ နောက်ပြီး ပန်းကန်ပြားပျံထဲက အိမ်သာကို လည်း ကောင်းအောင် လုပ်ခိုင်းထား ရမှာပဲ။ ရန်ကုန်မန္တလေး ပြေးဆွဲနေ တဲ့ လေအိတ်ကားတွေလို ကျန်းမာ ရေးအတွက် မော်တော်ကားရပ်နား ပြီး ပေါက်တောထားလို့ မဖြစ်ဘူး လေ။ ကျန်းမာရေးဆိုပြီး ပန်းကန် ပြားပျံ တံခါးဖွင့်ပေးလိုက်လို့ အပြင် ထွက်ခိုင်းလိုက်ရင် လွင့်စဉ်ကျကုန် မှာကိုး၊ ဒါတော့ မဖြစ်ဘူး။

ကိုထွန်းတစ်ယောက် သူ့စိတ် ကူးနဲ့သူ ဟန်ကျပြီး ပျော်မြူးနေတဲ့ အချိန်မှာ တယ်လီဖုန်း အသံကြောင့် ထိတ်လန့်သွားခဲ့ပါတယ်။ ကျွန်တော့် မိတ်ဆွေ ကိုဝင်းထွန်း ဖုန်းဆက်နေ တာ။ ပန်းကန်ပြားပျံ အကြောင်း သိချင်ဇောနဲ့ မေးလိုက်တဲ့အခါ သူ က တဟားဟားနဲ့ ရယ်ပါတော့တယ်။ “ကြံကြံဖန်ဖန်ဗျာ၊ ဘယ်က ပန်းကန်



Asian Fame Media Group

ပြားပျံလာရမှာလဲ၊ မန္တလေးမြို့ရဲ့ အရှေ့ဘက် မြို့စွန်မှာရှိတဲ့ ဟော်တယ်ကြီးတစ်ခုက မိုးပေါ်ကို မီးဆလိုက်စမ်းတာဗျ။ အဲဒါမျိုး မကြုံဘူးလို့ လူတွေကထိတ်လန့်ပြီး ထင်ရာမြင်ရာ ပြောကြရင်း ပန်းကန်ပြားပျံဆင်းလာတယ် ဖြစ်ကုန်တာ။ ဖေ့(စ်)ဘုတ်ထဲမှာလည်း အဲဒီသတင်းတက်လာပြီ"။ သူ့စကားကြောင့် စောစောက ဘာလုပ်လိုက်မဟဲ့၊ ညာလုပ်လိုက်မဟဲ့ဆိုတဲ့ ကျွန်တော့်စိတ်ကူးတွေ တစ်ချီတည်း လွင့်စဉ်သွားပါတော့တယ်။ ပြီးတော့ ကိုဝင်းထွန်းရဲ့ ဖေ့(စ်)ဘွတ်မှာ တက်နေပြီ ဆိုတဲ့ စကားက ကျွန်တော့်ကို ကလိကလိ ဖြစ်သွားစေတာကလား။ ဖေ့(စ်)ဘွတ်သုံးနေတဲ့ အကြောင်း မသိမသာကြွားလိုက်တာလေ။ ဒီလိုတော့ အကြွားခံလို့ ဘယ်ဖြစ်မလဲ။ ကျွန်တော်လည်း ဖေ့(စ်)ဘွတ်သုံးနေတဲ့ ဥစ္စာ။ ဖွင့်ကြည့်လိုက်ရင် သိသပေါ့။ ဘာခက်တာ မှတ်လို့၊ ဒါလေးများ ကိုဝင်းထွန်းရယ်။ မြန်နှုန်းမြင့်တဲ့ ဒီခေတ်ရဲ့ အကြောင်း ဉာဏ်မီသလောက် စဉ်းစားကြည့်နေမိပါတယ်။ အိုင်တီခေတ်ဆိုတော့ လူ့အဖွဲ့အစည်းဟာ အရင်ကလိုမဟုတ်တော့ဘူး၊ ကမ္ဘာကြီးဟာ အိုင်တီခေတ်ရဲ့ ကျေးဇူးကြောင့် ကျဉ်းမြောင်းသွားတယ်။ လူတွေဟာအရင်ကလို ဝေးမနေတော့ဘဲ နီးကပ်သွားတယ်။ အဲသမှာ မီဒီယာတွေရဲ့ တန်ဖိုးက အရေးပါလာတယ်။ လူတွေက ကိုယ့်ပတ်ဝန်းကျင်မှာ ရှိတဲ့ အကြောင်းအရာတွေ၊ ကမ္ဘာမှာ နေ့စဉ် ဖြစ်ပေါ်နေတဲ့ သတင်းတွေကို သိချင်တယ်၊ နားထောင်ချင်တယ်၊ စာဖတ်ချင်တယ်။ ဒီတော့ ဂြိုဟ်တု စလောင်းတွေ ဖွင့်ပြီးကြည့်ကြ၊ ရေဒီယိုတွေ နားထောင်ကြ၊ သတင်းစာတွေ ဂျာနယ်တွေဖတ်ကြ၊ အဲဒီထက် ခေတ်မီကြသူတွေကတော့ အင်တာနက်တွေဖွင့်ကြပေါ့။ ပြောချင်တာက လူတွေဟာ သတင်းကို စိတ်ဝင်စားကြလွန်းလို့ သတင်းရဲ့သားကောင် ဖြစ်ကုန်ကြတာပါ။ သတင်းမီဒီယာတွေကလည်း လူ့အလိုလိုက်အကြိုက်ဆောင်နိုင်အောင် နေ့စဉ်နေ့တိုင်း ဦးတဲ့ထူးတဲ့ သတင်းမှန်သမျှ မီဒီယာတွေကတစ်ဆင့် အမြန်ဆုံးပို့ဆောင်ပေးနေပါတယ်။ ခေတ်က မြန်လွန်းလို့ ကျွန်တော် မလိုက်နိုင်တော့ဘူး၊ ကိုယ့်ဘာသာ အေးအေးဆေးဆေး ဘေးထွက် ထိုင်နေချင်မိပါတယ်။ ဒါပေမဲ့ ခေတ်က လက်သင့်မခံဘူး၊ သူနဲ့အတူ လိုက်ပါနိုင်အောင် အတင်းအဓမ္မ ဆွဲခေါ်နေတယ်။ ဘယ်လို ဆွဲခေါ်သလဲ ဆိုတော့ သတင်းတွေနဲ့ ဆွဲခေါ်နေတာပေါ့။ အဲဒီတော့ သတင်းတွေကို စိတ်ဝင်စားပြီး ခေတ်ရဲ့နောက်ကို ယက်ကန်ယက်ကန် ပါသွားပါတော့တယ်။

ပြီးခဲ့တဲ့ ဇွန်လအတွင်းက ဖြစ်ပေါ်သွားခဲ့တဲ့ စိတ်ဝင်စားစရာ သတင်းတွေ။ အလုပ်သမားတွေ သူတို့အခွင့်အရေးအတွက် ဆန္ဒပြကြတဲ့ သတင်း၊ အန်တီစု (ဒေါ်အောင်ဆန်းစုကြည်) နိုင်ငံခြားခရီးစဉ် သတင်း၊ ရခိုင်ပြည်နယ်က အရေးကိစ္စ၊ ဇွန်လ (၁၉) ရက်နေ့က နေပြည်တော်မှာ ပြောကြားခဲ့တဲ့ နိုင်ငံတော် သမ္မတကြီး ဦးသိန်းစိန်ရဲ့ မိန့်ခွန်း။ သတင်း အားလုံးဟာ ကျွန်တော်တို့နဲ့ သက်ဆိုင်နေတာကလား။ ရခိုင်အရေးကိစ္စဆိုရင် နိုင်ငံအရေး၊ အမျိုးသားရေးမို့ စိတ်ဝင်စားခြင်းနဲ့ စိတ်ပူပန်မှုတွေ ဖြစ်မိပါတယ်။ လျှပ်စစ်မီးလေး ပုံမှန် ဖြစ်နေလို့ နေသာထိုင်သာရှိပေမယ့် ဒုက္ခကြုံနေရရှာတဲ့ ကိုယ့်သွေးချင်း ရခိုင်တိုင်းရင်းသားတွေ အကြောင်း ကြားရတော့ ဘယ်လိုလုပ် အနေဖြောင့်ပါတော့မလဲ။ ကျွန်တော် သတင်းစာဖတ်တယ်။ ရေဒီယိုနားထောင်တယ်။ ဂြိုဟ်တု စလောင်းဖွင့်ပြီး တီဗီကြည့်တယ်။ အပတ်စဉ်ထုတ် ဂျာနယ်တွေ ကိုယ့်ငွေကြေးနဲ့ နိုင်သမျှ ဝယ်ဖတ်တယ်။ မီဒီယာတွေက ဘာတွေဖော်ပြသလဲ။ ဘယ်လို ဝေဖန်ကောက်ချက်ချသလဲ၊ အဲဒါ ဟုတ်သလား၊ မဟုတ်ဘူးလား။ သဘောတူသလား၊ မတူဘူးလား။

သတင်းဆက်သွယ်ရေးစနစ်က တစ်လထက်တစ်လ ပိုပြီး မြန်ဆန်လာပါတယ်။ အဲဒီအချိန်မှာ တယ်လီဖုန်းတွေကို အင်တာနက် သုံးစွဲခွင့်ပေးလိုက်ပါတယ်။ သုံးစွဲခွင့်အတွက် ၁ သောင်းပေးရမတဲ့။ ကျွန်တော်လည်း ကြားကြားချင်း ဆက်သွယ်ရေးရုံးကို အမြန်ပြေးရတာပေါ့။ ဒါပေမဲ့ ကိုယ့်ထက် ဝီရိယကောင်းတဲ့သူတွေက ရှေ့မှာအများကြီး ရောက်နေတယ်။ မတိုးနိုင်ဘူး။ တစ်ရက်နှစ်ရက် စောင့်ကြည့်တယ်။ လျှောက်လွှာတင်တဲ့သူက များသထက်များလာတယ်။ နောက်တော့ မဖြစ်ချေဘူးလို့တွေးရင်း ကြားကဝန်ဆောင်မှု ပေးနိုင်တဲ့သူကို ရှာရပါတယ်။ စုစုပေါင်း ၁၇၀၀၀ ပေးရင် အိုကေမတဲ့။ ဘယ်တတ်နိုင်မလဲ၊ ကိုယ်က အမြန်လိုချင်တဲ့သူမို့ ပေးကမ်းခြင်းသည် အောင်မြင်ရာ၏လို့ မှတ်ယူရင်း 'ရှော့' 'အင့်' လုပ်လိုက်တော့ မကြာပါဘူး၊ ကျွန်တော် အင်တာနက်ချိတ်မိသွားပါလေရော။

အင်တာနက်ပွင့်ပေမယ့် ဘာမှ လုပ်တတ်တာ မဟုတ်ဘူး၊ ဆရာကို သင်ပြပေးဖို့ အိမ်ကို ပင့်ရတယ်။ ဆရာကိုကြည်သာက အကုန်သင်ပြပေးတဲ့အပြင် ကျွန်တော့်မှာ လက်(ပ်) တော့ကြီး ရှိနေတော့ အဲဒါနဲ့ ချိတ်ဆက်ပြီးကြည့်လို့ရအောင် စီစဉ်ပေးလိုက်ပါတယ်။ တယ်လီဖုန်းကို ဒီခလုတ်နှိပ်၊ ဟိုခလုတ်နှိပ်၊ လက်(ပ်)တော့ကိုလည်း ဟိုလိုနှိပ်၊ ဒီလိုနှိပ်လိုက်တဲ့အခါ အမယ်. . အမယ် အင်တာနက်မှာတင်ထားတဲ့ သတင်းတွေ ဝေါခနဲ ကိုယ့်ရှေ့မှောက်ရောက်လာတော့တာကလား။

သတင်းစာနဲ့ ဂျာနယ်တွေဖတ်၊ ဂြိုဟ်တုစလောင်း ဖွင့်ကြည့်၊ ရေဒီယိုနားထောင်တဲ့ အပြင် အခုတော့ ကိုထွန်း တစ်ယောက် အင်တာနက်နဲ့ ချိတ်ဆက်လိုက်ပြန်ပါပြီ။ ဒါပေမဲ့ ရက် ၂ ပတ်လောက်ကြာတော့ သတင်းတွေ ကြည့်ရုံနဲ့တင် အားမရတော့ဘဲ ရှေ့ဆက်တက်လာချင်ပါတော့တယ်။ အင်တာနက်တို့ ကွန်ပျူတာတို့ကလည်း အဋ္ဌာရသဆယ့်ရှစ်ရပ်ထက် ပညာရပ်တွေ ပိုများမလားမသိ။ ဂျီမေး(လ်)တွေ ပို့နိုင်အောင်၊ ဖေ့(စ်)ဘွတ်ထဲဝင်နိုင်အောင် လုပ်ရဦးမယ်။ အဲသည်တော့ တပည့်ကျော် မောင်ပိုက်ကို ခေါ်ရတာပေါ့။ ဒီကောင်က အင်တာနက်နဲ့ လုံးထွေးနေတဲ့အကောင်။ သူ့ကို ဘယ်လိုလုပ်ရသလဲလို့ မေးရပါတယ်။ သူကလည်း သင်ကြားပေးပါတယ်။ ခက်တာက ကျွန်တော့်ရဲ့ မှတ်ဉာဏ်ပဲ။ သင်ပေးတာကို ချက်ချင်းသိပေမယ့် ခဏနေတော့ မေ့သွားရော။ သင်တဲ့ဆရာကလည်း စိတ်မရှည်ဘူး၊ ဒါနဲ့ သူ့ကို "ဟေ့ကောင် ငါ့ကို တစ်ခုချင်းသင်၊ ငါ စာအုပ်နဲ့ လိုက်မှတ်မယ်" လို့ ဝေါက်ပြောလိုက်ပါတယ်။ ပညာကိုလည်း သင်ခိုင်းသေး၊ ဝေါက်

**ခေတ်က မြန်လွန်းလို့ ကျွန်တော် မလိုက်နိုင်တော့ဘူး၊ ကိုယ့်ဘာသာ အေးအေးဆေးဆေး ဘေးထွက် ထိုင်နေချင်မိပါတယ်။ ဒါပေမဲ့ ခေတ်က လက်သင့်မခံဘူး၊ သူနဲ့အတူ လိုက်ပါနိုင်အောင် အတင်းအဓမ္မ ဆွဲခေါ်နေတယ်။ ဘယ်လို ဆွဲခေါ်သလဲ ဆိုတော့……**

Asian Fame Media Group

လည်း ငေါက်သေးတဲ့ ကျွန်တော်။ ဒီလိုတပည့်မျိုး ဘယ်ဆရာမှ လက်သင့်ခံချင်မှာ မဟုတ်ဘူး။ ဟုတ်ပြီ၊ အဆင်ပြေသွားပြီ၊ သတင်းတွေကြည့်၊ သမီးတွေဆီကို အီးမေး(လ်) ပို့၊ ဖေ့(စ်)ဘွတ် နည်းနည်းစမ်းသုံးကြည့်၊ အဲသလို စမ်းတဝါးဝါးနဲ့ ဟုတ်နေတုန်းမှာ သုံးရက်လောက်ကြာတော့ လက်(ပ်)တော့ကြီးက ဘာဖြစ်သွားမှန်း မသိဘူး၊ ပွင့်မလာတော့ဘူး၊ ကျွန်တော်လည်း ပျာတောက်သွားတယ်။ ကွန်ပျူတာဆရာ ကိုကြည်သာကို တယ်လီဖုန်းဆက်မှာရတယ်။ သူကလည်းအလုပ်များနေတော့ ချက်ချင်း မလာနိုင်ဘူး၊ ၂ ရက်လောက်ကြာမှ ရောက်လာပြီးစစ်ဆေးတယ်။ အပြစ်ကိုချက်ချင်းတွေ့လိုက်တယ်၊ ဟာ့ဒစ်ထိသွားတာတဲ့၊ ပစ္စည်းအသစ်လဲမှ ရမတဲ့၊ ခုနစ်သောင်းနီးပါးကုန်မယ်လို့ သိလိုက်ရတော့ ဝပ်ရှော့ရောက်တဲ့ မော်တော်ကားပိုင်ရှင်လိုပဲ ဘယ်တတ်နိုင်မလဲကွာ၊ ဝယ်ရတော့မှာပေါ့လို့ ခေါင်းကုတ်ရင်း ပြောလိုက်ရပါတယ်၊ ကဲ ကုန်လေရောဟဲ့ ရွှေပိုက်ဆံ။

ပိုက်ဆံတန်ခိုး တယ်လည်းကြီးပါပေ့။ လိုချင်သမျှပိုက်ဆံနဲ့ ဖို့လိုက်တဲ့အခါ လက်(ပ်)တော့ကြီးက ချက်ချင်း နာလန်ထလာပါတယ်။ ကျွန်တော့်ကိုလည်း ပေါ့သေးသေး မမှတ်ကြလေနဲ့ ကိုယ့်ဆရာ၊ ဝက်(ဘ်)ဆိုက် သတင်းတွေ ဖွင့်ကြည့်တယ်၊ ဖေ့(စ်)ဘွတ်တွေ ဖွင့်တယ်၊ အီးမေး(လ်) ပို့တယ်၊ အင်တာနက်ရဲ့ သင်ပုန်းကြီး ဖတ်စာကို လေ့လာအားထုတ်နေတာ တော်တော်ခရီးရောက်နေပါပြီ။ ရန်ကုန်က သမီးနှစ်ယောက်ကလည်း ကျွန်တော်ခေတ်မီသွားလို့ ဝမ်းသာနေကြတယ်။ သမီးငယ်က "ဖေဖေ ဂျီ(လ်)တော့သုံးစမ်းပါ"တဲ့။ "သမီးနဲ့ ဖေဖေ စကားပြောရအောင်"တဲ့။ အခုသင်ခန်းစာတောင် ချွေးပြန်နေသမို့ ဂျီ(လ်)မတော့ပါရစေနဲ့ သမီးရယ်'လို့ တောင်းပန်လိုက်ရပါတယ်။ ရှေ့က ဟာသင် နောက်ကဟာ မေ့တတ်တဲ့ ကိုယ့်အကြောင်းကိုယ် သိနေတာကိုး နော့။

ဖေ့(စ်)ဘွတ် အကြောင်း ပြောရဦးမယ်။ ဖေ့(စ်)ဘွတ်ဖွင့်လိုက်တာ တစ်ရက်တောင် မပြည့်သေးဘူး၊ ကျွန်တော်နဲ့ သူငယ်ချင်း ဖြစ်ချင်လို့



ကတည်းက အပေါင်းအသင်းခင်တဲ့ မက်တဲ့သူဖြစ်လို့ အခုလို မိတ်ဆွေ သူငယ်ချင်းတွေ တိုးလာတာ ပျော်စရာကြီးပါ။ ဒါပေမဲ့ ဘယ်ကမှန်း မသိ၊ ဘာမှန်းမသိသင်္ကေတနဲ့ လှမ်းချိတ်တဲ့သူတွေကိုတော့ ပွင့်ပွင့်လင်းလင်းပြောရရင် ကြောက်မိတယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် အလကားနေရင်း အိပ်ရာအောက်ရေဝင်သွားတာမျိုး ဖြစ်မှာစိုးရတာပါ။ ဆရာဒဂုန်တာရာ စကားလို ရန်သူမရှိ မိတ်ဆွေရှိချင်တာပေါ့။ မိတ်ကောင်းဆွေကောင်းတွေ အများကြီးလိုချင်တာပေါ့။ ပွင့်လင်းမြင်သာတဲ့ လူ့အဖွဲ့အစည်းမှာ ဖေ့(စ်)ဘွတ်က

လာစေလို့ ဖြစ်ပါတယ်။ အဲဒါကြောင့် အကျိုးဆောင်ပေးကြသူများကို ကျေးဇူးတင်မိပါတယ်။ စိတ်ညစ်တာတော့ စာအရေးအသားပဲ။ စာပေ မြင့်မှ နိုင်ငံနဲ့လူမျိုးရဲ့ ဂုဏ်သိက္ခာ မြင့်မားလာမှာပါ။ ကျွန်တော်တို့ မြန်မာစာပေဟာ သက်တမ်းထောင်ချီရှိနေပါပြီ။ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး၊ ကိုယ့်စာပေအတွက် အင်မတန်မှ ဂုဏ်ယူစရာကြီးပါ။ အဲဒီတော့ ကိုယ့်စာပေ၊ ကိုယ့်ဘာသာစကားကို တန်ဖိုးထားစေချင်ပါတယ်။ ဒါမှလည်း ကိုယ့်ရဲ့တန်ဖိုးမြင့်မားလာမှာ ဖြစ်ပါတယ်။ ပြီးတော့ ကိုယ်မကြိုက်တဲ့ သူတစ်ဦးကို ပုတ်ခတ်

လှမ်းချိတ်ကြတဲ့သူတွေ ဝေါခနဲ ရောက်လာလို့ ကျွန်တော် လန့်သွားတယ်။ အချို့က သူတို့ရဲ့ဓာတ်ပုံကို ဖော်ပြထားပေမယ့် တော်တော်များများကတော့ အမှတ်သင်္ကေတတွေနဲ့ လုပ်ထားကြတယ်။ အဲဒီလူတွေက ဘယ်သူတွေမှန်းလည်း မသိ၊ ဘာမှန်းလည်း မသိ။ တစ်ယောက်ကို သူငယ်ချင်းအဖြစ် လက်ခံလိုက်ရင် သူနဲ့ချိတ်ထားတဲ့ သူတွေကလည်း ကိုယ့်သူငယ်ချင်းအဖြစ် ရောက်လာကြတယ်။ အဲဒီတော့ တစ်ယောက်က အစတစ်ရာ ဆိုသလိုပေါ့။ ကိုထွန်းမှာ သူငယ်ချင်းတွေ အများကြီးတိုးလာတယ်။ ကျွန်တော်က ငယ်ငယ်

မိတ်ဆွေ သူငယ်ချင်းတွေ တိုးပွားအောင် ဆောင်ကြဉ်း ပေးနေလျက်ရှိပါတယ်။ ဖေ့(စ်)ဘွတ်ကြည့်ရတာ ပျော်တယ်ဗျ။ ဒါပေမဲ့ စိတ်လည်းရှုပ်မိတယ်ဗျ။ ပျော်ရတာက တင်လိုက်တဲ့ သတင်းတွေ ချက်ချင်း သိရတာနဲ့ သူတို့ရဲ့ ခံစားမှုတွေ၊ အတွေးအမြင်တွေ သိခွင့်ရလို့ ဖြစ်ပါတယ်။ တချို့ အကြောင်းအရာတွေဆိုရင် ဖတ်ရင်းပြုံးရယ်မိသွားပြီး စိတ်ပေါ့ပါးသွားစေပါတယ်။ တချို့ အကြောင်းအရာတွေကျတော့ ကိုယ်မေ့လျော့နေတာကို သူတို့ဖော်ပြပေးလို့ ပြန်အမှတ်ရပြီး ကိုယ့်အတွက် စိတ်ကူးအသစ်အဆန်းတွေ ထွက်တာ။ ဓာတ်ပုံတွေကို ကွန်ပျူတာနဲ့ ကုလားဖန်ထိုးပြီး အင်တာနက်တင်တာတော့ အဲဒီလူရဲ့စိတ်ဓာတ်ဘယ်လောက် အောက်တန်းကျသလဲဆိုတာ ပေါ်လွင်သွားခဲ့ပါတယ်။ ဒီလိုပုံတွေ၊ စာအရေးအသားတွေ မြင်ရဖတ်ရတော့ စိတ်ညစ်ရတော့တာပေါ့။ ဖေ့(စ်)ဘွတ်စာမျက်နှာတွေဟာ လူယဉ်ကျေးတို့ရဲ့ ကမ္ဘာဖြစ်ရင် ဘယ်လောက်ကောင်းမလဲ။ ဖေ့(စ်)ဘွတ်ဟာ တော်တော်စွဲလမ်းချင်စရာကောင်းတာကောဗျာ။ မြင်မြင်ချင်း ချစ်မိလိုက်တဲ့ ငယ်ရည်းစားလေးနဲ့ တောင်တူလိုက်သေး။ ဒါပေမဲ့ သမီးရည်းစားတို့ရဲ့ ထုံးစံအတိုင်းပေါ့။ သူ့ဒုက္ခကလည်း မသေးလှဘူး။ ကျွန်တော်က မျက်မှန်တပ်ထားရသမို့ လက်(ပ်)တော့ရဲ့ ဖန်သားပြင်ကို ကပ်ပြီး ကြည့်ရပါတယ်။ ဖေ့(စ်)ဘွတ်နဲ့ ပထမဦးဆုံး တွေ့ရတော့ ဝမ်းသာအားရနဲ့ ကြည့်တာပေါ့။ အဲသမှာ တစ်ခုပြီးတစ်ခု ကြည့်တာကြည့်လို့ကို မဆုံးနိုင်ဘူး။ ကြာလာတဲ့အခါ ဇက်ကြောကြီး တက်လာပြီး မူးဝေလာလို့ ဒီလိုဆို မဖြစ်ချေတော့ဘူးလို့တွေးမိရင်း ချက်ချင်းရပ်ဆိုင်းပစ်လိုက်ရပါတယ်။ ခေါင်းနောက်လို့ အိပ်ရာထဲ ဝင်နေရသမို့ ချစ်ချစ်က အဲဒါ ခေတ်မီချင်တဲ့ ရောဂါလေလို့ ကလိလိုက်ပါတယ်။ ဟုတ်ပါတယ် ခေတ်မီမီကမ္ဘာကြီး ကြည့်မြင်ချင်တာကိုးနော။

ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့လေ။ အရင်ကနဲ့ မတူတဲ့ ကျွန်တော်၊ ဖေ့(စ်)ဘွတ်ဖွင့်လို့ ဟန်ကျနေပါပြီ။ နေ့တိုင်း အင်တာနက်နဲ့ ချိတ်မယ်။ သတင်းတွေ ကြည့်မယ်၊ အပြန်အလှန် ဂျီမေး(လ်)တွေ ပို့မယ်။ စီးပွားရေး အကြောင်းကိုတော့ သိပ်မစဉ်းစားဘူး၊ ဥစ္စာဆိုတာ ကံပေးမှ ရတယ်လို့ ဆိုတာကိုး။ အဲသည်တော့ ကျွန်တော်တို့ နိုင်ငံနဲ့ ပြိုင်ဘက်တွေကို ပန်းကန်ပြားပုံ ပြေးဆွဲတဲ့အခါ ဂိတ်မှူးလုပ်ခွင့် ရလိုက်ရင် အင်တာနက် ချိတ်ပြီး အသုံးချတဲ့ ကုန်ကျစရိတ် Bill တွေ တစ်ခါတည်းနဲ့ ကျေသွားမယ်လို့ ယူဆမိပါရဲ့။

**ကိုထွန်း - လမ်း(၈၀)**

Asian Fame Media Group

အထင်ကရ ကုမ္ပဏီနဲ့ ဂျီအမ်ရာထူးတာဝန် ယူထားရတဲ့ ကျွန်တော်တစ်ယောက် များပြားလွန်းတဲ့ အလုပ်တာဝန်တွေကို အကြောင်းပြလို့ ဆွေမျိုးတစ်စုနဲ့ မွေးရပ်မြေကို ပစ်ထားမိတာ နှစ်အတော်ကို ကြာခဲ့ပါပြီ။ မရောက်တာကြာပြီဖြစ်တဲ့ မွေးရပ်မြေနယ်မြို့လေးကတော့ ကျွန်တော့်ကို သူစိမ်းဆန်ဆန် မကြိုဆိုခဲ့ပါဘူး။ ကျွန်တော် လူငယ်ဘဝက တမေ့တမြော ထိုင်ခဲ့ဖူးတဲ့ လက်ဖက်ရည်ဆိုင်လေးက သူ့တစ်ဆိုင်တည်း မင်းမူလို့မရတော့တာကို ကြည့်ခြင်းအားဖြင့် ဒီမြို့လေးကို ဖွံ့ဖြိုးတိုးတက်လာပြီလို့ ဆိုရပါမယ်။ ဒီမြို့လေးရဲ့ မြို့လယ်ကောင်လို့ဆိုရမယ့် လမ်းမကျယ်တစ်ခုရဲ့ ထိပ်ဆုံးမှာ တည်ရှိနေတဲ့ လက်ဖက်ရည်ဆိုင်ကတော့ ကျွန်တော် ငယ်ငယ်တုန်းကလိုပဲ စည်ကားနေဆဲပါ။

ဝတ္ထုတိုရသ



မြို့ခံလူတွေက ကျွန်တော်တို့လို မြို့ကြီးပြန်တွေ အလည်လာတိုင်း ပထမဦးဆုံးလိုက်ပို့ဖြစ်ကြတာက လက်ဖက်ရည်ဆိုင်လေးကိုပါ။ မြို့တိုင်းရဲ့ မနက်ခင်းမြင်ကွင်းတွေက အလွမ်းတစ်ခုခု ပုံဆောင်တတ်ကြပေမယ့် ဒီမြို့လေးရဲ့ မနက်ခင်းတိုင်းမှာ ဘာအလွမ်းဓာတ်ကိုမှ ရှာမရတာက ထူးခြားချက်လို့ ဆိုရပါမယ်။ ဘယ်တုန်းကမှ အလွမ်းဓာတ်မရှိခဲ့ဖူးတဲ့ ဒီမြို့လေးရဲ့ မနက်ခင်းတစ်ခုကတော့ အလွမ်းဓာတ်တွေနဲ့ ပြည့်လို့သွားခဲ့ပါတယ်။ စုတ်ပြဲရာဗလပွတွေနဲ့ အပေါ်ရုံအင်္ကျီကို ဝတ်ဆင်ထားပြီး ခြေထောက်တွေကတော့ လမ်းလျှောက်လိုက်တိုင်း ဒရွတ်သီထိုး ဖြစ်လို့နေပြီး ပါးစောင်တစ်ဖက်က သွားရည်တွေ တမြားမြားစီးကျနေတဲ့ လူတစ်ယောက်က လူကုံထံရုပ်ပေါက်နေတဲ့ ကျွန်တော့်ကို“မောင်မောင် မင်းဟုတ်ပါတယ်နော်” ဆိုပြီး ပြေးဖက်လိုက်တဲ့အခါ ကျွန်တော်ကလည်း “ကိုဗမိုးကြီး” ဆိုပြီး ပြန်ပွေ့လိုက်မိပါတယ်။

“မောင်မောင် ညီလေး မင်းကို ကိုကို လွမ်းနေတာ” လို့ဆိုပြီး ငယ်စဉ်က အသုံးအနှုန်းအတိုင်း ကျွန်တော့် ကိုခေါ်လို့ ကျွန်တော့်



Asian Fame Media Group

ရဲ့ မျက်နှာအနှံ့အပြားကို နမ်းလို့နေ တော့တယ်။ ဒီမြင်ကွင်းကို မြင်လိုက် ကြတဲ့ နယ်မြို့ ရဲ့ လူအပေါင်းကတော့ ပါးစပ်အဟောင်းသားနဲ့ ကြက်သေ တောင် သေနေကြလေရဲ့။ကြက်သေ သေနေတဲ့လူတွေက ကျွန်တော်နဲ့ ကိုဗမိုးရဲ့ငယ် ဘဝကို မတွေ့ဖူးခဲ့ကြ လို့ပါ။ ကိုဗမိုးကို ဖက်ထားရင်းက ကျွန်တော့်ရဲ့ အတွေးတွေက ကြေကွဲ စရာ ကျွန်တော်နဲ့ကိုဗမိုးရဲ့ ငယ်ဘဝ ဇာတ်လမ်းကို ပြန်ပြောင်း မြင် ယောင်လို့ နေပါတော့တယ်။

ကျွန်တော့်ရဲ့ အရွယ်ရောက် ကြီးပြင်းခဲ့တဲ့ နောက်ပိုင်းဘဝတွေမှာ ဘယ်လောက်ဝမ်းနည်းစရာကောင်း တဲ့ ဇာတ်လမ်းကိုတွေ့တွေ့ ကျွန် တော့်ရင်ကို ဝမ်းပန်းတနည်းဖြစ် သည်ထိလာပြီး မထိမှန်တော့ပါဘူး။ ထို့အတူပါပဲ ကျွန်တော်နဲ့ကိုဗမိုးရဲ့ ဇာတ်လမ်းလေးကို ပြန်တွေးရင်ပဲဖြစ် ဖြစ်၊ တစ်ယောက်ယောက်ကို ပြန် ပြောပြမိရင်ဖြစ်ဖြစ် မျက်ရည်ပြန် ကျမိသည်ထိ ဝမ်းနည်းနေတတ် တုန်းပါ။ ကျွန်တော့် အမေနဲ့နွှယ်တဲ့ ဇာတ်လမ်းဖြစ်တာကြောင့် တစ် ယောက်ယောက်ကို ဆိုတာထက် ကျွန်တော့်ရဲ့တစ်ယောက်သောသူ ကိုသာ ပြောပြခဲ့ဖူးတာပါ။ ကိုဗမိုးရဲ့ မွေးရာပါ အားနည်းချက်ကြောင့် ခန္ဓာကိုယ်ဖွဲ့စည်းပုံက လူသာမန် များနဲ့မတူ ခြေတစ်လှမ်းရွှေ့ဖို့ကို ခဲရာခဲဆစ်ကြိုးစားပြီး လှမ်းရပါ တယ်။ စကားပြောလိုက်တိုင်း ရွှဲ့ စောင်းနေတဲ့ ပါးစောင်နှစ်ဖက်က သွားရည်တွေစီးကျလာပြီး ထွက် လာတဲ့ သူ့စကားသံတွေကလည်း တစ်ဖက်လူ နားလည်ဖို့ မလွယ်လှ ပါဘူး။

တကယ်တော့ ကိုဗမိုးနဲ့ ကျွန် တော်က ညီအစ်ကိုနှစ်ဝမ်းကွဲ တော် ပါတယ်။ ကိုဗမိုးရဲ့အမေက ကျွန် တော့်အဖေရဲ့ အစ်မဝမ်းကွဲပါ။ ကျွန်တော်တို့ ညီအစ်ကိုတွေက ကြီးကြီးလို့ခေါ်ပြီး အမေကတော့ ယောင်းမကြီးလို့ဆိုပြီး ချစ်ခင်ခဲ့ သူပါ။ ကြီးကြီးက အသက် ဆယ့် ခြောက်အရွယ်မှာ သူ့ထက် အသက် နှစ်ဆယ်ကျော်ကြီးတဲ့ အင်္ဂလိပ် စစ် ဗိုလ်ကြီးတစ်ယောက်နဲ့ ပေးစားခံခဲ့ရ သူပါ။ အချစ်ဆိုတာတောင် ဘာမှန်း မသိတဲ့အရွယ်မှာ မိဘများရဲ့အလို ကြောင့် မြန်မာစကားတစ်လုံးမှ မပြောတတ်တဲ့ အင်္ဂလိပ် စစ်ဗိုလ်ကြီး ကို ယူခဲ့ရတာပါ။

မိဘနဲ့ဆွေမျိုးတစ်စုကတော့ ဝတ်ကျေတမ်းကျေ ဒီစစ်ဗိုလ်ကြီးနဲ့ မင်္ဂလာဆောင်ချင်လားလို့ မေးခဲ့ တယ်တဲ့။ ကြီးကြီးကိုယ်တိုင်ကလည်း ဝတ်ကောင်းစားလှတွေ ဝတ်ရပြီး သူတစ်ခါမှ မစားဖူးတဲ့ မုန့်တွေ စား ရတော့ မင်္ဂလာဆောင်တာ ပျော် စရာလို့ထင်ပြီး ဆောင်ချင်တယ်လို့ ပြောခဲ့တာတဲ့။ ကျွန်တော့်အစ်ကို တွေ အရွယ်ရောက်တော့ ကြီးကြီးက သူ့ရဲ့မင်္ဂလာဦးည ငရဲခန်းကို ဟာသ နှောပြီး ပြောလေ့ရှိပေမယ့် ပြောပြ တိုင်း မျက်ရည်တွေ ကျနေတတ်ပါ တယ်။ ကျွန်တော် အဲဒီအချိန်တုန်း က ငယ်သေးလို့ သိပ်နားမလည်ပေ မယ့် ကြီးကြီး သူ့အိမ်ထောင်မှာ မပျော်ရွှင်ဘူးလို့ ခံစားခဲ့ရပါတယ်။ ကျွန်တော်တို့က ကြီးကြီးယောကျ်ား ကို ပါပါကြီးလို့ ခေါ်ကြတယ်။ ကျွန် တော် မှတ်မိတဲ့အရွယ်ရောက်တော့ ပါပါကြီးက ဗမာစကားကို နည်းနည်း ပါးပါး ပြောတတ်နေပြီ။

ပါပါကြီးက သဘောကောင်းပြီး စီးပွားရှာလည်းတော်တယ်၊ ပြီးတော့ ကြီးကြီးတို့တစ်ဆွေမျိုးလုံးကို ကြည့် ရှုထားတာဆိုတော့ အမျိုးတွေ အား လုံးက ပါပါကြီးကို ချစ်ကြတယ်။ ကိုဗမိုးကို မွေးပြီးတော့ ကြီးကြီးနဲ့ သူ့ယောကျ်ား ကွဲသွားကြတယ်။ ပါပါကြီးတို့ရဲ့စီးပွားလည်း ပျက်သွား တယ်ထင်တယ်။ ဘာလို့ကွဲသွားတာ လဲဆိုတာ ကျွန်တော် မသိပေမယ့် အဖေက သူ့အစ်မကို အိမ်အလာမခံ တော့ဘဲ ယောက်ဖနဲ့ သူ့တူကိုတော့ အိမ်ပေါ် ခေါ်တင်ထားလိုက်တယ်။ အမေက ကြီးကြီးကိုချစ်တဲ့ သူဆို တော့ ပါပါကြီးနဲ့ကိုဗမိုးကို အိမ်ခေါ် ထားတာ သိပ်ကြည်ဖြူတဲ့ပုံမပေါ် ဘူး။ တစ်ချိန်က အစောင့်အရှောက်ခံ ဆွေမျိုးတွေ အားလုံးကလည်း ကြီးကြီးကို စကားမပြောတော့သလို ပါပါကြီးတို့သားအဖကိုလည်း ပြန် စောင့်ရှောက်တာမျိုး လုပ်မပေးကြ ပါဘူး။ ပါပါကြီးက အိမ်မှာနေပြီး အင်္ဂလိပ်စာကျူရှင် လိုက်ပြတဲ့ အလုပ်ကို လုပ်တယ်။

> **ကျောကုန်းနဲ့ တင်ပါးတွေကိုရိုက်ပေးရင် အာရုံခံ နှဝ်ကြောတွေပွင့်ပြီး ဉာဏ်ကောင်းတယ်လို့ စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးလို့ ရိုက်ပေးတာပါတဲ့။ ဘယ် စာရေးဆရာကများ ရှာရှာပေါက် ပေါက်ရေးလိုက်တယ် မသိပါဘူး...**

ကြီးကြီးကို အိမ်ဝင်ထွက်စေချင် တဲ့ အမေက အဖေ့ကို ဖျောင်းဖျတိုင်း "ဒီအချိန်ကျမှ အချစ်စစ်တွေ့စရာ လားလို့ " မကျေမနပ်ပြောတာကို ကြားရလေ့ရှိတယ်။ ကိုဗမိုးရဲ့ ဉာဏ် ရည်က ကျောင်းထားလို့ လည်း မရတာမို့ အိမ်မှာပဲ ပါပါကြီးနဲ့ အဖေက စာ သင်ပေးကြတယ်။ အဖေ နဲ့ ပါပါကြီး အိမ်မှာရှိ ချိန်ကလည်း ညဘက်မှ ဆိုတော့ ကိုဗမိုးရဲ့ တစ် နေ့တာ အချိန်တွေက အမေ့ရဲ့ ဗာဟီရ အလုပ် တွေ ခိုင်းတာခံရတော့ တာပဲ။ ကိုဗမိုးက လူက သာ မသန်စွမ်းတာ အ ကောင်က အကြီးကြီးပဲ။ ထမင်းကို အရမ်းကြိုက် ပြီး အများကြီးလည်း စား နိုင်တယ်။ သရေစာတွေ ကို သူ ဘယ်တော့မှ စား လေ့မရှိဘူး။ ဒါပေမဲ့ သူ့ မှာပိုက်ဆံရလာရင် ကျွန်တော့်ကို လက်ဆွဲပြီး မုန့်လိုက်ကျွေးတတ် တယ်။

ကိုဗမိုးက ထမင်းအများကြီးစား နိုင်ပေမယ့် သူ့ရဲ့ဝမ်းကိုတော့ သူ မထိန်းနိုင်ဘူး။ ညအိပ်ရာထဲမှာ နောက်ဖေးတွေ ပါချတတ်တယ်။ အဲဒီလိုဆို အမေက အရမ်းစိတ်ဆိုးပြီး သူ့ကို ရိုက်တတ်တယ်။ ကိုဗမိုးက အမေ့ထက် အသက်နှစ်နှစ်လောက် ကြီးတယ်။ ဒါပေမဲ့ အမေ့ကို မမလို့ ခေါ်တယ်။ အဲဒီလို အရိုက်ခံရရင် နောက်မလုပ်တော့ဘူး မမရဲ့ဆိုပြီး ကလေးတစ်ယောက်လို ငိုတယ်။ ဒါပေမဲ့ နောက်ညတွေကျရင် အိပ် ရာထဲမှာ နောက်ဖေး ပါချပြန်ပါလေ ရော။ နောက်ကျတော့ အမေက သူ့ ကို ညနေဘက်တွေမှာ ထမင်းလျှော့ ကျွေးတယ်။ အဲဒီအခါကျတော့ နှစ်ညခြား တစ်ခါလောက်ပဲ အိပ် ရာထဲမှာ နောက်ဖေးသွားတော့ တယ်။ အမေက သူ့ရဲ့နည်းဗျူဟာ အောင်မြင်တာကြောင့် ကိုဗမိုးကို နေ့လယ်စာတွေ လျှော့ကျွေးလာ တော့တယ်။ ကိုဗမိုး ထမင်းမဝတော့ ဘူးပေါ့။

တစ်နေ့ကျတော့ မီးဖိုထဲမှာ

Asian Fame Media Group

ကိုဗမိုးတစ်ယောက် တစ်ခုခုကို ခိုးချောင်ခိုးဝှက်လုပ်နေသလိုမျိုး တွေ့ရလို့ ကျွန်တော် ကိုဗမိုးနားကိုရောက်သွားတယ်။ မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် ကျွန်တော်ရင်ဆို့သွားရတယ်။ ကျွန်တော်တို့အိမ်မှာ ခွေးလေးကောင် မွေးထားတယ်။ အမေက ခွေးစာကို ဆန်ကွဲနဲ့ အမဲရိုးတို့ အရွတ်တို့ကိုရောပြီး ပြုတ်ကျွေးတယ်။ ခွေးစာကျွေးတဲ့ တာဝန်ကို ကိုဗမိုးက ယူရတယ်။ ကိုဗမိုးရယ် အဲဒီခွေးစာတွေကို နှိုက်စားနေတာ



ကိုး။ ကျွန်တော့်ကိုတွေ့တော့ "ညီလေး မမကို ပြန်မတိုင်နဲ့နော်၊ ကိုကို ထမင်းမဝလို့ပါ" တဲ့။ ခွေးစာတွေ နှိုက်စားတာကို ကျွန်တော်မကြိုက်ပေမယ့် အမေ့ကို ပြန်တိုင်မပြောပါဘူး။

ကျွန်တော် ပြန်မတိုင်ပေမယ့် နောက်တစ်ပတ်လောက်ကြာတော့ အစ်ကိုနှစ်ယောက်က တွေ့သွားပြီး အမေ့ကို တိုင်ပြောလိုက်ကြတယ်။ ကိုဗမိုး အရိုက်ခံရပြန်ရော။ ကိုဗမိုး အရိုက်ခံရတိုင်း ကျွန်တော် လိုက်ငိုမိတယ်။ အမေရိုက်ပုံက ကျွဲရိုက်နွားရိုက်လို့ ပြောရမယ်။ ကိုဗမိုးရဲ့ ခေါင်းတွေ၊ ပခုံးတွေကို ရိုက်တာ။ လက်နဲ့ခံပြီး ကာကွယ်ရင်လည်း လက်ဖျံကို ရိုက်တာပဲ။ အဝတ်လျှော်တဲ့ တုတ်နဲ့ရိုက်တာ။။ ကိုဗမိုး တစ်ခါ အရိုက်ခံရပြီးတိုင်း အနည်းဆုံး လက်ဖျံကွဲပြီး ခေါင်းပေါက်တော့တာပဲ။ ပြီးရင်တော့ အမေက အဲဒီဒဏ်ရာတွေကို ဆေးထည့်ပေးတတ်တယ်။ ပါပါကြီးပြန်လာလို့ သူ့သားဒဏ်ရာတွေကိုတွေ့လည်း အမေ့ကို အပြစ်ပြောလေ့မရှိဘူး။ ကိုဗမိုးကလည်း ဘယ်တော့မှ ပါပါကြီးကို ပြန်တိုင်လေ့ မရှိဘူး။

အမေက နည်းစနစ်တော့ ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ကို အပြစ်ပေးဆုံးမပြီဆိုရင်တော့ ကျွန်တော်တို့ ညီအစ်ကိုတွေကိုလည်း အဲဒီလိုပုံစံအတိုင်း ရိုက်တာပဲ။ ကျွန်တော်တို့ကို ရိုက်ရင်တော့ ကျောကုန်းနဲ့တင်ပါးတွေကို ရွေးပြီးရိုက်လေ့ရှိတယ်။ ကျွန်တော်တို့ ကြီးလာမှ အမေ ပြောပြတာက ကျောကုန်းနဲ့ တင်ပါးတွေကို ရိုက်ပေးရင် အာရုံခံ နဗ့်ကြောတွေ ပွင့်ပြီး ဉာဏ်ကောင်းတယ်လို့ စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးလို့ ရိုက်ပေးတာပါတဲ့။ ဘယ်စာရေးဆရာက များ ရှာရှာပေါက်ပေါက်ရေးလိုက်တယ် မသိပါဘူး။ အဲဒီလိုစာတွေ ဖတ်တာထက်စာရင် စာမဖတ်တာကမှ တော်သေးတယ်လို့တောင် ကျွန်တော်တွေးမိတယ်။

ကျွန်တော်တို့အိမ်မှာ ဘဲတွေ မွေးထားတယ်။ ဘဲစာကျွေးတာနဲ့ ဘဲဥကောက်တဲ့အလုပ်ကို ကျွန်တော်နဲ့ကိုဗမိုးက လုပ်တယ်။ အမေက ကိုဗမိုးကိုပဲ ခိုင်းတာပါ။ ကျွန်တော်က ကိုဗမိုးနားကပ်နေတော့ သူ့အလုပ်တွေကို ကူလုပ်ပေးမိတာပေါ့။ ကျွန်တော် မမြင်ချင်ဆုံးနဲ့ စိတ်အညစ်ဆုံး မြင်ကွင်းကတော့ ကိုဗမိုး ထင်းခွဲတဲ့ အချိန်ပဲ။ ထင်းခွဲတဲ့ ဓားနဲ့ထင်းချောင်းကိုထိဖို့ အားထုတ်ရတာကိုက သူ့အတွက် တော်တော်ပင်ပန်းတယ်။ ဒါပေမဲ့ ကိုဗမိုးကတော့ ခွဲဖို့ သတ်မှတ်ပေးထားတဲ့ ထင်းပုံကို သူ့တာဝန်ကျေအောင် ခွဲပေးနိုင်ပါတယ်။ ကျွန်တော်တို့နေတဲ့ နယ်မြို့လေးမှာ အိမ်အတွက် ဟင်းစားအလွယ်တကူမရတဲ့အခါ အိမ်ကဘဲတွေကိုပဲ ဟင်းလုပ်လိုက်ရတာရှိတယ်။ အရင်တုန်းကတော့ အမေက အနောက်ခြံထဲက ကရင်အဘိုးကြီးကို ခိုင်းတတ်တယ်။ သူ့ကိုလည်း ဟင်းစားအတွက် ခွဲပေးရတာပေါ့။

အခု ကိုဗမိုး အိမ်မှာရှိနေပြီဆိုတော့ အမေက ကိုဗမိုးကို "ဗမိုး အဲဒီဘဲကို ဟင်းစားလုပ်လိုက်" ခိုင်းတော့တယ်။ ကိုဗမိုး အိမ်ရောက်ကတည်းက ဘဲသားကို ဝယ်ပြီးပဲ ချက်စားဖူးသေးတယ်။ အဲဒီတော့ ကိုဗမိုးက ကရင်အဘိုးကြီး လုပ်တာကိုလည်း တွေ့ဖူးထားတာ မဟုတ်ဘူး။ အမေ လက်ညှိုးထိုးပြတဲ့ ဘဲကိုလိုက်ဖမ်းပြီး သူ့လက်ထဲမှာမိတော့ ဘာဆက်လုပ်ရမှန်းမသိဘူး ဖြစ်နေတယ်။ ကျွန်တော်ကလည်း ကိုးနှစ်သားအရွယ်လောက်ပဲ ရှိသေးတယ်။ သူ ဘာဆက်လုပ်မလဲဆိုတာကို ဘေးနားက ထိုင်ကြည့်နေမိတယ်။ ဘဲခြေထောက်နှစ်ဖက်ကို သူ့ရဲ့ မညီမညာဖြစ်နေတဲ့ ခြေထောက် နှစ်ချောင်းကြားကို ညှပ်လိုက်တယ်။ အဲဒီတော့ ဘဲရဲ့အတောင်ပံတွေက တဖျပ်ဖျပ်နဲ့ သူ့မျက်နှာကို ရိုက်မိနေတယ်။ သူ့ လက်တစ်ဖက်က ဓားကိုကိုင်ထားပြီး ကျန်တစ်ဖက်က ဘဲအတောင်ပံတွေကို လိုက်ထိန်းဖို့ ကြိုးစားနေတယ်။ သူကိုင်ထားတဲ့ ဓားက မီးဖိုထဲမှာ အမေ မီးသွေးသုံးတဲ့အခါ ထင်းရှူးဆီတွေ စိတ်တဲ့အခါမှာသုံးတဲ့ အနားတွန့် ဓားတုံးကြီး။

အဲဒီ ဓားတုံးကြီးနဲ့ ဘဲရဲ့ လည်ပင်းကို ကြိတ်လှီးနေတယ်။ ဘဲက သူ့လက်ထဲက အတင်းရုန်းတော့ သူ့ခြေနှစ်ချောင်းကြားမှာ ညှပ်ထားတဲ့ ဘဲခြေထောက်တွေက လွတ်ထွက်ကုန်ပြီး သူ့မျက်နှာကိုအတောင်တွေနဲ့ တက်ရိုက်မိပြန်ရော။ တစ်ခါ ဘဲကို ပြန်ဖမ်းချုပ်ပြီး ဓားတုံးကြီးနဲ့ ဘဲလည်ပင်းကို လှီးပြန်ရော။ အဲဒီလိုနဲ့ နောက်ဆုံးတစ်ခေါက်လည်းကျရော သူ အတင်းကြိတ်လှီးလိုက်တာ ဘဲလည်ပင်းပြတ်ထွက်သွားပြီး သွေးတွေက ပန်းထွက်လာပြီး သူ့မျက်နှာနဲ့ လည်ပင်းတွေကို စဉ်ကုန်ရော။ ဘဲက ချက်ချင်း အသက်မသေသေး



Asian Fame Media Group

ဘဲ ဆန့်ငင်ဆန့်ငင်နဲ့ မြေပြင်မှာ တစ်ပတ်လျှောက်ပြေးပြီးမှ ကိုဗမိုး ခြေဖမိုးပေါ် ပြုတ်ကျငြိမ်သွားတော့တယ်။ အဲဒီတော့မှ ကျွန်တော် ကိုဗမိုးမျက်နှာကို ကြည့်လိုက်မိတယ်။ တော်တော့်ကို ပင်ပန်းပြီး စိတ်မကောင်းဖြစ်နေတဲ့ပုံပဲ။

အဲဒီ ဘဲစီရင်တဲ့မြင်ကွင်းက ကျွန်တော်နဲ့ကိုဗမိုး နှစ်ယောက်ပဲ မြင်ရတာ။ ပြီးတော့ ကိုဗမိုးက အမေ့ကို ဘဲသေသွားပေးပြီး ရေတွင်းမှာ အကြာကြီးပဲ ငိုင်နေတယ်။ ကျွန်တော် နောက်ထပ် မမြင်ချင်တဲ့ မြင်ကွင်းတစ်ခု ရှိသေးတယ်။ ကိုဗမိုး ရေတွင်းကရေငင်နေတဲ့ အချိန်ပဲ။ အငြိမ်ရပ်လို့မရတဲ့ သူ့ခန္ဓာကိုယ်ရဲ့ လှုပ်ရှားဟန်ကို ထိန်းနေရတော့ ရေပုံးအပေါ်ရောက်လာရင် ရေက တစ်ဝက်တောင် မပါချင်တော့ဘူး။ အဲဒီနေ့ကတော့ ကိုဗမိုးရယ် ရေတွေ အကြာကြီးငင်ပြီး သူ့ခေါင်းပေါ်က နေ လောင်းချနေတယ်။ ကျွန်တော့်ကိုလည်း ရေချိုးပေးတယ်။

ထမင်းစားချိန် အမေလှမ်းခေါ်မှ ရပ်တော့တယ်။ အဲဒီနေ့က အိမ်မှာ အမေက ဘဲသားဟင်းနဲ့အတူ နောက်ထပ်အရံဟင်းက မရမ်းသီးထောင်းတယ်။ တခြားနေ့တွေလို အရည်သောက်ဟင်းတို့ အရွက်ကြော်တို့ မပါဘူး။ ကိုဗမိုး ပန်းကန်ထဲကို မရမ်းသီးထောင်းပုံပေးပြီး ဘဲသားဟင်း ထည့်ပေးမယ်လည်း လုပ်ရော ကိုဗမိုးက ပန်းကန်ကို နောက်ဆုတ်လိုက်ပြီး အကြောက်အကန် ငြင်းနေတော့တာပဲ။ အမေက "ဘာဖြစ်တာလဲ စားရမယ်လာ ပန်းကန်ပေး" လို့လည်းဆိုရော "မမ မမ ကျွန်တော် မစားဘူးလို့" သူ့လေသံအတိုင်း အထစ်ထစ်အငေါ့ငေါ့နဲ့ အော်တော့တာပဲ။ ကိုဗမိုးလည်း မယူရော အမေက ကျွန်တော့် ပန်းကန်ထဲကိုလည်း ဘဲသားဟင်း ထည့်ပေးဖို့လုပ်တယ်။ ကျွန်တော်ကလည်း အမေ့ကို ဘဲသားဟင်းမစားချင်ဘူးလို့ ငြင်းလိုက်မိတယ်။

အဲဒီတော့ အမေက "နင်ကရော ဘာကိစ္စ ဘဲသားဟင်းမစားချင်ရတာလဲ" လို့ဆိုပြီး စိတ်ဆိုးတော့တာပဲ။ ကိုဗမိုးမစားလို့ ကျွန်တော် လိုက်မစား မှန်းသိတော့ အမေက ကိုဗမိုးကို ဘဲသားဟင်းမစားရင် ထမင်းလည်း မကျွေးဘူးလို့ လုပ်တော့တာပဲ။ အမေက အဲဒီလိုလုပ်တော့ ထမင်းအရမ်းကြိုက်တဲ့ ကိုဗမိုးက ထူးဆန်းစွာပဲ ထမင်းပန်းကန်ကို အမေ့ပြန်ပေးလိုက်တယ်။ အမေက အရမ်းစိတ်ဆိုးသွားပြီး ကျွန်တော်တို့ နှစ်ယောက်စလုံးကို နေ့လယ်စာ ထမင်း မကျွေးတော့ဘူး။ ညနေရောက်တော့လည်း ဘဲသားဟင်း မစားဘဲနေတဲ့ ကိုဗမိုးကြောင့် ကျွန်တော်လည်းရောပြီး ထမင်းတစ်နပ်ငတ်ပြန်ရော။

ကျွန်တော်က ကလေးဆိုတော့ ထမင်းစားချင်နေပြီ။ ကိုဗမိုးမစားလို့သာ လိုက်မစားဘဲ နေနေတာ။ အမေကလည်း နေနိုင်တယ်။ ကျွန်တော့်ကို အတင်းမကျွေးဘူး။ ကိုဗမိုး



မဆာဘူးလားလို့ ကျွန်တော်က မေးတော့ သူ့အသံ ထစ်ငေါ့ငေါ့နဲ့ "ညီ ညီလေး ဆာ ဆာတာပေါ့။ ထမင်း ဆာတာပေါ့၊ ဒါ ဒါပေမဲ့ အဲ အဲဒီအစာကို မဆာဘူး" တဲ့။ အဲဒီအချိန်တုန်းက သူ ဘာဆိုလိုမှန်း ကျွန်တော် သဘောမပေါက်မိခဲ့ပါဘူး။

နောက်တစ်နေ့ မနက်ရောက်တော့ ကိုဗမိုးက အိမ်နီးချင်းအိမ်တွေကို ရေလိုက်ထည့်ပေးတယ်။ ထင်းလိုက်ခွဲပေးတယ်။ အစကတည်းက အိမ်နီးချင်းတွေက ကိုဗမိုးကို သနားလို့ နည်းနည်းပါးပါးခိုင်းပြီး မုန့်ဖိုးပေးတတ်ကြပေမယ့် အမေ မကြိုက်မှန်းသိတော့ သိပ်မလုပ်ရဲကြဘူး။ ဒီတစ်ခါတော့ သူတို့ခေါ်ခိုင်းတာမဟုတ်ဘဲ ကိုဗမိုးကိုယ်တိုင် လိုလိုချင်ချင် လာလုပ်ပေးနေတာဆိုတော့ မုန့်ဖိုးတွေ ဝိုင်းပေးကြတယ်။ တစ်မနက်ခင်းလုံး သူ လျှောက်လုပ်ပေးနေတာ။ သူရလာတဲ့ ပိုက်ဆံတွေကို ခါးပုံစကြားမှာ ကျစ်ကျစ်ပါအောင်ထုပ်ပြီး အိမ်ပြန်လာတယ်။ ပြီးတော့ ကျွန်တော့်ကို လက်ဆွဲပြီး လမ်းထိပ်က မုန့်ဆိုင်ကို သွားကြတယ်။

ကျွန်တော်နဲ့ကိုဗမိုး လမ်းတစ်လျှောက် မုန့်တွေစားပြီး ပျော်ရွှင်စွာ ပြန်လာလိုက်ကြတာ အိမ်ကိုလည်းရောက်ရော၊ အမေ့ရဲ့ မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးတွေနဲ့ ဆုံလိုက်ကြရတယ်။ ကိုဗမိုး သူများအိမ်တွေကို ရေထည့်၊ ထင်းခွဲပေးတဲ့ကိစ္စ ဘယ်လိုသိသွားတယ် မသိဘူး။ လက်ရိုက်တုတ်ကိုင်ပြီး အသင့်စောင့်နေတော့တယ်။ ကျွန်တော်တို့လည်းရောက်လာရော ဘာမှမေးမနေတော့ဘဲ အမေရယ် ကိုဗမိုးကို ဆီးရိုက်တော့တာပဲ။ ခေါင်းတွေရော၊ ကျောတွေရော၊ ပခုံးစောင်းတွေရော မြင်မကောင်းအောင် ရိုက်နေတယ်လို့ ကျွန်တော် ခံစားနေရတယ်။ ကိုဗမိုးက သူ့ကို ဘာလို့ရိုက်တယ်ဆိုတာ သိနေတယ် ထင်တယ်။ ရိုက်တာကို ငုံ့ခံနေရင်းက "မမ မမ ငါ ငါ ထမင်းမစားဘဲ မနေနိုင်လို့ပါ၊ ဗိုက်ဆာလို့ပါ ဗိုက်ဆာလို့ပါ" နဲ့ အော်နေတော့တယ်။ သူ့ကိုယ်ပေါ်က သွေးတွေ စီးကျလာတာကိုလည်းမြင်ရော ကျွန်တော် အမေ့ကို ပြေးပြီးတွန်းလှဲလိုက်မိတော့တယ်။ ခါတိုင်းအချိန်တွေမှာ အမေ့ကို အရမ်းကြောက်တဲ့ ကျွန်တော် မမြင်ရတဲ့တွန်းအားတစ်ရပ်ကြောင့် လုပ်လိုက်မိတယ် ထင်တယ်။

ရုတ်တရက် အမေ အံ့ဩသွားတယ်။ ပြီးတော့ အမေ့ဒေါသ ကျွန်တော့်အပေါ် ရောက်လာတော့တယ်။ လက်ရိုက်တုတ်နဲ့ ကျွန်တော့်ကို ဆင့်ကာ ဆင့်ကာရိုက်တော့ ကိုဗမိုးရယ် ကျွန်တော့်ကျောပေါ် မှောက်ချလိုက် ပြီး "မမ မမ ငါ့ကိုပဲ ရိုက်ပါ ငါ့ကိုပဲ ရိုက်ပါ" နဲ့ အော်ငိုနေတယ်။ အမေကတော့ နှစ်ယောက်စလုံးကို သိမ်းကျုံးပြီး ရိုက်တော့တာပဲ။ ရိုက်လို့အားရသွားတာပဲလား၊ သူ့လက်ဆ လွန်သွား တာသိလို့ပဲလားတော့ မသိဘူး။ အမေက ဆက်မရိုက်တော့ဘဲ အိမ်ပေါ်တက်သွားတယ်။ ကျွန်တော့်ဘဝမှာ အဲဒီလောက်နာကျင်အောင် တစ်ခါမှ အရိုက်မခံရဖူးဘူး။ ကိုဗမိုးနဲ့ ကျွန်တော် နှစ်ယောက်သားဖက်ငိုပြီး ကျန်ခဲ့တယ်။ ကိုဗမိုးက "ညီညီ မငိုနဲ့နော် ကိုကိုလည်း မငိုတော့ဘူး" ဆိုပြီး ကျွန်တော့်ကို ချော့သံအဆုံး ကျွန်တော် သတိလစ်သွားတော့တယ်။

ကျွန်တော် သတိပြန်ရလာတော့ နွေးထွေးတဲ့ အိပ်ရာပေါ် ရောက်နေတယ်။ ဆရာဝန်နဲ့ခေါ်ပြီး ဆေးကုထားတယ်လို့ ပြောကြတယ်။ နာလွန်းလို့ သတိလစ်သွားတာတဲ့။ အဲဒီအချိန်ကစပြီး ကိုဗမိုးတို့သားအဖကို ကျွန်တော် မတွေ့ရတော့ဘူး။ အစ်ကို ပြန်ပြောပြတာတော့ ကျွန်တော် သတိလစ်သွားပြီး မကြာခင် ပါပါကြီး ပြန်ရောက်လာတယ်။ အဆိုးအကောင်း ဘာမှမပြောတော့ဘဲ အဖေပြန်လာသည်အထိ စောင့်ပြီး အဖေ့ကိုနှုတ်ဆက်ပြီး သူတို့သားအဖ ကျွန်တော်တို့မြို့က ထွက်သွားကြတယ်တဲ့။ သူတို့ သားအဖကို အဖေလိုက်စုံစမ်းသေးပေမယ့်ဘယ်ရောက်သွားမှန်း မသိရတော့ဘူး။ ကျွန်တော် အရွယ်ရောက်လာတော့ တစ်မိသားစုလုံး ရန်ကုန်ကိုပြောင်းရွှေ့ခဲ့ကြတယ်။ အခုမှ ဒီမြို့ကိုဘယ်လို ပြန်ရောက်နေကြတယ် မသိဘူး။

ကိုဗမိုးကို ဖက်ထားရင်းက ကျွန်တော် စဉ်းစားနေမိတယ်။ ဘဝရပ်တည်မှုအတွက် ရုန်းကန်နေရတဲ့ အခုချိန်မှာတော့ ကိုယ့်စိတ်နဲ့မကိုက်ညီလည်း သည်းခံရတဲ့အခါ ကိုယ်မလုပ်ချင်တဲ့ အလုပ်တာဝန်တွေကို ထမ်းဆောင်ရတဲ့အခါမှာတော့ ကိုဗမိုးပြောခဲ့ဖူးတဲ့ စကားအဓိပ္ပာယ်ကို သဘောပေါက်မိတော့တယ်။ အထူးသဖြင့် ကျွန်တော်မစားချင်တဲ့ အစာတွေအတွက် ကျွန်တော် အဆာမခံနိုင်တဲ့ အချိန်တိုင်းမှာပေါ့။

**ခင်သန္တာ**



Asian Fans Media Group



## ကျောက်မျက်များတူးဖော်ခြင်းနှင့်

# သဘာဝ

## ပတ်ဝန်းကျင်ဆိုင်ရာလွှမ်းမိုးမှု

သိန်းပိုင်(M.Engg.Geol)

နေရာတိုင်း၌ ကျွန်ုပ်တို့၏ရွေးချယ်မှုများသည် တစ်ဦးတစ်ယောက်ချင်းသော်လည်းကောင်း၊ အစုအဖွဲ့နှင့်သော်လည်းကောင်း၊ အဖွဲ့အစည်းအနေနှင့်သော်လည်းကောင်း (သို့) အစိုးရတစ်ရပ်အနေနှင့်သော်လည်းကောင်း သဘာဝတရားကြီးကို ထိခိုက်ခဲ့မည်ဆိုပါက သဘာဝတရားကြီးမှလည်း ကျွန်ုပ်တို့အား ထိခိုက်စေမည်ဖြစ်ပါသည်။

David Suzuki

*(ကနေဒါလူမျိုး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်)*

ကျောက်မျက်များသည် သဘာဝပတ်ဝန်း ကျင်နှင့် ဘူမိဗေဒအခြေအနေများအရ ယာယီထုတ်ကုန်များပင်ဖြစ်ပါသည်။ ၎င်းတို့ကို ကမ္ဘာ့တိုက်ကြီး ၇ တိုက်လုံးတွင် ရှာဖွေတွေ့ရှိနိုင်ပါ သည်။ ယင်းကဲ့သို့သော ကျောက်မျက်များကို မူလဖြစ် သိုက်များအနေနှင့်သော်လည်းကောင်း (သို့) နောက်ဖြစ်သိုက်များအနေနှင့်သော်လည်းကောင်း တောင်ထိပ်များနှင့် ပင်လယ်ကြမ်းပြင်များတွင်လည်း တွေ့ရှိနိုင်ပါသည်။



Asian Fame Media Group

ကျောက်ရည်ပူများ အရည်ပျော်ခြင်း၊ ကျောက်များ အသွင်ပြောင်းလဲခြင်း၊ ကျောက်များအနည်ပို့ချခြင်းတို့၏ တွဲဖက်ဖြစ်စဉ်များကြောင့် နှစ်သန်းပေါင်းများစွာကြာသောအခါ အဖိုးတန်ကျောက်မျက်များအနေဖြင့် ရတနာသိုက်များကို ဖြစ်ပေါ်စေပါသည်။ ကမ္ဘာ့မြေထုချပ်ကြီးများ ရွေ့လျားပြောင်းလဲစေသော အင်အားများနှင့် အပေါ်ယံမြေမျက်နှာသွင်ပြင်များ တိုက်စားခံရမှုတို့ကြောင့် ကျောက်မျက်များသည် မြေမျက်နှာပြင်အနီးသို့ ပေါ်ထွက်လာပြီး လူသားများဆီသို့ ရောက်ရှိခဲ့ပါသည်။ လူသားတို့၏ ယင်းအဖိုးတန်တွင်းထွက်များကိုသုံးစွဲမှုနှင့် ကမ္ဘာမြေကြီးအတွင်းမှ ထုတ်ယူမှုသည် ယခုအခါ အလွန်တရာ ကြောက်စရာကောင်းလောက်အောင် ကြီးထွားလာနေပါသည်။ ကျောက်မျက်များကို ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနှင့် သုံးစွဲခြင်းတို့သည် ကျွန်ုပ်တို့ပတ်ဝန်းကျင်နှင့် လူသားများအပေါ် နည်းပေါင်းစုံဖြင့် တိုက်ရိုက်ထိခိုက်မှုရှိနေပါသည်။ ထို့ကြောင့် ကျောက်မျက်များ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများနှင့် သက်ဆိုင်သော လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ဝတ္တရားများနှင့်အတူ အရောင်ရှိ ကျောက်မျက်များကို ထုတ်လုပ်ခြင်း၊ ရောင်းဝယ် ဖောက်ကားခြင်း၊ သုံးစွဲခြင်းများကို လေ့လာစစ်ဆေးရန် မလွဲမရှောင်သာ လိုအပ်လာပါသည်။ ယင်းတို့သည် ကြိုတင်ဆောင်ရွက်ခြင်းများနှင့်အတူ သက်ဆိုင်ရာအကြောင်းတရားများကို လျှော့ချရန် ပျက်ကွက်ခဲ့မှုတို့ကြောင့် ဝမ်းနည်းပူဆွေးစရာများနှင့် တွေ့ကြုံခံစားခဲ့ရပြီး ကျရောက်လာမည့် ဘေးအန္တရာယ်များကို ကာကွယ်နိုင်ခြင်းမရှိသော အရည်အသွေးနိမ့်ကျသည့် နယ်မြေဒေသပတ်ဝန်းကျင်များ ဖြစ်လာပါသည်။ ရှုပ်ထွေး၍ အပိုင်းပိုင်းဖြစ်နေသော သဘာဝရှိသည့် ကျောက်မျက်တင်ပို့ရောင်းချမှု ကွင်းဆက်များသည် အချိန်ကာလကြာသည့်တိုင်အောင် စံချိန်စံညွှန်းများနှင့် လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိပေ။ များစွာသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများသည် တစ်ကမ္ဘာလုံးဆိုင်ရာ ကျောက်မျက်တူးဖော်ခြင်းနှင့် ဆက်စပ်လျက်ရှိသည်။

## အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်

၂၀၀၃ ခုနှစ်က Macfarlane နှင့် အပေါင်းအပါတစ်စုက များစွာသောကိစ္စရပ်များကို အချက်ကျကျလေ့လာမှုများအရ အမှန်တကယ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နစ်နာမှုများသည် လက်ရှိလုပ်ဆောင်ချက်များထက် အတိတ်က အဖြစ်အပျက်များနှင့် ပို၍နီးကပ်စွာ ဆက်စပ်နေသည်ကို တွေ့ရှိခဲ့ရပါသည်။ ထို့ကြောင့် စက်ရုံ၊ အလုပ်ရုံများသည် စေတနာထားပြီး လုပ်ထုံးလုပ်နည်းများကို ဖော်ထုတ်၍ အတိတ်ကဂရုမစိုက်ဘဲ လုပ်ဆောင်ခဲ့မှုများကို တဖြည်းဖြည်း ပြန်လည်ပြုပြင်ရန် ရန်ပုံငွေများကို ထားရှိသင့်သည်။ ယခုအခါ များစွာသောအဖွဲ့အစည်းများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံကွပ်ကဲခြင်းများကို တာဝန်မဲ့စွာ လုပ်ဆောင်ချက်များကြောင့် ဆိုးကျိုးများကို ခံစားနေရပြီး ယင်းတို့သည် အတိတ်ကာလက ကျောက်မျက်တူးဖော်ခြင်းလုပ်ငန်းများနှင့် ဆက်စပ်လျက်ရှိပါသည်။ ကျောက်မျက်များ တူးဖော်နေစဉ် ကာလတစ်လျှောက် မြေမျက်နှာသွင်ပြင်များသည် တွင်းပေါက်များနှင့် ပြည့်နှက်လာခြင်း၊ စိုက်ပျိုးမြေများသည်လည်း မြေဩဇာဓာတ်များ ပျက်စီးကုန်ခြင်း၊ မျိုးတုံးပျောက်ကွယ်တော့မည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသော တိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာ နေရာများပျက်စီးသွားခြင်း၊ တွင်းများတူးပြီးနောက် မြေကြီးများပြန်မဖို့သဖြင့် ရေဝပ်ကာ ငှက်ဖျားပိုးများပေါက်ပွားပျံ့နှံ့မှုကို အားပေးခြင်းများရှိသော်လည်း တိတိကျကျ အရေးယူဆောင်ရွက်မှုမှာ အနည်းငယ်သာရှိသဖြင့် ၎င်းတို့ကို တင်းတင်းကျပ်ကျပ် လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

ဘူမိဗေဒသဘောအရ ဂရုက်ဖိုက်ကြွယ်ဝသော ကျောက်လွှာများအတွင်းမှ အလွန်နက်သောနေရာတွင် တန်ဇန်နိက်ကျောက်မျက်များကို တူးဖော်ရာ၌ တူးဖော်သည့်နည်းစနစ်များကြောင့် ထွက်ရှိလာသော အမှုန်များတွင် အသက်ရှူသွင်းနိုင်လောက်သော ဆီလီကာအမှုန်ပါဝင်မှုသည် သာမန်ထက် အဆ ၅၀ ကျော်မြင့်တက်နေပြီး ယင်းတို့သည် ကျောက်တူးအလုပ်သမားများကို နာတာရှည်အဆုတ်ရောဂါများကို ဖြစ်ပွားစေခဲ့ပါသည်...



ထို့ကြောင့် အတိတ်ကပြုလုပ်ခဲ့သော အကျိုးဆက်များကြောင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းရန်နှင့် ပစ္စုပ္ပန်နှင့် အနာဂတ်တွင် ကျောက်မျက်တူးဖော်ခြင်းလုပ်ငန်းများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တိုးတက်ဖြစ်ပေါ်မှုအတွက် မဟာဗျူဟာချပုံပေါ်ရန်မှာ အလွန်ပင်ခက်ခဲပါသည်။ မည်သူ၌ တာဝန်ရှိသည်ဆိုသည်ကို မဖြစ်မနေ ဖော်ထုတ်နိုင်မှသာလျှင် ပျက်စီးဆုံးရှုံးသွားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးဆက်များမှ ရှောင်လွှဲဖယ်ရှားနိုင်ပြီး သဘာဝပတ်ဝန်းကျင်စနစ် စီမံခန့်ခွဲရေးလည်း တိုးတက်လာပါလိမ့်မည်။

## ကျောက်မျက်တူးဖော်ရေးလုပ်ငန်းများ

အကြီးစားနှင့် အလတ်စားကျောက်မျက်တူးဖော်ထုတ်လုပ်ရေးကုမ္ပဏီများမှ အရောင်ရှိကျောက်မျက်များကို တူးဖော်ထုတ်လုပ်နေကြသော်လည်း အမှန်တကယ်မှာ ထုတ်လုပ်မှု၏ ၈၀ ရာခိုင်နှုန်းသည် တစ်ပိုင်တစ်နိုင် တူးဖော်ထုတ်လုပ်ခြင်းမှ ရရှိသည်ဟု "Michelou;2010" က ဆိုပါသည်။ တစ်ပိုင်တစ်နိုင် လက်လုပ်လက်စားကျောက်မျက်တူးဖော်ခြင်းသည် အခြေခံထုတ်လုပ်ခြင်းနည်းစနစ်များဖြင့် တစ်နေရာမှ တစ်နေရာသို့ ရွေ့ပြောင်းထုတ်လုပ်ခြင်း အမျိုးအစားဖြစ်ပြီး တစ်ခါတစ်ရံတွင်လည်း တရားမဝင်လုပ်ကိုင်ခြင်းမျိုး ဖြစ်ပါသည်။ တစ်ပိုင်တစ်နိုင် ကျောက်မျက်တူးဖော်ခြင်းများတွင် မတူညီသောပုံစံအမျိုးမျိုး ပါဝင်နေပြီး ဥပမာအားဖြင့် ရာသီအလိုက်တူးဖော်ခြင်းနှင့် အတင်းအဓမ္မတက်သုတ်ရိုက်၍ တူးဖော်ခြင်းများလည်း ပါဝင်ပါသည်။ တစ်ပိုင်တစ်နိုင် ကျောက်မျက်တူးဖော်ရေးသမားများနှင့် တစ်ပိုင်တစ်နိုင်မဟုတ်သော ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီများသည် တစ်ခါတစ်ရံညှိနှိုင်းတိုင်ပင်၍ ယင်းလုပ်ငန်းရှင်များစုပေါင်းကာ တရားမဝင်နည်းလမ်းများဖြင့် လုပ်ကိုင်ကြပြီး တစ်ဦးတစ်ယောက်ချင်းစီအနေဖြင့်လည်း လုပ်ကိုင်နိုင်ကြပါသည်။ များစွာသော ကျောက်မျက်သိုက်များသည် အကြီးစားတူးဖော်ထုတ်လုပ်ရာတွင် အကျိုးအမြတ် မရရှိနိုင်

Asian Fame Media Group

သော်လည်း အသေးစားတူးဖော် ထုတ်လုပ်မှုအတွက်မူ အကျိုးအမြတ်ရရှိနိုင်ကြောင်း သဘောပေါက်ရန်မှာ အရေးကြီးပါသည်။ ယင်းကဲ့သို့ ခွဲခြားသိမြင်မှုများမှာ ကျောက်မျက်များမှသည် အခြားသော တွင်းထွက်သယံဇာတများ တူးဖော်ထုတ်လုပ်ခြင်းအတွက် ထူးခြားချက်ပင် ဖြစ်ပါသည်။

ကျောက်မျက်များထုတ်လုပ်ရာတွင် ကျောက်မျက်သိုက်၏ သဘာဝအပေါ် မူတည်၍ ကျောက်မျက်များတူးဖော်သည့် နည်းစနစ်များကို မပြောင်းလဲဘဲ လက်ခံထားကြပါသည်။ ဥပမာအားဖြင့် **"Primary Deposits"** ဟုခေါ်သော "ရှေးဦးဖြစ်ကျောက်မျက်သိုက်များ" သည် မာကျောသော ကျောက်စိုင်ကျောက်တုံးများအတွင်း ဖြစ်တည်နေသဖြင့် မြေအောက်လိုဏ်ခေါင်းများ (သို့) အမိုးပွင့်တူးဖော်နည်းစနစ်များကို အသုံးပြု၍ တူးဖော်ရသလို **"Secondary Deposits"** ဟုခေါ်သော "နောက်ဖြစ်ကျောက်မျက်သိုက်များ" ကို အနည်ကျကျောက်များ၊ ဖြုန်းမြေများ၊ ပို့ချအနယ်များ အထဲတွင် တွေ့ရှိရပါသည်။ ကျောက်မျက်တစ်ပွင့်၏ တွင်းထွက်ဗေဒသည် ယင်းနေရာရှိ ဘူမိပတ်ဝန်းကျင်အမျိုးအစားအတိုင်း တွေ့ရှိရပါသည်။ ကျောက်မျက်များဖြစ်ပေါ်လာရန် လိုအပ်သော ဓာတုပစ္စည်း၊ အပူချိန်နှင့် ဖိအားတို့သည် အခြေအနေပေးရန် လိုအပ်ပါသည်။ ဆိုလိုသည်မှာ သာမန်ကျောက်သားများနှင့် ကျောက်မျက်များ ပါဝင်နေသော ကျောက်သားများသည် အလွန်ပင်ကွာခြားပါသည်။ မြကျောက်ကိုဖြစ်စေသည့် အရေးကြီးသော ရင်းမြစ်အားလုံးသည် ရှေးဦးဖြစ်ကျောက်မျက်သိုက်များအနေဖြင့် ဖွဲ့စည်းဖြစ်ပေါ်သော်လည်း၊ ပတ္တမြား၊ နီလာ၊ အည့ံပန်းနှင့် အခြားကျောက်မျက်များကို မကြာခဏဆိုသလို နောက်ဖြစ် ကျောက်မျက်သိုက်များဖြစ်သော ဖြုန်းမြေများနှင့် မြေနုသိုက်များတွင် တွေ့ရှိနိုင်ပါသည်။ ကျောက်မျက်တူးဖော်သူများသည် ကမ္ဘာကြီးဖြစ်တည်မှုအနေအထားများ၊ ကျောက်မျက်သိုက်၏ ဘူမိဗေဒ၊ ထုတ်လုပ်သည့်နည်းစနစ်များနှင့် မူလသဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးဆက်များ မြင့်တက်လာနိုင်မှု အလားအလာတို့ကို လိုက်နာရပါမည်။ ရှေးဦးဖြစ် ကျောက်မျက်သိုက်များနှင့် နောက်ဖြစ် ကျောက်မျက်သိုက်များအကြား မှတ်သားဖွယ်ကောင်းသော ကွာခြားချက်မှာ ရှေးဦးဖြစ် ကျောက်မျက်သိုက်များတွင် ပေါက်ကွဲစေတတ်သော ယမ်းကဲ့သို့ ပစ္စည်းမျိုးကို အသုံးပြုခြင်းနှင့် နောက်ဖြစ် ကျောက်မျက်သိုက်များတွင် ဖောက်ခွဲရေးပစ္စည်းများကို အသုံးမပြုခြင်းပင် ဖြစ်ပါသည်။ ဆိုလိုသည်မှာ မတူညီသော လုပ်ထုံးလုပ်နည်းများလိုအပ်ပြီး ယမ်းကဲ့သို့ ဖောက်ခွဲရေးပစ္စည်းများ အလွန်အကျွံသုံးစွဲခြင်းအတွက် နည်းဥပဒေများလိုအပ်ပါသည်။ ထို့အပြင် သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများကလည်း ဒေသခံလူများအတွက် အန္တရာယ်မဖြစ်စေရန် ရပ်နားသွားသော ကျောက်မိုင်းများကိုရှာဖွေ၍ မြေအောက်လိုဏ်ခေါင်းသို့ဆင်းသော လမ်းကြောင်းများကိုလည်း အပြီးတိုင်ပိတ်ပစ်ရမည် ဖြစ်ပါသည်။

မြကျောက်များကို လချေးများကြွယ်ဝသော ကျောက်များထဲတွင် မကြာခဏတွေ့ရှိရပြီး နောက်ပိုင်းတွင် ယင်းလချေးအမှုန်များကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေပါသည်။ ယင်းလချေးမှုန်များသည် မြစ်ချောင်းများအတွင်းသို့ ရောက်ရှိသွားပြီး ရေကိုနောက်ကျိစေကာ လူတို့၏ကျန်းမာရေးကိုလည်း ထိခိုက်စေပါသည်။ ယေဘုယျအားဖြင့် မြေအောက်လှိုဏ်ခေါင်းများ တူး၍ ကျောက်မျက်များထုတ်လုပ်ခြင်းသည် မှန်မှန်ကန်ကန်နှင့် အစီအစဉ်တကျလုပ်ကိုင်နိုင်ခြင်းမရှိပါက အလွန်အန္တရာယ်များပါသည်။ အချို့သော နေရာဒေသများတွင် ယမ်းဖောက်ခွဲမှုများကိုပြုလုပ်သောအခါ ယမ်းမဖောက်ခွဲမီ ဘူမိဗေဒဆိုင်ရာ ကျောက်လွှာမြေလွှာများ၏ အနေအထားကို ခိုင်ခံ့တည်မြဲမှုရှိ မရှိ သေချာစွာစစ်ဆေးခြင်း၊ လုံလောက်သော လေဝင်လေထွက်ရှိ မရှိနှင့် ရေများဝင်ရောက်လာနိုင်ခြင်းရှိ မရှိတို့ကိုလည်း သေချာစွာ လေ့လာရပါမည်။

ဥပမာတစ်ခုအနေဖြင့် တန်ဇန်းနီးယားနိုင်ငံရှိ တစ်ပိုင်တစ်နိုင် တန်ဇန်နိုက်ကျောက်မျက် (နီလာကဲ့သို့ အပြာရောင်ရှိသောကျောက်မျက်) ထုတ်လုပ်သော ကျောက်မိုင်းတွင် ဘူမိဗေဒ ကျောက်မျက်များနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကျန်းမာရေးတို့သည် နီးနီးကပ်ကပ်ဆက်စပ်လျက်ရှိပါသည်။ ဘူမိဗေဒသဘောအရ ဂရက်ဖိုက်ကြွယ်ဝသော ကျောက်လွှာများအတွင်းမှ အလွန်နက်သောနေရာတွင် တန်ဇန်နိုက်ကျောက်မျက်များကို တူးဖော်ရာ၌ တူးဖော်သည့်နည်းစနစ်များကြောင့် ထွက်ရှိလာသော အမှုန်များတွင် အသက်ရှူသွင်းနိုင်လောက်သော ဆီလီကာအမှုန်ပါဝင်မှုသည် သာမန်ထက် အဆ ၅၀ ကျော်မြင့်တက်နေပြီး ယင်းတို့သည် ကျောက်တူးအလုပ်သမားများကို နာတာရှည်အဆုတ်ရောဂါများကို ဖြစ်ပွားစေခဲ့ပါသည်။

## ထာဝရရှင်သန်စေဖို့

ကျောက်မျက်တူးဖော် ထုတ်လုပ်ခြင်းနှင့်ပတ်သက်သည့် အဓိကကျသောမေးခွန်းမှာ ကျောက်မျက်တူးဖော်ထုတ်လုပ်ခြင်းသည် သဘာဝတရားနှင့် လူမှုပတ်ဝန်းကျင်ကို တည်မြဲရှင်သန်စေပြီး ရေရှည် အသက်မွေးဝမ်းကျောင်းအတွက် အထောက်အပံ့ဖြစ်စေနိုင်သလား။ သို့တည်းမဟုတ် ကျောက်မျက်တူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းများကို ရပ်ဆိုင်းလိုက်မှသာလျှင် ရေရှည်အကျိုးဖြစ် ထွန်းမှုရှိနိုင်သလားဆိုသည့် မေးခွန်းပင်ဖြစ်ပါသည်။ ယင်းမှာ သဘာဝပတ်ဝန်းကျင်ကို အလေးအနက်ထား၍ အချက်အလက်များစွာ ပေါ်မူတည် ပြီးမှသာလျှင်ရရှိမှုနှင့် ဆုံးရှုံးမှု (သို့) အကျိုးနှင့်အပြစ်များကို အတိအကျ ဆုံးဖြတ်နိုင်မည် ဖြစ်ပါသည်။ ရေတိုတွင် သဘာဝပတ်ဝန်းကျင်ကို တိုးတက်မှုရှိအောင် ပြုလုပ်ဆောင်ရွက်ခြင်းသည် ရေရှည်တွင် သဘာဝ ပတ်ဝန်းကျင်အမျိုးမျိုးနှင့် လူသားတို့၏ ပြုလုပ်ဆောင်ရွက်ချက်များအကြား မျှခြေကို ရောက်ရှိစေလိုသော ရည်ရွယ်ချက်ကို ညွှန်ပြနိုင်ပေလိမ့်မည် ဖြစ်ပါသည်။ ကျောက်မျက် နှင့် သတ္တုတူးဖော်ခြင်းလုပ်ငန်းများသည် အစဉ်အမြဲဆိုသလို အနုတ်လက္ခဏာဆောင်သည့် ထိခိုက်မှုများကို ဖြစ်ပေါ်စေသဖြင့် တတ်နိုင်သလောက် ယင်းထိခိုက်မှုများကို လျှော့ချနိုင်ရန် ရည်ရွယ်၍ တတ်သိလိမ္မာသော သဘာဝအရင်းအမြစ်ဆိုင်ရာ စီမံခန့်ခွဲမှုများကို ပြုလုပ်သင့်ပါသည်။

များသောအားဖြင့် ကျောက်မျက်သိုက်များသည် ကာလတိုသာ လုပ်ကိုင်ရသဖြင့် ကျောက်မျက်တူးဖော်သူများသည် လုပ်ငန်းရှင်အဖြစ်အခိုက်အတန့်သာ ရပ်တည်နေသောကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုများကို လျှော့ချရန်အတွက် ထိပ်တန်းဦးစားပေးအနေဖြင့် မဆောင်ရွက်နိုင်တော့ပါ။ ယေဘုယျအားဖြင့် ရွှေ့ပြောင်း ကျောက်မျက်တူးဖော်သူများသည် သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်၍ ထိုကဲ့သို့ အတွေ့အကြုံမျိုးနှင့် တာဝန်ယူမှုမျိုးလည်းမရှိသောကြောင့် ကျောက်မျက်တူးဖော်ခြင်းလုပ်ငန်းများ ပြီးဆုံးသွားသောအခါ ဒေသခံများသည် စီးပွားရေးလုပ်ငန်းအတွက် (ဥပမာ - စိုက်ပျိုးရန်) ယင်းမြေနေရာများပေါ်တွင်သာ လုံးဝတည်မှီနေပါတော့သည်။ ယင်းကဲ့သို့သော ရွှေ့ပြောင်းကျောက်မျက်တူးဖော်ခြင်းများသည် တန်ဇန်းနီးယားနှင့် မဒါဂါစကာနိုင်ငံတို့တွင် များစွာဖြစ်ပေါ်လျက်ရှိပြီး လတ်တလောတွင် မိုဇန်ဘစ်နိုင်ငံ၌ ပိုမိုဖြစ်ပေါ်လျက်ရှိကြောင်းကို "Mutagwaba, 2006" "Cartier, 2009" နှင့် "Pardieu, 2010" တို့က ဖော်ပြခဲ့ကြပါသည်။

## သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို သတ်မှတ်ဖော်ပြခြင်း

ကျောက်မျက်တူးဖော်ခြင်းနှင့် ဆက်စပ်လျက်ရှိသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ရှာဖွေရန်လိုအပ်ပြီး ယင်းတို့နှင့်ပတ်သက်သည့် အချက်အလက်များ ထိခိုက်ဆုံးရှုံးမှုများ၊ သဘာဝအလျောက် ပြုပြင်နိုင်စွမ်းများနှင့် ယင်းတို့၏ အကျိုးဆက်များသည် အနီးအနားရှိ သဘာဝပတ်ဝန်းကျင်စနစ်ကို ခြိမ်းခြောက်နေပြီဖြစ်ကြောင်း သတိပြုအပ်ပေသည်။

**သိန်းပိုင်**(M.Engg.Geol)

**ဆက်လက်ဖော်ပြပါမည်။**



Asian Fame Media Group


Asian Fame Media Group

# အစိမ်းရင့်ရင့်ကြားက အနီနဲ့ ပယ်ဖြူနှင်း

ဝတ္ထုတိုရသ



နှစ်ရှည်လများ ဝေးကွာနေတဲ့ ရွာရဲ့အရိပ်အောက် တစ်ကျော့ ပြန်ရောက်တယ်ဆိုရင်ပဲ ငါ့စိတ်တွေ အေးချမ်းသွားရတယ်။ ဒီလိုဆိုရင် နင်က မျက်လုံးလေးဝိုင်းလို့ တအံ့တဩဖြစ်နေမှာပဲ။ အင်းလေ. . နင်အံ့ဩရင် အံ့ဩမှာပေါ့။ နင် အင်မတန်ရောက်ချင်လှပါတယ်ဆိုတဲ့ မြို့ကြီးကနေ ငါ ပြန်လာခဲ့တာမဟုတ်လား။ ဘုရားဖူးလေး တစ်ကြိမ်လောက်ရောက်ရရင် သေပျော်ပါပြီလို့ ငါတို့ရွာက အဘိုးအဘွားတွေ တသတတ်တဲ့ မြို့ကြီးက ငါ ပြန်လာခဲ့တာမဟုတ်လား။ ငါ့စိတ်ခံစားမှုကို နင်နားလည်အောင်တော့ ပြောပြတတ်မယ်မထင်ဘူး။ မွန်းကျပ်မှုတွေကနေခဏလောက် ရှောင်ပုန်းရတာနဲ့တင်ပဲ စိတ်အေးချမ်းလှပါပြီဆိုရင် နင် နားလည်နိုင်မလားပဲ။

ရွာကို ရောက်တယ်ဆိုရင်ပဲ ငါ အတွေ့ချင်ဆုံးသူတွေက အမေပြီးရင် နင်ပါပဲ။ သစ်သားတစ်ဝက်လောက်စပ်ထားတဲ့ ကားလို့မည်တဲ့ကားကြီးနဲ့ ကန်သင်းတွေကို ဖြတ်ရတဲ့ လမ်းတစ်လျှောက်လာခဲ့ရတဲ့ ပင်ပန်းမှုကလည်း အမေ့ကိုမြင်လိုက်ရတဲ့ တစ်ခဏအမောပြေစေတယ်။ နင့်ကိုတော့ အဲဒီနေ့က ချက်ချင်း မတွေ့ရဘူးပေါ့လေ။

“အေးခိုင်က လယ်ထဲဆင်းသွားတယ် သမီးရဲ့” လို့ အမေက ပြောပြတယ်။


လယ်ထဲယာထဲမှာ အသားကျနေတဲ့နင်တစ်ယောက် ဘယ်လိုပုံစံများ ဖြစ်နေပြီလဲ။ စိတ်ကူးထဲ ပုံဖော်ကြည့်ပေမယ့် ဝိုးတဝါးပဲ။ ညနေခင်းဆိုရင်တော့ ရွာဘက် ပြန်လာမယ်ဆိုတဲ့ နင့်ကို ငါမျှော်နေမိတယ်။ နင်လည်း ငါရောက်နေမှာ သိလောက်ပါပြီ။

ရွာကလေးကတော့ ငါထွက်သွားတဲ့ နှစ်တွေအတွင်း ဘာမှ ထူးထူးခြားခြား ပြောင်းလဲမသွားပါဘူး။ အိမ်ကလေးတွေဟာ အရင်ကလိုပဲ ရိုးရိုးကုပ်ကုပ်။ ရွာလမ်းကလည်း နွေဦးမို့ ဖုန်တထောင်းထောင်းထလို့။ မိုးရာသီဆိုရင်တော့ ထုံးစံအတိုင်း ဗွက်ထူဦးမှာပေါ့။ ဘယ်လမ်းတွေ ဘယ် လောက်ဖြူးဖြူး ငါတို့ရွာလမ်းလေးဟာ အရင်အတိုင်း ချိုင့်ခွက်တွေ၊ ဖုန်တွေနဲ့ပေါ့။ ဘာပဲပြောပြော ကားလမ်းမရှိတဲ့ ရွာကလေးကနေ မြို့ကို ရောက်အောင် ရွာတွေ၊ လယ်ကွင်း တွေအတန်တန်ဖြတ်၊ ချောင်းတစ်စင်းလောက်ဖြတ်ပြီး ငါတို့တွေ ဆက်သွယ်သွားလာနိုင်တာပဲ ဝမ်းသာစရာမဟုတ်လား။

ငါတို့ တက်ခဲ့ကြတဲ့ကျောင်းကို ဖြတ်ရတုန်းကတော့ လည်ပြန်များတောင် ငဲ့ကြည့်မိပါရဲ့။ ငါတို့ ကျောင်းကလေးဟာ အဆောက်အအုံဟောင်းလေးတစ်ခုအဖြစ် ငြိမ်ငြိမ်သက်သက်ရှိနေတယ်။ ငါတို့ ပြေးလွှားဆော့ကစားခဲ့ကြတဲ့ ကျောင်းရှေ့မြက်ခင်းပြင်ကတော့ အစိမ်းရောင်လွှမ်းတုန်းပေါ့။ ဒီ ကျောင်းကလေးမှာ ငါတို့တွေ မူလတန်းကတည်းက အတူတက်ခဲ့ကြတာနော်။ ငါတို့ရှစ်တန်းအောင်တဲ့ နှစ်မှာတော့ နှစ်ယောက်သား ရှေ့ဆက်ရမယ့် ဘဝလမ်းကို ကံက ပြဋ္ဌာန်းလာခဲ့ပြီ။ မြို့ကျောင်းမှာ ကိုးတန်းဆက်တက်ဖို့ ငါသွားရတဲ့ မိုးဦးမှာ နင်ကတော့လယ်ထဲဝင်ရပြီ။

အဲဒီနေ့က မြို့သွားဖို့ ပစ္စည်းတွေ ပြင်ရင်းက ငါကလည်းငို၊ နင်ကလည်းငိုလို့။ နင်က အိမ်မှာတော့ လူကြီးတွေ စိတ်မကောင်းဖြစ်မှာစိုးလို့ ဟန်ဆောင်ခဲ့တာမဟုတ်လား။ ငါ့အိမ်ခန်းလေးထဲမှာတော့ နင်ဝမ်းပန်းတနည်းမျက်ရည်ကျခဲ့တာပေါ့။ နင်ကတော့ ငါ့ကို ခွဲရမှာမို့လို့ အကြောင်းပြတယ်။ ဒါပေမဲ့ ငါသိတာပေါ့ သူငယ်ချင်းရယ်။ တကယ်ဆို မြို့ကျောင်းဆက်တက်ဖို့ဆိုတာ ငါတို့ရဲ့ အိပ်မက်လေ။ ဒါပေမဲ့ နင့်အတွက်တော့ ဒီအိပ်မက်ကလေး

Asian Fame Media Group



ဟာ လေပြည်ကြောင့် ငြိမ်းသွားရတဲ့ မီးတိုင်လေးလိုပါပဲ။

“လယ်ထဲဆင်းရလည်း ငါ ပျော်မှာပါဟယ်။ နင်သာ လယ်အလုပ် မတတ်တာ။ ငါကတော့ ကျွမ်းနေပါပြီ”လို့ ကြိုးစားရယ်မောရင်း နင်ပြောခဲ့တာ အခုထိမှတ်မိပါသေးရဲ့။ ငါ့မှာတော့ ရင်ဆို့နေရတာနဲ့ ဘယ်လိုအားပေးရမယ်တောင် စကားစရှာမရခဲ့ပါဘူး။ နင့် ပခုံးကို ဖက်လို့သာ ငြိမ်နေခဲ့မိတယ်။

အဲဒီအချိန်ကစလို့ ငါတို့တွေ တစ်ယောက်တစ်လမ်းလျှောက်ကြရတော့တာနော်။ ကျောင်းပိတ်လို့ ရွာပြန် ရောက်ချိန်မှာတောင် ငါတို့ နှစ်ယောက်ဆုံနိုင်ဖို့ ခဲယဉ်းခဲ့ပြီ။ နင်ကလယ်အလုပ်တွေ ကြားထဲမှာ အချိန်ကုန်နေရပြီလေ။ စပါးစိုက်ချိန်ဆိုလည်း စပါးစိုက်ချိန်မို့၊ စပါးရိတ်ပြီး ပြန်တော့လည်း ပဲစိုက်ချိန်ရောက်လာလို့ နင့်မှာ အခါကြီး ရက်ကြီးလောက်ပဲ ရွာမှာရှိနိုင်တော့တယ်။ ရွာနဲ့အလှမ်းဝေးတဲ့ လယ်ထဲကိုတော့ ငါတစ်ခါတလေလိုက်ဖူးပါရဲ့။ နေရောင်အောက်မှာ ပင်ပန်းလှတဲ့ နင့်ကို မြင်ရင် ဝမ်းနည်းရလွန်းလို့ နောက်ပိုင်းမလိုက် ဖြစ်တော့ပါဘူး။

နင့်အသားတွေ တဖြည်းဖြည်း ညိုလာသလို မျက်နှာသွင်ပြင်ကလည်း လူကြီးဆန်လာလိုက်တာ။ ကြမ်းတမ်းလာတဲ့ နင့်လက်တွေကို ဆုပ်ကိုင်မိတိုင်းလည်း ငါစိတ်မကောင်းဖြစ်ရတယ်။ နင့် ရှေ့မှာတော့ ဘယ်တော့မှထုတ်မပြောဘူးပေါ့လေ။ နင့်ဘဝလေးနဲ့နင် နေပျော်အောင် ကြိုးစားနေတာကို စိတ်အနှောင့်အယှက်မဖြစ်စေချင်ခဲ့ဘူး။

အခုတော့လည်း ငါ့ဘဝက အဆစ်ပေါင်းများစွာ ချိုးခဲ့ပြီ။ မြို့ပြက အလုပ်ခွင်မှာ ကျင်လည်နေရပြီ။ ငါပညာသင်ယူခဲ့တဲ့ မြို့ကလေး၊ ငါမွေးဖွားကြီးပြင်းခဲ့ရာ ရွာကလေးကိုတောင် တစ်နှစ်တစ်ခေါက်ပြန်မရောက်နိုင်ဘူး။ နင်နဲ့လည်း ပြန်မဆုံဖြစ်တာ နှစ်ရှည်လများပေါ့။ ဒီကြားထဲတော့ အမေ့စာတွေထဲက တစ်ဆင့် နင့်အကြောင်းတွေ ကြားရပါရဲ့။ နင်အိမ်ထောင်ကျသွားတဲ့အကြောင်း၊ အခုဆို သားတစ်ယောက်၊ သမီးတစ်ယောက်ပိုင်ဆိုင်နေတဲ့ အကြောင်း၊ လင်မယားနှစ်ယောက် လယ်အလုပ်ကို ဒိုးတူပေါင်ဖက် လုပ်ကိုင်နေတဲ့အကြောင်း ငါသိရတယ်။

“သူ စီးပွားရေးရော အဆင်ပြေရဲ့လား အမေရယ်” လို့ တစ်ခါက အမေ့ကို ဖုန်းထဲမှာ မေးဖူးသေးတယ်။

“သမီးရဲ့ လယ်သမားဟာ လယ်သမားအထွာပဲပေါ့ကွယ်။ ဇကတွေ အများကြီးပိုင်ကြတာလည်း မဟုတ်။ စားလောက်ရုံပေါ့။ ဒီလောက်ဆိုရင်ပဲ အဆင်ပြေတယ် ပြောနိုင်ပြီ မဟုတ်လား”

အမေ ရယ်ရယ်မောမော ပြောပြတော့ ငါအသက်ရှူ ချောင်ရပါရဲ့။ အဝေးမှာ ရှိနေပေမယ့် နင့် အတွက် ငါအမြဲပင် ပူပန်နေခဲ့တာပါ။

အခုတော့ နင့်ကို ငါပြန်တွေ့ရတော့မယ်။ ငါချစ်တဲ့ သူငယ်ချင်းကို ပြန်တွေ့ရတော့မယ်။ အမေချက်ကျွေးတဲ့ ဟင်းတွေကို မြိန်မြိန်စားပြီး ညနေခင်း နင်လာမယ့်လမ်းကို ငါစောင့်နေခဲ့တာပါ။ နင့်ကို ဘယ်လိုတွေ့ရလေမလဲလို့ စိတ်လှုပ်ရှားနေတာလည်း ပါတာပေါ့လေ။

တကယ်တမ်း နင်ရောက်လာတော့ နေဝင်မိုးချုပ်ခဲ့ပြီ။ အိမ်ထဲကို ဝင်လာတဲ့ အရိပ်တစ်ခုကို တွေ့တာနဲ့ ငါထိုင်နေရာက ဆတ်ခနဲ ထလိုက်မိတယ်။ အမှောင်ထဲက အရိပ်ပေမယ့် အဲဒါ နင်မှန်းငါချက်ချင်းသိပါတယ်။

“ငါ မိုးချုပ်သွားတယ်ဟယ်။ ဒါတောင် လယ်ထဲက ပြန်ရောက်တာနဲ့ ရေမိုးချိုးထမင်းစားပြီး ချက်ချင်းလာခဲ့ရတာ။ ကလေးတောင် အိပ်ချင်နေတာ နင်တွေ့ဖို့ မနည်းခေါ်လာရတယ်။ ဒါအငယ်လေးဟဲ့။ သမီးလေး”

ပိုးတဘက်ထဲက ကလေးက ငါ့ကို မျက်လုံးလေးအဝိုင်းသားနဲ့ မော့ကြည့်တယ်။ နင့်မျက်လုံးလေးတွေ။ ငယ်တုန်းက လက်ခဲ့တဲ့ နင့်မျက်လုံးလေးတွေကို ပြန်တွေ့ရသလိုပါပဲ။ အခုတော့ နင့်မျက်လုံးတွေက ဒီလောက်မတောက်ပနိုင်တော့ဘူး။

“သားအကြီးလေးရော ခေါ်မလာဘူးလား”

“အမယ်လေး သူ့အဒေါ်နဲ့ ဗီဒီယိုရုံရောက်နေပြီတဲ့ကွယ်။ ငါ့သားက သုံးနှစ်ပြည့်တော့မယ်သိလား။ သားကလည်း ငါနဲ့တူတာပဲ။ သမီးကတော့ မျက်လုံးကလွဲပြီး မျက်နှာကျတာ သူ့အဖေနဲ့ဆင်တယ်။ အရီးရေ. . အရီး သမီးပြန်လာလို့ တော်တော်ပျော်နေတယ် မဟုတ်လား။ ဟင်းကောင်းလည်း ချက်မှာပေါ့။ ကျွန်မကိုလည်း ကျွေးခဲ့ဦး”

နင်ကစကားကို အမျှင်မပြတ် ပြောရင်း အမေ့ကိုပါ လှမ်းနောက်လိုက်သေးတယ်။

“စားနိုင်ရင် စားစမ်းပါကွယ်။ အခုပဲ ထမင်းပွဲပြင်ရမလား။”

“ဗိုက် ဘယ်ဆံ့ပါ့မလဲ အရီးရဲ့။ နောက်ရက်တော့ တကယ်လာစားမှာပေါ့” ဆိုပြီးနင်က ရယ်မောနေပြန်တယ်။

အိမ်ရှေ့ ဝရန်တာမှာတော့ အိမ်ထဲက အလင်းတစ်ဝက်ဖြာကျလို့။ လေးဖက်ထောက်ရင်း ဆော့ကစားချင်နေတဲ့ ကလေးကိုတော့ အမေက အိမ်ထဲမှာ မြူနေလေရဲ့။ တီဗီက သီချင်းသံက ငါတို့အနားမှာ ဝေ့ဝိုက်ပျံ့လွင့်နေတယ်။ မီးရောင်မှုန်ပျပျအောက်မှာတော့ နင့်မျက်နှာဟာ အသစ်တစ်ဖန်နုနယ်ခြင်းနဲ့ သက်ဝင်နေလေရဲ့။ နင့်မှာ ငါ့အတွက် ပြောပြစရာတွေများမှများ။ စကားစမပြတ် မမောတမ်း ပြောနေတဲ့နင့်ကို ချစ်ခင်စာနာခြင်းနဲ့ ငါငေးကြည့်နေမိတယ်။

“မပြန်ခင် တစ်ရက်လောက်တော့ လယ်ထဲလိုက်ခဲ့ပါဦးဟယ်။ မြို့သူကြီးကို အလည်ခေါ်ချင်လို့ပါ။ ငါ့ပဲခင်းလေးက ဒီနှစ်ကောင်းတယ်သိလား”လို့ နင်က ဆိုပြန်တယ်။

“အေး လိုက်တာပေါ့။ ပဲနုတ်ချိန်တောင် ရှိချင်လိုက်တာ။ နင့်ပဲခင်းမှာ ပဲနုတ်ကူချင်ပါရဲ့။ ငါတို့ ငယ်တုန်းက ပဲနုတ်လိုက်ကြတာ မှတ်မိသေးလား”

ငါတို့အတူ ရယ်မောကြရပြန်တယ်။ ငယ်တုန်းကတည်းက နင်ဟာ လယ်အလုပ်၊ ယာအလုပ်မှာ ကျွမ်းကျင်တဲ့သူ။ နင်က မြေပဲတွေ နှစ်တင်းလောက် အသာလေး နုတ်လို့ရချိန်မှာ ငါကတော့ တစ်တင်းတောင် အနိုင်နိုင်ရယ်။ အဲဒီတုန်းကတော့ နင်ရော ငါပါ မုန့်ဖိုးရချင်စိတ်နဲ့ လိုက်လုပ်ကြတာ မဟုတ်လား။ ဘုရားပွဲကျရင် အင်္ကျီသစ်လေး ကိုယ့်ပိုက်ဆံနဲ့ကိုယ် ဝတ်နိုင်တာကိုပဲ ကျေနပ်လို့ မဆုံးခဲ့ကြဘူး။ ခုတော့ ဒီဘဝတွေဟာ အဝေးမှာ ကျန်ခဲ့ကြပြီ။ အလုပ်ကို အပျော်စိတ်နဲ့ လုပ်ကြတဲ့ ဘဝဟာ အဝေးမှာ ကျန်ခဲ့ပြီ။

“ပဲခင်းလေးအောင်မယ်သာ ပြောတာပါဟာ။ ပဲဈေး၊ စပါးဈေးကလည်း မကောင်းဘူးဟဲ့။ ငါ့မှာ ကြွေးမတင်တာတောင် ကျေးဇူးတင်ရမလိုပဲ။ ငါတို့ လယ်သမားတွေဆိုတာ ကြွေးနဲ့မကင်းဘူးပဲ။ စပါးပေါ်ချိန်ကျတော့လည်း စပါးဈေးကမကောင်း၊ ကြွေးကပူ။ ဈေးမကောင်းလည်း ရောင်းရတာပဲ။ စောင့်မထားနိုင်ကြဘူး။ ဈေးကစားတဲ့သူတွေက ကစားရင်တို့ပဲ ခံရတာ”

နင့်မျက်နှာက တဖြည်းဖြည်း မှိုင်းမှုန်လာတော့ ငါစကားလမ်းကြောင်းပြောင်းဖို့ ကြိုးစားရတယ်။

“စိတ်ညစ်စရာတွေ မပြောပါနဲ့ဟာ။ စိတ်ညစ်နေလို့ ထူးတာ မဟုတ်ဘူးလို့ နင်ပဲ အရင်က ခဏခဏပြောပြီးတော့။ တွေ့တုန်း ပျော်ပျော်နေကြားလား” လို့ ငါဆိုတော့ နင်က ရယ်ပြန်တယ်။

“ဟုတ်ပါတယ်လေ။ ငါလည်း စကားများလာတယ်ဟာ။ ပြောချင်တာတွေများတော့ အိမ်မှာလည်း ယောကျ်ားကို ပွစိပွစိပြောနေမိ



Asia Fame Media Group
MEDIA GROUP

သလားမဆိုနိုင်ဘူး။ စိတ်ရှုပ်တာတွေ များတော့ ပြောနေရမှ ကျေနပ်တယ် ဟဲ့။ အခုငါ့မှာ ကလေးတွေအတွက် ပါပူရတယ်။ သူတို့ကို ငါ့လို ကျောင်းထွက်ရတဲ့ ကလေးတွေ မဖြစ်စေချင်ဘူးလေ"

နင့်လက်ကို ငါ အသာဆုပ်ကိုင်လိုက်မိတယ်။ လက်ဖျားက ကြမ်းရှတဲ့ အထိအတွေ့ဟာ ငါ့ရင်ကို နာကျင်စေတယ်။ နင့်လက်တွေ ဟိုတုန်းကထက် ကြမ်းတမ်းလာခဲ့ပြီ နော်။ မီးရောင်မှိန်မှိန်အောက်မှာမို့ နင့်အသားတွေ ပိုညိုနေခဲ့ပြီလားဆိုတာ မသေချာဘူး။ နင်က ငါ့မျက်နှာမကောင်းလို့ ထင်ပါရဲ့။ စကားတွေ ပေါ့ပေါ့ပါးပါးဟန်နဲ့ ပြောပြန်တယ်။ ဟိုတုန်းကလို အပူအပင်ကင်းဟန်နဲ့ ရယ်ကာမောကာ ရှိလာပြန်တယ်။

အဲဒီညက နင်ပြန်တော့လည်း ငါ နင့်အကြောင်းတွေ တစ်သီကြီး တွေးနေမိသေးတာ။ အမေနဲ့လည်း ပြောဖြစ်ကြသေးတာပေါ့။ နင့်အကြောင်းရယ်တင်မဟုတ်ပါဘူး။ ရွာကတခြားလယ်သမားတွေ အကြောင်း၊ လူငယ်လေးတွေ အကြောင်းပါ အမေကပြောပြတယ်။ ရွာမှာတော့ လယ်သမားတွေထဲ ဆိုရင် တို့ငယ်တုန်းက ချမ်းသာ တယ်လို့ထင်ကြတဲ့သူတွေတောင် ပိုင်ဆိုင်မှုတွေတဖြည်းဖြည်းပါးလျ လာခဲ့ပြီ။ ဧကနည်းနည်းလေးပဲ ပိုင်တဲ့လယ်သမားတွေကတော့ လုံးလည်ချာလည်လိုက်လို့တဲ့။ "လယ်ကရတာနည်းတယ်မဟုတ်လား။ လူသာပင်ပန်းတာ။ ဘာမှကျန်တာ မဟုတ်ဘူး။ အခုဆို လူငယ်ပိုင်းက နိုင်ငံခြားထွက်တာထွက်၊ တခြားမြို့ တွေရောက်လိုရောက်နဲ့။ လူကြီးတွေပဲ ရွာမှာကျန်တာများတယ်"လို့ အမေက ပြောပြတယ်။

"ငါတို့ငယ်တုန်းကတော့ ဒီလိုဘယ်ဟုတ်မလဲနော်။ ရွာမှာ သိပ်ပျော်စရာကောင်းခဲ့တာ။ ကလေးတွေကလည်း ကလေးတွေအလျောက်၊ လူငယ်ပိုင်းကလည်း လူငယ်အလျောက်ရွာမှာ ခင်တွယ်နေပျော်ခဲ့ကြတာ။ အခုတော့ ငါရွာကို ရောက်တယ်ဆိုရင်ပဲ အရာရာငြိမ်ချက်သားကောင်းနေတာတွေ့ရတယ်။ ငါတို့သက်တူရွယ်တူ တော်တော်များများတောင် ရွာမှာမတွေ့နိုင်တော့ဘူး။ ပွဲလမ်းတွေနဲ့ စည်ပင်ခဲ့တဲ့ တို့ရွာမှာ အခုတော့ပွဲသံလည်း တိတ်လို့ပေါ့။ အလှူပွဲတွေ ဘာတွေလည်း အရင်ထက် နည်းခဲ့ပြီလား။

ငါတို့ငယ်တုန်းက စပါးပေါ်ချိန်၊ ပဲပေါ်ချိန်ရာသီကလည်း ပွင့်လင်းချိန်ဆို မန္တလေးဘက်က ဇာတ်ကြီးတွေငှားပြီး ရုံသွင်းခဲ့ကြ တာမှတ်မိပါသေးရဲ့။ ဇာတ်အဖွဲ့တွေ ပြန်တိုင်း ငါတို့ကလေးတွေ လွမ်းကျန်ရတာ မှတ်မိသေးတယ် မဟုတ်လား။ အခုတော့ ဒီအကြောင်းတွေဟာ ရှေးရှေးတုန်းကလေလို့ အဘွားပြောပြတတ်တဲ့ပုံပြင်တွေလို ကလေးတွေကို ပြောရတော့ မလိုပေါ့။ ငါတို့ရွာကလေးဟာ ငါ့စိတ်ထဲတော့ အသံတိတ်ဇာတ်ကနေ သလိုပါပဲ။

ဘာပဲပြောပြော နောက်ရက်မှာတော့ နင်တို့နဲ့ လယ်ပြင်တောကို ရောက်ရတဲ့အခါ ငါ့စိတ်တွေ ပေါ့ပါးလန်းဆန်းလာရပြန်တယ်။ နင့်ပဲခင်းလေးဟာ နင်ပြောခဲ့သလိုပဲ စိမ်းမြလို့။ အခင်းကြည့်တာနဲ့တင် ဒီနှစ်ပဲအောင်မယ်ဆိုတာ သိသာတယ်။ နင်ပြောသလိုပဲ ဈေးကောင်းပါစေလို့ ဆုတောင်းရမှာပဲ။

လယ်တဲလေးရဲ့ ဝန်းကျင်မှာ လေပြည်က တဖြူးဖြူးတိုက်ခတ်လို့။ လယ်ပြင်ထဲက ဖြတ်လာတဲ့လေဟာ လတ်ဆတ်နုသစ်လှတယ်။ ဆောင်းကုန်ခါစမို့ရာသီကလည်း မပူပြင်းလှသေးဘူး။ နေပျော်တဲ့ကာလပေါ့။ နင်ပဲခင်းထဲမှာ ပေါင်းရှင်းတုန်း ငါကကူချင်သေးတယ်။

"နေပါဟယ်။ နင့် ဘာသာ ထိုင်နေစမ်းပါ။ ပြီးရင် ဒီမှာတင် မီးမွှေးပြီး ငါနင့်ကို အသီးအရွက် လတ်လတ်ဆတ်ဆတ်နဲ့ ဟင်းချက်ကျွေးမယ်ဟဲ့။ နင် မစားရတာကြာတဲ့ ဟင်းမျိုးပေါ့ဟယ်။ နင်ကြိုက်ဦးမှာပါ"

"အေးပါဟယ်။ စားမှာပါ။ လယ်ထဲမှာ ထမင်းစားရတာကို ငါ ကြိုက်တာပဲဟာ။ နင့်ကလေးတွေပါ ပါရင် ပိုတောင်ပျော်စရာကောင်းဦးမယ်"

"အိမ်မှာ ကိုဖိုးဇော် အမေက ထိန်းပေးထားတာပဲ ခပ်ကောင်းကောင်းပ။ ခေါ်လာရင်ဘယ်အလုပ်ဖြစ်မလဲ။ အခုဆို ကိုဖိုးဇော်က ကြံခင်းသွား၊ ငါက ဒီမှာ။တစ်နေကုန် မအားနိုင်ဘူး"

ပဝါကို ခေါင်းမှာ ပေါင်းလို့ သနပ်ခါး ပါးကွက်ကျား၊ ရှပ်ကွက်လက်ရှည်နဲ့ ထဘီတိုတိုဝတ်ထားတဲ့ နင်က မပင်ပန်းသလို ပြုံးရွှင်ပေါ့ပါးနေတယ်။ ခမောက်ကို ခပ်အုပ်အုပ်ဆောင်းထားတဲ့ နင့်အပေါ် နေရောင်က တစ်ဝက်တစ်ပျက် ဖြာကျလို့။ နင့်မျက်နှာကို ငေးနေပေမယ့် တကယ့်တကယ်မှာတော့ လယ်သမားတွေ အများကြီးကိုပဲ ငါပုံဖော်မြင်ယောင်နေတယ်။

အချိန်တန်ရင် ဒီ လယ်တွေထဲမှာ စိုက်လို့ ပျိုးလို့၊ အချိန်တန်ရင် ရိတ်လို့သိမ်းလို့။ ဒါဟာ နင်တို့ ဘဝ၊ ဒါဟာ နင်တို့ အိပ်မက်ပေါ့။ ဘဝမှာ လယ်ထက် ပိုတန်ဖိုးထားရတာ မရှိဘူးပေါ့။ ဒီလယ် ကလေးကို တန်ဖိုး ထား ဖက်တွယ်ထားရတာဟာ နင်တို့ဘဝ အသက်ရှင်ခြင်းရဲ့ တစ်စိတ်တစ်ဒေသ ဖြစ်မှာပဲ။



ဒီလယ်ပြင်တောတွေ စိမ်းလန်းနေသရွေ့ နင်တို့စိတ်တွေ လန်းဆန်းနေဦးမှာပါ။ ဘယ်လောက်ပဲ ပင်ပန်းခဲ့တယ်ဆိုဆို စိုက်ပျိုးခဲ့တဲ့ အသီး အပွင့် လေးတွေကို မြင်ရရင် နင်ပျော်မှာပဲ။ ပင်ပန်းသလောက် ပြန်ရတာ နည်းတဲ့ဘဝကို နင်စိတ်ပျက်တဲ့ အချိန်လည်းရှိသလို ရောင့်ရဲနေပျော်တဲ့ ကာလလည်း ရှိလိမ့်မယ်။

ငါက ငါသင်ထားတဲ့ ပညာနဲ့ တတ်စွမ်းတဲ့ ဘက်က ဝန်ထမ်းရတုန်းမှာ နင်ကလည်း ငါတို့ မြန်မာပြည်သူတွေ စားဖို့ဆန်၊ ဆီကို ဖန်တီးပေးနေတာ။ လယ်ယာကို ချစ်ခင်တဲ့သူတွေ ရှိနေသရွေ့ ငါတို့စားတဲ့ ဆန်ဟာ လယ်ထဲက လာတယ်လို့ အလွယ်တကူ ပြောနိုင်မှာပဲပေါ့။ ဘယ်အချိန် ဘယ်ကာလပဲရောက်ရောက် လယ်

တစ်နှစ်လုံး
ပင်ပင်ပန်းပန်း
အလုပ်လုပ်ကြရပေမယ့်
အကျိုးအမြတ်
နည်းလှတဲ့
အလုပ်ပေမယ့်
မြေကိုအခုအချိန်ထိ
ဖက်တွယ်ထားတာ
ကိုတော့နင့်ကိုငါ
ချီးကျူးချင်လှတယ်...

Asian Fame Media Group

ကလေးပိုင်နေရင်ပဲ ကျေနပ်တယ်လို့ နင်ပြောခဲ့ဖူးတာကိုလည်း ငါ သတိရပါသေးတယ်။

ငါတွေးချင်ရာ တွေးနေတုန်းမှာပဲ နင်က ချက်ပြုတ်ဖို့ အလုပ်ရှုပ်နေပြန်ပြီ။ ဒါနဲ့ပဲ ငါ ဝိုင်းကူရတယ်။ နင်ကတော့ ထိုင်နေပါလို့ အတန်တန်တားရင်းပေါ့။ ငါကြိုက်တဲ့ ချဉ်ပေါင်တောချက်ဟင်းကို နင်ချက်ပေးတယ်။ ငါးပိနိုင်နိုင်နဲ့ သပွတ်သီးနုလေး၊ ရုံးပတီသီးလေး ခတ်လို့။ ဟင်းနံ့လေး မွှေးပျံ့လာတယ်ဆိုရင်ပဲ ငါ ဗိုက်ဆာလာတော့တယ်။ ထမင်းစားတော့ နင်ရယ်၊ နင့်ညီမလေးရယ်၊ ငါရယ်။ သုံးယောက်သား ထမင်းစားလိုက်ကြတာ ခေါင်းမဖော် စတမ်းပဲ။ ငါးကလေးကြော်ကလည်း လတ်ဆတ်လို့လားမသိ၊ စားကောင်းလိုက်တာ။ နင်ကတော့ ငါ မြိန်မြိန်ယှက်ယှက် စားတာကိုပဲ သဘောတကျရှိလို့ပေါ့။

စားသောက် သိမ်းဆည်းပြီးချိန်မှာတော့ နင်ခဏနားတယ် ခွေးစို့နေတဲ့ နင့်မျက်နှာပေါ်မှာ အပြုံးတစ်စက ခိုတွယ်တုန်း။ နင်က လယ်ပြင်တောကို အငေးသားကြည့်နေတယ်။ နင့်မှာ ပြောစရာစကားတွေ အများကြီး ရှိသေးတာကို နင့်မျက်လုံးတွေကြည့်ရုံနဲ့တင် ငါသိပါတယ်။

"မိဖြူရယ်။ ငါလေ တခြားမြို့ရွာတွေမှာ လယ်တွေ သူများနောက်ပါသွားတယ်ဆိုတာ ကြားတိုင်းစိတ်ပူလိုက်တာဟယ်။ ငါ့လယ်ကလေးမရှိရင် ငါဘာလုပ်ရမလဲ။ ငါ့မှာ ငယ်ကတည်းက ဒါပဲလုပ်လာတာ။ ဒါပဲလုပ်တတ်တာ။ ကိုဖိုးဇော်လည်း ငါ့လိုပါပဲ။ နင့်တော့ ငါလှမ်းမေးချင်သား။ နင့်ဆီဖုန်းဆက်ဖို့လည်း နင်များအားပါ့မလားလို့ အားနာတာနဲ့ မဆက်ဖြစ်ဘူး။ ပြီးတော့ ဒီဘက်က အခုထိ အေးနေသေးတယ်မို့လား။ ငါတော့ ဒီအတိုင်းလေးပဲ ပုံမှန်သွားနေစေချင်တာပဲ။ လယ်မှမလုပ်ရရင် ငါဘာလုပ်ရမလဲ။ ရောင်းလို့ငွေရ လည်း ခဏပဲထင်တာပဲ။ ငါတော့ ငါ့လယ်ကို ဘယ်သူ့ ကိုမှ မရောင်း ချင်ပါဘူးဟယ်။ နင်လည်း ငါတို့ လယ်သမားတွေနဲ့ ပတ်သက်တာ တစ်ခုခုထူးတာများကြားရင် ငါ့ကို လှမ်းပြောပေးဦးနော့"

"အေးပါဟာ" လို့ ငါမရေမရာကတိစကားဆိုရတယ်။ တကယ်တော့ မြို့ပြအလုပ်ခွင်မှာရှိနေပေမယ့် ငါ့ပတ်ဝန်းကျင် ကျဉ်းကျဉ်းလေးကလွဲပြီး ပြင်ပလောကကို ငါသိပ်မကျွမ်းဝင်လှဘူး။ နားမလည်နိုင်ဘူးဆိုရင် ပိုများမှန်မလားပဲ။ တချို့တချို့သော ဖြစ်ရပ်တွေဟာ ငါ့ခေါင်းသေးသေးလေးနဲ့ ဉာဏ်မမီတာလည်း ပါတာပဲ။ နင်ကတော့ ငါ့ကို အားကိုးတကြီးငေးမောလို့။ နင့်ကို အားပေးသလို ပြုံးပြတဲ့ အပြုံးက မပီမပြင်ဖြစ်နေမှာကိုပဲ ငါစိတ်ပူရတယ်။

"ငါလေ ငါ့သားလေးကို လယ်သမားတော့ မဖြစ်စေချင်ပါဘူး။ ငါတို့ဘဝတွေဟာ မရေမရာနဲ့ မဟုတ်လား။ နင်တို့လို ပညာတတ်သာ ဖြစ်စေချင်တာ။ သူတို့တွေ ပညာသင်ခရီးဆုံးဖို့ကလည်း ငါတို့ ဒီလယ်ကလေးကို ဖြစ်ဖြစ်မြောက်မြောက် စိုက်နိုင်မှပဲ။ ငါတို့ လင်မယားမှာ ဒါပဲ ကြိုးစားနေရတာ"

ဒီတစ်ကြိမ်တော့ ငါ့အပြုံးဟာ အသက်ဝင်ပီပြင်လိမ့်မယ် မထင်ဘူး။ နင့်ကို ပြောချင်တဲ့စကားတွေကလည်း နှုတ်ကနေထွက်မလာနိုင်ဘူး။ စကားစရှာမရရင် ငါလုပ်နေကျအတိုင်း နင့်လက်ကိုသာ ဆုပ်ကိုင်လိုက်မိတယ်။ ဒါဟာနင့်ကို အားပေးချင်တာပဲဆိုတာတော့ နင်သိပြီးသားဖြစ်မှာပါ။

"နင် ရွာကို ဘယ်တော့ပြန်လာဦးမလဲ" လို့ နင်ကမေးတယ်။ ဒီအမေးစကားကို ကြားတော့ ငါပြုံးမိပြန်တာပဲ။ တစ်ခါတလေမှာ ပြန်ချင်ရက်နဲ့ အပြန်ခက်လှတဲ့ အကြောင်းတော့ နင်နားလည်အောင် ငါရှင်းပြနိုင်ပါ့မလား။ ငါကျင်လည်ရာ ပတ်ဝန်းကျင်မှာလည်း သူ့အထိုက်အလျောက်နဲ့ သူ့ဘဝအမောတွေရှိတယ်ဆိုတာ ပြောပြချင်သေးတယ်။

ငါပြောပြရင်လည်းပဲ မြေပေါ်မှီခိုရတဲ့ ဘဝထက်တော့ ရေရာပါသေးတယ်လို့များ နင်က စောဒကတက်ချင်ဦးမလား။

"အခုတော့ အထိုင်ကျပါပြီလေ။ တစ်နှစ်တစ်ခါတော့ ပြန်လာမှာပေါ့" လို့ပဲ ငါဆိုရတယ်။

"ပြန်လာပါဟာ။ ငါ့မှာလည်း နင်ပြန်လာမှတွေ့ရမှာ။ အရီး လည်း နင့်လွမ်းနေမှာပေါ့။ အိမ်မှာ နင့်မောင်လေးရှိလို့ တော်သေးတယ်နော်။ အေးလေ . . ရွာမှာတော့ တစ်ယောက်နဲ့တစ်ယောက် စောင့်ရှောက်ပြီး နေကြတာပါပဲ။ ပြီးတော့လည်း တစ်ရွာလုံးအမျိုးကင်းကြတာလည်း မဟုတ်။ နင်စိတ်ပူစရာတော့ မရှိပါဘူး"

နင့်စကားကြောင့် ငါပြုံးရတယ်။ တကယ်တော့ အဝေးမှာ ရှိနေပေမယ့် မိသားစုအပေါ် အချိန်ပြည့် ပူပင်မနေရတာဟာ ဒီမေတ္တာတရားတွေကြောင့်ပါပဲ။ ငါတို့ရွာကလေးမှာ အခုဆို လူငယ်တော်တော်များများ လယ်ယာအလုပ်မှာ မလုပ်နိုင်ကြလို့ ရွှေ့ပြောင်းလုပ်သားတွေ ဖြစ်သွားကြပြီ။ လယ်ယာလုပ်ငန်းခွင်မှာပဲ ကျန်ရစ်ခဲ့တဲ့ သူကလည်း ကျန်ရစ်လို့ပေါ့။ တစ်နှစ်လုံး ပင်ပင်ပန်းပန်း အလုပ်လုပ်ကြရပေမယ့် အကျိုးအမြတ်နည်းလှတဲ့ အလုပ်ပေမယ့် မြေကို အခုအချိန်ထိဖက် တွယ်ထားတာကိုတော့ နင့်ကို ငါချီးကျူးချင်လှတယ်။

အဲဒီနေ့က အလုပ်တွေ သိမ်းလို့နေအေးတော့ ငါတို့ ရွာဘက်ပြန်ကြတယ်။ လယ်ထဲပေါက်နေတဲ့ ဟင်းရွက်ကန်စွန်းတွေကို ဟင်းလျော်ပေါင်းလုပ်စားဖို့ ခူးကြသေးရဲ့။ အပြန်လမ်းမှာ နင်က သီချင်းတကြော်ကြော်ဆိုလို့ပေါ့။

"ကျွန်မအစ်မကအရင်က ဒီလိုမဟုတ်ဘူး မဖြူရဲ့။ မဖြူပြန်လာလို့ ပျော်နေတာ"လို့ နင့်ညီမလေးက ပြောတော့ ငါတို့ရယ်မောကြရတယ်။

အဝေးမှာတော့ နေလုံးနီနီကဝင်လုလု။ ဆည်းဆာ နေရောင်အောက်မှာ လယ်ကန်သင်းပေါ် လမ်းလျှောက်နေတဲ့နင့်ကို ငါ လှည့်ကြည့်တော့ လယ်ပြင်တောကို နောက်ခံထားလို့ ပန်းချီကားတစ်ချပ်လို အသက်ဝင်နေလေရဲ့။ ငါသာပန်းချီဆွဲတတ်ရင်တော့ ဒီမြင်ကွင်းကိုရအောင်ဆွဲပြီး လယ်တောအပြန်လို့ နာမည်ပေးချင်တယ်။ လယ်ပြင်တောကိုတော့ အစိမ်းမြမြခြယ်မယ်။ နင့်ကိုတော့ လယ်ကိုချစ်သူ၊ ရဲရင့်သူမို့ အနီရင့်ရင့်ခြယ်ချင်တယ်။ ဒီလိုသာ ငါပြောပြရင်တော့ နင်က သဘောတကျရယ်မောဦးမှာပါပဲ။

ရွာမှာ ဘယ်လောက်ပဲနေပျော်တယ်ဆိုဆို ငါရခဲ့တဲ့ ခွင့်ရက်လေးပြည့်တော့လည်း အမေ့ကို၊ နင်တို့ကို နှုတ်ဆက်ခဲ့ခွာရပြန်တယ်။

ရွာအပြန်လမ်းဟာ ထုံးစံအတိုင်း အလွမ်းတွေနဲ့ ပြည့်နေခဲ့တယ်။ အိမ်မှာတော့ အမေက မျက်ရည်စတွေ ဝေ့ဝဲကျန်ရစ်ခဲ့လေရဲ့။ ငါ့မျက်လုံးမှာလည်း မျက်ရည်တွေနဲ့ပေါ့။ မောင်လေး မောင်းနေတဲ့ ဆိုင်ကယ်နောက်ကထိုင်လိုက်ရင်း ရွာကို လည်ပြန်ငေးကြည့်နေမိတယ်။

နင့်ကိုတော့ မနေ့ညက နှုတ်ဆက်ရတယ်။ နင်ရော ငါရော ငယ်တုန်းကလိုတော့ မငိုတတ်ကြတော့ဘူး။ ဝမ်းနည်းတာကို ဖုံးကွယ်လို့ စကားတွေပဲ တောင်စဉ်ရေမရ ပြောဖြစ်ကြတယ်။ ငါ့ကို နှုတ်ဆက်လို့ ခြံဝိုင်းလေးထဲက နင်ထွက်သွားတော့ နင့်နောက်ကျောကို ငါ အချိန်အတော်ကြာအောင် ငေးမောနေမိတယ်။ ဒီမြေ၊ ဒီလယ်တွေ ကိုအသက်ထက်ဆုံး ချစ်ခင်ဖက်တွယ်ထားဦးမှာပဲဆိုတာ နင့်စကားတွေထဲကနေ သိခဲ့ရပြီမို့ ဆန္ဒရှိသလို ဖြစ်နိုင်စွမ်းပါစေလို့လည်း ငါတီးတိုး ဆုတောင်းခဲ့မိတယ်။

အတွေးကို ရပ်လို့ မြင်ကွင်းကို အာရုံစိုက်တော့ ငါတို့ လယ်ပြင်တောကို ဖြတ်နေရပြီ။ စိမ်းစိုနေတဲ့ လယ်တွေကို မျက်စိတစ်ဆုံးတွေ့နေရပြီ။

ဒီအချိန်အခိုက်အတန့်လေးမှာ ငါ့စိတ်ထဲ တောင့်တမိတာတော့ တစ်ခုတည်း။ ဒီမြင်ကွင်းတွေကို အမြဲမြင်တွေ့ခွင့်ရဖို့၊ နောက်ပြီး ဒီလယ်ယာရှုခင်းတွေကြားမှာ နင်တို့တွေကိုပါ မြင်တွေ့ခွင့်ရနိုင်ဖို့ပါပဲ။

**စံပယ်ဖြူနု**



Asian Fame Media Group
MEDIA GROUP



Asian Fame Media Group

## (၁)

**လှချင်ရက်စက်စက်ယို**

ဤအကြောင်းအရာများကို မရေးမီ ကျွန်မသည် အလွန်လှချင်သည့် မိန်းမတစ်ယောက်ဖြစ်သည်ကို သင်သိထားရန် လိုအပ်ပါသည်။ လောကကြီးမှာ မလှချင်သည့် မိန်းမ ရှိပါသေးလားဟုမေးလာလျှင် ကျွန်မသည် ထိုလှချင်သည့် မိန်းမများထဲမှ အလွန့်အလွန်လှချင်သော မိန်းမတစ်ယောက်ဟု ထပ်ဆင့်ဆိုရချေတော့မည်။


ကျွန်မငယ်စဉ်က ကိုယ့်မျက်နှာကိုယ်မှန်ထဲကြည့်ကာ မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းတို့၏အလှကို အကြိမ်ကြိမ်ကြည့်လျက် ဘာအပြစ်မှ ဆိုဖွယ်ရာမရှိဟူသော အဖြေကို အကြိမ်ကြိမ်ရလေသည်။ သို့သော် မျက်နှာမှာ တစ်ခုခုလိုနေသည်ဟု အမြဲတစေခံစားမိနေသည်။ ထိုအရာကား မှဲ့ကလေးတစ်လုံးပင်။ မျက်နှာမှာမှဲ့ရှိခြင်း၏ အကျိုးအပြစ်ကို မသိခင်အရွယ်ကပင် ကျွန်မသည် မျက်ခုံးဆွဲခဲတံဖြင့် ညာဘက်မေးဖျားအောက်တွင် မှဲ့နက်တစ်လုံးကို တို့မိတော့၏။ အလို့ . . တယ်ဟုတ်ပါလား။ ကျွန်မ မျက်နှာအလှက အခုမှ ပြည့်စုံသွားတော့တာ။

ကျေနပ်ခြင်းပီတိဟာ သိပ်မခံ၊ အရွယ်ကလေးရလာတော့ မျက်နှာမှာ ယခင်က သတိမထားမိသော ချို့ယွင်းချက်ကို သတိထားမိလာ

# ဒီချိုးစာဝ

## ရွှေကလေးမှာ မြည်တဲ့ ခင်းသံ

ဝတ္ထုတိုရသ



> ဘာပဲဖြစ်ဖြစ် ခွဲစိတ်ခံပေါ် ရောက်တာက တစ်ခါ၊ ခွဲခန်းရှေ့ ရောက်တာက တစ်ခါ၊ နှစ်ကြိမ်တိုင်တိုင် ခွဲစိတ်ခြင်းနှင့် လွဲခဲ့သည့်အတွက် ကံကြမ္မာကို ကျေးဇူးတင်လှ၏။ အစစအရာရာ ဂရုတစိုက်ကြည့်ရှုပေးသော သွားဘက်ဆိုင်ရာ ကျောင်းသား ကျောင်းသူများနှင့် ဆရာဝန်၊ ဆရာဝန်မကြီးများကိုလည်း ကျေးဇူးတင်လှပါ၏။ ကိုယ့်အဖြစ်က သူတို့ကို အလုပ်ရှုပ်သွားစေပြီလား....

တော့သည်။ ကျွန်မသွားတွေ ဝါနေပါလား။ သူတကာသွားတွေလို ဝင်းပလက်စင်ခြင်း မရှိသည့်အတွက် ရယ်လိုက်လျှင် ရွှန်းပမှုကျက်သရေ တချို့ ယုတ်လျော့နေသည် ထင်ရ၏။ ကျွန်မသွားတွေ ဘာဖြစ်လို့ ဝါနေရတာလဲ။ ဘာဖြစ်လို့ ဖြူစင်ဝင်းလက်မနေရတာလဲ။

ကျွန်မသည် ဘာမဟုတ်တာကလေးကို ပုံကြီးချဲ့အတွေးများတတ်သူဖြစ်ရာ ထိုသွားဝါနေသောကိစ္စသည် စိတ်ထဲမှာ ခမ်းနားကြီးကျယ်နေတော့၏။ စိတ်အနှောင့်အယှက်ကြီးတွေဖြစ်လျက် လူကြားထဲ အားရပါးရမရယ်ဝံ့၊ သူများရယ်နေလျှင် ကိုယ်က ပြုံးယောင်ပြုံးတုံ့နှင့်သာ နေရ၏။ အလွန်ကြီးလှသောဒုက္ခပါတကား။

ကျွန်မမှာ သွားတွေဝါနေသော်လည်း အခြားအလှများ၏ ကူပံ့မှုဖြင့် ယောကျ်ားတစ်ယောက်တော့ ရလိုက်ပါသည်။ ကျွန်မခင်ပွန်းက ကျွန်မအလှတွေကို တခုတ်တရ ခံစားတတ်သူ မဟုတ်ပါ။ လှလို့ချစ်တာမဟုတ်။ ချစ်လို့လှတာ ဆိုသည်မှာ သူကိုင်စွဲသည့် "မူ" ဖြစ်သည်။ သူက ဘယ်မူနှင့်ရွေးရွေး ကျွန်မသွားဝါနေတာ အမှန်တရားပဲမဟုတ်လား။ ဒီကိစ္စကို လုံးဝမကျေနပ်နိုင်ပါ။ အဖြေကို မေရအောင်ရှာရမည်။

တစ်နေ့ ခင်ပွန်းသည်က မော်လမြိုင်သို့ တာဝန်နှင့်ရောက်သွားသည်။ ကျွန်မလိုက်သွားတော့ မော်လမြိုင်မှာ သူက အပေါင်းအသင်းအတော်ရနေပြီ။ ထိုအပေါင်းအသင်းအသစ်ထဲတွင် သွားဆရာဝန်တစ်ယောက်ပါသည်။ တစ်နေ့ကို...က သွားနာလာရာ ထိုဆရာထံသွားရန်အကြောင်းဖန်လာသည်။ ကျွန်မလည်း ကိုယ့်အကြံနှင့်ကိုယ် သွားဆရာဝန်ထံ လိုက်ခဲ့သည်။ မော်လမြိုင်မြို့၏ ဒိုင်းဝန်ကွင်းရပ်ကွက်တစ်နေရာရောက်တော့ သွားဆေးခန်းကို တွေ့ရသည်။ အထူးတလည်ဆိုင်းဘုတ်တပ်ဆင်ထားခြင်း မရှိသော ထိုအခန်း ခပ်နုပ်နုပ်တွင်းမှလူတစ်ယောက်ထွက်လာသည်။ ထိုသူမျက်နှာတွင် ရင်းနှီးဖော်ရွေသောအပြုံးကို လှိုင်လှိုင်ကြီးတွေ့ရ၏။ အိုသူ့သွားတွေမှာ ကွမ်းကြေးတွေအထပ်ထပ်နှင့် အဲဒါ သွားဆရာဝန်တဲ့လား၊ ဘုရားရေ။

ဆရာဝန်က ကျွန်မတို့ကိုမြင်တော့ မိတ်ဟောင်းဆွေဟောင်းတွေ့သလို စကားတွေပြော၏။ မော်လမြိုင်သံနှင့် အားရပါးရပြော၏။ သူဆေးခန်းမှာ ထိုင်ဖို့နေရာပေးသော်လည်း ထိုင်စရာနေရာ ကောင်းကောင်းပင်မရှိ။ အခန်းတစ်ခန်းလုံး ဖုန်တသောသောနှင့် သွားစိုက်သွားနုတ်လျှင်သုံးသည့် ပစ္စည်းများ၊ ထိုင်ခုံများသူ့နေရာနှင့်သူ နေသားတကျမရှိ၊ ဖရိုဖရဲပရမ်းပတာနှင့် သွားဆေးခန်းနှင့်မတူ ပစ္စည်းစုပုံထည့်ထားသော စတိုခန်းတစ်ခုနှင့်ပင်တူနေသေးတော့၏။

ဆရာဝန်ပြောနေသည့် စကားကလည်း တစ်လုံးမှ သွားအကြောင်းမပါ။ ဒီနေ့ ဘယ်အလုံးကောင်းတယ်။ ပူးဂဏန်းက ဘယ်လို၊ ခွဂဏန်းက ဘယ့်နှယ်၊ ကြားဂဏန်း ဘယ်တွက်ဂဏန်းက ဘယ်ပုံးကိုရော ကျွန်မမှာ ထိုအရာများနှင့် မရင်းနှီးသဖြင့် သူနှင့်ဖက်ပြိုင်ပြီး မပြောနိုင်၊ အတော်ကြာမှ သွားကိစ္စကို ရောက်ရ၏။ ဆေးကုသမှုပြီးတော့ ကျွန်မ ဆရာဝန်ထံ စကားစမိ၏။

"ဆရာ ကျွန်မသွားတွေ ဘာကြောင့်ဝါတာလဲ သိချင်လို့ပါ"

ဆရာဝန်က ကျွန်မသွားတွေကို တစ်ချက်ကြည့်ပြီး...

"ခင်ဗျားသွားတွေ ဝါတာ၊ ခင်ဗျားအမေနဲ့ ဆိုင်တယ်"

"ရှင်"

"ခင်ဗျားကို ကိုယ်ဝန်ဆောင်တော့ ဘာဆေးတွေသောက်သလဲ။ အဲဒီ သောက်တဲ့ဆေးတွေကြောင့် မွေးလာတဲ့ကလေး သွားဝါနိုင်သလို၊ မျိုးရိုးကြောင့် အမေဝါရင်လည်း သမီး ဝါနိုင်ပါတယ်"

"ကျွန်မ သွားဖြူချင်တယ်ဆရာ ဘယ်လိုလုပ်ရမလဲ"

"သွားဖြူအောင်လုပ်တာ လွယ်လွယ်လေး၊ ဒါပေမဲ့ ခဏပဲ၊ ပြီးရင် ပြန်ဝါမှာပဲ။ ခင်ဗျားသွားက တစ်သက်လုံးဝါမယ့်သွား"

သွားပြီ မျှော်လင့်ချက်တော့ ဆုံးပါပြီ။ သူ့အဖြေကို မကျေနပ်လှသော်လည်း လက်ခံရတော့မည်။ သွားအကြောင်းကို သွားဆရာဝန်ပြောတာ အမှန်ဆုံးမဟုတ်လား။ ခင်ဗျားသွားက တစ်သက်လုံးဝါမယ့်သွားဆိုသည့် မှတ်ချက်စကားက အတော်အထိနာသည့် စကားဖြစ်သည်။

ထိုညစ်ကျယ်ကျယ်၊ ညစ်လည်းညစ်ပတ်၊ အသံလည်းကျယ်ကျယ်ပြောတတ်သော ဒေါက်တာညစ်ကျယ်ထံသို့ ကျွန်မ နောက်တစ်ခေါက် မရောက်တော့ပါ။

♦

ဇမ္ဗူမှာ တစ်လူရှား ဒါမှ သွားဆရာဝန်

ကျွန်မ သွားတွေဝါနေသော်လည်း ငယ်ငယ်ရွယ်ရွယ်နှင့် သွားကိုက်သွားနာ ဖြစ်သူများထဲမှာ ကျွန်မ မပါဝင်ပါ။ သွားဆိုသည်က နေ့စဉ် အလုပ်မလုပ်ရသည့်နေ့ မရှိသဖြင့် သွားရောဂါဖြစ်မည်ဆိုလည်း ဖြစ်လောက်သည့် အနေအထားဖြစ်၏။ ကျွန်မ ပထမဦးစွာ သွားနာလာသည်က လူမနီးသူမနီး စာပေဟောပြောပွဲသွားစဉ် ကျေးလက်တစ်နေရာမှာ ဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီးထဲတွင်ပါဝင်သော ရေဖြူမြို့ကလေးသည် မြစ်တစ်ဖက်ကမ်းမှာ ပုန်းနေသည်။ စာရေးဆရာတွေကို ဟောပြောရန် ထားဝယ်မြို့အမှတ် (၈) ကွပ်ကဲရေးတပ်က ဖိတ်ခေါ်သည်ဖြစ်ရာ ထားဝယ်မြို့ပေါ်ဟောပြီး နယ်ပွဲတွေလှည့်ဟောရန် စီစဉ်



တော့၏။ သို့နှင့် ရေဖြူမြို့ကလေးမှာ ဟောပြောရန် အကြောင်းဖန်လာသည်။

အမှတ်(၈) ကွပ်ကဲရေးတပ်၏ အစီအစဉ်နှင့် ရေဖြူတပ်ထဲမှာ ဆရာတွေကို တည်းခိုဖို့စီစဉ်ပေး၏။ တပ်မှာတည်းခို၊ ဟောတော့ မြစ်ကို ဖြတ်ကူးပြီး ရေဖြူမြို့မှာ ဟော၊ သည်လိုဖြစ်၏။ ထိုညက ဟောပြောပွဲသိမ်းတာ ညဉ့်နက်သည်။ ညဉ့် ၁၂ နာရီကျော်မှ ဒီဘက်ကမ်းတပ် ကို ပြန်ရောက်သည်။ တပ်နှင့်ရေဖြူ က အတော်လှမ်းသေး၏။ တပ်နားမှာလည်း ကျေးရွာမမြင်၊ တပ်ထီးတည်းသာ။ ထိုညဉ့်နက်ချိန်မှာမှ ကျွန်မသွားက နာလာသည်။

"ရဲဘော်တွေလုပ်ကြပါဦး ဆရာမ သွားနာနေလို့"

အတူသွားသူ စာရေးဆရာတွေ အကူအညီတောင်းသံ ပေါ်လာသည်။ ရဲဘော်တွေတစ်ယောက်တစ်ပေါက် အကြံပေးကြ၊ ပြေးကြလွှားကြ၊ လူကြီးကိုနှိုးမလား၊ ဆေးမှူးခေါ်မလား။ ထိုစဉ် ရဲဘော်တစ်ယောက်လက်ထဲမှာ ဆေးပုလင်းသေးသေးလေးပါလာသည်။

"ကျွန်တော် သွားကိုက်တုန်းက ပျောက်တဲ့ဆေး ဆရာမထည့်ကြည့်ပါလား"၊ ကြည့်လိုက်တော့ ဖိုးခွားလေးရဲ့ ဒန္တသုခ။ ထည့်လေ ထည့်ပေ့ါ။ တောထဲမှာ ကြေးများနေလို့ ရမလား။ မကြာပါ သွားနာပျောက်သွားတော့၏။ ဟုတ်သားပါလား။ ဆရာမောင်သန်းဆွေ (ထားဝယ်) နိုးလာရာ သူ့မှာပါလာသည့် ရှိုင်းဟုတ် ကုမ္ပဏီထုတ်ဆေးတစ်မျိုးကို ပေးပြန်သည်။ သည်လိုနှင့် ရန်ကုန်ပြန်ရောက်လာသည်။ သွားပြန်နာလာပြန်သည်။ ခရီးမှာ သက်သာသွားသည်ကိုပင် ကျေးဇူးတင်စရာ၊ တကယ်ပျောက်သွားတာမဟုတ် ဆရာဝန်နှင့်တွေ့မှ ဖြစ်မည်။ သွားကိစ္စဆိုတော့ တူလေးစိုးသက်အောင်ကို သတိရသွားသည်။ စိုးသက်အောင်က သွားဘက်ဆိုင်ရာဆေးကျောင်းသား။ သူ့အဆက်အသွယ်ဖြင့် သူ့ဆရာဆေးခန်းသို့ ရောက်ရ၏။ ကျောက်မြောင်းထဲမှာရှိသော ထိုဆေးခန်းမှာ မော်လမြိုင်မှ ဒေါက်တာ ညစ်ကျယ်ဆေးခန်းလို ညစ်ပတ်မနေပါ။ ပစ္စည်းပစ္စယတွေ သူ့နေရာနှင့်သူရှင်းသန့်စွာ။ ကျေနပ်ဖွယ်ရာပင်။

ဆေးခန်းသန့်ရှင်းမှုကို အသာထားပါဦး၊ ထိုဆရာ၏ ရုပ်ရည်က ဖြူစင်ဝင်းပနေ၏။ အပြုံးမှာ ချိုမြိန်မှုတွေ ဆွတ်ဖျန်းထားသည်။ သူသည် ဒေါက်တာညစ်ကျယ်လို စကားတွေ ဟောင်ဖွာဟောင်ဖွာမပြော။ ဆရာဝန်တွေ ဝတ်လေ့ရှိသော ဂျူတီကုတ်ကို ဝတ်ဆင်ကာ လူနာ၏သွားကို ကြည့်ရှုရန်ပြင်ဆင်၏။ လက်အိတ်ကို စွပ်လိုက်ဟန်၊ မီးစလောင်းကို ရွှေ့နေဟန်တွေက စမတ်တကျ သပ်သပ်ရပ်ရပ်ရှိရာ ဇာတ်ဝင်ခန်းတစ်ခန်းကို သရုပ်ဆောင်တော့မည့်ကဲ့သို့ ရှိနေသည်။

ထိုဆရာ၏ အပြုံး၊ ထိုဆရာ၏ အပြော၊ထိုဆရာ၏ လူနာအပေါ် အကိုင်အတွယ် ညင်သာမှုများထဲမှာ ကျွန်မစီးမျောသွားသည်။ ဆရာဝန်လက်တင်လိုက်တာနဲ့ လူနာရောဂါ တစ်ဝက်သက်သာတယ်ဆိုတာ ဒီလို ဆရာဝန်မျိုးနေမှာဟု တွေးနေမိ၏။ ဆရာဝန်နှင့်လူနာကြားမှာ အကြီးမားဆုံး ဆက်သွယ်မှုကြိုးတံတားမှာ ယုံကြည်မှုပင် ဖြစ်၏။ သို့မှတစ်ဆင့် ဆရာစွဲ၊ ဆေးခန်းစွဲတွေ ဖြစ်လာဟန်တူသည်။

ကျွန်မ ထိုဆရာအပေါ် ယုံကြည်စွဲလမ်းမှု သဒ္ဓါတရားသည် အားကောင်းလှ၍ ထိုဆေးခန်းကလေးသို့ မကြာခဏ ရောက်ရ၏။ ကျွန်မသွားနာလျှင် ထိုဆရာကုမှ ပျောက်သည်ဟု စွဲနေသဖြင့် ဆရာဆေးခန်းသို့ လမ်းပေါက်နေခြင်းဖြစ်သည်။ ကျွန်မသွားနုတ်လည်း ဆရာဆီမှာ၊ နုတ်ထားသည့်နေရာမှာ ပြန်စွပ်တော့လည်း ဆရာ့ဆီမှာ သွားကျဉ်လျှင်၊ သွားဖာလျှင် အလိုလေး သွားရောဂါတွေကလည်း အမျိုးအမည်များစွာမို့ ဆရာနှင့်သာမက ဆရာ့မိသားစုနှင့်ပါ ရင်းနှီးလာရ၏။ ကျွန်မမျက်စိရှေ့မှာပင် ကလေးတစ်ယောက်အဖေဘဝမှ ကလေးသုံးယောက်အဖေ ဖြစ်သွားသော ဆရာကတော့ ယခင်အတိုင်း အရွယ်တင်ကာ ဖြူစင်ကြည်လင်မြဲ။ ဩော် ကျွန်မရဲ့ ထာဝရ ဒေါက်တာကြည်လင်။

**ကွေ့ကလေးမှာ ဟွန်းသံဆူညံခြင်း**

ယခုတစ်လော ကျွန်မအလုပ်တွေ များနေ၏။ အာရုံတွေရှုပ်ထွေးနေ၏။ သမီးငယ် မင်္ဂလာဆောင်မည်။ မင်္ဂလာဦးမှာ သူတို့လွတ်လွတ်လပ်လပ်နေဖို့ ကျွန်မတို့က သမီးကြီးပိုင် အခန်းပိုရှိရာ မြောက်ဒဂုံ၊ မဟာမြိုင်အိမ်ရာသို့ ပြောင်းကြမည်။ မပြောင်းခင် တစ်လခန့်ကပင် ပစ္စည်းတွေသိမ်း၊ စာအုပ်တွေ မြွေအရေခွံအိတ်နှင့်ထည့်၊ ဤအခန်းကလေးမှာ ၁၈ နှစ်တာ ခိုးနားခဲ့ရခိုက် ပွားများလာသည့် ပစ္စည်းတွေကတော့ အခန်းကလေးကိုပင် အားနာစရာ။

မင်္ဂလာဆောင်အတွက် အာရုံဝင်လာလိုက်၊ အိမ်ပြောင်းဖို့ ပစ္စည်းသိမ်းလိုက်၊ သည်ကြားထဲ စာပေဟောပြောပွဲတွေ ဆက်နေသည်။ မှတ်မှတ်ရရ ခရမ်းမြို့မှာ ဟောပြောစဉ် လျှာအောက် ရှေ့သွားအောက်ခြေတွင် အဖုကလေးတစ်ခုကို သတိထားမိသည်။

ခရမ်းမြို့ထဲအိမ်မှာ ဆရာဝန်အိမ်ဖြစ်ရာ ချက်ချင်းပင် ပြမိ၏။

"ကိစ္စမရှိပါဘူး။ ဘာမှမဟုတ်ဘူး။ ဆရာမ ကိုယ်ခံအားကျသွားလို့ ဖြစ်တာပါ။ ဒါမျိုးဖြစ်တတ်ပါတယ်"

ဆရာဝန်က ဆေးပေး၏။ သုံးရက်ခန့်သောက်ပြီး သက်သာ သလိုရှိ၏။ ခရီးထွက်ရပြန်သည်။ သည်တစ်ခါတော့ ချပ်သင်း။ ကောလင်းနားကချပ်သင်း အဝေးကြီး၊ ထိုနေရာကား မြို့မဟုတ်၊ ကျေးရွာကြီးဖြစ်၏။ ဟောရင်းပြောရင်း အဖုကလေးက အရည်ကြည်တွေနှင့် ပြည့်ဖောင်းလာပြန်သည်။ နာတော့ မနာ၊ မနာလေ ကျွန်မ ကြောက်လေပင်၊ ဟိုဟာ ဒီဟာဖြစ်နေရင် ဒုက္ခ။သည်မှာက ဟုတ်တိပတ်တိဆရာဝန် ရှိသည်မဟုတ်။ ထိုမှ မန္တလေး၊ မန္တလေးမှ နေပြည်တော်. . . နောက် ဟသ်ာတမြို့နယ်ထဲမှ အင်ပင်၊ လက်ပံကွင်းစသည် ခရီးတွေများလှ၏။ ကျွန်မအဖုကလေးက ပိန်လိုက်၊ ဖောင်းလိုက်၊ အလုပ်တွေရှုပ်လိုက်၊ ခရီးထွက်လိုက်။

အာရုံတွေများနေသဖြင့် အခုတစ်လောက ကျွန်မကျန်းမာရေးက ချုချာနေသလို ထင်ရ၏။ ရောဂါရယ်မည်မည်ရရ မရှိဘဲ၊ လူပင်ပန်း စိတ်ပင်ပန်းနေ၏။ မင်္ဂလာပွဲ အဆင်ပြေချောမောပ့ါမလား၊ အိမ်သစ်မှာ အဆင်ပြေပ့ါမလား။ လားပေါင်းများစွာ. .

"ဆရာမရေ ကွေ့မှာ ကားကွေ့တော့မယ်ဆို ဟွန်းသံတွေ ဆူညံလာသလိုပေ့ါ။ ဟိုဘက်ကလည်း တီးမယ်။ ဒီဘက်ကလည်းတီးမယ်။ ဘဝရဲ့ အချိုးအကွေ့မှာ ဆူညံလာတဲ့ ဟွန်းသံတွေကြား တည်တည်ငြိမ်ငြိမ် ဖြတ်သန်းကျော်လွှားပါ"

အစ်ကိုလို ချစ်ခင်ရသော ကဗျာဆရာ အောင်ဇင်မင်း၏စကားသံက ကျွန်မကို သတိပေးလိုက်သလို ဖြစ်သွားသည်။ ဟုတ်ပါရဲ့၊ စိတ်ညစ်ညူးနေလို့ရော ပြီးမလား၊ ဖြတ်ကို ဖြတ်ကျော်ရမှာ မဟုတ်လား။ ထိုစိတ်ခံစားမှုနှင့်ယှဉ်၍ ထွက်ပေါ်လာသော ထိုလျှာအောက်မှ ဖုကလေးကိုလည်း ထိရောက်စွာကုမှ ဖြစ်ဦးမည်။

အို. . . ဟုတ်ပါရဲ့၊ ကျွန်မရဲ့ မိတ်ဆွေကြီး ဒေါက်တာကြည်လင်ကို မေ့လျော့နေပါရောလား။ ခံတွင်းဆိုတော့ သူနဲ့လည်းဆိုင်ပေမည်။ ထိုညနေ ဆရာ့ဆီရောက်သွားတော့ ဆရာက . . .

"အရေးတော့မကြီးပါဘူး၊ ဒါပေမဲ့ မထားကောင်းဘူး ဖယ်ပစ်မှရမယ်၊ ပြီးရင်အသားစကို ဓာတ်ခွဲခန်းပို့၊ အဖြေရတော့ စိတ်ချရတာပေ့ါ။ ဒီလိုလုပ်ပါ ကျွန်တော့်ဆရာကြီးတွေ၊ ဆရာမကြီးတွေနဲ့ တွေ့ပေးမယ်။ ဆေးရုံမှာ လုပ်တာကောင်းပါတယ်"

နောက်တစ်နေ့ ဆရာ့ကားကလေးနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်သို့ ပါလာခဲ့သည်။ O.P.T မှာ စာအုပ်လုပ်ပြီး ဆရာကြီး၊ ဆရာမကြီးတွေနှင့် တွေ့၊ ခွဲဖို့ Date ကိုယူ။ သည်ကြားထဲ အရည်ကြည်ပေါက်သွားလိုက် ပြန်ပြည့်လာလိုက်၊ မနာသော်လည်း စိတ်အနှောင့်အယှက် ဖြစ်နေ၏။ ထိုခိုးလိုးခုလုနှင့်ပင် သမီးမင်္ဂလာပွဲ ပြီးသွား၏။ အိမ်သစ်ကိုလည်း ပြောင်းပြီ။

ဖေဖော်ဝါရီလ ၇ ရက်နေ့ သွားဘက်ဆိုင်ရာ ဆေးရုံအပေါ်ဆုံး

Asian Fame Media Group

ထပ်မှာ ခွဲစိတ်ခါနီးဆဲဆဲ၊ ပြဿနာအသစ်နှင့် ရင်ဆိုင်လိုက်ရ၏။

"ကြောက်နေသလား အန်တီ၊ မကြောက်နဲ့နော် သွေးက အရမ်းတက်နေတယ်၊ အပေါ်သွေး ၁၆၀ တောင်ဖြစ်နေတယ်"

ဘုရားရေ၊ ဒုက္ခပါပဲ။ အရေးထဲ သွေးက ဘာလို့တက်ရတာလဲ၊ ကျွန်မမှာ သွေးတိုးရောဂါမရှိပါ။ အခြားဆေးရုံက စမ်းသပ်ခိုင်းသော အဖြေများလည်း ကောင်းပါသည်။ ဘာလို့ကြောက်ရမလဲ၊ ဘာကိုကြောက်ရမလဲ၊ စိတ်ကမကြောက်ပေမယ့် သွေးကကြောက်သလား။

ထိုနေ့က အပြင်မှာ ချိန်လည်း ၁၆၀၊ ခွဲခုံပေါ် ရောက်တော့လည်း သွေးက မကျ၊ အပြင်ဆရာဝန်နှင့် သွေးချလိုက်ပါဦးဆိုသည့် မှတ်ချက်နှင့် ဆေးရုံကပြန်ခဲ့ရသည်။ မြောက်ဒဂုံဆိုသည်က ကိုယ်နှင့်မယဉ်ပါးသေး။ ကျောက်မြောင်းက မိသားစုဆရာဝန်၊ ဒေါက်တာဇော်ထံပြေးရ၏။ ဒေါက်တာဇော်က ဆေးရုံဝန်ထမ်းမဟုတ်၊ အပြင်မှာ ဆေးခန်းဖွင့်ထားသူ၊ တစ်ရပ်ကွက်လုံး၏ အားထားရာရင်းနှီးပြီးသား ဆရာဝန်။

ဒေါက်တာဇော်ထံ ရောက်တော့ အပေါ်သွေးက ၁၂၅ ဖြစ်နေသည်။

"ဘယ်မှာတက်လို့လဲ ဆရာမရဲ့။ ဒီအနေအထားမျိုးနဲ့ သွေးကျဆေးပေးလို့မရဘူး။ ဘာကိုခွဲမှာလဲ၊ ဘာလို့ခွဲမှာလဲ"

ကျွန်မပါးစပ် ဟပြရပြန်သည်။

"ဒါလေးများ ခွဲနေဦးမှာလား၊ လွယ်ပါတယ် ဆရာမရဲ့။ ဒီဆေးယူသွား။ လက်သန့်သန့်နဲ့ ဆေးကိုတို့ပြီး အနာကို ကြာကြာကလေးဖိပေး"

ကြည့်လိုက်တော့ ဆေးဘူးရှည်မျောမျောလေး၊ ဘူးသီးငါးပေါင်းကြော်စာတွေနှင့်။ ငရုတ်ကောင်းမှုန့်လို အမှုန့်ကလေးတွေထွက်လာသည်။ အရသာက ခါးသက်သက်နှင့် ထည့်ဆိုလည်း ထည့်ထားတာပေါ့၊ ဖိဆိုလည်း ဖိတာပေါ့။

သည်လိုနှင့် ဖေဖော်ဝါရီ ၂၀ ရက်နေ့ ဒုတိယအကြိမ်ချိန်းဆိုမှု၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် အပေါ်ဆုံးထပ်သို့ ရောက်ခဲ့ရပြန်သည်။ သည်ကြားထဲ ဒေါက်တာဇော်ထံ မကြာခဏ သွေးသွားချိန်ရာ တစ်ခါမှာတော့ အပေါ်သွေး ၁၀၀ ပဲရှိသည်။

"အန်တီကို စိတ်မချဘူး၊ ဆေးရုံမှာ တစ်ရက်ကြိုပြီးလာနေပါနော်"

တာဝန်ခံဆရာဝန်၏ ညွှန်ကြားချက်ဖြင့် ဆေးရုံသို့ တစ်ရက်ကြိုလာခဲ့၏။ ရောက်ရောက်ချင်း ခုတင်ပေါ်တက် အဖျားတိုင်း၊ သွေးပေါင်ချိန်တိုင်း လုပ်ရပြန်သည်။

"အန်တီ အပေါ်သွေးသိပ်များနေတယ်။ တော်တော်လေးကြာမှ ပြန်ချိန်မယ်၊ နားပါဦး"

တာဝန်ကျဆရာဝန်လေးနှစ်ယောက်၊ အဖြူလေးကတစ်ယောက်၊ အညိုလေးကတစ်ယောက်၊ အညိုလေးက ရွှေကိုင်းမျက်မှန်နှင့်၊ ဒုတိယအကြိမ် လာချိန်တော့လည်း သွေးက မကျ၊ သူတို့နှစ်ယောက် မျက်နှာမှာ အလိုမကျမှုတွေနှင့်။

"အပြင်ဆရာဝန်နဲ့ ပြတော့ သွေးမှတ်တမ်းစာရွက် မပေးလိုက်ဘူးလား။ အနည်းဆုံးစာအုပ်ဖြစ်ဖြစ်လေ၊ စာအုပ်ထဲမှာ အန်တီသူ့ဆီမှာ သွေးချိန်ထားတဲ့ သူ့မှတ်ချက်ပါရမယ်"

ရပ်ကွက်ထဲက ဆေးခန်းတွေမှာ စာအုပ်မရှိတာ များသည်။ သူ့အရပ်နှင့်သူ့ဇာတ် စာအုပ်မထားလည်း ရနေသားပင်။ ကျွန်မကလည်း ဒေါက်တာဇော်ထံမှ မှတ်ချက်ရေးခိုင်းဖို့ သတိမရ၊ ရေးခိုင်းရမှန်းမသိ။

"အန်တီရယ်. . သယ်န်းကျွန်းက 'လူလာ' ဆေးခန်းကို အခုသွားလိုက်ပါ။ အဲဒီမှာ သွေးတိုင်းပြီး ဆရာဝန် ညွှန်ကြားချက်ကို ရယူပါ"

"အခုသွားလို့ မင်းတို့ဆရာဝန်က ရှိမလားကွဲ့"

ဆေးရုံတက်ရာတွင် အဖော်လိုက်လာသော ညီမသီတာက ပူပူပင်ပင် မေးတော့ရှိပါတယ်တဲ့။ ရှိရင်သွားကြတာပေါ့။ နေပူပူကြီးထဲ လိုင်းကားမစောင့်နိုင်၊ ကကနှင့် ပြေးကြ၏။ ဟိုရောက်တော့ ဆရာဝန်က ညနေ ၃ နာရီမှ လာမှာတဲ့။ ကောင်းရော၊ ပြန်ရမလား၊ နေရမှာလား။ ကကတော့ စုန်ချည်ဆန်ချည်လုပ်မကျွေးနိုင်၊ ဖွဲကောင်းကောင်းနှင့် စောင့်မှ။ စောင့်မည်သာ ဆိုရယခု ၁း၃၀ ပဲ ရှိသေးသည်။ ဖွဲက ဖွဲလုံးကြီးမှ ဖြစ်မည်။

ညနေ ၃ နာရီရောက်အောင် ထိုင်လိုက်၊ ထလိုက်၊ အပြင်မှာ တစ်ခုခု ထွက်ဝယ်စားလိုက်၊ ပြန်ထိုင်လိုက်၊ အိပ်ငိုက်လိုက်။ ညနေ ၃ နာရီထိုးတော့ "လူလာ" ဆေးခန်းမှာ လူတွေလာလိုက်သည်မှာ ခုံတွေပြည့်သွား၏။ "ဆရာဝန်တွေက မလာသေး။ တဖြည်းဖြည်းနှင့်အခြား ဆရာဝန်တွေလာသော်လည်း မိမိပြရမည့်သူမှာ ရောက်မလာသေး၊ တကယ်တမ်းရောက်လာတော့ ညနေ ၄ နာရီခွဲနေပြီ။

ဆရာဝန်ကလည်း အားနာစကားဆိုပါသည်။ အခုဆေးရုံကနေထွက်လို့ မရတော့လို့ပါတဲ့။ တစ်နေ့တာလုံး စိတ်တွေ ညစ်နွမ်းရှုပ်ထွေးနေသဖြင့် သွေးက ယခုမှ အသေ

> "ဆရာမရေ ကွေ့မှာ
> ကားကွေ့တော့မယ်ဆို
> ဟွန်းသံတွေ
> ဆူညံလာသလိုပေါ့။
> ဟိုဘက်ကလည်း
> တီးမယ်။
> ဒီဘက်ကလည်းတီးမယ်။
> ဘဝရဲ့ အချိုးအကွေ့မှာ
> ဆူညံလာတဲ့
> ဟွန်းသံတွေကြား
> တည်တည်ငြိမ်ငြိမ်
> ဖြတ်သန်းကျော်လွှားပါ"



အချာတက်တော့မှာ သိနေသည်။ ဆရာဝန်သွေးချိန်၊ ဆေးစာရေးပေး၊ ဆေးဝယ်၊ နာရီဝက်ပင်မကြာ ကိစ္စပြီးသွား၏။ သည်လောက် ကလေးအတွက်နှင့် ကုန်လိုက်သည့် အချိန်တွေ။

ညနေ ဆေးရုံပြန်ဝင်တော့



Asian Fame Media Group

နေညိုနေပြီ။ လူနာကလည်း အခန်းထဲမှာ ကျွန်မပါမှ နှစ်ယောက်တည်း။ ဆေးရုံက လူနာနည်းသဖြင့် လင်းကျင်းရှင်းသန့်နေသည်။ ဟိုဘက်ခန်းမှာတော့ လူနာအမျိုးသမီးတစ်ယောက်။ သူကနည်းနည်း အရေးကြီးသည်ထင်ရ၏။ ထိုနေ့ညက ကိုယ့်အိမ်မှာ အိပ်သလိုပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွား၏။

**မင်္ဂလာပါ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ကြီး**

လူနာတွေထားရာ အပေါ်ဆုံးထပ်ကနေကြည့်ရင် ကားတွေ ဥဒဟိုသွားတာမြင်နေရသည်။ မနေ့က နွမ်းရော်စွာ ညိုးလျှသွားသော သစ်ပင်သစ်ရွက်တွေ လန်းဆန်းစွာနိုးထကြ။ ကားလမ်းပေါ်မှာ ကားတွေ သွားလာစပြုနေပြီ၊ ဂိတ်ဝကပင် ကျောင်းသူကျောင်းသားတွေ တစ်ယောက်စနှစ်ယောက်စ ဝင်လာနေကြပြီ။ ကျွန်မ ပြတင်းတံခါးပေါင်ကိုမှီပြီး မှတ်တမ်းရေးနေမိသည်။

"ဒီနေ့ခွဲစိတ်မှု ချောမောစေချင်တယ်။ သွေးမကျလို့ ပြန်ရတာမျိုး မဖြစ်ချင်တော့ဘူး။ ဒီမှာနေရတာ ကိုယ့်အိမ်မဟုတ်တာ တစ်ခုပါ၊ သက်သောင့်သက်သာ ရှိပါရဲ့။ မင်္ဂလာပါသွားဘက်ဆိုင်ရာ တက္ကသိုလ်ကြီး၊ ကောင်းမွန်စွာနိုးထရတဲ့အတွက် သင့်ကိုကျေးဇူးပါ။ ကြီးမားသော ကျွန်မဘဝ အချိုးအကွေ့ကြီးမှာ သင်လည်း ကွေ့ကလေး တစ်ကွေ့ပါဝင်လာသည့်အတွက် အမှတ်တရပါ"

မှတ်တမ်းရေးနေစဉ်ပင် သွေးချိန်သူများ ရောက်လာပြန်သည်။ သည်နေ့ အပေါ်သွေး ၁၃၀ ဆိုတော့ မဆိုး၊ မကြာခင် နာမည်ခေါ်သည် ခွဲခန်းဝင်ဖို့ပြင်ဆင်ကြ၏။ ဆရာဝန်တွေလည်း ရောက်လာပြီ။ ခွဲခန်းဝင်ဖို့ လက်သည်းနီတွေဖျက်ထား၊ မျက်နှာမှာ သနပ်ခါးမိတ်ကပ်မရှိစေရ။ ဦးခေါင်းမှာ သံဆံညှပ်မညှပ်ထားရ၊ ဆံပင်များကို သားရေပင်နှင့်သာ သိမ်းရမည်။ ထိုအချက်တွေကို မလိုက်နာစရာဘာမှမရှိ။ သည်နေ့တော့ အားလုံးအိုကေ။

မကြာခင် ယနေ့ တာဝန်ယူခွဲစိတ်မည့်ဆရာဝန်မလေး ရှေ့မှာလာရပ်သည်။ ထိုဆရာဝန်မလေးက လွန်ခဲ့သည့် ဖေဖော်ဝါရီ ၇ ရက် မခွဲဖြစ်ဘဲ ပြန်သွားကတည်းက မျက်မှန်းတန်းနေမိသည့်သူ ဖြစ်သည်။ နှုတ်ခမ်းပြုံးပြုံး၊ မျက်လုံးရီရီ၊ မျက်နှာပြည့်ပြည့် စန္ဒာလိုပဝင်းနေသည့် ဒေါက်တာလမင်းကလေး။

"ဒီနေ့ ရယ်ဒီပဲနော် အန်တီ၊ အနာကို ပြပါဦး"

ကျွန်မ ပါးစပ်ဟရပြန်သည်။

"ဟင် အန်တီ့အနာက ရှိတောင်မရှိတော့ဘူး။ ခါတိုင်းလို အရည်အိတ် ပြန်မတက်ဘူးလား။ အနာက သေးသွားလိုက်တာ၊ အဲဒီလောက်ကပ်နေရင် ခွဲလို့မဖြစ်ဘူး။ ဘာကိုခြစ်ထုတ်ဦးမလဲ။ မခွဲတာ ကောင်းမယ်ထင်တယ်"

ဟုတ်ပါရဲ့၊ အခုတစ်လော အနာက ခါတိုင်းလို ပြန်မဖောင်းလာဘဲ အောက်ကို ချပ်ဆင်းသွားသည်။ သွေးပေါင်အတက်အကျနှင့် ရှုပ်နေသဖြင့် အနာကိုပင် မနာသည့်အတွက်သတိမထားမိ၊ မနေ့ကလည်း မည်သူမျှ အနာကို တောင်းမကြည့်ကြ၊ အခုခွဲခန်းဝင်မည်ဆိုမှ အနာအခြေအနေ သိရသည်။ မကြာခင် ဆရာဝန်ကြီး တစ်ယောက်ရှေ့ရောက်ရပြန်သည်။

"ဒီတစ်ခါ အရည်အိတ် ပြန်ပြည့်လာရင် ပြန်လာပါ ဦးစားပေးပြီး လုပ်ပေးပါ့မယ်။ အခုတော့ ပြန်လိုက်ပါဦးနော်။ သွေးအတက်အကျကို ဂရုစိုက်ပါ။"

ဆရာဝန်ကြီးမှတ်ချက် စကားက ကျွန်မစိတ်ကို ပေါ့ပါးသွားစေသည်။ စောစောကတော့ ခွဲချင်သည်။ ဒီနေ့ ခွဲဖြစ်ပါစေ ဆုတောင်း၏။ ဟော အခုတော့ မခွဲလျှင်လည်း ရသည့် အခြေအနေဆိုတော့ ဝမ်းသာရပေမည်ပေါ့။

ခါတိုင်းလို အရည်အိတ် ပြန်မဖောင်းတာ ဘာကြောင့်လဲ၊ တံတွေးဂလင်းကြောင့်ဖြစ်သဖြင့် တံတွေးဖြင့် ပြန်ပြည့်လိုက် ပေါက်သွားလိုက်ဖြစ်နေသည့် အနာက ဟိုးအောက်မှာ ချပ်ချပ်ကလေး ဝပ်နေသည်။ ဘာကြောင့်လဲ။ ရပ်ကွက်ထဲက ဆရာဝန် ဒေါက်တာဇော်ပေးလိုက်သော ဘူးသီးငါးပေါင်းကြော်စာတန်းပါ ဆေးဘူးကလေးကြောင့်လား။

ညီမသီတာနှင့် နှစ်ယောက်သား ပစ္စည်းတွေခပ်သွက်သွက်သိမ်း၊ အခန်းဖော်တွေကို မြန်မြန်နှုတ်ဆက်ပြီးဆင်းလာတော့ လှေကားအတက်အဆင်းမှာ သွေးလာချိန်ပေးနေကျ ကိုရွှေမျက်မှန်နှင့် တွေ့သည်။

"ဟင် အန်တီတို့က ဘယ်လို"

"အနာက ခွဲစရာမလိုတော့လို့ ဆင်းခိုင်းလိုက်ပြီ"

ကျွန်မတို့ နှစ်ယောက်ပုံစံကလည်း အောင်လံထူစစ်သူကြီးပုံစံ။

ကိုရွှေမျက်မှန်ကလည်း အခြေအနေကို ချက်ချင်းသဘောပေါက်ကာ စကားတစ်ခွန်းပြောဖြစ်အောင် ပြောလိုက်သေး၏။

"နောက်တစ်ခါ အရည်အိတ် မပေါက်စေနဲ့နော်" တဲ့။ ပြောပုံက၊ သည်လို အရည်အိတ်မျိုးဆိုသည်က သူ့ဘာသာသူ ပြည့်ချင်ပြည့်၊ သူ့ဘာသာ ပေါက်ချင်ပေါက်ဖြစ်တတ်တာ ဒီကိုရွှေမျက်မှန် မသိလေရော့သလား။

ဘာပဲဖြစ်ဖြစ် ခွဲစိတ်ခုံပေါ် ရောက်တာက တစ်ခါ၊ ခွဲခန်းရှေ့ရောက်တာက တစ်ခါ၊ နှစ်ကြိမ်တိုင်တိုင် ခွဲစိတ်ခြင်းနှင့် လွဲခဲ့သည့်အတွက် ကံကြမ္မာကို ကျေးဇူးတင်လှ၏။ အစစအရာရာ ဂရုတစိုက် ကြည့်ရှုပေးသော သွားဘက်ဆိုင်ရာ ကျောင်းသား ကျောင်းသူများနှင့် ဆရာဝန်၊ ဆရာဝန်မကြီးများကိုလည်း ကျေးဇူးတင်လှပါ၏။ ကိုယ့်အဖြစ်က သူတို့ကို အလုပ်ရှုပ်သွားစေပြီလား။

ဒီအကြောင်းတွေ ကြားလျှင် ကျွန်မရဲ့ ဒေါက်တာကြည်လင်တစ်ယောက် ဘာမှတ်ချက် ပေးလေမည်မသိ။ ဒေါက်တာဇော်ကရော သူ့ရဲ့ ဘူးသီးငါးပေါင်းကြော် ဆေးဘူးလေးအတွက် ဂုဏ်ယူမာန်တက်နေလေမလား။

ဘာကြောင့် ကောင်းကောင်း၊ ကောင်းဖို့သာ အဓိက မဟုတ်လား။ နှုတ်ဆက်ပါတယ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ကြီးရယ်။ ခဏတာတွေ့ခဲ့ရပေမယ့် သင့်ရဲ့ ကျေးဇူးတရားကို တစ်သက်တာ ဦးခိုက်နေမယ်ဆိုတာ. . . ။

မိချမ်းဝေ

# ဝေဖန်ရေးသည် အကောင်းဆုံး ဝန်ဆောင်မှုဖြစ်သည်။

## ဒါရိုက်တာ ဝင်းထွန်းထွန်း၏ ပိုးဖလံ

မောင်အိမ်စံ




ဝတ္ထု ခင်ခင်ထူး၊ ဇာတ်ညွှန်း မြင့်ဦးဦးမြင့်၊ ဒါရိုက်တာ ဝင်းထွန်းထွန်းတို့ ဖန်တီးထားသော 'ပိုးဖလံ' သည် မုဆိုးဖိုတစ်ဦး၏ နေဝင်ချိန် ဘဝဖြတ်သန်းမှုတွင် ဆေးပေးမီးယူရှာမိသည့်အတွက် ဒုက္ခရောက်ရပုံကို ရိုက်ကူးပြသထားသော ဗီဒီယိုဇာတ်ကားဖြစ်သည်။ သရုပ်ဆောင်များမှာ လူမင်း၊ မယ်လိုဒီ၊ ပြေဇင်၊ အောင်လွင်၊ သင်္ဂီထွန်း၊ လှလှမိုး၊ ကျော်ဇင်ထွဋ်၊ ဖိုးတာနှင့် ဇင်မျိုးတို့ ဖြစ်သည်။

ဇာတ်လမ်းအကျဉ်းမှာ ဦးစံကွန့် (လူမင်း) သည် ဇနီးဆုံးပြီး သူပိုင်စီးပွားဥစ္စာများကို သားသမီးများအား ခွဲဝေပေးလိုက်ပြီး အငယ်ဆုံးသမီးငယ်နှင့်အတူ လက်ရှိအိမ်တွင်နေထိုင်သည်။ အထီးကျန်ဖြစ်လာ သောသူ့ဘဝကို ပြေပျောက်စေကြောင်း သူငယ်ချင်း များထံသွားရင်း သူတို့နှင့်အတူ ဂေါက်ရိုက်ဖြစ်သည်။ ရေပေါ် ဆီလူတန်းစား၊ ပင်စင်စားများနှင့် တွဲမိရာမှ ဦးအောင်လွင်၏ ဆေးပေးမီးယူရှာသင့်ကြောင်း အကြံပေးသည်ကို ငြင်းဆိုရင်းနှင့်ပင် သူတို့ခြံအနီးရှိ စည်ပင်ပိုင်လွတ်နေသော မြေကွက်လပ်လေးတွင် ဖိုးတာနှင့် သိင်္ဂီထွန်းတို့မိသားစုက အကြော်ရောင်းခွင့်တောင်းရာ ပေးလိုက်သည်။ အစပထမ၌ သင်္ဂီထွန်း(မဒေါ)၏ သမီးမယ်လိုဒီ (ခင်အေးချစ်)က ကျေးဇူးရှင်ကို ကျေးဇူးဆပ်သည့်အနေဖြင့် နေ့စဉ် အကြော် ကျွေးရာမှ လမ်းလျှောက် အပြန်ဝင်စားခဲ့သည်။ မဒေါတို့ လင်မယားတွင် မဒေါယောကျ်ား လှသောင်းက တွန့်ဆုတ်နေသော်လည်း မဒေါကမူ ချမ်းသာသော ဦးစံကွန့်ကို သမီးဖြစ်သူနှင့် နီးစပ်ရန် မရ အရကျုံးသွင်းယူရင်း နောက်ဆုံး ဆင်းရဲသော၊ ရုန်းကန်နေရသော ဘဝမှ မိမိရော၊ မိဘများပါ လွတ်မြောက်ရန်လမ်းကြောင်းဟု ယူဆယုံကြည်ပြီး ခင်အေးချစ်သည် ဦးစံကွန့်ကို လက်ထပ်လိုက်သည်။ ပတ်ဝန်းကျင် ပြောမည်စိုး၍ နယ်မြို့လေးတစ်မြို့သို့ ပြောင်းရွှေ့ အခြေစိုက်ကြသည်။ အဆိုပါ မြို့လေးတွင် ဦးစံကွန့်၏ အရင်းအနှီးဖြင့် လက်ဖက်ရည်ဆိုင် တစ်ဆိုင်တည်ထောင်ဖွင့်လှစ်သည်။ ခင်အေးချစ်တို့ မိသားစုမှာ ပြေလည် သွားကြသည်။ ဤတွင် ကိုမင်း (ပြေဇင်) နှင့်တွေ့ကာ ခင်အေးချစ်နှင့် ကိုမင်းတို့ ရင်းနှီးကျွမ်းဝင်ပြီး ချစ်သွားကြသည်။ ပြေဇင်က ခင်အေးချစ်ကို အိမ်ထောင်ရှိမှန်းမသိ။ ခင်အေးချစ်ကလည်း မပြော။ မဒေါကမူ သူ့သမီးကို အပျိုဟု ကိုမင်း (ပြေဇင်)နှင့် အခြားစားသုံးသူများ ယုံကြည်နေစေရန်၊ ဦးစံကွန့်နှင့် အေးချစ်၊ လင်မယားမဟုတ်သလို ပြောသည်။ နောက်ဆုံး အကြောင်းစုံ သိရှိသွားသဖြင့် ဦးစံကွန့်နှင့် ခင်အေးချစ် ပြဿနာတက်ကာ ခင်အေးချစ်က ဦးစံကွန့်အား တရားဝင် ကွာရှင်းခွင့်တောင်းပြီး ပြေဇင်နှင့် လက်ထပ်သွားသည်။ ဇာတ်လမ်းမှာ ဘာမှမထူးခြား။ လင်ရှိမိန်းမတစ်ဦးက ချစ်သူပေါ်လာကာ လင်ကြီးခွင့်ပြု ချက်ဖြင့် လက်ထပ်သွားသည့် ဇာတ်လမ်းဖြစ်သည်။

(၂)

ခင်ခင်ထူးသည် ဝတ္ထုရေးရာတွင် အတတ်ပညာ ရော၊ အနုပညာပါ ပြောင်မြောက်ထူးချွန်သူ ဖြစ် သည်။ ယခု ဗီဒီယိုရိုက်ကူးသော 'ပိုးဖလံ' ဝတ္ထုကို ကျွန်တော် မဖတ်ဖူးပါ။ သို့ရာတွင် ပြောစရာတော့ ရှိသည်။ ခင်ခင်ထူး၏ ဝတ္ထုထဲတွင် ပါမပါတော့ မသိ။ ဇာတ်ကား၏အဆုံးတွင်

Asian Fame Media Group

ဦးစံကွန့်သည် သူ့အိမ်သို့ ပြန်လာပြီး မြေးလေးနှင့်ဆော့နေသည်။ ထိုစဉ် ပဲပြုတ်သည်က "ပဲပြုတ်၊ ပဲပြုတ် ပူပူလေးရမယ်၊ ပဲပြုတ်"ဟု အော်ရောင်းလာကာ ဦးစံကွန့်အိမ် ရှေ့သို့ အရောက် ကလေးနှင့် ဘောလုံးပစ်ကစားနေသော ဦးစံကွန့်က လှည့်ကြည့်သည်။ ထိုစဉ် ပဲပြုတ်သည်က မျက်လုံးတစ်ဖက်မှိတ်အပြ၊ သားသမီးများက ပြိုင်တူ အော်ဟစ်သတိပေးသည်နှင့် ဇာတ်ကားကို အဆုံးသတ်လိုက်သည်။

ဗီဒီယိုဇာတ်ကားတစ်ကားသည် ဖြေဖျော်မှုပါသည်။ ထိုကြောင့် လှအောင်၊ ကောင်းအောင် ရိုက်ကူးရမည် ဖြစ်သည်။ သို့ရာတွင် ပဲပြုတ်သည်သည်ဝမ်းစာအတွက် ကိုယ်ကာယနှင့် လုပ်စားနေရသည့် အခြေခံလူတန်းစား ဖြစ်သည်။ သူ့တွင် လူတန်းစားလက္ခဏာ၊ လူတန်းစားစရိုက်ရှိသည်။ ကျွန်တော့်အယူအဆအရတော့ ပဲပြုတ်သည်သည် ပဲပြုတ်ရောင်းစားနေသူ လူဆင်းရဲ ဖြစ်သည်။ စာရိတ္တပျက်သူမဟုတ်ပါ။ ထို့ကြောင့်လည်း မျက်စိမှိတ်ပြ သည့်အခန်းကို ရိုက်မပြသင့်ပါ။ အကယ်၍ ဝတ္ထုဇာတ်ညွှန်းတွင်ပါလျှင်သော်မှ ဒါရိုက်တာသည် ကင်မရာကို အသုံးပြုပြီး ပရိသတ်ကို ဇာတ်လမ်း ပြောပြ နေသူဖြစ်သည်။ ဒါရိုက်တာသည် Scene တစ်ခု၊ Cut တစ် Cut ကို ပြတော့မည်ဆိုပါလျှင် ထို Scene ၊ ထို Cut သည် ဇာတ်အတွက် မပါမဖြစ် အရေးတကြီး အထောက်အကူပြုမပြု စဉ်းစားရန်လိုပြီး ဇာတ်ကောင်၏ စရိုက်မပျက်ရန်ကိုပါ အလေးအနက်ထား စဉ်းစားသင့်ပါသည်။ ပဲပြုတ်သည်မများထဲတွင် ဦးစံကွန့်တို့လို မုဆိုးဖိုအဘိုးကြီး များကို မြူဆွယ်သူများ ရှိကောင်းရှိမည်။ သို့သော် ထိုအပြုအမူ ထို Cut သည် ပဲပြုတ်သည်မ၏ 'စရိုက်' မဟုတ်၍ ထိခိုက်သည်။ မပြသင့်ဟု ကျွန်တော် မြင်သည်။

**ပဲပြုတ်သည်သည်**
**ပဲပြုတ်ရောင်းစားနေသူ**
**လူဆင်းရဲ ဖြစ်သည်။**
**စာရိတ္တပျက်သူမဟုတ်ပါ။**
**ထို့ကြောင့်လည်း**
**မျက်စိမှိတ်ပြသည့်အခန်းကို**
**ရိုက်မပြသင့်ပါ။**

(၃)

ခင်အေးချစ်သည် ငယ်သည်။ နုသည်။ ချောသည်။ လှသည်။ သူကောင်တာတွင် ထိုင်သဖြင့် ဖို သတ္တဝါများ ဝင်လာမစဲတ သဲသဲ ဖြစ်သည်။ ထိုအထဲတွင် ရင်မှပေါက်ဖွားလာသော အချစ်ဖြင့် ချစ်သည့် ပြေဇင် (ကိုမင်း) ပါသည်။ ကိုမင်းက ကိုလှသောင်းကို ဦးစံကွန့်နှင့် ခင်အေးချစ် 'ဘာတော်သလဲ' ဟုမေးရာ သူ့အစ်ကို အကြီးဆုံးဟုပြောသည်။ ခင်အေးချစ်ကို သိပ်ချစ်၍ သဝန်တိုသည့် အကြောင်းပြောသည်။ ခင်အေးချစ်နှင့် ကိုမင်း ဈေးအပြန် လမ်းတွင် တွေ့သည့် အခန်း၌မူ 'အဘိုး' ဟု ကိုမင်းက ပြောနေပြန်သည်။ လိမ်ထားကြောင်း ပေါ်လွင်စေရန်သာ အဓိက ဖြစ်သဖြင့် မပြောသာသော်လည်း ဂရုစိုက်ရမည့် အချက် ဖြစ်ပါသည်။

ဒါရိုက်တာဟူသည် ဇာတ်ညွှန်းရေးဆရာ၏ စကားလုံးများ၊ ဇာတ်ကောင်စရိုက်များနှင့် ပြကွက်များကို အသုံးပြုကာ သရုပ်ဆောင်များကို သက်ဝင် လှုပ်ရှားအောင် ပြုလုပ်ပေးရသူ ဖြစ်သည်။

အကြော်ဆိုင်ပြကွက်များ၊ လက်ဖက်ရည်ဆိုင် ပြကွက်များသည် ဇာတ်၏ မူလရည်ရွယ်ချက်ကို ပံ့ပိုးပြီး ဝတ္ထုရေးဆရာ၏ ဆိုလိုရင်းကို ပီပြင်အောင် ဖော်ကျူးရိုက်ပြနိုင်သော ပြကွက်များဖြစ်ပါသည်။

ဦးစံကွန့်ကောင်တာတွင် ထိုင်နေသဖြင့် ခင်အေးချစ်ကို ပြန်လည်ထိုင်နိုင်ရန် ကြိုးပမ်းသည့် အခန်း တွင် ကိုလှသောင်းနှင့် မဒေါတို့ အပြန်အလှန်ပြောသည့် စကားလုံးများ၊ သရုပ်ဆောင်မှုများသည် ဇာတ်ကောင်စရိုက်ကို ပေါ်လွင်စေပါသည်။

'ပိုးဖလံ' သည် မုဆိုးဖိုဦးစံကွန့်၏ နိုးထလာသော နှလုံးသားကို ပုံဖော်ရသော၊ တစ်နည်းဆိုသော စိတ်ခံစားချက်ကို ရိုက်ကူးရသောကြောင့် ဝတ္ထုရေးသူအဖို့ ဖွဲ့နွဲ့ရေးသားနိုင်ပါ သော်လည်း အရုပ်ဖြင့် ပုံဖော်ရသူ ဒါရိုက်တာအဖို့ ခက်ခဲနက်နဲသော ဇာတ်ကား တစ်ကား ဖြစ်ပါသည်။ သို့ရာတွင် ဝင်းထွန်းထွန်းသည် ဦးစံကွန့်၊ ခင်အေးချစ်၊ ကိုမင်း၊ မဒေါနှင့် ကိုလှသောင်းတို့၏ နှလုံးသားကို ပရိသတ် သိရှိနားလည်သွားစေရန် သူ၏ အနုပညာဖြင့် ပြသနိုင်ခဲ့ပါသည်။

(၄)

ဇနီးသည်ဆုံးပြီး သမီးငယ်လေးနှင့် အေးချမ်းစွာ နေသော ဦးစံကွန့်၏ အပေါင်းအသင်းများကြောင့် ဆေးပေးမီးယူရှာဖွေမိရာမှ ပူလောင် ပြင်းပြ ခံစားရသော ဦးစံကွန့်အဖြစ် သရုပ်ဆောင်ရသော လူမင်းသည် ဇာတ်ကောင်စရိုက်ဝင်သည်။ သရုပ်ဆောင်မှု ကောင်းသည်။ နွမ်းပါးသော မိသားစုဘဝကို ဆယ်တင်ရန် ကြိုးပမ်းရင်း သက်ကြီးရွယ်အိုကို ယူမိပြီးမှ နှလုံးသား၌ အချစ်ဖူး ပွင့်လာပြီး အခက်အခဲတွေ့ကြုံရသည့် ဇနီးသည်တစ်ဦးအဖြစ် သရုပ်ဆောင်ရသော မယ်လိုဒီကမူ ထူးထူးခြား ခြားသရုပ်ဆောင်နိုင်မှု မရှိပါ။ လူလွတ်မိန်းမပျိုတစ်ဦးဟု ယူဆယုံကြည်ပြီး ချစ်မိပြီးမှ လင်ရှိမိန်းမ ဖြစ်နေသဖြင့် အခက်အခဲတွေ့နေရသူ လူငယ်တစ်ဦးအဖြစ် သရုပ်ဆောင်ရသော ပြေဇင်သည် ကိုမင်းအဖြစ် သရုပ်ဆောင်နိုင်ခဲ့ပါသည်။ အထူးသဖြင့် မယ်လိုဒီ၏ အုပ်ထိန်းသူ၊ မဒေါ၏ ယောကျ်ားအဖြစ် သရုပ် ဆောင်ရသော ဖိုးတာကမူ သရုပ်ဆောင်ချက် ပီပြင်သည်။

ခြုံ၍ဆိုရသော် 'ပိုးဖလံ' သည် ဘဝနေဝင်ချိန်ကို ပြင်ဆင်ရာ၌ အဖော် ရှာမိသူတစ်ဦး၏ နောင်တကို ပရိသတ်သို့တင်ပြထားသော ဇာတ်ကားတစ်ကား ဖြစ်ပါသည်။

**မောင်အိမ်စံ**

**ယခုလ အညွှန်း**

၁။ မနေ့က အချစ်
၂။ နှစ်ထပ်ကိန်း
၃။ မမှား သို့သော် မမှန်

Asian Fame Media Group



Asian Fame Media Group
AF MEDIA GROUP



# [illegible] (ဂုဏ်/ရုပ်)
# ချစ်ခြင်း၏ပြယုဂ်များ

**ဝတ္ထုတိုရသ**

Asian Famous Media Group
MEDIA GROUP

(၁)

"ဗုဒ္ဓမြတ်စွယ်တော် သွားဖူးမယ်"

ဒေါ်မြနှစ်စကားအဆုံးဝယ် ဦးမောင်လှက နွားစာစဉ်းနေရာမှ ခြေနင်းကိုရပ်ကာ တအံ့တသြ ငေးကြည့်၏။ အမေတင်က ပဲလှေ့နေရာမှ လန့်ဖျပ်ကာ ပဲကောင်းများကို ကောက်လွှင့်ပစ်ကာ အမည်းစေ့များသာ ဆန်ကောထဲတွင် ကျန်ရစ်၏။ ကလေးနို့တိုက်နေသော ဒေါ်မြနှစ်အောက် ခင်တင့်က သတိလက်လွတ်ဖြစ်ကာ မတ်တတ်ထရပ်မည်အပြုတွင် သွားပေါက်စရင်ခွင်ထဲမှ နို့ဆွဲနေသော ကျော်မွေးလေးက နို့လွတ်မည်စိုး၍ ကိုက်ကာဆွဲချလိုက်တော့မှ "အမယ်လေးတော့" ဟု နာကျင်စွာအော်ကာ ဖင်ထိုင်ကျသွားတော့သည်။

"တရုတ်ပြည်က ဗုဒ္ဓမြတ်စွယ် တော်အစစ်။ အဲဒါ အခုမန္တလေးမှာ အပူဇော်ခံနေတယ်။ ကျုပ် မန္တလေး သွားဖူးမယ်တော်။ ဒါပဲ"

ဒေါ်မြနှစ်က စကားကိုအတည်ပြုကာ ထပ်ပြောတော့မှ အားလုံးက အလုပ်ကိုယ်စီရပ်ကာ ဝိုင်းဝန်းလာကြသည်။ မကွေးမြသလွန်ဘုရားပွဲသို့ပင် တစ်နှစ်တစ်ခေါက်ရောက်ရန် ခဲယဉ်းသော ဒေါ်မြနှစ်ပါးစပ်မှ မန္တလေးနှင့် မြတ်စွယ်တော်ဟူသော စကားက အတော်ပင် ခရီးရောက်လှပေပြီ။ မင်းဘူးမြို့မှပင် အတန်ငယ်အလှမ်း

"ဒါ တရုတ်ပြည်က ဗုဒ္ဓရဲ့ စွယ်တော်အစစ်ပဲ ဒေါ်လေးရဲ့။ ကြုံတုန်း ဝအောင်သာ ဖူးသွား။ အရင်က ရန်ကုန်နဲ့ နေပြည်တော်မှာအပူဇော်ခံတာ။ အခုမန္တလေးမှာရောက်နေတုန်းပေါ့။ ကျွန်မတို့ မြို့ကများ မန္တလေး သွားဖူးကြတာ အုန်းအုန်း ကျွက်ကျွက် တော်။ ကျွန်မမှာသာ ဆိုင်တစ်ဖက်နဲ့ ဆိုတော့ မအားဘူးဆိုပြီး မလိုက်ရတာ။ သွားချင်ချက်ကတော့ ပြောမနေပါနဲ့"



ကွာဝေးလွန်းသော ဒေါ်မြနှစ်တို့ ရွာကလေးက မြို့ပြနှင့် မိုင်ခြေအားဖြင့် ခရီးမဝေးလှသော်လည်း အတွေးနှင့်ကတော့ အတန်ငယ်လှမ်းပေသည်။ အိမ်ခြေ ၃၀ ကျော်သာရှိပေသော ပီဘိရွာကလေးမှာ ပဲစိုက်၊ နှမ်းစိုက်မှ အူစိုရသကဲ့သို့ ပဲပေါ်၊ နှမ်းပေါ်လျှင်လည်း မြို့တက်ရောင်းနေစရာ အကြောင်း မရှိပေ။ ပွဲစားများ ကြိုတင်စရန်ချသည့်အတိုင်း သီးနှံပေါ်ချိန်မှာ ယာထဲထိ ဒက်ထိလာကောက်တော့ မြို့ပြသို့ အရောက်အပေါက် နည်းပေသည်။ အိမ်ခြေ ၃၀ ဆိုသည်ကလည်း အိုနာကျိုးကန်းဆိုသလိုပင် သောင်သောင်သာသာမရှိလေတော့ အနီးအပါးရွာများသာ ဆိုင်ကယ်ကိုယ်စီ၊ ဖုန်းကိုယ်စီနှင့် စည်ဝေလာသလောက် ဒေါ်မြနှစ်တို့ရွာကတော့ ထူးပြီးစည်လာသည် မရှိခဲ့ပေ။ တစ်နှစ်လာလည်း ဒုံရင်းမှာ ဒုံရင်းဟုဆိုရသော်လည်း ပြီးခဲ့သည့် ၆ လခန့်ကတော့ တစ်ဖက်ရွာမှ ကမ်းရိုးတန်းဖုန်းဟု အရပ်က သိသည့် ကြိုးမဲ့အထိုင်ဖုန်းတစ်လုံးက မျက်စိလည်လမ်းမှားကာ ရွာထိပ်ညောင်ညိုရိပ်တွင် လာခိုသည်။ ပလတ်စတစ်ခုံပြာလေးနှင့် တင်ထားသော ဖုန်းအရောင်ပြောင်လက်လက်ကို ဝိုင်းဝန်းကာ ကိုင်ကြည့်၊ ထိုင်ကြည့်နေကြသည်မှာပင် တစ်ပတ်၊ ဆယ်ရက်ခန့်ကြာသည်။ ဈေးဦးပေါက်မည်ဝေး၍ ကိုင်ကြည့်ရန်ပင် ဝန်လေးလှသော ဒေါ်မြနှစ်တို့ ရွာတွင် စီးပွားရေး အမြင်ကြီးစွာ လာရောက်ဖွင့်လှစ်သော အနီးအဝေး ဖုန်းဆိုင်လေးမှာ ပိတ်ရမည့်ဆဲဆဲတွင် ပဲပွဲစားဇော်ဒင်မျိုး ရောက်လာ၍သာ ဆက်လက်တည်မြဲခွင့် ရသွားသည်။

"ဒီလို ဂဏန်းလေးကို နှိပ်လိုက်ရင် ကျွန်တော့်ဆီကို ရောက်ရောဗျာ၊ ကဲ ပြီးတော့ ဈေးစကားပြောနိုင်ပြီ။ ခင်ဗျားတို့ ရောင်းချင်တဲ့ဈေးရရင် ကျွန်တော့်ကို ပြောလိုက်။ ကျွန်တော် ပစ္စည်းလာသိမ်းမယ်။ ဒါဆိုရင် ကျွန်တော်ရော၊ ခင်ဗျားတို့ရော အချိန်ကုန်သက်သာတာပေါ့ဗျာ"

ထိုအချိန်မှစ၍ ပွဲစားဇော်ဒင်မျိုး၏ ဖုန်းနံပါတ်က ဘုရားစင်ရှေ့ကြွက်လျှောက်တန်းတွင် အိမ်တိုင်းစေ့ နေရာယူသွားသည်။ ဆက်လိုက်ကြသည့်အမျိုးဆိုလျှင် မနက်လင်းသည်နှင့် ဇော်ဒင်မျိုးခေါ် ပေးပါဆိုသည့် အသံက အိမ်တိုင်းစေ့၊ လူတိုင်းစေ့ပင်။ ဒေါ်မြနှစ်တို့အိမ်မှ ဦးမောင်လှကြီးပင် ပါသေးသည်။ သူနှင့်ပြောလည်း ဒီအကြောင်း၊ ငါနှင့်ပြောလည်း ဒီအကြောင်း ဆိုသော်လည်း မဆက်လိုက်ရလျှင် ခေတ်နောက်ကျမည်စိုး၍ မနက်လင်းကတည်းက တန်းစီကာ ပြောကြသည်ချည်းပင်။ ကြာတော့လည်း ဇော်ဒင်မျိုးမကိုင်တော့ဘဲ အမျိုးသမီးတစ်ယောက်ကသာ ထပ်တလဲလဲ ဖုန်းပိတ်ထားကြောင်း ပြောလာရတော့သည်။

"ဒါ ဇော်ဒင်မျိုးရဲ့ မိန်းမပဲနေမှာဟ။ ခမျာလည်း ခရီးသွားရှာတယ်ထင်ပါရဲ့ဟာ။ ရောက်လောက်တော့မှ တစ်ခါပြန်ခေါ်ကြစို့ရဲ့"

အတွေးအခေါ်ရှိသော ဘကြီးအောင်ဖေ စကားအဆုံးမှာမှ ဖုန်းဆိုင်မှာ လူစုကွဲတော့သည်။ သို့သော်လည်း ဖုန်းပြောချင်သူများပီပီ မရှိရှိရာ ရှာကြံကာ ဆက်လိုက်ကြ၊ ပြောလိုက်ကြနှင့် ကြာတော့လည်း ဖုန်းဆိုင်လေးက အလုပ်ဖြစ်သွားသည်ပင်။

(၂)

အစပြန်ကောက်ရလျှင် ပြီးခဲ့သည့်တစ်ပတ်ခန့်က စလင်းမြို့ပေါ်သို့ ဒေါ်မြနှစ်ရောက်သွားရာမှ ဇာတ်လမ်းစခြင်းပင်။ ဒေါ်မြနှစ်သားခင်အောင်ဆင့်က စလင်းမြို့ပေါ်ကျောင်းတစ်ခုတွင် ကိုရင်ဝတ်နေသည်။ သားကိုလွမ်းစိတ်နှင့် မြို့သွားကြမည်အဖော်ညိတော့ လိုက်ချင်သူက မရှိ။ ယာအကြောင်းပြ၊ ကိုင်းအကြောင်းပြနှင့် ကြာလာတော့ ဒေါ်မြနှစ်စိတ်ဆိုးကာ ထန်းတောင်းခေါင်းရွက်ကာ ဖုတ်ဖက်ခါ ထ၍သွားမည်လုပ်တော့မှ ဦးမောင်လှက ဆရာတော်လှူရန် နောက်ဖေးငှက်ပျောခင်းမှ ဖီးကြမ်းတစ်ခိုင် အပြေးအလွှား ခုတ်ပေးရှာသည်။

သားကိုရင်ကျောင်းတွင် တည်းခိုရမည်ကို အားနာ၍ ဆွေရိပ်မျိုးရိပ်မကင်းသော မတင်မြင့်တို့အိမ်တွင် ဝင်တည်းမိသည်။ မတင်မြင့်တို့က အိမ်ဆိုင်ဖွင့်စားသူတွေဆိုတော့ သောင်သောင်သာသာရှိသည်။ လူဝင်လူထွက်က ပြတ်သည်မရှိတော့ အနီးအပါး ရွာသတင်းကစုံလှသည်။ ညနေခင်းရောက်တော့ မတင်မြင့်က sky net ဆိုသော စလောင်းပြာဝိုင်းလေးကို အမည်ပြောပြကာ တီဗီဖွင့်ပြသည်။ မတင်မြင့်ပြောသမျှ ဒေါ်မြနှစ် ခေါင်းညိတ်ကာနေရင်းနှင့်ပဲ ဗုဒ္ဓမြတ်စွယ်တော်ကို ဒက်ထိဖူးရတော့သည်။ အနီးကပ်ပြလိုက်၊ အဝေးကပြလိုက်နှင့် တစ်မှောင်ဖူးပြီးသည် အထိ ဒေါ်မြနှစ် ရင်မှာ ဖူးမဝချေ။ ဗုဒ္ဓဘာသာဝင်ပီပီ ဗုဒ္ဓ၏ စွယ်တော်အစစ်ဆိုသော စကားကသာ ရင်မှာ ကြည်ညိုရင်းကြီးစိုးရသည်။

"ဒါတရုတ်ပြည်က ဗုဒ္ဓရဲ့စွယ်တော်အစစ်ပဲ ဒေါ်လေးရဲ့။ ကြုံတုန်း ဝအောင်သာ ဖူးသွား။ အရင်က ရန်ကုန်နဲ့နေပြည်တော်မှာ အပူဇော်ခံတာ။ အခု မန္တလေးမှာ ရောက်နေတုန်းပေါ့။ ကျွန်မတို့ မြို့ကများ မန္တလေး သွားဖူးကြတာ အုန်းအုန်းကျွက်ကျွက်တော်။ ကျွန်မမှာသာ ဆိုင်တစ်ဖက်နဲ့ ဆိုတော့ မအားဘူးဆိုပြီး မလိုက်ရတာ။ သွားချင်ချက်ကတော့ ပြောမနေပါနဲ့"

မတင်မြင့်စကားဆုံးတော့ ဒေါ်မြနှစ်စိတ်ထဲ ဘုရားကိန်းအောင်းတော့သည်။

"ဟဲ့ မတင်မြင့်ရယ်။ ငါ ကြည်ညိုလွန်းလို့ ဖူးမဝပါဘူးအေရယ်။ အခုနေ မန္တလေးရောက်လို့များကတော့ ဖူးထိုက်ပါရဲ့။ ငါ သွားချင်လိုက်တာအေ။ ရွာမှာက သိတဲ့အတိုင်းပဲ။ ဘယ်မှ ရောက်တယ် မရှိပါဘူးအေ။ လူ့ပြည် တစ်ခေါက်လာတာ တို့များဘဝက တော့ ရောက်ပြန်ပါပဲ။ ဘယ်မှလည်းရပတ်ရ တယ် မရှိဘူးဆိုတဲ့စကား လိုဖြစ်နေပြီ"

ဒေါ်မြနှစ်စကားကြားတော့ လည်လည်ဝယ်ဝယ်ရှိလှသော မတင်မြင့် ရင်ကျိုးရှာသည်။

"ဒေါ်လေး သွားချင်သပဆိုရင် စီစဉ်လို့ ရပါတယ်။ ကျွန်မအောက်က မောင်မြင့် သန်းက အခု မန္တလေးကား ဂိတ်မှာ ဂိတ်မှူးဖြစ်နေပြီ။ သူတို့ကားဂိတ်နဲ့ မင်းဘူးကလိုက်သွားရင် မနက်စောစော မန္တလေးကိုရောက်ရော။ ဒေါ်လေးသာ ရွာပြန်ပြီး စီစဉ်စရာရှိတာ

Asian Fame Media Group

စီစဉ်ချေတော့"

မတင်မြင့်စကားဆုံး၍ မနက်လင်းသည်နှင့် ဒေါ်မြနှစ်ရွာသို့ ဒုန်းစိုင်းပြန်ခဲ့မိသည်။ ရွာရောက်၍ စကားစရုံရှိသေး အားလုံးက ဒေါ်မြနှစ် ရူးများလာသလားဆိုသည့် အကြည့်နှင့် အကြည့်ခံရခြင်းပင်။

"ကိုမောင်လှ၊ ကျုပ်က တကယ်သွားမှာနော်။ မိတင်မြင့်နဲ့ အားလုံးစီစဉ်ခဲ့ပြီးပြီ။ တော် မလိုက်ဘူးဆိုတာလည်း သိပြီးသား။ ကျုပ် ခင်တင့်နဲ့ ကလေးကို ခေါ်သွားမယ်။ လူ့ဘ၀ တစ်ခေါက်လာတာတော်။ ဘုရားရဲ့ စွယ်တော်အစစ်လေးတော့ ဖူးပြီးမှ သေချင်တာ ကျုပ်ဆန္ဒပဲ"

တား၍မရမှန်းသိတော့ ဦးမောင်လှက အမေတင်ကို အားကိုးတကြီး လှမ်းကြည့်သည်။ သမီးစိတ်ကို နောကျေအောင်သိသော အမေတင်ကလည်း တစ်ဖက်လှည့်ကာ ကိုယ်နှင့်မဆိုင်သလိုလုပ်နေတော့မှ ဦးမောင်လှ စိတ်လျှော့ကာ ထသွားတော့သည်။

စလင်းမှ ပြန်လာကတည်းက ဒေါ်မြနှစ် အစီအစဉ်ချပြီးသားပင်။ ခင်တင့်နှင့်ကလေးကို ခေါ်သွားရခြင်းကလည်း အကြောင်းရှိသည်။ ခင်တင့်ဆိုသည်က ဒေါ်မြနှစ်နှင့် ညီအစ်မဆိုသော်လည်း အသက်က အတော်ကွာသည်။ အမေတင်က ခင်တင့်လေးကို မွေးချိန်က ၄၀ နားကပ်နေပြီ။ ကလေးလည်း အပြင်ရောက်ရော အမေလည်း မမာကြီးဖြစ်ကာ အိပ်ရာထဲလဲတော့ ခင်တင့်ကို ဒေါ်မြနှစ်သာ သားသည်မအေလို ထိန်းခဲ့ရသည်။ ဒါကြောင့်လည်း အားလုံးထဲမှာ ခင်တင့်ကို အချစ်ဆုံးပင်။ အခုလည်း ခင်တင့်က မွေးသည့် အခါလည်သားလေး ကျော်မွှေးကို ဒေါ်မြနှစ်သားအရင်းနှင့်မခြားအောင် အချစ်ပိုလှသည်။ ကိုယ်တိုင်ကလည်း သားသမီးခေါင်းပါးသူမို့ အသက်ကြီးမှ ကိုရင်တစ်ယောက်သာ ထွန်းကားပြီး ကျေနပ်ခဲ့ရသည်။ အခုလည်း ကိုရင်က ဘုရားသားတော်အဖြစ် ခံယူသွားပြီဆိုတော့ ကျော်မွှေးလေးကိုသာ သားအမှတ်နှင့် အချစ်ပိုရတော့သည်။ အခုလည်း တစ်ပတ်၊ ဆယ်ရက်သွားရမည့်ခရီးတွင် ကျော်မွှေးကို မခွဲနိုင်သည်ကလည်း ပါသည်ပင်။



(၃)

စလင်းမင်းဘူးလိုင်းကား စစီးသည့် အချိန်ကပင် ကျော်မွှေး၏ ကြောက်လန့်တကြားငိုလိုက်သံသည် တစ်ကားလုံးကို လွှမ်းသွားတော့သည်။ ဂေါ်ဖီထုပ်များ အပြည့်အသိပ်တင်လာသော ဒိုင်နာကားကျပ်ကျပ်သည် ကျော်မွှေးအတွက်တော့ ပီတိအဆင်ပြေဟန်မတူချေ။ မအေနို့တိုက်တော့လည်း လုံးဝမစို့ဘဲ ကော့ကန်ကာ အော်တော့သည်။ ဒေါ်မြနှစ်လက်မှ ခင်တင့်ဆီ၊ ခင်တင့်လက်မှ ဒေါ်မြနှစ်ဆီသို့သာ ပြောင်းသွားသည်။ မပြောင်းသည်က ကျော်မွှေးအော်သံပင်။ စကုမြို့နားဝင်ခါနီးတော့ ကျော်မွှေးငိုသံပင် ပျောက်ကာ မျက်နှာများ ပြာနှမ်းလာတော့ ခင်တင့်မျက်နှာလည်း ဆီးရွက်ခန့်သာ ရှိတော့သည်။ ဒေါ်မြနှစ်လည်း ရင်ထဲမှာ မချိတော့ပေ။ တူလေး၏ မချိတင်ကဲငိုကြွေးသံက ဒေါ်မြနှစ်နှလုံးသားကို ဖွဲ့ခြွေသကဲ့သို့ ခံစားနေရသည်။

"ငါ ပြောပဲ မပြောချင်တော့ပါဘူး ခင်တင့်ရယ်။ ငါသွားချင်ဇောကြီးတာနဲ့ပဲ ကလေးပင်ပန်းရပြီအေ။ ငါတို့ ထွက်လာတာ မှားပြီထင်ပါရဲ့"

ဒေါ်မြနှစ်စကားကြောင့် ညီမ ခင်တင့်လည်း မျက်နှာမကောင်းချေ။ တစ်ခါတစ်ရံသာ ဖြစ်ပေါ်သော အစ်မဆန္ဒကိုဖြည့်ဆည်းပေးချင်တာ ခင်တင့်မျက်နှာတွင် အထင်းသား ပေါ်နေသည်။

"ဒီအကောင်လေးက ဒီနေ့မှ ဘာဖြစ်ပါလိမ့် အစ်မရယ်။ တစ်ခါမှလည်း ကားမစီးဖူးတော့ လန့်တယ်ထင်ပါရဲ့တော်။ မင်းဘူးရောက်ရင်တော့ ညနေမှ ကားထွက်မှာဆိုတော့ အချိန်ရပါတယ်။ ကစားစရာလေး ဘာလေးဝယ်ပေးရင် စိတ်ကြည်လောက်ပါရဲ့တော်"

ကျော်မွှေးကို လှမ်းကြည့်တော့ မအေ့ရင်ခွင်ထဲတွင် မောမောနှင့် အိပ်ပျော်နေရှာသည်။ ပါးပြင်နှစ်ဖက်မှာ မျက်ရည်စီးကြောင်း အထင်းသားနှင့် တစ်ချက်တစ်ချက် ရှိုက်လိုက်သေးသည်။

မင်းဘူးရောက်တော့ ၁၂ နာရီကျော်ပေပြီ။ ထမင်းဆိုင်တွင် ထမင်းဝယ်စားကာ ဈေးတစ်ပတ်ပတ်ကြသည်အထိ ကျော်မွှေးတပြုံးပြုံးနှင့် အမေ့ခါးထစ်ခွင်တွင် ကြည်ကြည်လင်လင် ရှိသည်။ အချိန်ရသေးသဖြင့် စက္ကိန်းတဲဘုရားသွားဖူးရန် သုံးဘီးဆိုင်ကယ်ငှားကာ လှမ်းအတက် ကျော်မွှေးရောဂါဟောင်း ပြန်ပေါ်ကာ ဟစ်ကာငိုတော့သည်။ ဘုရားသွားရာလမ်းတစ်လျှောက်တွင် မအေ့လက်ထဲတွင် တက်မတတ်၊ ချက်မတတ်ငိုနေသော တူလေးကိုကြည့်ကာ ညနေကားစီးရမည့်အတွေး က ကြက်ပျောက်၊ ငှက်ပျောက်ဖြစ်လာသည်။ ဤပုံအတိုင်းသာ ငိုနေလျှင် မန္တလေးလည်းရောက်၊ ကလေးလည်း ဆေးရုံရောက်ကိန်း ဆိုက်ချေတော့မည်။ ဗုဒ္ဓမြတ်စွယ်တော်ကို ဖူးချင်သည့်ဇောနှင့် တူလေးကို သနားသည့်ဇောနှစ်ခုကြားတွင် ဒေါ်မြနှစ်ဘုရားကို မည်သို့မည်ပုံ ဦးချခဲ့မိမှန်းမသိတော့ချေ။ ခင်တင့်ကတော့ သစ်ပင်ရိပ်တွင်ထိုင်ကာ ဟီးချချင်သော မျက်နှာနှင့် ငိုမဲ့မဲ့ဖြစ်နေချေပြီ။

"အစ်မ၊ နင် တစ်ယောက်တည်း သွားလို့ ဖြစ်မလားဟင်၊ ဒီကလေးနဲ့ ဒီပုံအတိုင်း သွားလို့ မဖြစ်ဘူးထင်တယ်နော၊ ငါ စိတ်ညစ်ချက်တော်"

သုံးဘီးဆိုင်ကယ်ပေါ်မှ အောက်သို့ချသည်နှင့် အငိုရပ်ကာ ဆော့နေသော ကျော်မွှေးကိုသာ ပြေးကာဆောင့်ချင်တော့သည်။ သို့သော်လည်း ဘာမှနားမလည်ရှာသောကလေးကို မည်သို့အပြစ်ဆိုအံ့နည်း။

"ကဲ မိခင်တင့်ရေ ရွာကိုသာ ပြန်ကြစို့ဟာ။ အခု မဖူးထိုက်သေးတော့လည်း တစ်နေ့ဖူးရမယ် မှတ်ရတော့မှာပေါ့။ ဒီကလေးငိုပုံမျိုးနဲ့ နင်တစ်ယောက်တည်း ရွာပြန်ရောက်ဖို့တောင် ခက်တယ်ဆိုတော့ ငါလည်း မန္တလေးကို မသွားတော့ပါဘူး။ အပြန် စလင်းကား အမီသာ ပြန်ဆင်းကြစို့ရဲ့"

ဒေါ်မြနှစ်စကားအဆုံးမှာ ခင်တင့်မျက်နှာက ဝင်းခနဲလက်ကာ ကျော်မွှေးကို ကောက်ပွေ့သည်။ သုံးဘီးပြန်တက်ရမည်ဆိုတော့ ကျော်မွှေးက ဝါးခနဲငိုပြန်သည်။ ဤတစ်ခါတော့ ဒေါ်မြနှစ်က ခင်တင့်လက်မှ ကျော်မွှေးကိုပြောင်းယူကာ မျက်ရည်စက်လက်နှင့် ပါးပြင်နုနုကို လှမ်းအမွှေးမှာ မန္တလေးကိုရော၊ မြတ်စွယ်တော်ကိုရော မေ့သွားခဲ့တာ အမှန်ပင်။

နဝရတ် (ဂုဏ်/ရှုပ)

Asian Fame Media Group



# အလိုက်သင့်ရွေ့လျားခြင်း အကြောင်း

## မြသွေးနီ

(၁)

ညောင်းညာနေတဲ့ လက်ချောင်းလေးတွေကို ဂွတ်ခနဲ ဂွတ်ခနဲ မြည်အောင် ဘယ်ပြန်ညာပြန် ချိုးပြီး အညောင်းဖြေရင်းက လက်ဖဝါးလေးတွေကို ချိုဖြန့်ကြည့်လိုက်မိတယ်။ လက်ဆယ်ချောင်းလုံးရဲ့ ထိပ်ဖျားလေးတွေက ရေနူးလို့ ပဲကြီးခွံလို တွန့်နေပြီ။ ဒီနေ့ မလျှော်ရဘူးဆို အနည်းဆုံး ငါးခေါင်းလောက် ရှိနေပြီ။ မနက် ဆိုင်ရောက်တည်းက ကျလိုက်တဲ့ အမျိုးသမီး လျှော်ခေါင်းတွေ၊ ဆံပင်တွေကလည်း ထူပေ့၊ ရှည်ပေ့ဆိုတဲ့ ပင်ပင်ပန်းပန်းလျှော်ရတဲ့ ခေါင်းမျိုး၊ လျှော်ခေါင်းတွေသာမကဘဲ ကောက်ခေါင်းတွေကိုလည်း ကူလျှော်ပေးရသေးတယ်။ ဆိုင်မှာ ခေါင်းလျှော်စင်တွေ နှစ်ဆယ်လောက် ရှိတာတောင် စင်အားလုံးမှာ လူတွေက အပြည့်။



Asian Fame Media Group
MEDIA GROUP

ဒီလောက်အေးနေတဲ့ ဆောင်းတွင်းကြီးမှာ ခေါင်းကိုအိမ်မှာမလျှော်ကြဘဲ ဘာလို့များ လူတွေက ဆိုင်မှာလာလျှော်ကြလဲမသိ။ ဇိမ်ခံဖို့များလား၊ ဒါမှမဟုတ် အလှအပကြိုက်လို့လား၊ ဒါမှမဟုတ် အချိန်တွေ ငွေတွေ ပိုလျှံနေလို့များပဲလားလို့ စိတ်ပေါက်ပေါက်နဲ့ ချို တွေးမိတယ်။ အဲဒီလို အပြစ်ပြောနေလို့လည်း မရဘူး။ သူတို့လို ဖောက်သည်တွေ ရှိနေလို့သာ ဖြူတီစလွန်းတွေ တစ်ဆိုင်ပြီး တစ်ဆိုင်ဖွင့်ကြ၊ အဲဒီဆိုင်တွေမှာ ချိုတို့လို လူစားမျိုးတွေ အလုပ်လုပ်ခွင့် ရနေကြတာပေါ့။

ဒီနေ့ သောကြာနေ့ ဆိုတော့ စိတ်တွေက ဆိုင်ကိုလာနေကျ တစ်ယောက်သော ဧည့်သည်ဆီရောက်ရင်းက ဟိုဟိုသည်သည် တွေးလို့နေမိတယ်။ သူက ဆိုင်ကို သောကြာနေ့တိုင်း ဆိုင်မှာ ခေါင်းလာလျှော်တတ်သူ။ တစ်လတစ်ခါ ဆိုင်မှာ ဆံပင်ပုံမှန်ညှပ်သူ။ ကံအားလျော်စွာ သူဆိုင်ကိုလာတဲ့ ဆယ်ခါမှာ ချိုနဲ့က ငါးခါလောက်ဆုံနေတော့၊ သူ့ကိုဆို ချိုကောင်းကောင်း မှတ်မိနေပြီ။ သူကလည်း ချိုခေါင်းလျှော်တာ သူများနဲ့မတူဘူးဆိုပြီး မှတ်မှတ်ရရ ချီးမွမ်းတတ်သူ။ ဒီနေ့ လာနေကျအချိန်ထက် သူနောက်ကျနေတယ်။

*တစ်ခါတစ်ခါတော့ ဒီဆိုင်ကို ချိုပြောင်းလာမိတာ မှားများမှားပြီးလား ထင်မိတယ်။ တကယ်တမ်း ချိုကျွမ်းကျင်တာ၊ ချို ဝါသနာပါတာက ဆံနွယ်စလေးတွေကို ပုံစံလှလှလေးတွေ ထွက်လာအောင် ဖန်တီးညှပ်ယူရတာ။ ချို့လက်က အညှပ်လက်။ ဆံပင်ကောက်တာတို့၊ မိတ်ကပ်ပြင်တာတို့၊ လက်သည်းပုံဖော်တာတို့ကို ချိုလုံးဝမှ စိတ်မရှည်တာ။ ချိုက ဆံပင်စတွေကို ဘီးပါးလေးနဲ့ တစ်လွှာပြီးတစ်လွှာဖြီးချပြီး၊ ကတ်ကြေးဦးချွန်လေးနဲ့ရှုပ်ခနဲ၊ ရှုပ်ခနဲညှပ်ရင်းက ရုပ်လုံးပေါ်လာတဲ့ ဆံပင်ပုံစံလေးကို ကြည့်ပြီး ရင်ခုန်နှစ်ခြိုက်တတ်သူ။ ဆံပင်ညှပ်နေရမယ်ဆို ချိုက ထမင်းမေ့ ဟင်းမေ့ဆိုတဲ့ အစားထဲကပေါ့။ လက်ရှိဒီဆိုင်ကြီးမှာ ခေါင်းလျှော်တဲ့အလုပ်ကို ချို လုပ်နေရပေမယ့် ဟိုးအရင်လုပ်ခဲ့ဖူးတဲ့ ဆင်ခြေဖုံးရပ်ကွက်ထဲက တီတီနုရဲ့ ဖြူတီကွင်းဆိုင်လေးကနေ ချို ဒီလောကထဲခြေစချခဲ့တာကို သတိရမိတယ်။*

*ချို ဒီလောကထဲကို စရောက်လာတာ ချို့လက်ဦးဆရာ တီတီနုရဲ့ ကျေးဇူးမကင်းဘူး။ ဖြူတီကွင်းဆိုင်ရှင် တီတီနုရဲ့ ယောကျ်ားဦးအောင်ကြီးက ချိုတို့မေမြို့က၊ ပြီးတော့ ချို့ဦးလေးငယ်နဲ့လည်း ငယ်သူငယ်ချင်း၊ ဆယ်တန်းစာမေးပွဲ နှစ်ခါကျလို့ စာမေးပွဲကို ချို ဆက်မဖြေချင်တော့တဲ့ အချိန်။ တီတီနုအမျိုးသား ဦးအောင်ကြီးတစ်ယောက် ဆိုင်တိုးချဲ့ဖို့အတွက် ဆိုင်အိပ်ဆိုင်စား ဝန်ထမ်းမိန်းကလေးတွေ မေမြို့မှာ လာရှာချိန်ပေါ့။ မိသားစုကိုထားရက်ပြီး အဖေ နောက်အိမ်ထောင်ပြုသွားချိန်မှာ ဆယ်တန်းစာမေးပွဲဆက်ဖြေဖို့ထက် အိမ်အတွက် တစ်ဖက်တစ်လမ်းကနေ ပံ့ပိုးပေးချင်နေမိတဲ့ အချိန်၊ ချို့စိတ်တွေ လေနေချိန်ပေါ့။ နေစရိတ်၊ စားစရိတ်ငြိမ်း အခမဲ့ဆိုင်မှာ ဝိုင်းလုပ်ဝိုင်းစား ပညာသင်ချိန် တစ်နှစ်အတွက် ချိုပြန်ရမှာက လစာမဲ့ အလုပ်သင်နဲ့ အသက်မွေးအတတ်ပညာ။ သင်တန်းကာလ တစ်နှစ်ပြည့်ပြီးမှ စပြီးရမယ့်လစာ တစ်လခြောက်သောင်းဆိုတဲ့ ငွေက ချို့အတွက် တကယ့်ကိုမက်လောက်စရာ။ လောလောဆယ် ချို့မှာ ရွေးချယ်စရာမရှိ။ ဒီလိုနဲ့ ချို့ရဲ့ဦးလေးငယ်ကို နားပူ၊ အမေတို့ကို ကူပြောခိုင်းပြီး၊ ဦးအောင်ကြီးနဲ့ တီတီနုတို့ရဲ့ ဖြူတီကွင်းအလှပြင်ဆိုင်မှာ အလုပ်လုပ်ဖို့ ရန်ကုန်ကို ပထမဆုံးအကြိမ် ချို ရောက်ခဲ့တယ်။*

အမျိုးသမီး အဖြောင့်ခေါင်း တစ်ခေါင်းလျှော်ဖို့ပေါ်လာလို့ ချို့အတွေးတွေ ခဏရပ်ပြီး ဧည့်သည်ကို လျှော်စင်ပေါ်တင်လိုက်တယ်။ ရေပန်းလေးနဲ့ ဆေးတွေကို ဖွဖွလျှော်ချပေးမိတယ်။ ဆံပင်တွေကို အခုလို ဆေးတွေနဲ့ ဆန့်နေအောင် ဖြောင့်တာဟာ ဘယ်လောက် ဆံပင်သားတွေပျက်စီးစေမှန်း ဧည့်သည်တွေ ဘာလို့များမသိသလဲ မသိ။ လှတာကနောက်၊ လောလောဆယ် တစ်အောင့်နေရင် ဆံပင်တွေ ဆန့်ပြန့်နေစေဖို့ ဦးရေတွေ နာကျင်လာအောင် လျှပ်စစ်ဖြောင့်စက်နဲ့ ဘယ်ပြန်ညာပြန်ဆွဲတာ ခံရဦးမယ်။ ခေါင်းလျှော်နေရင်းက ချို့ စိတ်တွေက သူ့အရင်ကလုပ်ခဲ့တဲ့ ဖြူတီကွင်းဆီ ရောက်သွားပြန်တယ်။

*ဖြူတီကွင်းက ရပ်ကွက်ဆိုင်ဆိုပေမယ့် လူနေစိပ်တော့ ဆိုင်က တစ်ကိုယ်လုံး ပေါင်းတင်တာ၊ မျက်ခုံးမွေးထိုးတာစတဲ့ ဝန်ဆောင်မှုမျိုးမရှိပေမယ့် ဆံပင်လျှော်၊ ညှပ်၊ ကောက်၊ ဖြောင့်၊ ပေါင်းတာ အပြင်၊ မျက်နှာရွှေသွင်း၊ ပေါင်းတင်၊ ခြေသည်း၊ လက်သည်းအလှပြင်သာမက မိတ်ကပ်၊ ဆံထုံးပါ ပြင်ပေးနိုင်တဲ့ အမျိုးသမီးသီးသန့်ဆိုင်။*

*ဆိုင်ရောက်တော့ တီတီနုက ချို့ကို ပုံစံပြောင်းပေးတယ်။ ခါးလယ်လောက်ရှိတဲ့ ချို့ဆံပင်တွေကို ကျောလယ်လောက်အထိ ဖြတ်၊ ဆေးအညိုလေးဆိုးပေးပြီး ကိုရီးယားစတက်ပ်ကောက် ကောက်ပေးတယ်။ ချို့မျက်ခုံးထူထူတွေကို စင်ရော်တောင် ပုံဖော်ပေးတယ်။ ဆိုင်က တခြားဝန်ထမ်းတွေလို ချို့ကို ယူနီဖောင်း လှလှလေး ပေးဝတ်ပြီး ဒေါက်ဖိနပ် လှလှလေး ဆင်ပေးတယ်။ နံရံလေးဖက်က မှန်တွေမှာပေါ်နေတဲ့ ကိုယ့်အလှကို ကြည့်ပြီး၊ ချို သဘောကျခဲ့တယ်။ ချို့လို ဆိုင်က အခြားဝန်ထမ်းမိန်းကလေး ငါးယောက်နဲ့အတူတူ ဆိုင်မှာ နေခွင့်ရတယ်။ ပထမ အစမ်းခန့် သုံးလမှာ ချို့တာဝန်က ထမင်း၊ ဟင်း အလှည့်ကျချက်ရတယ်။ ဆိုင်သန့်ရှင်းရေး အလှည့်ကျလုပ်ရတယ်။ ဆိုင်ကဘီးတွေ၊ အသုံးပြုပြီး မျက်နှာသုတ်ပဝါတွေ အလှည့်ကျ လျှော်ဖွပ်ဆေးကြောရတယ်။ ချို့အလုပ်က ခိုင်းသမျှ အကုန်လုပ်ရတာပေါ့။ ကိုယ့်ရှေ့က စီနီယာတွေက ဧည့်သည်ခေါင်းကို ရေသုတ်ပေးလိုက် ဆို သုတ်ပေးရတယ်။ ဒရိုင်ယာမှုတ်ပေးပါဆို မှုတ်ပေးရတယ်။ ဟိုပစ္စည်းဒီပစ္စည်း ယူပေး၊ ညှပ်ထားတဲ့ ဆံပင်ညှပ်စတွေ လှည်းသိမ်းပေးစတဲ့ တောက်တိုမည်ရ အကုန်လုပ်ရင်း ပညာသင်ယူရတယ်။*

*ချိုတို့ဆိုင်က အမျိုးသမီးသီးသန့်ဆိုတော့ ချို့အတွက် လုံခြုံစိတ်ချရတဲ့အပြင် ဝါသနာပါတဲ့ပညာကို သင်ယူခွင့်ရနေလို့ ချိုရွေးချယ်လိုက်တဲ့လမ်း မမှားဘူးလို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရလာခဲ့တယ်။ ဆိုင်မှာ မိန်းကလေးတွေ များတော့ အပေါက်အစတွေ အပြိုင်အဆိုင်တွေများပေမယ့် ချိုကနေတတ်တော့*

■

**"မိဘကို ရှာကျွေးနေတဲ့ သမီးပဲ၊ လိမ္မာတယ်၊ ကြိုးစားတာကို မရပ်စေနဲ့ ဆယ်တန်းလည်း ဖြေချင်စိတ် ပေါ်လာရင် ပြန်ဖြေပေါ့။ မိဘကို ရှာကျွေးတဲ့ သားသမီး ဘယ်တော့မှ ဒုက္ခမရောက်ဘူး၊ ကိုယ့်အလုပ် အပေါ်မှာလည်း ဘယ်တော့မှ သိမ်ငယ်တဲ့စိတ် မထားနဲ့"**

■

Asian Fame Media Group

အားလုံးက ချို့ကိုချစ်ခင်ကြတယ်။ သုံးလ အစမ်းခန့်အပြီးမှာတော့ ဒီအလုပ်မှာ ဝါသနာ အပါဆုံးနဲ့ အလုပ်ချင်ဆုံးက ဆံပင်ညှပ်တာဆိုတာ ချိုသိလာရတယ်။ ဒါကိုသိတဲ့ တီတီနုက အညှပ်ပိုင်းကို သေချာ လေ့လာစေတယ်။ ချို့ကို ဆိုင်က အညှပ်အတော်ဆုံး မသစ်နဲ့ တွဲပေးထားတယ်။ အဲ့ဒီထဲက အပတ်တကုတ်ကြိုးစားပြီး သင်ယူရတော့တယ်။ လက်ဖျားလေးတွေကြားမှာ ဆံပင် အတိုအရှည်များစွာ ညှပ်ခွင့်ရခဲ့ပြီးတဲ့နောက်မှာတော့ ပညာသင်တစ်နှစ်မပြည့်ခင် ဧည့်သည် ခေါင်းတွေကို ချိုယုံကြည် စိတ်ချစွာနဲ့ ညှပ်ခွင့်ရလာခဲ့တယ်။ အဲဒီနောက် လစာရလာတဲ့အပြင် ညှပ်တဲ့ခေါင်းအရေအတွက်ပေါ်မှာပါ ကော်မရှင်ခံစားခွင့်ရလာတယ်။ ပြောရရင် တီတီနုအားကိုးရတဲ့ ဆိုင်ရဲ့ အညှပ်သမားကောင်းတစ်ယောက် ချို ဖြစ်လာခဲ့တယ်။ လစဉ်ရတဲ့ လခတွေက မေမြို့က အမေနဲ့ ညီမလေးနှစ်ယောက်အတွက် အထောက်အပံ့ဖြစ်စေလို့ ချိုဝမ်းသာမိရပြန်တယ်။

ဗြူတီကွင်းမှာ တစ်နှစ်ကျော်လို့ နှစ်နှစ်နီးပါး လုပ်သက်ရှိလာချိန် ချိုနဲ့မှ ဆံပင်ညှပ်မယ်ဆိုတဲ့ သူတွေ၊ ချိုမအားရင် အားတဲ့အထိ စောင့်ညှပ်မယ်ဆို ဖြစ်လာတဲ့အထိ လုပ်ငန်းမှာ ချို နာမည်ရလာတယ်။ အဲ့ဒီအချိန်မှာ မထင်မှတ်တာတွေက ဖြစ်လာခဲ့တယ်။ တီတီနု မထင်မှတ်ဘဲ ကားအက်စီးဒင့်နဲ့ ဆုံးတယ်။ ချိုတို့တစ်ဆိုင်လုံး အတော်ဝရုန်းသုန်းကား ဖြစ်သွားတယ်။ တီတီနုယောကျ်ား ဦးအောင်ကြီးကဆိုင်ကို သူကိုယ်တိုင် ဝင်ဦးစီးတယ်။ တီတီနု မရှိတော့ပေမယ့် ချိုတို့ အားလုံး ဦးအောင်ကြီးရဲ့ တောင်းဆိုချက်နဲ့ ဆိုင်မှာ ဆက်လုပ်ဖြစ်ကြတယ်။ အဲ့ဒီမှာ ဗြူတီကွင်းနဲ့ ချို လမ်းခွဲဖို့ကိုစ စခဲ့ရတယ်။

ချို့အတွေးတွေကို ခဏရပ်လိုက်တယ်။ လျှော်ပြီးသွားတဲ့ ဖြောင့်ခေါင်းကို ညှပ်ခုံပေါ် ထိုင်စေလျက်က မျက်နှာသုတ်ပဝါနဲ့ ရေခြောက်အောင်ဖွဖွဖိသုတ်လိုက်တယ်။ အဲ့ဒီအချိန်မှာ ဆိုင်ရှင်မမရဲ့ "ချိုရေ. . လျှော်ခေါင်းတစ်ယောက် လာမယ်၊ အဆင်သင့်ပြင်ထား" ဆိုတဲ့ အသံကြောင့် လှည့်ကြည့် လိုက်ရင်း ချို့ရင်ထဲ လုပ်ခနဲ ပျော်သွားမိရတယ်။ ပြတင်းပေါက်က မြင်လိုက်ရတာက မြင်နေကျ ချောကလက်ရောင် ကားကြီးတစ်စီး ခြံထဲမှာရပ်ဖို့ နေရာယူနေတာ။ မနက်တည်းက ချိုမျှော်နေတဲ့ သူ။ ဆိုင်ရဲ့ ပင်တိုင်ဧည့်သည် တစ်ဦးမို့ ဆိုင်ရှင်နဲ့သာမက ချိုတို့ ဝန်ထမ်းတွေနဲ့ပါ ရင်းနှီးနေပြီ။ အထူးသဖြင့် ဆိုင်က အလျှော်မိန်းကလေးဝန်ထမ်းတွေထဲမှာ ခေါင်းလျှော်ကောင်းတယ်ဆိုပြီး လာတိုင်း ချို့ကိုမေးကာ လျှော်တတ်သူ။ ချို့လက်ရာကို သဘောကျတယ်ဆို ဘောက်ဆူးအများကြီး ပေးတတ်သူ။

ချို မျှော်နေတဲ့သူက ဆိုင်ထဲဝင်လာရင်း ကောင်တာက မမကို နှုတ်ဆက်တယ်။ "ခဏ နားပြီးရေအေးအေးလေးသောက်ပါဦးလား" လို့ မမကလှမ်းမေးတော့ "မနားတော့ဘူး။ သွားစရာ ရှိသေးလို့ တစ်ခါတည်းပဲ လျှော်လိုက်တော့မယ်"လို့ဖြေရင်း ချိုခေါ်ရာ ခေါင်းလျှော်စင်နောက်ကို သူလိုက်လာခဲ့တယ်။

"ဦး ဒီနေ့ နောက်ကျတယ်နော်၊ ချိုတောင် စောင့်နေမိသေးတယ်"

ဧည့်သည်ကို ခေါင်းလျှော်စင်ရှိရာကို ခေါ်လာရင်းက မေးလိုက်မိတယ်။ "ဟုတ်လား. . ဒီနေ့အလုပ်နည်းနည်း များသွားလို့၊ ဧည့်သည်တစ်ယောက် လေဆိပ်ပို့ရသေးတယ်လေ" လို့ သူ့အသံချိုသြသြနဲ့ပြန်ဖြေတယ်။ လျှော်စင်ပေါ် ပက်လက်လှဲအိပ်လိုက်တဲ့ ဦးရဲ့ဦးခေါင်းကို နေသားတကျ ဖြစ်အောင်ထားပြီး မျက်နှာသုတ်ပဝါ အသန့်တစ်ထည်ကို ဦးရဲ့ အဖြူရောင်စတစ်ကော်လာကြားထဲထည့်လိုက်တယ်။ ရေစိုခံ သားရေပြားကို အပေါ်ကနေ ထပ်အုပ်ပေးလိုက်တယ်။ တစ်အောင့်နေတော့ ချို့လက်ချောင်းလေးတွေ က ဦးရဲ့ဆံပင်ကြားထဲမှာ ဦးရဲ့နဖူးတစ်ပိုက်မှာ၊ ဦးရဲ့ နားထင်ဇက်ကြော လေးတွေပေါ်မှာ ရွေ့လျားဖိနှိပ်လို့။ မျက်လုံးလေးမှိတ်ပြီး ငြိမ်နေတဲ့ ဦးကို နှိပ်နေရင်းက ချိုကြည့်နေမိတယ်။ ဦးရဲ့မျက်ခုံးတွေက ထူထူ၊ ပါးပြင်း မွေးစိမ်းစိမ်းနဲ့ ဦးရဲ့ အသားက မဖြူ မညို၊ ချောလှတာ မဟုတ်ပေမယ့် ယောကျ်ားပီသသူ။ ဦးရဲ့ခြေချောင်းလေးတွေ၊ လက်ချောင်းလေးတွေက တိတိကျကျ ညှပ်ထားလို့ သန့်စင်နေလိုက်တာ။ မျက်လုံးမှိတ်ထားလျက်က ဦးက ချို့ကို မေးခွန်းထုတ် တယ်။

"နေ့လယ်စာ စားပြီးပြီလား"

ရေပန်းက ရေနဲ့ဆံပင်တွေကို စိုစေလျက်က "ဒီမနက်လျှော်ခေါင်းတွေ ကျနေတယ်လေ၊ ဦးကို လျှော်ပြီးရင် စားမယ်လေ" ဒီ မေးခွန်းမျိုးက ဂရုတစိုက်မေးတာမျိုး မဟုတ်ဘဲ ဧည့်ဝတ်ကျေမေးတတ်တဲ့ သဘောရိုးမေးခွန်းမျိုးမှန်း သိပေမယ့် ချို့စိတ်ထဲ ဒီလိုမေးတာခံရလို့ ကျေနပ်မိတယ်ဆိုတာ မငြင်းလိုပါဘူး။

"ထမင်းစားချိန်ကျော်အောင် အလုပ်ကြိုးစားတဲ့ သူပါလား၊ ဒီဆိုင်မှာ လုပ်သက် ဘယ်လောက် ရှိနေပြီလဲ"

"ချို ဒီရောက်တာ ခြောက်လပြည့်တော့မယ်၊ အရင် ဆိုင်က ထွက်ထွက်ချင်း ချိုဒီမှာ အလုပ်ဝင်တာလေ"

"ဩော်၊ အရင်ဆိုင်က ဘာလို့ ထွက်လိုက်ရတာလဲ"

စကားနည်းတဲ့ဦးက ဒီနေ့မှ စိတ်လိုလက်ရ စကားတွေပြော၊ မေးခွန်းတွေထုတ်နေလို့ ချိုပြုံးမိတယ်။ ချိုခေါင်းလျှော်ရည်ကို လက်ဖဝါးထဲထည့်လို့ ခေါင်းတစ်ခု လုံးနှံ့ပြီး အမြှုပ်တွေထလာတဲ့အထိ ဖွဖွပွတ်ကုတ်ရင်း အရင် အလုပ်က ဘာလို့ ထွက်ရတယ်ဆိုတာ ပြောပြမိတယ်။

ဗြူတီကွင်းမှာ တီတီနုဆုံးလို့ တစ်နှစ်တောင်မပြည့်ခင်လေး ဆိုင်က မသစ်နဲ့ဦးအောင်ကြီးရဲ့ အရှုပ်ဇာတ်လမ်းက အနံ့ထွက်လာတယ်။



မသစ်က ဆံပင်ညှပ်တာဝန်ကို ရပ်လိုက်ပြီး၊ ဆိုင်ကောင်တာမှာ ကိုယ်တိုင်ထိုင်တယ်။ ချိုတို့ကို လက်အောက်ငယ်သား ပုံစံနဲ့ ဆက်ဆံလာတယ်။ ပိုဆိုးတာက မသစ်ရဲ့ဆိုင် ကဝန်ထမ်းမိန်းကလေးတွေအပေါ် မယုံသင်္ကာမှု။ ဦးအောင်ကြီးများ ချိုတို့ ဝန်ထမ်းမိန်းကလေးတွေနဲ့ စကားမပြောမိလိုက်နဲ့၊ သူက ငါးရဲ့ ပြာလူးဖြစ်နေပြီ။ အဲ့ဒီမိန်းကလေးကို တစ်နေ့လုံး သူမဲနေပြီ။ ကြာလာတော့ သူက ဆိုင်ကမိန်းကလေးတိုင်းကို ဦးအောင်ကြီးနဲ့ မသင်္ကာဖြစ်လာတယ်။ အထူးသဖြင့် ချိုက ဦးအောင်ကြီးရဲ့ဇာတိ မေမြို့ကဆိုတော့၊ တစ်ခါတလေ မေမြို့က ဦးအောင်ကြီးရဲ့ ဆွေမျိုးတွေလာလို့ ရင်းရင်းနှီးနှီးခေါ်ပြောမိရင် မသစ်တစ်ယောက် တစ်နေ့လုံးချို့ကို ရစ်လို့မဆုံး။ အရင်တီတီနုရှိတုန်းကလို ချိုမပျော်တော့။ ချို စိတ်ညစ်နေရပြီ။ အဲ့ဒီအချိန်မှာပဲ အမေက ရှိစုမဲ့စုငွေလေး ငွေတိုးပေးရင်း ပြန်မရဘဲ ဆုံးပြန်တယ်။ အမေဖုန်းလှမ်းဆက်ပြီး ငွေလွှဲပါဦး သမီးရယ်ဆိုရင် ချို့မှာ ခေါင်းမီးတောက်ရတဲ့ အချိန်တွေပေါ့။

ချို့အတွက် အနာရတဲ့ တနင်္လာတစ်ရက်မှာတော့ "ဆံပင်ညှပ်ဆိုင်အတွက် အမျိုးသမီးဝန်ထမ်း အလိုရှိသည်။ လစာကောင်းပေးမည်" ဆိုတဲ့ကြော်ငြာလေးပါတဲ့ သတင်းစာလေးကိုင်လို့ ခြံကြီးတစ်ခြံဆီကို အင်တာဗျူးဖြေဖို့ ချိုရောက်ခဲ့တယ်။ အင်တာဗျူးလာဖြေသူတွေ အများကြီး။ ချို့အလှည့်မှာ ဆိုင်ရှင်လင်မယားက အကြာကြီးဗျူးတယ်။

Asian Fame Media Group


လက်ရှိအလုပ်ကနေ ဘာလို့ ဆက် မလုပ်ချင်တာလဲလို့ မေးတော့ ချို လည်း ဟိုဆိုင်မှာ မသစ်ရဲ့ ဆက်ဆံ ပုံတွေကြောင့် ချို့မပျော်တော့တာ၊ ဒီ့ထက် အရေးကြီးတာက ဟိုမှာ ထက် လစာပိုရမယ်ဆိုရင် အမေ့ကို ငွေပိုပို့ပြီးပို့ နိုင်ဖို့အတွက် အလုပ် အသစ်ရှာရတာ ဆိုတာကို မကွယ် မဝှက်ဘဲ ပြောပြလိုက်တယ်။ လော လောဆယ် ဆိုင်မှာအညှပ်သမား မလို အပ်သေးတာမို့ အလျှော်အနေ နဲ့ ဝင်နိုင်မလား မေးလာတော့ ချို ရမယ့်လစာ ဘယ်လောက်လဲ မေးမိ တယ်။ ချို့ရမယ့်လစာက အရင်ဆိုင် ထက် နည်းနည်းပဲ ပိုရတယ်။ ဒါပေမဲ့ တစ်ထိုင်တည်း ချို့ဆုံးဖြတ် လိုက်တယ်။ မသစ်ရဲ့ ဒဏ်ကလွတ် မယ်။ ဆိုင်ကြီးမှာ လုပ်ခွင့်ရမယ်။ ကော်မရှင်နဲ့အတူ အရင်ထက် လစာငါးထောင်ပိုရမယ်။ နှစ်နှစ် စာချုပ်မှာ လက်မှတ်ထိုးအပြီး "ဟန်နာကို" မှာ ချို အလုပ်ရခဲ့တယ်။ ကိုအောင်ကြီး နဲ့ မသစ်ကိုတော့ အမေ မမာလို့ မေမြို့ချက်ချင်း ပြန် ရမယ်ပြောပြီး နောက်တစ်နေ့မှာပဲ "ဟန်နာကို" ကို ချို့ရောက်ခဲ့တယ်။

လက်မ လက်ညှိုးလေးနဲ့ ဦးရဲ့ နဖူးအလယ်ကနေ ဘေးနှစ်ဖက်ကို အပြန်အလှန် ဖိနှိပ်ပေးနေရင်းက ချို အရင်အလုပ်က ထွက်ရတဲ့ အကြောင်း ဦးကို ပြောပြနေမိ တယ်။

"ဦး နှိပ်တာ မခံနိုင်ရင် ပြော နော်. . ချို့လက်က ပြင်းတော့ ဧည့်သည်ကို မခံနိုင်မှာစိုးလို့ အမြဲ မေးရတယ်"

"ဟုတ်ပ. . ညည်းက လူက သာပိန်သေးသေး၊ လက်က အတော် ထိတယ်. . ၊ ဒါနဲ့ ညည်းက ဘာဇာတိ လဲ၊ မိဘတွေရော ရှိသေးလား" "ချို က မေမြို့ကပါ။ အဖေက နောက် အိမ်ထောင်နဲ့၊ ချို ဆယ်တန်း ဆက်မဖြေချင်တော့တာနဲ့ ဒီလော ကထဲ ရောက်လာရတာ၊ အမေနဲ့ အငယ်နှစ်ယောက်က အတူနေတယ် လေ။ ချို့ရတဲ့ပိုက်ဆံ အမေ့ဆီ ပို့ပေး ရတာပေါ့"

ပိုက်ဆံပို့တယ်ဆိုလို့ အမေ့ဆီ စိတ်ရောက်သွားပြန်တယ်။ တစ်နေ့ ကပဲ အမေ ဖုန်းဆက်သေးတယ်။ ချို့အောက်က အငယ်မလေးက ကျောက်ကပ်မကောင်းလို့ ဆေးကု



ဖို့အတွက် အိမ်ဂရန်ကို ပေါင်ထား တယ်လို့ သိရတယ်။ တစ်လ တစ် သိန်းကျော်ရုံ ချို့လစာလေးက အမေ့အတွက် အတိုးပါပေးနေရ တော့ မစို့မပို့ ဖြစ်နေပြီလားမသိ။ ဦးကို ဒါတွေ ပြောပြမနေချင်တော့။ သူမေးတာကို ဖြေပေးနေတာနဲ့တင် လွန်နေလေပြီ။ ပုံမှန်ဆို အခြား ဧည့်သည် ယောကျ်ားတွေကို ကိုယ့် အတွင်းရေး တစ်ခါမှ ချို့မပြောပြခဲ့ ပါဘူး။ ဦးလို ဘယ်သူကမှလည်း ချို့ ကို အခုလို တခုတ်တရ မမေးကြပါ ဘူး။

"မိဘကို ရှာကျွေးနေတဲ့ သမီး ပဲ၊ လိမ္မာတယ်၊ ကြိုးစားတာကို မရပ် စေနဲ့ ဆယ်တန်းလည်း ဖြေချင်စိတ် ပေါ်လာရင် ပြန်ဖြေပေါ့။ မိဘကို ရှာကျွေးတဲ့ သားသမီး ဘယ်တော့မှ ဒုက္ခမရောက်ဘူး၊ ကိုယ့်အလုပ်အ ပေါ်မှာလည်း ဘယ်တော့မှ သိမ် ငယ်တဲ့စိတ် မထားနဲ့"

"ဟုတ်"

ဦးက ဒီလို ပြောလာတော့ ချို ဝမ်းသာရသလို စိတ်ထဲမှာ ခွန်အား တွေရလာသလို ခံစားလိုက်ရတယ်။ ဒီဆိုင်မှာ အလုပ်စဝင်တဲ့ အချိန်ကို ပြန်သတိရလိုက်တယ်။

ဆံပင်ညှပ်ကျွမ်းကျင်တဲ့ ချို တစ်ယောက် ဟန်နာကိုမှာ ဆံပင် မညှပ်ရဘဲ၊ အလျှော်နဲ့ စဝင်ရတယ် ဆိုပေမယ့် အလျှော်က ချို့နဲ့မစိမ်းလှ ပါဘူး။ ဆိုင်ရှင်မမက ဂျပန်ပြန်ဆို တော့ ချို့နဲ့အတူ အလုပ်ဝင်လုပ်တဲ့ လူသစ်တွေအားလုံးကို နိုင်ငံခြား နည်းစနစ်အတိုင်း သေချာထရိန်နင် တစ်လပေးတယ်။ အချိန်၊ စည်းကမ်း၊ ဒဏ်ကြေး၊ ဆုကြေး၊ ကော်မရှင်ဆိုတဲ့ စကားလုံးတွေရဲ့ အဓိပ္ပာယ်ကို သိခွင့် ရလာတယ်။ ဆိုင်က စည်းကမ်း ကောင်းတော့ ဗြူတီကွင်းမှာ လွတ် လွတ်လပ်လပ် နေလာခဲ့သမျှ စိတ် တော့ နည်းနည်းတင်းကျပ်သလို ခံစားမိတယ်။ အဲ့ဒီတုန်းက ချို့ရဲ့ အခြေအနေက စိတ်ဖိစီးတာချင်း အတူတူ၊ ဆံပင်ညှပ်ရတာ မညှပ်ရ တာထက် လစာပိုရရင် ပြီးရောဆိုတဲ့ အခြေအနေ။ အရင်ဆိုင်မှာ ကိုယ်က နေရာတစ်ခုရခဲ့ပေမယ့်၊ ဟန်နာကို မှာ အလုပ်စဝင်တော့ ကိုယ်က လူသစ်ဖြစ်လို့ အသစ်တစ်ယောက် အလုပ်စဝင်သလို အစစအောက်က နေ ပြန်ဝင်ပြန်သင်ရတယ်။

ဒီဆိုင်မှာလာတဲ့ ဖောက်သည် တွေက ငွေကြေးတတ်နိုင်သူတွေ များတယ်။ ဆိုင်က ခြံနဲ့ဝင်းနဲ့ ကား ပါကင်နဲ့မို့လာတဲ့ သူများကလည်း ကိုယ်ပိုင်ကားနဲ့ လာကြတယ်။ ရုပ် ရှင်မင်းသမီးတွေ၊ အဆိုတော်တွေ၊ နိုင်ငံခြားသားတွေ လာကြတယ်။ ဖောက်သည်တွေကို အမျိုးသားရော၊ အမျိုးသမီးပါ ဝန်ဆောင်မှုပေးနေ ပေမယ့် ဆိုင်ရှင်မမတို့ လင်မယားက စည်းကမ်းတကျ အုပ်ချုပ်တာမို့ ဝန်ထမ်းတွေ အားလုံး တခြားဆိုင် တွေမှာ ကြားရသလို ဖောက်သည်နဲ့ လူမှုရေးကိစ္စကအစ ကင်းရှင်းကြ တယ်။ ချို့အပါအဝင် နယ်ကဝန်ထမ်း အားလုံး ဆိုင်မှာပဲနေ၊ ဆိုင်မှာပဲ စား ကြရတယ်။ စည်းကမ်းနဲ့ မညီညွတ် ရင် အထူးသဖြင့် ဖောက်သည်နဲ့ လူမှုရေးကိစ္စ ရှုပ်ထွေးလာတာမျိုး ဆိုရင် တစ်ခါတည်း အလုပ်ကအမေး အမြန်းမရှိ ထုတ်ပစ်တော့တာပဲ။

အတွေးတွေကို ခဏရပ်လိုက် ပြီး ဦးကို မေးခွန်းထုတ်လိုက်မိ တယ်။

"ဦးက ထူးခြားတယ်၊ သူများနဲ့ မတူဘူးနော်"

"ဟုတ်လား၊ ဘာတွေများ ထူးခြားလို့လဲ"

"သူများတွေ မမေးတာမျိုး မေးတယ်၊ သူများတွေ မပြောတာမျိုး ပြောတယ်၊ ချို့တို့က အလုပ်သဘော အရ ဧည့်သည်တွေ စကားပြောလာ ရင် အလိုက်အထိုက် ပြန်ပြောရတယ် လေ၊ တချို့ ရိသဲ့သဲ့ ပြောတတ်တဲ့သူ တွေ၊ တချို့ ရိုင်းတဲ့သူတွေ အမျိုးမျိုး ပဲ ချို ကြုံရတယ်၊ ဦးက သူတို့နဲ့ မတူ ဘူးဆိုတာ ချို့သိတယ်"

"ဘာပဲဖြစ်ဖြစ် မိန်းကလေးဆို တာ သူစိမ်းယောကျ်ားလေးတွေကို သတိထားဆက်ဆံတာ မမှားပါ ဘူး"

"ဟုတ်တယ် ဦး၊ ချို့က နယ်က ဆိုတော့ အစစအရာရာ ပိုသတိ ထားရတယ်၊ ရန်ကုန်မြို့ကြီးကိုလည်း ချို့ကြောက်တယ်။ ဒီဆိုင်မှာ ကောင်း တာက ဆိုင်က မမတို့လင်မယားက

Asian Fame Media Group

ချိုတို့ကို အရမ်းစောင့်ရှောက်ပါတယ်။ ဦးသိတဲ့အတိုင်းပဲ အလှပြင်ဆိုင်မှာလုပ်တဲ့ မိန်းကလေးဆို လူတော်တော်များများက အထင်အမြင်သေးတတ်ကြတာများတယ်။ ဒီအလုပ်ကို ဝါသနာပါလို့လည်း ချိုလုပ်ဖြစ်နေတာပါ”

တစ်ခါက ချို့ထက် တစ်နှစ်စောရောက်နေတဲ့ ဖုမာဆတ် (ခြေအနှိပ်)ဘက်က နော်နော်တစ်ယောက် မနက်တိုင်း အဓိဋ္ဌာန်ရှိတယ်ဆို ပြောပြောပြီး ဘုရားတက်တယ်။ နော်နော်က မော်လမြိုင်က ကရင်ဗမာမ ချောချောလေး။ မနက် (၇) နာရီဆို ဆိုင်ကထွက်ပြီး ဆိုင်ဖွင့်ချိန်အမီမနက် (၉) နာရီဆို ပြန်ဝင်တယ်။ တစ်ရက် ဆိုင်ပြန်အဝင် နာရီဝက်လောက် နောက်ကျတယ်။ နောက်နေ့မနက်မှာ ဆိုင်ရှင်မမတို့လင်မယားဆိုင်ကို ရှူးရှူးရှားရှားနဲ့ ရောက်လာတယ်။ နော်နော့်ကို ဆိုင်လာနေကျ ဖောက်သည်အမျိုးသားတစ်ယောက်ရဲ့ ကားပေါ်မှာ အနေအထိုင် ရင်းနှီးလွန်းစွာနဲ့ သူတို့တွေ့မြင်ခဲ့ကြရတယ်။ နော်နော်နဲ့ အနီးကပ်ဆုံးရှိတဲ့ ဆိုင်ကကောင် မလေးကို နော်နော်နဲ့ ပတ်သက်သမျှ ချက်ချင်း ခေါ်မေးတယ်။ ကောင်မလေးကလည်း သူသိသမျှ ပြောပြရတော့တယ်။ နော်နော်တစ်ယောက် ဆိုင်ရောက်ချိန်မှာတော့ မမတို့လင်မယားက အမေးအမြန်းမရှိ အထုပ်အပိုး ချက်ချင်းပြင်စေပြီး မော်လမြိုင်ပြန်ဖို့ ကားဂိတ်အရောက် ပို့ပေးလိုက်တယ်။

ချိုလည်း အဲဒီမှာ အတော်လန့်သွားတယ်။ နော်နော်တော့မသိ။ ချိုတော့ ဝန်ထမ်းတွေ အားလုံးရှေ့မှာ နော်နော်အစား ရှက်လွန်းလို့ ထူပူနေမိတယ်။ အရင်ဆိုင်မှာက မိန်းကလေးသီးသန့်မို့ ဒီကိစ္စမျိုးတွေ မကြုံရပေမယ့် ဒီဆိုင်မှာကျတော့ ကျား၊မ နှစ်မျိုးလုံးလက်ခံတာဆိုတော့ မနည်းသတိထားရတယ်။ အညှပ်သမားက အနည်းဆုံးညှပ်ခုံတွေ စီတန်းထားတော့ လူရှေ့သူရှေ့ ရှိကြပေမယ့်၊ ချိုတို့လိုအလျှော်သမားတွေ၊ အနှိပ်သမားတွေကျတော့ သီးသန့်အခြမ်းမှာ လျှော်ခုတင်၊ နှိပ်ခုတင်တစ်လုံးစီကို အကာလေးတွေသီးသန့်ကန့်လို့ထားတဲ့အထဲမှာ အလုပ်လုပ်ရတာ။ ယောကျ်ားလေး ဧည့်သည်ဆိုရင်တော့ အလုပ်တာဝန်လည်း မလစ်ဟင်းစေရဘဲ၊ ရစ်မယ့် ဧည့်သည်ကြုံလာရင် ကိုယ့်နည်း ကိုယ့်ဟန်နဲ့ ပါးပါးနပ်နပ် ရှောင်ရှားကြရတယ်။ သိပ်ဆိုးလာရင်တော့ စူပါဗိုက်ဆာကို အချက်ပေးပြီး အနားကို အကူတစ်ယောက် ခေါ်ထားရတယ်။

ဦးရဲ့ခေါင်းကို အသာပင့်မလိုက်ပြီး ကုတ်ကတစ်ဆင့် နောက်ကျောရိုးထဲကို လက်ထည့်လို့ အသာဖိနှိပ်ရင်း ဇက်ကြောဖိဖိလေးအပေါ်ကို ဆွဲယူပေးလိုက်တယ်။ ပြီးတော့ ဇက်ကို ဂျွတ်ခနဲမြည်အောင် ဘယ်ညာ ချိုးပေးလိုက်တယ်။ နောက်ဆုံးတစ်ကြိမ် တစ်ခေါင်းလုံး ပြန်နှိပ်ပြီးရင် ခေါင်းလျှော်ရည်တွေ စင်အောင်ရေဆေးဖို့ပဲ ကျန်တော့တယ်။ ဦးကိုတော့ အခြားလူတွေထက်ပိုပြီး ဂရုစိုက်လုပ်ပေးနေမိတယ်။ ရေပန်းလေးကို ယူပြီး ဆပ်ပြာရည်တွေ ခိုနေတတ်တဲ့ နားရွက်နောက်၊ ဇက်အောက်ကို သတိထားလို့ သေချာသန့်စင်အောင် ရေဆေးပေးမိတယ်။

“ဟုတ်တယ်။ ဒီဆိုင်ကို သန့်လို့ သဘောကျတယ်။ ဝန်ထမ်းတွေရော အုပ်ချုပ်သူတွေရော တော်တယ်။ ဒါကြောင့် ဒီကိုအမြဲလာဖြစ်တာ”

“ဦး. . အဲဒီလိုပြောတာ ဝမ်းသာလိုက်တာ၊ ဒါကြောင့် ဆိုင်ရှင်မမက ဦးလာရင် ချိုတို့ အားလုံးကို သေချာ ဂရုစိုက်ဖို့ မှာထားတာ”

ဦးကို ပြောပြနေလျက်က ဆိုင်ကိုလာတတ်တဲ့ ယောကျ်ားတွေအကြောင်း ချိုတွေးမိလို့ နှာခေါင်းလေး ရှုံ့လိုက်မိတယ်။ ချိုတာဝန်ကျတဲ့ ခေါင်းလျှော်နဲ့ ဟိုဘက်အခြမ်း ဘော်ဒီမာဆတ်၊ ဖုမာဆတ်ဘက်မှာ ယောကျ်ားတွေအလာများတယ်။ အရွယ်စုံ ယောကျ်ားတွေပေါ့။ ဒီလိုဆိုင်မျိုးလာတဲ့ ယောကျ်ားသုံးမျိုးပဲရှိတယ်လို့ ချိုထင်တယ်။ ငွေသိပ်ပေါလို့၊ ဇိမ်ခံချင်လို့၊ လက်တည့်စမ်းချင်လို့ ဘောက်ဆူး မြိုးမြိုးမြက်မြက်ပေးတတ်တဲ့ စေတနာဗရပွနဲ့။ မိန်းကလေးတွေရှေ့မှာ ငွေဖောဖောသီသီ သုံးပြချင်သူ။ မထင်ရဘူး လက်ကလေးတွေ ပေါက်သား၊ ခေါင်းကို ပေါ့သွားတာပဲနဲ့ အပြောချိုချိုဇိမ်ခံရင်း ဆိုင်မှာခေါင်းလျှော်မှုပဲ ကျန်းမာရေးနဲ့ ညီညွတ်တယ်လို့ ခံယူထားတဲ့ အရသာယူ ဇိမ်ခံချင်သူ။ ချစ်စရာလေး၊ တို့ဖုန်းနံပါတ် မှတ်ထားနော်၊ လိုရင် ခေါ်သာခေါ်လိုက်၊ တစ်ရက်လောက် အပြင်လိုက်ခဲ့ပါလား၊ မုန့်ဖိုးပေးမှာပေါ့နဲ့ ပြောင်ချဉ်းကပ်တတ်တဲ့ လူစားမျိုး။ လာသမျှ ယောကျ်ားတော်တော် များများက အဲဒီသုံးမျိုးနဲ့ လွတ်ကင်းသူ တစ်ယောက်မှ မရှိဘူးဆိုတာ ချို အလုပ်လုပ်တဲ့ ခြောက်လအတွင်းမှာအတွေ့အကြုံအရ သိနေပြီ။

ဒါပေမဲ့ ခြွင်းချက်အနေနဲ့ ရိုးရိုးသားသား ဆံပင်လာညှပ်၊ ခေါင်းလာလျှော်၊ အနှိပ်လာခံသူ အချို့ယောကျ်ားတွေလည်း ရှိပါတယ်။ သူတို့က နှုတ်နည်းတယ်။ သူတို့ကို သေချာဝန်ဆောင်မှုပေးရင် ဘောက်ဆူးရက်ရက်ရောရော ပေးတတ်တယ်။ အဲဒီလို ဧည့်သည်မျိုးကျတော့ ချိုတို့ လက်မလွှတ်နိုင်တဲ့၊ ချိုတို့မျှော်နေရတဲ့ရွှေဧည့်သည်ပေါ့။ ဒီလို ရွှေဧည့်သည်မျိုးထဲမှာ အခုခေါင်းလျှော်တာခံနေတဲ့ ဦးလည်း အပါအဝင်ပေါ့။

ခေါင်းလျှော်အပြီးမှာ မျက်နှာသုတ်ပဝါ အသစ်လေးနဲ့ ဦးရဲ့ဆံပင်တွေကို ရေခြောက်အောင်၊ မနာကျင်ရလေအောင် ဖွဖွရွရွညင်ညင်သာသာလေး သုတ်ပေးလိုက်တယ်။ ဝါဂွမ်းတုတ်ချောင်းလေးနဲ့ နားရွက်ထဲဝင်နေတဲ့ ရေတွေကိုလည်း အသာအယာ လှိမ့်လို့သုတ်ယူပေးလိုက်တယ်။ ထိုင်ခုံနေရာရောက်တော့ ပြီးခဲ့တဲ့တစ်ပတ်ကမှ ညှပ်သွားတဲ့ ဦးရဲ့ သေသပ်ပုံကျနတဲ့ ဆံပင်ကို ခြောက်စက်နဲ့ သွေ့ခြောက်ပေးလိုက်တယ်။ အားလုံးပြီးခါနီး ဆံပင်ကို ဖြီးပေးနေချိန်မှာ ခါးမှာ ချိတ်ထားတဲ့ ဦးရဲ့ လက်ကိုင်ဖုန်းလေး မြည်လာတယ်။

“အေး. . ခေါင်းဝင်လျှော်နေတာ၊ သတို့သားကလည်း စိတ်တွေဒီလောက်တောင် ပူနေရလားကွ၊ ဒီကပြီးတာနဲ့ မင်္ဂလာဆောင်တန်းလာမှာပါ” အပြုံးမျက်နှာနဲ့ ဖုန်းပြောနေတဲ့ ဦးကို ချိုသတိလက်လွတ်ငေးကြည့်နေမိတယ်။

“ဦးတို့ရုံးက ကလေးတစ်ယောက်မင်္ဂလာဆောင် ဒီနေ့ရှိတယ်လေ။ ကဲ ဦးကို သေချာလျှော်ပေးတာ ကျေးဇူးတင်တယ်။ ရော့ ဒီမှာဆုချတာ”

ထုံးစံအတိုင်း ဦးပေးတဲ့ ဘောက်ဆူးပိုက်ဆံကို လှမ်းယူရင်း အပြုံးနဲ့ ချို ခေါင်းညိတ်မိလိုက်သလား မသိ။ ဘောက်ဆူးပိုက်ဆံကို စည်းကမ်းအတိုင်း ဝန်ထမ်းအားလုံးရဲ့ ဘုံစုဘူးထဲမှာ သွားထည့်လိုက်ရင်း ချို့မျက်လုံးတွေက အလောသုံးဆယ်ထွက်သွားတဲ့ ဦးရဲ့ နောက်ကျောဆီမှာ။

ချိုကြာကြာ ငေးခွင့်မရလိုက်ပါဘူး။ ဦးရဲ့ ချောကလက်ရောင်ကားကြီး ခြံထဲက ထွက်သွားချိန်မှာပဲ နောက်ထပ် လျှော်မယ့်ဧည့်သည်တစ်ယောက် ရောက်လာပြန်တယ်။ ဆိုင်ရှင်မမရဲ့အကြည့်က ကောင်တာကနေ ချို့ဆီ ရောက်လာတယ်။ အလိုက်တသိပဲ “ချိုလျှော်ပေးလိုက်ပါ့မယ် မမ” လို့ပြောလိုက်မိတယ်။

ချို့မှာ ရွေးချယ်ပိုင်ခွင့် မရှိ။ ပြည်တည်တည်အဆီဝေ့နေတဲ့ ဧည့်သည်ရဲ့မျက်နှာနဲ့ ဟာနေတဲ့ အစာအိမ်ကို ချိုခဏမေ့ထားလိုက်ရင်း မျက်နှာသုတ်ပဝါ အသစ်တစ်ထည်ကို စင်ပေါ်က လှမ်းယူလိုက်တယ်။ ဒီဧည့်သည်က ခေါင်းလျှော်ချိန် တစ်လျှောက်လုံး အီစီကလီစကားလုံးတွေနဲ့ နားဒုက္ခပေးမယ့် ဖောက်သည်ကြီးဆိုတာ ချို သိပြီးသား။ ပင့်သက်ကို အသာခိုးလို့ ရှိုက်လိုက်မိတယ်။ တစ်အောင့်နေတော့ ကျင့်သားရနေတဲ့ ချို့ လက်ချောင်းလေးတွေက ဧည့်သည်ရဲ့ နဖူးတစ်ဝိုက်၊ နားထင်တစ်ဝိုက်ပေါ်မှာ ရွေ့လျားဖိနှိပ်လို့။ ဒါပေမဲ့ ချို့ စိတ်တွေကတော့ ကျင့်သားမရသေးဘဲ မွန်းကျပ်လို့ ပိတ်လှောင်လာတယ်။

ရေနူးပြီး ပဲကြီးခွံတွန့်နေတဲ့ လက်ချောင်းလေးတွေဆီ ချို့အကြည့်က ရောက်သွားတယ်။ အခုများကျတော့ ချို့ လက်ချောင်းလေးတွေက အလိုက်သင့် ရွေ့လျားနေလိုက်တာ စက်ရုပ်တစ်ရုပ်လို။

**မြသွေးနီ**

Asian Fame Media Group



Asian Fame Media Group
af MEDIA GROUP



# ရွဲသံတူကြောင်းကွဲဆွဲ
# ကိုလွင်

ဝတ္ထုတိုရသ

ပန်းနု ဘုရားပန်းလဲ ဆွမ်း ရေချမ်း ကပ်ပြီး ရွှတ်ဖတ်သရဇ္ဈာယ်ပြီးတော့ ကောင်းကင်ပြင်တစ်ခုလုံး လင်းနေပေပြီ။ ကြည်ညိုဖွယ်ရာ ရုပ်ပွားဆင်းတုတော်ကို ဦးနှိမ်ရှိခိုးပြီးချိန် ဒက်ဒီ့အခန်းမှ ချောင်းသံကြားလိုက်ရတော့ ချိုရည်ပြုံးလာလည်မည်ဟု ချိန်းထားသည်ကို သတိရမိသည်။ ပန်းအိအခန်းမှတော့ ဘာအသံမှမကြားရသေး၍ နိုးဦးမှပဲဟု အတွေးနှင့် မျက်နှာမှ မျက်မှန်ကိုချွတ်ပြီး တဘက်ဖြင့် သုတ်ကာ အိအခန်းကို ဦးတည်လိုက်မိသည်။ ကွေးကွေးကလေးနှစ်ခြိုက်စွာ အိပ်မောကျနေသောအိကို မနိုးရက်သလိုဖြစ်မိပြီးမှ သူ့ခေါင်းရင်းမှ နာရီကို ကြည့်လိုက်တော့ ခြောက်နာရီခွဲလုနေပြီ။ ဆုံးဖြတ်ချက်ကို မပြင်တော့ဘဲ အိကို တင်ပါးပုတ်ပြီး နိုးလိုက်သည်။

"အိ. . အိ. . ထတော့လေ၊ ခြောက်နာရီခွဲလုနေပြီ"

အိက တအင်းအင်းတအဲအဲနှင့် လူးလိမ့်ပြီးမှ "ဘာလဲ နုရာ၊ အစောကြီးရှိသေးတာ"

Asian Fame Media Group

**နု ဘာမှ မဝေဖန်တတ်ပါ။ ချို့ကိုသာ ကရုဏာသက်စွာ ကြည့်နေမိသည်။ မျက်မှန်ထူထူတပ်ပြီး ကျောင်းဆရာမ လုပ်နေသော နုထက်တော့ ချို့က နုနယ်ငယ်နေတာ အမှန်ပါပဲ. . .**

"အိ ဒီနေ့ အထူးအစည်းအဝေး ရှိတယ်ဆို၊ ရှစ်နာရီ အရောက်သွားရမှာဆို၊ ဒီအချိန်မထရင် ဘယ်မီမလဲ" ဟုပြောတော့ ထထိုင်လိုက်ပြီး "လူတွေကလည်း ခိုင်းကောင်းတိုင်း စွတ်ခိုင်းနေတာ စနေနေ့လည်းမနားရဘူး" ဟု ပြောသည်။ "ဒါ အိ လုပ်ချင်လို့လုပ်တဲ့ အလုပ်ပဲလေ" ဟု ပြောပြီး သူ့ကိုယ်ပေါ်မှ စောင်ကို ယူပြီးခေါက်တော့ ရယ်ကျဲကျဲလုပ်ပြီး ထထွက်သွားလေသည်။ အဝတ်တန်းပေါ်မှ တဘက်ကိုဆွဲ၍ ရေချိုးခန်းဘက်ထွက်သွားသော အိကို ကြည့်ပြီး ပင်ပန်းရှာတယ်ဟု တွေးနေမိသည်။

နုရေချိုးခန်းဝကို သွားကြည့်တော့ အိက မျက်နှာသစ်ပြီးနေပြီ။

"အိ ဘာစားသွားမလဲ" မေးတော့ "နု ကြိုက်တာကျွေး"ဟု လှမ်းပြောရင်း ရေချိုးခန်းတံခါးကို ပိတ်မည်ပြုလေသည်။ "ထမင်းကြော်စားမလား၊ ပေါင်မုန့်နဲ့ ကြက်ဥ စားမလား" မေးတော့ "ပေါင်မုန့်ပဲ စားတော့မယ်" ဟု ဖြေပြီး တံခါးပိတ်လိုက်သည်။ သူ ရေချိုးတော့မည်။

အိက အဆောက်အဦပုံစံထုတ်သည့် အင်ဂျင်နီယာမို့ အလုပ်များသည်။ ကျောင်းသားကျောင်းသူတွေကို စာသင်ရသော နု၏ ကျောင်းဆရာမ အလုပ်ကို စိတ်မရှည်ပါဘူးဟု ပြောလေ့ရှိသော အိသည် သူ့အလုပ်ကိုတော့ ဖွဲကောင်းကောင်းနှင့် ညနက် သန်းခေါင်အထိ လုပ်နေတတ်သည်။ အိသည် နုထက်တစ်နှစ်ခွဲသာ ငယ်သော်လည်း နုနှင့် အစားအသောက် ကြိုက်ပုံချင်း မတူ။ သူက စားနေကျ အစာမှလွဲ၍ ဘာမှမစား။ နုက "အိ အစွဲအလမ်းကြီးလွန်းတယ်" ဟုပြောတော့ "နုကမှ အစွဲအလမ်းကြီးတာ အိက ဘယ်သူ့မှအစွဲအလမ်း မထားဘူး" ဟု ချိုရည်ပြုံးကို ရည်ရွယ်ပြီး ပြောတတ်လာသည်။ ချိုရည်ပြုံးနှင့် နုက ခြောက်တန်းကျောင်းသူဘဝကတည်းက တတွဲတွဲလုပ်ခဲ့ရာမှ ယနေ့ထက်တိုင် အဆက်အသွယ် မပြတ်သည်ကို အိ ဘဝင်မကျဖြစ်နေခဲ့တာ ကြာပြီ။ ဒက်ဒီကလည်း ချိုကို ငယ်စဉ် ကျောင်းသူဘဝထဲက ကြည့်မရ။ နု ပေါင်းနေသည်ကို သဘောမကျ၊ နုက "သဘောကောင်းပါတယ် ဒက်ဒီရ၊ နု အပေါ်လည်း အရမ်းအနစ်နာခံပါတယ်" ဟု ပြောလျှင် ခပ်မဲ့မဲ့မျက်နှာနှင့် ကျောခိုင်းသွားမြဲဖြစ်သည်။ ချိုကလည်း ချိုပါပဲ။ ငယ်ငယ်ကတည်းက ဝတ်စားဆင်ယင်ပြင်ဆင်တာကအစ နုနှင့်မတူ။ ရိုးရိုးအေးအေးနှင့် မထင်ရှားအောင်နေတတ်သော နုကို ချိုက အားမရ။ "မိန်းကလေးဆိုတာ ဆွဲဆောင်မှုရှိအောင် အမြဲနေရတယ်" ဟု ပြောတတ်လေသည်။ တကယ်လည်း လူတကာကို ဆွဲဆောင်နိုင်သော မိန်းကလေးတစ်ယောက် ဖြစ်ခဲ့သည်။ အထူးသဖြင့် ယောကျ်ားကလေးများအပေါ်မှာပေါ့။ ဒါကြောင့်ပဲထင်သည်။ အိမ်ထောင်ကျစောပြီး ပညာဆုံးခန်း မတိုင်ခဲ့။ အိမ်ထောင်ပျက်တော့လည်း နုကသာ သူ့အတွက် ကြေကွဲပူပန်ဖြစ်နေရသည်။ သူကတော့ အပြုံးမပျက်။ ပါတီပွဲ အတက်မပျက်။ လှမြဲလှလျက်၊ ဆွဲဆောင်မှုရှိအောင် အမြဲဖန်တီးလျက်။ ဒါတွေကြောင့် ဒက်ဒီနှင့်အိက ချို့ကို စိတ်ပျက်ကြတာ ဖြစ်သည်။ ဒီနေ့လည်း အိမ်မှာ ထမင်းလာစားမည်ဟု ပြောထားတာ ဒက်ဒီကို အခုထိ ဖွင့်မပြောရဲသေး။ ဒက်ဒီ သိလျှင် "ရှုပ်လိုက်တာ နုရာ" ဟု ပြောဦးမှာကို သိနေသည်။ နု ပေါင်မုန့်မီးကင်ပြင်ဆင်ပြီးချိန် အိအခန်းကိုသွားကြည့်တော့ ခေါင်းလျှော်ထားသော ဆံပင်ကို လေမှုတ်နေသည်ကို တွေ့ရသည်။ "အိ ပေါင်မုန့်စားရအောင်" လို့ခေါ်တော့ "လာခဲ့မယ်"ဟုပြောပြီး သနပ်ခါး သွေးနေပြန်သည်။ နုတို့ ညီအစ်မက သနပ်ခါးကြိုက်ပေမယ့် ချိုကတော့ ငယ်စဉ်တည်းက သနပ်ခါး မလိမ်း။ သူ့မျက်နှာတွင် ပန်းရောင်မိတ်ကပ် ညက်ညက်လေးနှင့် အမြဲလှနေသည်ကို မဆီမဆိုင်တွေးနေမိသည်။ "ဒက်ဒီ မနိုးသေးဘူးလား" ဟု အိမေးတော့ "မနက်ကအစောကြီး ဘောလုံးပွဲ ထကြည့်သေးတယ်လေ" ဟု ဖြေလိုက်သည်။ အိမျက်နှာ အနည်းငယ်မဲ့သွားလေသည်။ "ဝါသနာပေါ့ အိရယ်" လို့ပြောတော့ "အလကား အိပ်ရေးပျက်တယ်။ ကျန်းမာရေး ထိခိုက်ဦးမယ်" ဟု ညည်းပြောပြော လေသည်။ အိအခန်းမှ နု ထွက်လာတော့ ဒက်ဒီ ရေချိုးခန်းထဲ ရောက်နေ ပြီ။ "ဒက်ဒီ ဘာစားမလဲ" လို့ အသံပြုကာ မေးလိုက်တော့ "သမီးကြီး အဆင်ပြေတာလုပ်" ဟု လှမ်းဖြေသည်။

ဒက်ဒီ့အတွက် ပေါင်မုန့်နှင့် ကြက်ဥ ထပ်ပြင်ပေးဆဲ အထုပ်အပိုး တစ်ပွေ့တစ်ပိုက်နှင့်အိ ထမင်းစားခန်းထဲရောက်လာပြီး၊ ပေါင်မုန့်နှင့် ကြက်ဥကြော်ကို ခပ်သွက်သွက်ဘာစကားမှ မပြောဘဲ ထိုင်စားနေလေသည်။

ဒက်ဒီရေချိုးခန်းက ထွက်လာတော့ အိ ထရပ်လိုက်သည်။ "သမီး ငယ်အစောကြီးသွားမယ်ဆို" ဟု ဒက်ဒီကလှမ်းမေးတော့ "အထူးအစည်းအဝေးရှိတယ် ဒက်ဒီ" ဟု ပြောပြီး နုနှင့်ဒက်ဒီကိုနှုတ်ဆက်ပြီး ထွက်သွားလေသည်။ ဒက်ဒီကို ပေါင်မုန့်ပြင်ကျွေး၊ ကော်ဖီဖျော်ပေးရင်း "ဒက်ဒီ ဘာဟင်းနဲ့စားချင်လဲ" လို့ မေးဖြစ်သည်။ "သမီးကြီး ဘာချက်မလို့လဲ" ဟု ဒက်ဒီပြန်မေးတော့ "သီးစုံကုလားဟင်းနဲ့ ကြက်သားဆီပြန်လေး ချက်မလားလို့၊ ငံပြာရည်ကျော်လေးနဲ့ဆို စားကောင်းမှာပဲ" ဟုပြောတော့ ဒက်ဒီက မျက်မှောင်



Asian Fame Media Group

ကြုတ်သွားကာ “ဟို မိန်းမလာလည် မှာလား” ဟု တန်းခနဲ မေးလေသည်။ ချိုလာတိုင်း နုက သီးစုံကုလားဟင်း ချက်ကျွေးတတ်သည်ကို ဒက်ဒီ မှတ်မိနေပြီ။ နုက ခေါင်းညိတ်ပြကာ မဝံ မရဲ ကြည့်တော့ “ဒက်ဒီအတွက် အရွက်ကြော်လေးတစ်ခုပဲလုပ်ပေး” ဟုပြောပြီး “ဒက်ဒီ ဘုရားသွားဦး မယ်” ပြောပြီး ထွက်သွားတော့သည်။ ဒီနေ့ ဒက်ဒီ အလုပ်လုပ်နေသော ကုမ္ပဏီပိတ်သည်မို့ ဘုရားသွားသည် ဟု တွေး၍ရသော်လည်း ချိုလာ မည်မို့ ရှောင်သွားမှန်း ရင်ထဲက သိနေတော့ စိတ်ကမကောင်း၊ ဒက်ဒီ လည်း နုလို အစွဲကြီးသည်ပဲ။ လူ တကာကို ဆွဲဆောင်နိုင်သော ချို တစ်ယောက် ဒက်ဒီအပေါ်မှာတော့ သမီးတစ်ယောက်လို မေတ္တာထားနိုင် အောင် မဆွဲဆောင်နိုင်သေးပါ။ သက် ပြင်းချရင်း ချိုရောက်လာလျှင် အသင့်စားနိုင်အောင် ပြင်ဆင်ချက် ပြုတ်ရလေသည်။

ချက်ပြုတ်ပြီးစီးချိန်မှာပင် ချိုရည်ပြုံး ရောက်လာလေသည်။ ဂျင်းဘောင်းဘီအတိုအကပ်၊ ကြိုး တစ်ချောင်း အင်္ကျီလည်ဟိုက်နှင့် အနည်းငယ်ဝနေသော ချိုသည် ဆယ်တန်းကျောင်းသူလေး တစ် ယောက်လို တက်ကြွဖျတ်လတ်နေ ဆဲ။ အိမ်ထဲရောက်သည်နှင့် လက် ကိုင်အိတ်ကို စားပွဲပေါ် ပစ်ချလိုက် ပြီး ခြေပစ်လက်ပစ်ထိုင်လိုက်လေ သည်။ “ဝနေတယ် ချိုရယ်” လို့ ပြောတော့ အားပါးတရရယ်လိုက်ပြီး “ချို ဂျင်ပြန်ကစားတော့မှာ၊ ကိုယ့် ကိုယ်ကိုယ်လှနေအောင် လုပ်ရမယ် လေ၊ ဒါမှပဲ ဘဲအသစ်ကလေး ထပ် ရမှာ” လို့ပြောတော့ နုက “ဟဲ့” လို့ တားမိသည်။ “ဖြိုးဇော်နဲ့ ကိုယ် ကွာရှင်းပြီးသွားပြီလေ၊ မနေ့ကပဲ တရားရုံးမှာ လက်မှတ်ထိုးပေးလိုက် တာ” ဟု ပေါ့ပေါ့ပါးပါးပြောတော့ ဘုရားရေဟုသာ တမိတော့သည်။ ဖြိုးဇော်ဆိုတာ ချိုရည်ပြုံး၏ ဒုတိယ အိမ်ထောင်လေ။ “မဖြစ်သင့်တာ ချိုရယ်” လို့ ပြောတော့ ယောက်ျား တွေအကြောင်း မင်းမသိပါဘူး နု ရယ်လို့ ရယ်ကျဲကျဲနှင့် ပြောပြီး “နုပဲ ကောင်းတယ်၊ အပျိုလုပ်နေတော့ လွတ်လပ်တာပေါ့” လို့ ဆက်ပြော လေသည်။ နု ဘာမှမဝေဖန်တတ် ပါ။ ချို့ကိုသာ ကရုဏာသက်စွာ ကြည့်နေမိသည်။ မျက်မှန်ထူထူ တပ်ပြီး ကျောင်းဆရာမလုပ်နေသော နုထက်တော့ ချိုက နုနယ်ငယ်နေတာ အမှန် ပါပဲ။ “ချို နောက်တစ်ယောက် ရနိုင်သေးတယ် မဟုတ်လား” ဟု သူ့ကို ငိုင်ငေးငေးကြည့်နေမိသော နုကို မေးလေတော့ နုမဖြေတတ်ပါ။ “အလကားစတာပါ နုရယ်၊ ချို ဘယ်တော့မှ ထပ်မယူတော့ဘူး၊ ယောက်ျားဆိုတာ ဘယ်အချိန်ဆွဲဆွဲ ရပါတယ်။ ဘယ်သူမှ ထွက်မပြေး ဘူး” ဟုပြောတော့ ချို့စကားကို နု နားမလည်ပါ။ “ထမင်းစားတော့ မလား” ဟုသာ စကားအဆက်အစပ် မရှိ မေးမိလေသည်။ “ဖြည်းဖြည်း ပေါ့” ဟု ချိုက ပြောပြီး “ကိုယ်က ဝိတ်လျှော့ရမှာလေ စားချင်လို့လာ တာ မဟုတ်ဘူး။ နုနဲ့ တွေ့ချင်လို့ နုကို လွမ်းလို့လာတာ” ဟု ပြော လေသည်။ သူငယ်ချင်း နှစ်ယောက် ရှေးဟောင်းနှောင်းဖြစ်ကအစ ရောက်တတ်ရာရာပြောဖြစ်သော် လည်း ချို့အိမ်ထောင်ရေးအကြောင်း မပါတော့။ နုက မကြားရက်တာ ဖြစ်သည်။ ဝိတ်လျှော့မယ်ပြောသော ချိုသည် နုချက်ထားသော နံနက် စာကို မြိန်ယှက်စွာ အားရပါးရ စား တော့ နု ဝမ်းသာကြည်နူးဖြစ်မိသည်။ ထမင်းစားပြီး ချို့ကို ပန်းသီးခွဲကျွေး နေစဉ် ပန်းအိပြန်ရောက်လာသည်။ ချို့ကို ပြုံးပြပြီး သူ့အခန်းထဲဝင်သွား တာ ပြန်ထွက်မလာတော့။ နုက အားနာစွာဖြင့် အစည်းအဝေးက ပြန်လာတာ ပင်ပန်းလာတာထင် တယ်ဟု ပြောတော့ “အင်ဂျင်နီယာ မကြီးဆိုတော့ အလုပ်များမှာပေါ့” ဟု ချိုက ဘာမှမသိသလို ပြောလေ သည်။ အပြုံးမပျက်ဘဲ ဟန်ဆောင် ကောင်းသော ချို့စိတ်ဓာတ်ကို နု ကတော့ ကြံဖန်ချီးကျူးနေချင်မိ သည်။ နှုတ်ထွက်စကားတော့ ဖြစ် မလာခဲ့။ ဒက်ဒီပြန်ရောက်လာတော့ ပိုဆိုးသွားသည်။ နုကိုပင် စကား မပြော၊ ချို့ကိုလည်း ပြုံးမပြ နှုတ် မဆက်ဘဲ သူ့အခန်းထဲသူ ဝင်သွား လေသည်။

“နု ဒက်ဒီက အခုချိန်ထိ ချို့ကို ကြည့်မရသေးဘူးနော်” ဟု ချိုပြော တော့ အားနာစွာရယ်ရင်း မဟုတ် တာ ဟု ပြောမိသည်။

ဒက်ဒီနှင့်အိလုပ်ရပ်ကြောင့် စကားစပြတ်နေသော နုကိုကြည့်ပြီး ချို အလိုက်သိစွာ ပြန်ရန်ပြင်လေ သည်။ “အန်ကယ်ကိုရော ပန်းအိ ကိုပါ ချို နှုတ်ဆက်သွားတယ် ပြော ပေးပါ” ဟု ပြောဖြစ်အောင် ပြော သွားသေးသည်။ နုကတော့ ဖုန်း အဆက်အသွယ်လုပ်ရန်သာ မှာနေ မိသည်။ “စိတ်ချ နုကို ချို ဘယ်တော့ မှမမေ့ဘူး၊ အမြဲသတိရနေမှာ” ဟု ပြောသွားသေးသည်။ ချို ပြန်သွားပြီး ပန်းကန်များသိမ်းဆည်းနေစဉ်မှာ ပင် ဒက်ဒီနှင့်အိတို့ အခန်းတွင်းမှ အသီးသီးထွက်လာပြီး ထမင်းစား ခန်းမှာ ထိုင်ဖြစ်ကြလေသည်။ ဒက်ဒီကြိုက်သော ကိုက်လန်ကြော် နှင့် ထမင်းပြင်ကျွေးတော့ အားရ ပါးရ စားရှာသည်။ ဆာနေပြီပေါ့။ မွန်းတောင်လွဲနေပြီပဲ။ အိကတော့ အစည်းအဝေးမှာ စားခဲ့ပြီဟု ဆို သည်။ ဘာမှ ထပ်မစားတော့။ ဒက်ဒီက ချို့အကြောင်း ဘာမှမပြော ဘဲ ထမင်းသာစားနေသော်လည်း သစ်သီးခွဲနေသော နုကို ကြည့်ပြီး အိကစကားစလိုက်သည်။

“မာမီဆုံးတုန်းကတောင် မငိုခဲ့တဲ့ ဒက်ဒီ၊ နုကို ချိုရည်ပြုံး ပဲခူးကိုညအိပ် ခရီးခေါ်သွားတုန်းက ဒက်ဒီမျက် ရည်ကျခဲ့တာ နုမမေ့သင့်ဘူး” ဟု ပြောလေသည်။ အိစကားကြောင့် နု မျက်နှာပျက်နေစဉ် . . .

“အဲဒီကောင်မလေး အခု ဘာ လုပ်နေသလဲ” ဟု မေးလေသည်။ “သူ့ယောကျ်ားနဲ့ အရောင်းအဝယ်ပဲ လုပ်နေတာထင်တယ်” ဟု ဖြေမိ သည်။ ဖြိုးဇော်နှင့် ကွာရှင်းလိုက် ကြောင်း မပြောဖြစ်။ ဒက်ဒီက “သူ့ ပုံစံကို ဒက်ဒီမကြိုက်ဘူး၊အိမ်ထောင် သည်နဲ့လည်း မတူဘူး” ဟု ပြောလေ သည်။

“သူက နုကို ခင်မင်တာပါ” ဟု ဖြေတော့ အပေါင်းအသင်းကြောင့် ဂုဏ်တက်တာ ရှိသလို အပေါင်း အသင်းကြောင့် ဂုဏ်ပျက်တာလည်း ရှိတယ်၊ သမီးအလုပ်က ကျောင်း ဆရာမ၊ ကလေးတွေကို စံနမူနာပြ နေပြရမှာ” ဟု ဆက်ပြောတော့ အိက နုဘက်က ကာကွယ်ပြီး “နုက အရမ်းအစွဲအလမ်းကြီးတာ။ ဒီ သူငယ်ချင်းကို မပြတ်နိုင်ဘူးလေ” ဟု ဝင်ပြောလေ သည်။ “ဒက်ဒီက စွဲလမ်းတာ အပြစ်မဟုတ်ပါဘူး။ ဆွဲရမ်းမခံရအောင် သတိပေးတာ” ဟုပြောပြီး ထမင်းကို လက်စသတ်ပြီး နုကမ်းပေးသော အသီးပန်းကန်လှမ်း ယူပြီး စားလေသည်။

နုဘာမှမပြောဖြစ်ဘဲ ငေးနေမိ တော့ . . .

“ဒက်ဒီက နုအတွက်ဆို သိပ် စိတ်ပူတတ်တာ အိနဲ့တောင် မတူ ဘူး” ဟုဝင်ပြောတော့ ဒက်ဒီက “အိမှာ ဒီလိုသူငယ်ချင်းမျိုး မရှိဘူး မဟုတ်လား” ဟုပြောပြီး နုကို ကရုဏာနှင့် ကြည့်နေသော အိကို မေးကာ အဖြေကိုမစောင့်ဘဲထထွက် သွားလေသည်။ အိလည်း ဒက်ဒီ သွားရာဧည့်ခန်းဆီ လိုက်သွားတော့ ချို့အတွက် စိတ်မကောင်းဖြစ်မိရင်း ပန်းကန်များကို လေးတွဲ့စွာသိမ်းနေ မိသည်။ အိပ်ခန်းတွင်းသို့ ငိုင်ငေး ငေးဖြင့် တိတ်ဆိတ်စွာ ဝင်လာမိ တော့ နုခုတင်ခေါင်းရင်း စားပွဲပေါ်မှ ဓာတ်ပုံလေးကို မြင်ရလေသည်။ ဓာတ်ပုံထဲတွင်တော့ နုကို ချိုရည်ပြုံး က တင်းကျပ်စွာဖက်ထားပြီး ပါးချင်း အပ်ထားသော ပုံဖြစ်သည်။ နုတို့ နှစ်ဦးစလုံး နှစ်ခြိုက်စွာရယ်မောနေ ကြသည်မို့ ဓာတ်ပုံလေးက အသက် ဝင်နေသည်။ ဆယ်တန်းစာမေးပွဲ နောက်ဆုံးနေ့က ရိုက်ထားသောပုံ ဖြစ်သည်မို့ နှစ်ယောက်စလုံး နုနယ် ပျိုမျစ်နေသည်။ ချို့မျက်နှာလေးကို သေချာကြည့်တော့ အပြစ်ကင်းလွန်း လှသည်။ ကျောင်းသူဘဝမို့ ဘာ ဒဏ်ရာမှ မရှိသေး။ နုအတွေးနှင့် မျက်ရည်ဝဲလာသည်။ ကျလုဆဲဆဲ မျက်ရည်ကို သိမ်းနေဆဲ အိအခန်းထဲ ဝင်လာသည်။

“နု တပည့်လေးတွေ ဧည့်ခန်း မှာ ရောက်နေပြီ၊ နုကို ကန်တော့ချင် လို့တဲ့” ဟုပြောပြီး မျက်ရည်ဝဲ နေသော နုကို မသိဟန်ပြုကာပြောပြီး ပြန်ထွက်သွားသည်။ နု ဓာတ်ပုံလေး ကို ကျောခိုင်းလိုက်ရပြန်ပြီ။ ရင်တွင်း စကားကတော့ ချိုရယ် တို့တစ်တွေ စွဲရုံပဲစွဲကြရအောင်ပါ။ မဆွဲပါနဲ့ တော့လို့ ပြောနေမိလေတော့သည်။

**ကိုလွင်**

Asian Fame Media Group



Asian Fame Media Group
MEDIA GROUP



# ဆိုင်း သာယာခြင်းဝိုင်း

ဝဏ္ဏတိုရသ

"ခင်ဗျား အလုပ်တွေ တစ်မျိုးပြီး တစ်မျိုးပြောင်းလုပ်ခဲ့တာ ဘာကြောင့်လဲ"

"ဟိုကုမ္ပဏီမှာ ခင်ဗျားလုပ်ရတာ သက်သောင့်သက်သာရှိရက်နဲ့ ဘာဖြစ်လို့ထွက်ခဲ့တာလဲ"

"ခင်ဗျားက အခွင့်အရေးကောင်းတွေကို ဘာဖြစ်လို့များ အကြိမ်ကြိမ်လက်လွှတ်ခဲ့ရတာလဲ"

မိတ်ဆွေများ၏ တစ်ယောက်တစ်ပေါက်မေးကြသော အမေးစကားကိုဖြေဆိုရန်မှာ သူတို့တစ်တွေ နားလည်လက်ခံကြမည်မဟုတ်သော အဖြေတစ်မျိုးတည်းသာ ရှိလေသည်။

"ကျွန်တော့်အတွက် စာဖတ်ချိန် စာရေးချိန်မရလို့ပါ"

ကျွန်တော့်ကို ရူးကြောင်ကြောင်လူတစ်ယောက်အဖြစ် အားနာ၍ မသတ်မှတ်တောင် "ဂေါက်နေပြီ" ဟူ၍တော့ အနည်းဆုံးကောက်ချက်ချပေလိမ့်မည်။ ကျွန်တော်ကလည်း ကျွန်တော်ပင်။ စာဖတ်ခြင်းစာရေးခြင်းကို အနည်းငယ်မျှ အချိန်မပေးနိုင်လျှင် မိုးပျံအောင်ကောင်းသည့် အလုပ်ဖြစ်ပါစေ။ ရေရှည်လုပ်၍ ရမည်မဟုတ်။

"စာရေးစာဖတ်အလုပ်နဲ့ စားဝတ်နေရေးအတွက်ကော အဆင်ပြေပါ့မလားဗျာ" လို့ မေးလာပါက ဘယ်နည်းနှင့်မျှ အဆင်ပြေလိမ့်မည်မဟုတ်ကြောင်း ပြောပြရပေလိမ့်မည်။ အဆင်ပြေသည့်အလုပ်ကို ပစ်၍ အဆင်မပြေသည့်အလုပ်ကို စွဲလမ်းတမ်းတခြင်းသည် မူးယစ်ဆေးဝါးတစ်မျိုးမျိုးကို စွဲလမ်းတမ်းတခြင်းနှင့် တူကောင်းတူပေလိမ့်မည်။ မူးယစ်

Asian Fame Media Group

ဆေးဝါးစွဲလမ်းခြင်းသည် လူလိမ္မာတို့အလုပ်မဟုတ်။ စာရေးစာဖတ် စွဲလမ်းခြင်းသည် လူလိမ္မာမဟုတ်ဟူ၍ မည်သူကမျှ သတ်မှတ်ကြမည်မထင်။ သို့ရာတွင် စုတ်ပြတ်မွဲတေစွာ ဝါသနာကိုစုံရေမက်ရေ ဖက်တွယ်ထားသူများအား လူလိမ္မာဟူ၍သတ်မှတ်ကောင်းသတ်မှတ်ကြပါလိမ့်မည်။

စားဝတ်နေရေးအဆင်ပြေသောအလုပ်မဟုတ်သော်လည်း ဝါသနာကိုမရှက်မကြောက်မက်မောတွယ်တာရသည့် အကြောင်းရင်းကိုတော့ အများလက်ခံအောင် ပြောပြစရာဇာတ်လမ်းလေးတစ်ပုဒ်တော့ ရှိပါသည်။

♦

ကျွန်တော်တို့ တောမြို့လေးတွင် ဘကြီးဖြိုးကို မသိသူမရှိပါ။ ဘကြီးဖြိုးသည် ကျွန်တော်တို့မွေးမီကတည်းက စားသောက်ဆိုင်တစ်ဆိုင်တွင် အလုပ်ဝင်လုပ်နေသူဖြစ်သည်။ ဘယ်တော့ကြည့်ကြည့် စွပ်ကျယ်အင်္ကျီနှင့်ပုဆိုးတိုတိုကို နွမ်းဆောင်း ရာသီဥတုသုံးပါးလုံးတွင် မြင်တွေ့ရသည်။

ပွဲလေးလမ်းလေးရှိလျှင်သာ ကွက်ထောက်ပုဆိုးနှင့် ပုသိမ်ထီးကိုကိုင်ကာ ဒိုးပတ်ဝိုင်း၊ အိုးစည်ဝိုင်းများတွင် မမောနိုင်မပန်းနိုင် ကလေ့ရှိသည်။ နှုတ်ခမ်းမွေးတကားကား ကွက်ထောက် ပုဆိုးတလွှားလွှားနှင့်မြူးမြူးကြွကြွ က ချင်တိုင်းကတော့သည်။ ပွဲပြီးလျှင် ကွက်ထောက်ပုဆိုးကို သေသေချာချာလျှော်ဖွပ် မီးပူတိုက်ကာ သိမ်းဆည်းလေ့ရှိသည်။ တစ်ပွဲနှင့်တစ်ပွဲမထပ်အောင် ဝတ်စုံသုံးလေးစုံကိုလည်း ဝယ်ထားသည်။ ကျန်သည့်အချိန်များမှာတော့ စွပ်ကျယ်နှင့်ပုဆိုးတိုတိုတို့ကိုသာ အတွေ့ရများသည်။

ဘကြီးဖြိုးကောင်းစားချင်တော့ဆိုင်ရှင်ကွယ်လွန်အနိစ္စရောက်ပြီး သားသမီးမရှိသော ဆိုင်ရှင်ကတော်မုဆိုးမနှင့် ဘကြီးဖြိုးတို့ အိမ်ထောင်ရက်သားကျသွားခြင်းဖြစ်သည်။ ဆိုင်အလုပ်သမားဘဝက ဆိုင်ပိုင်ရှင်သာဖြစ်လာတာ မပြောင်းမလဲဘကြီးဖြိုးဟုသာ ဆိုရပါမည်။ စွပ်ကျယ်အင်္ကျီနှင့်ပုဆိုးတိုတိုကိုသာ စုံရေမက်ရေဆင်မြန်းလျက်သာ တွေ့ရသည်ဟုဆိုသည်။

“ကိုကြီးဖြိုးရာ ကိုယ်က စားသောက်ဆိုင်ပိုင်ရှင် ဖြစ်လာပြီပဲ၊ အဝတ်သစ်အစားသစ်လေးနဲ့ ပြောင်ပြောင်ရောင်ရောင်နေစမ်းပါ”

ကျွန်တော့်အဖေက မနေနိုင်မထိုင်နိုင်ပြောတော့လည်း ဘကြီးဖြိုးက ရယ်ကျဲကျဲနှင့်နေသည်။

“ဆိုင်ပိုင်ရှင်က ကိုကြီးမဟုတ်ပါဘူးကွာ။ ဟောဟိုကောင်တာမှာ ထိုင်တဲ့ မမသိန်းပါ။ အဝတ်သစ်အစားသစ်ဝတ်ရမှာ အနေရအထိုင်ရကျပ်ပါတယ်ကွာ။ စွပ်ကျယ်စုတ်နဲ့ ပုဆိုးစုတ်လောက် မမက်ပါဘူး”

ဘကြီးဖြိုးက ဘယ်တော့မဆိုဆိုင်ပိုင်ရှင်ဟုမပြော။ ဆိုင်ပိုင်ရှင်လိုလည်းမနေ။ ဘကြီးဖြိုးနှင့်ကျမှအဘွားသိန်းက ကျွန်တော်တို့နှင့် မတိမ်းမယိမ်း သမီးနှစ်ယောက်ထွန်းကားတော့သည်။ ပွဲတွေလမ်းတွေဆို ဘကြီးဖြိုးက ပုဆိုးကွက်ထောက်ဝတ်ပြီး ပုသိမ်ထီးတစ်လက်နှင့် ကဲတုန်း။

ကျောင်းကပွဲတွင် ကျွန်တော်သည် ဦးရွှေရိုးကရန် မဲကျလေသည်။ အချိုးတကျ ဘာအကမဆို မကတတ်သော ကျွန်တော်သည် ဘကြီးဖြိုးထံအကူအညီတောင်းရတော့သည်။ နှုတ်ခမ်းမွေးတု လှုပ်တုပ်လှုပ်တုပ်နှင့် ကိုးရိုးကားရားနိုင်သည်ဟု ထင်ရသော ဦးရွှေရိုးအကသည် တကယ်ကကြည့်တော့ အချိုးအစားလည်းမကျ ကြည့်ရတာလည်း အဆင်မပြေ။ ဘကြီးဖြိုးက ကကွက်တစ်ကွက်ချင်းအလိုက်သင်ပေးမှ အဆင်ပြေသွားတော့သည်။



ကျောင်းကပွဲတွင် ဘကြီးဖြိုးကိုယ်တိုင်လာကြည့်ပြီး သူ၏ပုဆိုးကိုဝတ်၊ သူ၏ ထီးကိုဆောင်းကာ သူသင်ပေးသည့်အတိုင်းကနေသော ကျွန်တော့်ကိုကြည့်၍ ကျေနပ်နေသည်။ ဘကြီးဖြိုးဆီက ခဏတစ်ဖြုတ်သင်ကြားထားတာဖြစ်၍ ဘကြီးဖြိုးလိုတော့ အချိုးတကျ ကတတ်လိမ့်မည်မဟုတ်။

ကျွန်တော်သီချင်းတစ်ပိုဒ်လောက်သာ ကရသေးသည်။ ဘယ်အချိန်က စင်ပေါ် ဘယ်လိုရောက်လာမှန်းမသိသော ဘကြီးဖြိုးသည် ကျွန်တော်နှင့်အတူ မြူးမြူးကြွကြွရှေ့ဆောင်ကာ ကပြလေသည်။ ဦးရွှေရိုးသားအဖဟူ၍ ဝိုင်းအားပေးကြသည်။ ကျောင်းသူကျောင်းသားအားလုံးက သဘောကျသော်လည်း ကျောင်းသူနှစ်ယောက်ကတော့ မကျေမနပ်နှင့် ထပြန်သွားကြသည်။ ထိုကျောင်းသူနှစ်ယောက်မှာ ဘကြီးဖြိုး၏သမီးနှစ်ယောက် ဖြစ်လေသည်။

♦

ကျောင်းကပွဲပြီး၍ တစ်ရက်တွင်

Asian Fame Media Group

**အဘွားသိန်း၏ အော်ကြီးဟစ်ကျယ် ငိုရှိုက်သံတို့ကြောင့် ဒိုးပတ်ဝိုင်းလည်း တိခနဲရပ်တံ့သွားသည်။ နှုတ်ခမ်းမွေး လှုပ်တုပ်လှုပ်တုပ်နှင့် ဦးရွှေရိုးကြီး ကျွန်တော် . . .**

ဘကြီးဖြိုး အထုပ်တစ်ထုပ်ကိုဆွဲ၍ ရောက်လာသည်။ ဘကြီးဖြိုးတစ်သက်လုံး မြတ်မြတ်နိုးနိုးသိမ်းဆည်းထားသော ဦးရွှေရိုးဝတ်စုံသုံးလေးစုံနှင့် ပုသိမ်ထီးသုံးလေးလက်ပင် ဖြစ်ပါသည်။ ပွဲတွေလမ်းတွေရှိလျှင် ဘကြီးဖြိုးအဝတ်အစားငှားရမ်းကရမည့် အတူတူဘကြီးဖြိုးအမွေဆက်ခံသူအဖြစ် ကျွန်တော့်ကို လွှဲပြောင်းပေးအပ်လိုဟန်ရှိသည်။ ဘကြီးဖြိုးက ဦးရွှေရိုးအက ရသမြောက်ပုံ၊ အိုးစည် ဒိုးပတ်သံကြားလျှင် ယခုအသက်အရွယ်ထိ ကချင်ခုန်ချင်ပုံ၊ ဦးရွှေရိုးအဝတ်အစား သူ့အနီးအနားတွင်ရှိလျှင် ဘယ်သူတွေဘယ်လိုတားတား မကဘဲ မနေနိုင်ပုံတွေ ပြောပြသည်။ ဘကြီးဖြိုးဦးရွှေရိုးဝတ်စုံတွေ လွှဲအပ်ပြီးနောက် ပွဲတွေလမ်းတွေမှာ ဘကြီးဖြိုးကို မတွေ့ရတော့ပါ။

ကျွန်တော်ဆယ်တန်းဖြေပြီးချိန် ကျောင်းအားရက်တွင် ဘကြီးဖြိုးသမီးနှစ်ယောက် ကျွန်တော့်အိမ်ရောက်လာသည်။

"ကိုကြီးအောင် ဒိုးပတ်အဖွဲ့တွေ စုပြီး အဖေက လာခဲ့ပါတဲ့"

မျက်ရည်လေးစမ်းစမ်းနှင့် သမီးအကြီးမက ပြောသည်။

"ဘကြီးဖြိုးက ဒိုးပတ်အဖွဲ့တစ်ဖွဲ့လုံးကို ခေါ်တာလား"

"ဟုတ်တယ်၊ ကိုကြီးအောင်တို့ ဒိုးပတ်ဝိုင်းနဲ့ ကိုကြီးအောင်က ဦးရွှေရိုးဝတ်စုံ ဝတ်ခဲ့ပါတဲ့"

"ဒါနဲ့ နေပါဦး၊ ဘကြီးဖြိုးနေကောင်းသွားပြီလား"

ဘကြီးဖြိုးအိပ်ရာထဲ လဲနေသည်မှာ ရက်အတော်ကြာလေပြီ။ ယခုနေကောင်းပျောက်၍ အလှူလုပ်ပုံရသည်။ သူ့အလှူတွင် ဦးရွှေရိုးအကနှင့် ဒိုးပတ်ဝိုင်းကို ထည့်လိုဟန်တူသည်။ ဘကြီးဖြိုး နေကောင်းသွားပြီဖြစ်ကြောင်း ပြောမသွားနိုင်လောက်အောင် ညီအစ်မနှစ်ယောက်အပြေးတစ်ပိုင်းနှင့် အလောတကြီးပြန်သွားသည်။

ကျွန်တော်တို့အဖွဲ့က စုစည်းရလွယ်ပါသည်။ ပွဲတွေလမ်းတွေရှိလျှင် ရပ်ကရွာကခေါ်၍ တစ်ကြိမ်လား နှစ်ကြိမ်လား တီးမှုတ်ကခုန်ဖူးသည်။ တွဲနေကျမို့ ဒိုးပတ်၊ လင်းကွင်း၊ ပလွေ၊ ဝါးလက်ခုပ်သမား အထူးရှာစရာမလိုပါ။ ကျွန်တော်က ဦးရွှေရိုးဝတ်စုံ တကားကား ဒိုးပတ်ဝိုင်းတော်သားတွေကလည်း ဖိုးတီးချင်များဖြစ်ကြ၍ လူနည်းနည်းနှင့် ပွဲစည်ပါသည်။ ကျွန်တော့်အိမ်က ဘကြီးဖြိုးစားသောက်ဆိုင်အထိ တီးမှုတ်ကခုန်ကာ ပျော်ပျော်ပါးပါးသွားကြသည်။ ဘယ်က အလှူရှိလို့ပါလိမ့်ဟူ၍ ကျွန်တော်တို့သွားရာလမ်းတစ်လျှောက် လမ်းဘေးဝဲယာက အိမ်ရှိလူကုန်ထွက်ကြည့်နေကြသည်။ ကလေးတစ်သိုက်ကလည်း ကျွန်တော်တို့နောက် တကောက်ကောက်လိုက်လာကြသည်။

ဘကြီးဖြိုးတို့ဆိုင်ရောက်တော့ အလှူနှင့်တူတာဆို၍ ဘာတစ်ခုမျှမရှိ။ ဆိုင်ကိုလည်း ပိတ်ထားသည်။ ဘကြီးဖြိုး သမီးအကြီးမက ကျွန်တော်တို့ရောက်ရောက်ချင်း အပြေးအလွှားလာကြိုသည်။

"အဖေက အိမ်ပေါ်တက်ခဲ့ပါတဲ့"

ဘကြီးဖြိုးသမီးအကြီးမမှာ ငိုထားဟန်တူသော မျက်နှာနှင့်မို့ ဘာများဖြစ်နေပါလိမ့်ဟူ၍ သံသယမကင်းဖြစ်မိသည်။ ဆိုင်နောက်ဘက်တွင် နှစ်ထပ်တိုက်ရှိပြီး တိုက်အပေါ်ထပ်သို့ ယောင်တောင်တောင် ကြောင်တက်တက်ဖြင့် ကျွန်တော်တို့အဖွဲ့တက်ရောက်လာကြသည်။

ဘကြီးဖြိုးကို မြင်ရသည်မှာ စိတ်မသက်သာစရာ ကောင်းလှသည်။ အရိုးပေါ်အရေတင် ကမ္ဗည္ဒာန်းရုပ် ဖုတ်လိုက်ဖုတ် လိုက်ဖြင့် ကျွန်တော်တို့ကို လှမ်းကြည့်နေသည်။

''သားတို့ ဘကြီးက တရားခွေဖွင့်တာ နားမထောင်ချင်ဘူး၊ သားတို့ ဒိုးပတ်ဝိုင်းနှင့် ဦးရွှေရိုး အကကြည့်ချင်လို့တဲ့ကွယ်"

ဘကြီးဖြိုး မိန်းမအဘွားသိန်းက ပြောတော့မှ ဆိုရအခက် ကရအခက် တီးရအခက်ဖြင့် ကျွန်တော်တို့တစ်ဖွဲ့လုံး ချွေးပြန်နေကြသည်။

"တီးကြ ကကြစမ်းပါကွယ်၊ သားတို့ ဘကြီးဖြိုးဆန္ဒကို ဖြည့်ပေးကြပါကွယ်၊ သားတို့ကုသိုလ်ရပါတယ်"

အဘွားသိန်းက ငိုကြီးချက်မနှင့် ပြောသဖြင့် ကျွန်တော်တို့မှာ မဆိုချင်ဘဲဆိုရ၊ မကချင်ဘဲကရ၊ မတီးချင်ဘဲ တီးရနှင့် ကမောက်ကမနိုင်လှသည်။ သို့ရာတွင် ကြာကြာတော့ မတီးလိုက်ရ၊ မကလိုက်ရပါ။

"အမယ်လေးအဖေရဲ့၊ အဖေကချင်တာကိုသမီးတို့တားမိတာ သမီးတို့မှားပါတယ် အဖေရဲ့၊ အဖေ ကချင်တဲ့ ဦးရွှေရိုးအကကို အဖေကပါဦးတော့လား"

ဘကြီးဖြိုးသမီးနှစ်ယောက်က အလုအယက်ငိုပြော ပြောသည်။

"သွားပေဦးတော့ ဦးရွှေရိုးရေ"

အဘွားသိန်း၏ အော်ကြီးဟစ်ကျယ်ငိုရှိုက်သံတို့ကြောင့် ဒိုးပတ်ဝိုင်းလည်း တိခနဲရပ်တံ့သွားသည်။ နှုတ်ခမ်းမွေးလှုပ်တုပ်လှုပ်တုပ်နှင့် ဦးရွှေရိုးကြီး ကျွန်တော် ဝမ်းနည်းပက်လက် ငိုကြွေးဟန်ကို အသုဘရှု လာသူများ ရယ်ရအခက် ငိုရအခက်ဖြစ်နေလိမ့်မည် ထင်ပါသည်။

ဦးရွှေရိုးအကကို အမြတ်တနိုးတန်ဖိုးထားသော ဘကြီးဖြိုးလိုပင် ကျွန်တော်သည်လည်း စာရေးစာဖတ်အလုပ်ကို သေတစ်ပန်သက်ဆုံး အားထုတ်ကာ အမြတ်တနိုးတန်ဖိုးထားမိမည်ဟု ထင်ပါသည်။

မြို့သဲ

Asian Fame Media Group





**သခင်အောင်ဖေ –**
**မိမိစေတနာကမိမိကို အကျိုးပေး၏**

စာရေးဆရာ၊ နိုင်ငံရေးသမားဟု မိမိကိုယ်ကိုယ် သတ်မှတ်ထားသော နှစ်ဖက်လှသခင်အောင်ဖေ၏ ဆောင်းပါးများ စုစည်းထားသော စာအုပ်ဖြစ်သည်။ အယူအဆ၊ ခံယူချက်များကို အရင်းတည်သော ဆောင်းပါးများပါဝင်သကဲ့သို့ မှတ်သားဖွယ်ဗဟုသုတများဖြင့် ဖွဲ့စည်းထားသော ဆောင်းပါးများ၊ ဘဝအတွေ့အကြုံနှင့် အမှတ်တရများကို ဖော်ကျူးသော ဆောင်းပါးများလည်းပါဝင်သည်။ စပ်မိစပ်ရာပြောသော ရှေးဟောင်းနှောင်းဖြစ်များမှရရှိသည့် စကားဝိုင်းရသကို သုတဟင်းလေးအိုးနှင့်တွဲဖက်မြည်းစမ်းနိုင်မည်ဖြစ်သည်။ New Tiger စာပေမှ စီစဉ်ထုတ်ဝေလိုက်သော စာအုပ်ဖြစ်သည်။




**ခင်လိမ္မာ၊ မေသရဝဏ်ဦး၊ အေးမွန် –**
**သရီးဝီးမန်း**

မဂ္ဂဇင်း၊ ဂျာနယ်အချို့တွင် ပုံနှိပ်ဖော်ပြထားပြီးဖြစ်သော ဆရာမသုံးဦး၏ ဝတ္ထု၊ အက်ဆေး၊ ရသစာစုများကိုစုစည်း ထုတ်ဝေထားခြင်းဖြစ်သည်။ ဆရာမခင်လိမ္မာ၏ အချစ် 'တစ်'. . 'နှစ်'နှင့် အချစ်စစ်စစ်ကို ဖော်ကျူးထားမှုမှ လတ်ဆတ်သော ရင်ခုန်သံများ၊ မက်ဆေ့ချ်တွေ လေလှိုင်းမှာ ပြေးလွှားရောက်လာမှုများကြားမှ နွမ်းလျအလွမ်းနှင့် ပါပဲ့နှလုံးသွေးတို့ဖြင့်သာ ဖွဲ့တည်လာခဲ့သော ဆရာမ မေသရဝဏ်ဦး၏ ရင်တွင်းမှ ၅၂၈ မေတ္တာအရင်းခံ ရသဖွဲ့ အက်ဆေးများအပါအဝင် ဆရာမ အေးမွန်၏ ကလေးငယ်သီကျူးသော ညပြာပြာရဲ့ ပန်းသီး၊ ယောက်ျားတစ်ယောက်ရင်မှ စည်းချက်မညီသော အလွမ်းပြောင်းပြန်တို့ကို ခံစားကြရမည်ဖြစ်သည်။ ဩကာသ စာပေမှ စီစဉ်ထုတ်ဝေပြီး တန်ဖိုး ၁၅၀၀ကျပ်ဖြစ်သည်။




**မောင်ရင့်ကျူး(မြောင်းမြ) –**
**မိခင်ကောင်းတစ်ယောက်ဖြစ်ဖို့ ချစ်သမီးသို့**
**စာမူခွင့်ပြု –၄၀၀၁၆၄၀၄၁၂**

တော်လေးဝဝင် အမရာ၊ကိန္နရီ၊ မဒ္ဒီ၊ သမ္မုလကို ရှေးအစဉ်အဆက်က မြန်မာအမျိုးသမီးများ စံယူထိုက်ဖွယ် သမိုင်းမှတ်တမ်း ကျမ်းအစောင်စောင်တွင် ကမ္ပည်းတင်ခဲ့သလို တစ်ထပ်တည်း မမြတ်နိုင်စေငြား မျက်မှောက်ခေတ်မှ အမျိုးသမီးကလေးများကို ဗုဒ္ဓဘာသာမြန်မာ အမျိုးသမီး ကောင်းများ၊ မိခင်ကောင်းများ ဖြစ်လာစေလိုသော ဆန္ဒဖြင့်ရေးသားခဲ့ သောစာအုပ်ဖြစ်ကြောင်း ဆရာမောင်ရင့်ကျူးကိုယ်တိုင် ဖွင့်ဟထားသော စာအုပ်တစ်အုပ်ပင် ဖြစ်သည်။ လောကနီတိ၊ နိကာယ်။ နိပါတ်တော်များ၊ နီတိမာလာ၊ နီတိ မဥ္ဇူရီ၊ မာ တောဝါဒ၊ စာဏကျနီတိ၊ ဓမ္မပဒ၊ ကိုးခန်းပျို့၊ ကဝိလက္ခဏာဒီပနီအစ ရှိသည့် ကျမ်းအဆူဆူကို ကိုးကား ရေးသားထားကာ မပျင်းရိ မငြီးငွေ့ရအောင် လင်္ကာသွား၊ ကဗျာဟန်များ ဖြင့် ရေးသားထားသည်။ အဖိုးတန်သုတအချက်အလက်များနှင့်တကွ သံဝေဂတရားများကို ရရှိခံစားရမည် ဖြစ်သည်။ ဆုမြတ်သစ္စာစာပေမှ တန်ဖိုး ကျပ်၁၅၀၀ ဖြင့် ဖြန့်ချိလိုက်ပြီ ဖြစ်သည်။




**ခင်ဆွေဦး –**
**ရွှေပြည်ကိုသာလွမ်းတော့သည်**
**စာမူခွင့်ပြု–၅၀၀၂၀၀၁၁၂**

စာရေးဆရာမခင်ဆွေဦး၏ ဝန်ခံချက်ဖြစ်သော 'ဒို့တိုင်း၌ာနီ' ကဲ့သို့ ဝတ္ထုမျိုးရေးစေရန် တိုက်တွန်းကြမှုကြောင့် အားထုတ်ရေးသားထားရသော၊ ရေးသားခဲ့သမျှတို့တွင် အခက်ခဲဆုံး၊ အကြိုးစားရဆုံးဖြစ်သော လုံးချင်းဝတ္ထုတစ်ပုဒ် ဖြစ်ကြောင်း အမှာစာ၌ပါရှိသည်။ ကုန်းဘောင်ခေတ် မြန်မာနိုင်ငံကို ထူထောင်သော အလောင်းမင်းတရားဦးအောင်ဇေယျလက်ထက် သမိုင်းကြောင်းနောက်ခံ ဇာတ်လမ်းဝတ္ထုတစ်ပုဒ်ဖြစ်သည်။ ဇာတ်ဆောင်ငမျိုးစံ၊ သောကျော်၊ အေးမြတို့ကို ဖန်တီးကာ ဇာတ်လမ်း ရုပ်လုံးကြွသက်ဝင်လာအောင် ရေးသားထားသည်။ လင်းလွန်းခင် စာပေမှ စီစဉ်ထုတ်ဝေ၍ တန်ဖိုး ၃၀၀၀ကျပ် ဖြစ်သည်။


Asian Fame Media Group

## ရတီ စာအုပ်စင်



မင်းဘူး - အရှင်ကုမာရ - အချစ်ဆုံးကို ချစ်တတ်ပြီလား
စာမူခွင့်ပြု - ၆၀၀၁၆၁၀၂၁၂

မဟာဓမ္မာစရိယဖြစ်သော စာရေးဆရာ မင်းဘူးအရှင်ကုမာရက တရားပွဲများ၌ ဟောကြားခဲ့သော 'ဘယ်သူ့ကို အချစ်ဆုံးလဲ' တရားတော်ကို ပြန်လည်စုစည်းကာ ရေးသားထားခြင်းဖြစ်သည်။ ဟောစဉ်တရားတော်ကို စာမူအဖြစ် ပြုစုထားခြင်းဖြစ်သော်လည်း မူလဟောပြောပုံ အာဝဇ္ဇန်းဟန်ပန်ကြောင့် စိတ်ဝင်စားဖွယ်ဖတ်ရှုကြရမည်ဖြစ်သည်။ အကြောင်းအရာမှာ ကောသလဘုရင်နှင့် မလ္လိကာမိဖုရားကြီးတို့အကြောင်း ဇာတ်တော်ဖြစ်သည်။ ဇာတ်ကြောင်းပေါ်လိုက်၍ ခေါင်းစဉ်ခွဲကလေးများဖြင့် စိတ်ဝင်စားဖွယ်ဖတ်ရှုကြရမည်ဖြစ်သည်။ ရဲအောင်စာပေမှ တန်ဖိုး ၇၀၀ကျပ်ဖြင့် ထုတ်ဝေလိုက်သည်။



Yangon Health Guide 2012
စာမူခွင့်ပြု - ၄၀၀၁၉၂၀၂၁၂

ကျန်းမာရေးဆိုင်ရာ သုတအချက်အလက်များနှင့်အတူ ကြိုတင်သိရှိထားသင့်သည့် နောက်ဆုံးပေါ် ကျန်းမာရေးစောင့်ရှောက်မှု နည်းစနစ်များ အကြောင်း ဆေးရုံ၊ ဆေးခန်း၊ ခွဲစိတ်ခွဲခန်းများကို ပြည့်စုံစွာဖော်ပြထားသည့် စာအုပ်ဖြစ်သည်။ လူမှုရေး၊ ခရီးသွားလာရေးများအတွက် လမ်းညွှန် စာအုပ်ပြုစုထားသကဲ့သို့ လူသားကျန်းမာရေးအတွက် သိသင့်သိထားရမည့် အချက်အလက်များနှင့် သိလိုသောအချက်များကို လွယ်လင့်တကူ ရှာဖွေရရှိနိုင်စေမည့် လမ်းညွှန်ချက်များဖြစ်သည်။ စိတ်ကူးချိုချိုမှ စီစဉ်၍ တန်ဖိုးကျပ် ၂၅၀၀ ဟု သိရသည်။



အဲမွန်တာရာ - အာရုံမြင်ပရောဖက်ရဲ့ ပဥ္စလက်ဟောစာတမ်း
စာမူခွင့်ပြု - ၅၀၀၃၀၀၀၄၁၂


အချစ်ဝတ္ထုရှည်တစ်ပုဒ်ဖြစ်သော်လည်း နက္ခတ္တသိပ္ပံ၊ နည်းပညာသုတေသနတို့ဖြင့် အနာဂတ်ကို ဟောကိန်းထုတ်ကြသော အနာဂတ် နိမိတ်များကြားမှ ဇာတ်ကွက်ကို ဖန်တီးထားသော ဇာတ်လမ်းဖြစ်သည်။ စာရေးသူကိုယ်တိုင်က မေတ္တာနှင့် ဂမ္ဘီရ ပေါင်းစပ်ယှက်နွယ်၍ ဖန်တီးထားသော အချစ်ဝတ္ထုအဖြစ် ညွှန်းဆိုခဲ့သော စာအုပ်ဖြစ်သည်။ ကုဋေ ၆၀၀စာပေမှ တန်ဖိုး ကျပ် ၁၅၀၀ ဖြင့် ထုတ်ဝေလိုက်သည်။



ယဉ်မိုးနိုင်၊ကျော်စွာမင်း(ပန်းမင်းပိုလ်)၊ ကျော်စစ်ဟိန်း -
ကုဋေ၆၀၀
စာမူခွင့်ပြု - ၄၀၀၈၅၈၀၆၁၁

တစ်နှစ်အတွင်း မွေးလ ၁၂ လတိုင်းအတွက် နောင်လာမည့် ၅ နှစ်စာ ရည်စူးကာ ကံကောင်းနှစ်၊ ကံဆိုးနှစ်များ ရွေးချယ်ထုတ်နုတ်၍ ဖော်ပြထားသော ဟောစာတမ်းစာအုပ်တစ်အုပ်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ လူသားသန်း ၆၀၀၀ ကျော်အတွက်အကျိုးရှိစေမည့် ဟောစာတမ်းများအဖြစ် ဖတ်ရှုကြရမည်။ တစ်နှစ်တာ၏ ၁၂ လအတွင်း မည်သည့်လတွင်မဆို မွေးဖွားသူတိုင်းအတွက် တစ်သက်စာကံကောင်းမည့်နှစ်များနှင့် စနေ၊ ရာဟုဂြိုဟ်စီးသော ကာလ အညံ့အဆိုးနှစ်များကို ကြိုတင်သိရှိနိုင်ဖွယ် ဖော်ပြထားသောကြောင့် အချိန်ကာလမရွေး ဖတ်ရှုနိုင်မည်ဖြစ်သည်။ ဆုမြတ်သစ္စာစာပေမှ စီစဉ်ထုတ်ဝေခြင်းဖြစ်သည်။

Asian Fame Media Group




(တစ်)


ကြွားသူ၊ ဝါသူ လေလုံးထွားသူကို ကမ္ဘာပေါ်တွင် ရှိရှိသမျှသော ဘာသာစကားတို့က ဘယ့်နှာသို့ ခေါ်ဝေါ် သုံးနှုန်းကြသနည်းဆိုသည်ကို ဘာသာဗေဒပညာရှင် မဟုတ်သည့်အတွက် ဂျာမန်က ပသို့၊ အီတလီက မည်သို့၊ ဂျပန်က အဘယ်သို့၊ ရုရှက ဘယ့်နှာသို့ စသည် စသည် ဖြင့် ခွဲခြမ်းစိတ်ဖြာ ကျွန်ုပ်မပြောတတ် ပါလေ။

အနို့သော် သို့သော်လည်း ပေါ့။

ကျွန်ုပ် ဂျက်ကွမ်းခြံကုန်းအား သံယောဇဉ် ငွေ့ငွေ့ဖြင့် ဝေ့ဝေ့ဝိုက်ဝိုက် ဖြစ်ဟန်တူသူ တရုတ်လူပျိုဖြူကလေးတစ်ဦးက ဟိုနားကြုံကြိုက် သည်နားကြုံကြိုက် စကားကလေးများ တီးတိုးဆိုဖြစ်သည့် အခိုက်အတန့်ကလေးများဝယ် တစ်လုံးစ နှစ်လုံးစနှင့် စိနရဌတို့၏ ဝေါဟာရတို့ကို သင်ကြားပေးခဲ့လေရာ တရုတ်ဘာသာဖြင့် ကြွားကို ဘယ်လိုခေါ်သနည်း ဆိုသည်ကိုမူ ကျွန်ုပ်က သိပါ၏။

**"တစ်ည ဆရာကြီးဂျက်ရယ် ပိုက်ဆံရေကြတာ၊ အဲသမှာ ကျွန်မက ရေရတာများလွန်းလို့ လက်မောင်းတွေ ကိုက်လာလို့ သူ့ကို ဆက်ရေပါဦးလို့ ပြောတာ မရေနိုင်ဘူးတဲ့လေ...**

တရုတ်ဘာသာ၌ ကြွားကိုရေးရာတွင် စကားလုံးနှစ်လုံးပါဝင်၏။ တစ်လုံးက မိုးကောင်းကင်။ တစ်လုံးက ပါးစပ်။ မိုးကောင်းကင်ကို ဦးစွာရေးပြီး ၎င်းအပေါ်က ပါးစပ်ကို ရေးလိုက်သည်ရှိသော် ကြွားဟူလို။



■

**တရုတ်ဘာသာ၌ ငြောကြား ကိုရေးရာတွင် စကားလုံး နှစ်လုံးပါဝင်၏။ တစ်လုံးက မိုးကောင်းကင်။ တစ်လုံးက ပါးစပ်။ မိုးကောင်းကင်ကို ဦးစွာရေးပြီး ၎င်းအပေါ်က ပါးစပ်ကို ရေးလိုက်သည်ရှိသော် ငြောကြား ဟူလို။**

■

ဩော် မိုးကောင်းကင်ပေါ်၌ ပါးစပ်ရောက်နေသူတွေ အဘယ်မျှ ရှိကြပါလိမ့်။

(နှစ်)

တစ်ခါသော် ကိုယ်ကျင့်တရား မကောင်းသူ မိတ်ဆွေရောင်းရင်း တစ်ဦး၏အကြောင်းကို အမျိုးကောင်းသား သုံးလေးယောက်တို့ စကားဝိုင်းဖွဲ့လျက် ရှိကြကုန်၏။ ဝီစကီကလေးကို မြှုံ့လိုက်၊ အနှီ ကိုယ်ကျင့်တရားမကောင်းသူ အပေါင်းအသင်းရောင်းရင်း၏ အကြောင်းကို ပြောလိုက်နှင့်။

အနှီနှင့် စကားဝိုင်းအရှိန်တက် လာလေသောအခါ တစ်ယောက်က ဒေါ်သူပုန်ထလျက် ပြောချလိုက်သည်မှာ ဤသို့။

"အေးကွာ လမ်းပေါ်မှာ
အိမ်က ကားနဲ့မောင်းသွား တုန်း
တွေ့ရင် ဒီကောင့်ကို ကိုယ်
တိုက်သတ်မိလိမ့်မယ်"ဟူ၏။

(သုံး)

ထိုတစ်နေ့ကမူ မိုးသည် စိမ့်စိမ့်စွေစွေ ရွာသွန်းလျက်ရှိပါ၏။ ရန်ကုန်ကား မချမ်းစဖူး အချမ်းထူး လျက်ရှိသောနေ့လည်း ဖြစ်ပါ၏။ မြို့လုံးအနှံ့ ကုပ်ချောင်းချောင်း ဖြစ်၍နေသော အခိုက်ဝယ် ကျွန်ုပ်သည် မိတ်ဆွေမိသားစုတစ်စု၏ အိမ်ထဲဝယ် ရောက်၍နေ၏။

"ဟဲ့သား မိုးနဲ့လေနဲ့
အပြင်သွားမလို့လား"

အိမ်ရှင်မက သားတော်မောင်ကို သို့နှုယ် အမေးစကားဆို၏။ သို့ဖြင့် ဘယ်သွားမယ်၊ ဘယ်လာမယ်၊ မကြာစေနဲ့၊ ပြန်လာမယ်၊ စောစောနော် စသည်စသည်ဖြင့် အပြန်အလှန် တုံ့ပြန်စကားတို့ ပြီးဆုံး သွားသည်ရှိလေသော် အိမ်ရှင်မက သားကို သို့နှုယ်အကြံပြု၏။

"မင့်မမ ယူကေ(U.K)
ကနေပို့လိုက်တဲ့ ဆွယ်တာလေး
ဝတ်သွားလေ ဒါလောက် အေးနေတဲ့ ဉစ္စာ"

ဩော် ရန်ကုန်ဟာ ပိုလို့တောင် ချမ်းသွားတယ်ထင်ပါရဲ့။

(လေး)

အကြောင်းဆုံသဖြင့် လင်မယားနှစ်ယောက် ကတောက်ကဆတ်ဖြစ်ကြသော ဇာတ်ကွက်ကလေးတစ်ကွက်ကိုလည်း ဖောက်သည်ချလိုပါသေး၏။

သင်းတို့ လင်မယားနှစ်ယောက် သည်ကားဆန်ကို အကြီးအကျယ် လက်ကားပေးသည့် ပွဲရုံလုပ်ငန်း လုပ်ကိုင်သူများပင် ဖြစ်ပါ၏။ တစ်ခါသော် လင်မယားနှစ်ယောက် ကတောက်ကဆတ်ဖြစ်ကာ စကားများကြသည်ဆို၍ ကျွန်ုပ်လည်း ရောက်သွား၏။ နှစ်ယောက်သား တစ်ယောက်နှင့်တစ်ယောက် ဟက်ဟက်ပက်ပက်ကြီး စကားမဆိုကြစေကာမူ အတင်းမာကြီးတင်းမာနေကြသည့် မျက်နှာထားများ မဟုတ်ကြမူ၍ အခြေအနေမှာ ပြောလောက်အောင် ဆိုးဆိုး ရွားရွားကြီး မဟုတ်ဟူ၍ကား ကျွန်ုပ်က အကဲခတ်မိပါ၏။

"ကိုင်း လင်မယားတွေ
ဘယ့်နှာ ဖြစ်ကြတာတဲ့တုံး"

"စကားများတာ"

"ဟဲ့ စကားများတာတော့
ကျွန်ုပ်သိသပေါ့ ဘယ့်နှာကြောင့် များသတုံး
သိချင်တာ"

သည်တော့မှ ဇနီးမယားလုပ် သည့်သူက လင်တော်မောင်၏မျက်နှာကို တစ်ချက်ကလေး ဝေ့ဝဲ၍ ကြည့်ပြီးသည့်သကာလ ကျွန်ုပ်အား ပြောဆိုပုံမှာ။

"တစ်ည ဆရာကြီးဂျက်ရယ်
ပိုက်ဆံရေကြတာ၊ အဲသမှာ
ကျွန်မက ရေရတာများလွန်းလို့
လက်မောင်းတွေ ကိုက်လာလို့
သူ့ကို ဆက်ရေပါဦးလို့ ပြောတာ
မရေနိုင်ဘူးတဲ့လေ တခေါခေါနဲ့ အိပ်နေလိုက်တာ ဒါနဲ့လင်မယားနှစ်ယောက် စကားများကြတာ ဆရာကြီးဂျက်လူက ကောင်းတယ် ထင်လို့လား" ဟူ၏။

(ငါး)

ဂျက်တို့ငယ်ငယ်က ဖတ်မှတ် လေ့လာခဲ့ရသည့် ဇာတ်ကြီးဆယ်ဘွဲ့ ရှေးဟောင်းဝတ္ထု ဘုတ်အုပ်ကြီးများ အနက် မဟောသဓေါ် မဟော်သဓာဇာတ်ဝတ္ထုကြီး တစ်နေရာဝယ် ဝိဒေဟရာဇ်မင်းကြီးသည် ပုတ်သင်ညိုကလေးကို ရွှေစင်တစ်ပဲသားဖြင့် ဆွဲကြိုးကလေးလုပ် ၍ပေးရာ ၎င်းအနှီ ပုတ်သင်ညိုကလေးသည် ထိုအနှီ ရွှေစင်တစ်ပဲသား၏ အရှိန်ဖြင့် နောင်သောအခါ ဝိဒေဟရာဇ်မင်းကြီးအား အရိုအသေမပေးတော့ဘဲ မလေးမစားလုပ်သည် ဟူသတတ်။

အဟိတ်တိရစ္ဆာန်ဖြစ်ဘိစေ ကာမူ ရွှေစင်၏ အရှိန်ဖြင့် ဝင့်ကြွားကာ စွင့်ကားနေသော ပုတ်သင်ညိုပမာ ကျွန်ုပ်တို့ လူသားများသည် လည်း ပိုင်ဆိုင်မှုတစ်ခုခုကြောင့် ပါးစပ်ကို မိုးကောင်းကင်ပေါ် သို့ တင်ကြစမြဲဖြစ်ပါ၏။ သို့သော် အချို့က ပါးပါးကလေး။ မိုးပေါ် သို့ ပါးစပ်တင်ပုံ ပညာသားပါပါပေ့။

ဩော် အနှီကလို အကြောင်းအရာများကို သိန်း ၄၀ ခန့်တန်သည့် ကျွန်ုပ်၏ မောင့်ဘလဲန့် (Mont Blanc) ဘော့လ်ပင်ဖြင့် ရေးသားကာ တင်ပြလိုက်ချင် စမ်းပါဘိတော့။

**ဂျက်ကွမ်းခြံကုန်း**

Asian Fame Media Group



ကြည်လင်တောက်ပတဲ့ ကောင်းကင်ကို ငေးကြည့်ရင်း အချိန်တွေလည်း တရွေ့ရွေ့ကုန် မှန်းမသိ ကုန်လာခဲ့တယ်။ တိမ်တွေ ပေါ့ပါးစွာ လွင့်မျောနေကြတာကို ကြည့်ရင်း ငါလည်းတိမ်တွေလို လွင့်မျောချင်လိုက်တာ။ အပေါ့ပါးဆုံး စိတ်တွေနဲ့ ကောင်းကင်ထဲ ပျံသန်းလိုက်ရရင်ဘယ်လောက် ကောင်းမလဲ။ အခုတော့ . . . . ။

သားငယ်။ ည ၁၂ နာရီဆိုတဲ့ အချိန်မှာ နင် ဘာလုပ်နေမှာလဲ။ အလွတ်လပ်ဆုံးစိတ်တွေနဲ့ နင် အိပ်မက်တွေ မက်နေမှာလား။ ငါကတော့ ညအမှောင်ရဲ့ ကောင်းကင်အောက်မှာ နင့်ကို လွမ်းလို့ပေါ့။ တမ်းတတဲ့စိတ်တွေနဲ့ ငိုကြွေးနေရတဲ့ ညတွေလေ။ နင်ကတော့ သိနိုင်မှာ မဟုတ်ဘူး။

ဝေဒနာတွေဖြေသာဖို့ ထွက်ပေါက်မရှိတဲ့ ငါ့ဘဝက အထီးကျန်ဆန် လိုက်တာ။ နင်ကတော့ သာယာပျော်ရွှင်နေတဲ့အချိန်ကို ဖြတ်သန်းနေရချိန်မှာ ငါ့ဘဝကတော့ ခြောက်သွေ့အက်ကွဲနေပြီ။ ငါ့ရဲ့အချစ်တွေနဲ့ တူညီတဲ့ အချစ်တစ်ခုကို မျှော်လင့်နေချိန်မှာ နင့်အချစ်တွေက ဟိုး. . . အဝေးဆုံးကို ရောက်ရောက်သွားသလိုပဲ။ မဖြစ်နိုင်တော့တဲ့ မျှော်လင့်ချက်တွေကိုပဲ လေထဲမှာ ပိုးတဝါး ဆုပ်ကိုင်ထားနေမိပြီလား။ ငါဝေခွဲမရတော့ဘူး။ နင့်ရဲ့ ရက်စက်မှုတွေကြောင့်

# မေကောင်းကင်
## အလွမ်းဖွဲ့ကောင်းကင်

ရည်ညွှန်းဖွဲ့သီချစ်သူဆီ

*graphic design-htun htun lin 2012*

Asian Fame Media Group
af MEDIA GROUP



Asian Fame Media Group
af MEDIA GROUP



ငါ့ဘဝမှာ ပျော်ရွှင်မှုတွေ ဆိတ်သုဉ်းသွားခဲ့ရတာ။ ကြေကွဲမှုဆိုတာ ဒါလားဟင်။

ဟိုအရင်တုန်းက နှင့်ရဲ့ကြည်စင်တဲ့ အပြုံးတွေကို ငါတမ်းတလိုက်တာ သားငယ်ရယ်။ အဲဒီအပြုံးလေးတွေကြောင့်ပဲ ငါ့ရင်ခုန်သံတွေ ဖြစ်ပေါ်လာခဲ့တာ နှင်မေ့နေပြီလား။ နှင့်ကြောင့် ကာရန်မညီတဲ့ ကဗျာတွေကိုလည်း ငါဖွဲ့တတ်ခဲ့တာလေ။ ခံစားရသမျှအရာတွေ အားလုံးဟာ နှင့်အကြောင်းတွေ ချည်းပါပဲ။ နှင့်နှုတ် ခမ်းပါးလေးရဲ့ ချစ်စကားတွေ အောက်မှာ ငါကျရှုံးခဲ့ရတာလေ။ အချစ်ဆိုတာ ပေးဆပ်ခြင်း သက်သက်ပဲဆိုတာ ငါ ယုံသွားပါပြီ။ နှင့်ရဲ့ ချန်ထားရစ်မှုအောက်မှာ ငါ ကျန်ရစ်ခဲ့ရတာပေါ့။ နှင့်အပေါ်မှာ ထားတဲ့ ငါ့ရဲ့အချစ်က ထာဝရအဆုံးထိ ဆိုတာ နှင်ယုံကြည်စေချင်တယ်။

ခွက်ပုံလေးအဖြစ် သာ ငါ့အနားမှာ ထာဝရရှိနေခဲ့တဲ့ နှင်က ဘာတွေကိုများ ထပ်ပြီးရက်စက်ချင်သေးတာလဲ။ ခွက်ပုံလေးတစ်ပုံတောင် ငါ့အနား မချန်ထားခဲ့ချင်တော့တဲ့ နှင်က ဘယ်အထိ အငွေ့ပြန်ချင်သေးတာလဲ။ ငါ ကံဆိုးတာပေါ့နော်။ ကံကြမ္မာရဲ့ လှည့်စားမှုလို့ပဲ ငါယုံကြည်ထားချင်တယ်။ ဘယ်ဝဋ်ကြွေးတွေများကြောင့်လဲ သားငယ်ရယ်။

ဘယ်လိုပဲ နှင်ခြေရာတွေ အစ ဖျောက်ချင်ပေမယ့် ငါသိပ်ချစ်ခဲ့တဲ့ နှင့်နာမည်လေးကတော့ ရင်ထဲမှာ ထာဝရ ကမ္ပည်းတင် ကျန်ရစ်နေဆဲပါ။ နာမည်လေးကြားရုံနဲ့တင် ရင်ခုန်သွားတတ်တဲ့ငါက နှင်ထားရစ်ခဲ့လို့ လွမ်းနေရတာ မဆန်းတော့ဘူးထင်ပါရဲ့။ မျက်ရည်တွေသာ ငွေ့ရည်အဖြစ် ဖွဲ့ပစ်လို့ရရင် နှင်ပေးခဲ့တဲ့ အလွမ်းတွေကိုလည်း ထပ်သွန်းလောင်း လိုက်ချင်ပါတယ်။ ဝေဒနာတွေ သက်သာမယ်ဆိုရင်ပေါ့။ အထီးကျန်ဆန်တဲ့ ငါ့ဘဝကို ဘယ်လို ဖြတ်ကျော်ရမလဲ ငါ မတွေးတတ်တော့ဘူး။ တိတ်ဆိတ်မှုတွေသာ ကြီးစိုးနေတဲ့ ငါ့အခန်းကျဉ်းလေးရဲ့ အတွေးကမ္ဘာထဲမှာပဲ စီးမျောရင်း နစ်မြုပ်နေခဲ့တယ်။

"စွယ်တော်ပင်ကရွက်လေးလို နှစ်လွှာပေါင်းမှ တစ်ရွက်တည်းဆို x x x ငါတို့ရဲ့ အမှတ်တရများစွာရယ် မင်းမမေ့ပစ်လိုက်ပါနဲ့ x x x ဘယ်လို အရာတွေ ဝေးလို့သွားပါစေ x x x ငါ့ရင်ထဲမှာ မင်း တစ်ယောက်တည်း x x x ကြယ်ပွင့်လေးများ လမ်းပြပြီး x x x ကောင်မလေးနဲ့ နီးနိုင်ဖို့ x x x"

တော်ပါတော့ Bunny Phyoe ရယ်။ နှင်လွမ်းနေတာထက် ငါ အခု ပိုလွမ်းနေရတယ်။ နှင်က ဝေးနေလို့ လွမ်းတာ ဖြေသာပေမယ့် ငါ့ကျတော့ x x x ထားရစ်ခဲ့လို့ လွမ်းနေရတာပါ။ ဖြေမဆည်နိုင်တဲ့ အလွမ်းတွေပေါ့။

ငါ ငိုနေပါတယ် သားငယ်။ ငါ့ ရင်ထဲ လွမ်းလွမ်းဆွေးဆွေးနဲ့ကို ငိုနေရတာပါ။ နှင် ခံစားတတ်ပါ့မလား။ ပျော်ရွှင်မှုတွေ ဆိတ်သုဉ်းနေတဲ့ ကောင်မလေးမှာ အလွမ်းပင်လယ်ထဲ နစ်မြုပ်နေရတယ် ဆိုတာလေ။ I love you more than I can say, but that hate.။ တစ်ခါတလေတော့လည်း အဲဒီလိုပဲ ငါ ခံစားမိတယ်။ ချစ်ခဲ့လို့ မုန်းမိတာ ငါ့ရင်တွေကွဲကြေမတတ်ပါပဲ။

လေးနှစ်တာချစ်ခဲ့တဲ့ သံယောဇဉ်တွေကို လေးမိနစ်လောက်နဲ့ ဖြတ်တောက်နိုင်ခဲ့တာ နှင်တော် ပါတယ်သားငယ်။ ငါကတော့ အလူးလူး အလှိမ့်လှိမ့်နဲ့ နှလုံးသားတွေ နာကျင်အောင် ခံစားခဲ့ရတယ်။ ပျော်ရွှင်မှုဆိုတာ အဲဒီအချိန်ကတည်းက ပျောက်ဆုံးနေခဲ့တာ အခုချိန်ထိပါ။

"နှင့်ကို ငါ တကယ်မချစ်ခဲ့ဘူး" ဆိုတဲ့ နှင့်သည်းတဲ့ စကားတွေအောက်မှာ ငါ့နှလုံးသားလည်း တစ်စစီ ကြေမွ ပျက်စီးသွားခဲ့တာ နှင် မသိခဲ့ဘူးနော်။ အချစ်ဦးဟာ အချစ်ဆုံးအဖြစ် ငါ သတ်မှတ်ထားခဲ့ပေမယ့် ငါ့မျှော်လင့်ချက်တွေကို နှင်ရိုက်ချိုးပစ်ခဲ့တယ်နော် သားငယ်။ နှင်က ရင်ခွင်သစ်မှာ ပျော်နေနိုင်ပေမယ့် ငါကတော့ အလွမ်းဟောင်းတွေကြားမှာပဲ ရုန်းကန်ရင်း နစ်မြုပ်ရင်းနဲ့ပဲ လောကကြီးနဲ့ နေသားတကျရှိအောင် ကြိုးစားနေ

**ကော်ဖီခါးခါးကိုမှ**
**အစွဲကြိုက်တတ်တဲ့**
**နှင့်အတွက် အချစ်ဆိုတာ**
**တစ်ခါတစ်ရံမှာ**
**ခါးသက်မှုတွေ**
**ရှိတတ်တယ်ဆိုတာ**
**မထူးဆန်းဘူးထင်ပါတယ်။**
**ငါကလည်း**
**အဲဒီခါးသက်မှုတွေကိုပဲ**
**တစ်ရှိုက်မက်မက်သောက်**
**မိနေတော့ ငိုကြွေးရတာ...**

Asian Fame Media Group
MEDIA GROUP

ငါ ငိုနေပါတယ် သားငယ်။
ငါ့ရင်ထဲ လွမ်းလွမ်းဆွေးဆွေးနဲ့ကို
ငိုနေရတာပါ။
နင် ခံစားတတ်ပါ့မလား။
ပျော်ရွှင်မှုတွေ ဆိတ်သုဉ်းနေတဲ့
ကောင်မလေးမှာ အလွမ်း
ပင်လယ်ထဲ နစ်မြုပ်နေရတယ်
ဆိုတာလေ....



ရတယ်။

နင့်ကိုလွမ်းလို့ ခံစားပြီးရေးထားတဲ့ စာတွေကို ငါဘာလုပ်ပစ်ရမလဲ။ အဲဒီစာတွေထဲမှာ နင့်ကြောင့် ငါ ငိုကြွေးခဲ့ရတဲ့ မျက်ရည်တွေ၊ အလွမ်းတွေ၊ ကြေကွဲမှုတွေ၊ နာကျင်မှုတွေ အများကြီး အများကြီးရှိတယ်။ နင် သိနိုင်ပါ့မလား။

ငယ်ငယ်တုန်းကလို လသာတဲ့ညတိုင်း ဖိုးလမင်းကြီးဆီကနေ ထမင်း ဆီဆမ်းတောင်းသလိုပဲ နင့်အချစ်တွေကိုလည်း ဖိုးလမင်းကြီးဆီကနေ ငါ့ဆီ ပြန်လာဖို့ တောင်းချင်လိုက်တာ။ ဝေဒနာတွေ ဖြေသာ လိုဖြေသာငြား တောင်းခံနေမိတယ် ဆိုရင် နင်ယုံမှာလား။ "ရူးလိုက်တာဟာ" ဆိုတဲ့ နင့်ရဲ့ လက်သုံး စကားအတိုင်း ရက်ရက်စက်စက် ပြောနေမှာလား။ ဘာပဲဖြစ်ဖြစ်ပါ သားငယ်ရယ်။ "The true love make a man foolish" တဲ့။ ချစ်တတ်ကြသူတိုင်း ရူးတတ်ကြတာပါပဲ။Foolish girl လို့ ဘယ်သူတွေ ဘာ ပြောပြော ငါ ဂရုမစိုက်ခဲ့ပါဘူး။ ငါ့ အချစ်တွေက နင့်အပြုံးတွေအောက်မှာ ကျရှုံးခဲ့တယ်ဆိုပေမယ့် ပေးဆပ်သူတွေအတွက်တော့ ကျရှုံးခဲ့တယ်လို့ မထင်ပါဘူး။ အချစ်ကို တန်ဖိုးမထားတတ်တဲ့ နင်က ဒီစကားတွေကို နားလည်မှာ မဟုတ်ပါဘူးလေ။

ကော်ဖီခါးခါးကိုမှ အစွဲကြိုက်တတ်တဲ့နင့် အတွက် အချစ်ဆိုတာ တစ်ခါတစ်ရံမှာ ခါးသက်မှုတွေ ရှိတတ်တယ်ဆိုတာ မထူးဆန်းဘူးထင်ပါတယ်။ ငါကလည်း အဲဒီခါးသက်မှုတွေကိုပဲ တစ်ရှိုက်မက်မက် သောက်မိနေတော့ ငိုကြွေးရတာ မလွန်ဘူးထင်တယ်နော်။ နင်ပေးခဲ့တဲ့ စံပယ်ပန်းပွင့်လေးကတော့ ငါ့ရဲ့ ဒိုင်ယာရီစာအုပ်လေးထဲမှာ ခြောက်သွေ့မှုနဲ့အတူ မွှေးပျံ့နေဆဲပါ။ မမွှေးပျံ့တော့တဲ့ နင့်အချစ်တွေကတော့ လေနဲ့အတူ လွင့်ပါသွားခဲ့တယ်နော်။ ငါဝမ်းနည်းတတ်ရုံကလွဲလို့ ဘာများတတ်နိုင်ဦးမှာလဲ။ ကောင်မလေးလို့ မြတ်မြတ် နိုးနိုးခေါ်တတ်တဲ့ နင့်ရဲ့အသံလေးကို ငါ လွမ်းလိုက်တာ သားငယ်ရယ်။

"All love is sweet, given or returned"

"ပေးရတာပဲ ဖြစ်ဖြစ်၊ ပြန်ရတာပဲ ဖြစ်ဖြစ်၊ အချစ်တွေအားလုံးဟာ ချိုမြိန်တယ်" ဆိုတဲ့ ပါစီဘစ်ရှယ်လီရဲ့ စကားလေးက ငါ့အတွက်များ ဖြစ်နေသလား။ တကယ်ပဲ အဲဒီအချစ်တွေ အားလုံးဟာ ငါ့အတွက် ချိုမြိန်နေခဲ့တယ်။ နင့်ရဲ့ တောက်ပတဲ့မျက်ဝန်း အကြည့်တွေ၊ ဖြူစင်တဲ့ နင့်အပြုံးတွေကိုသာ ပြန်ပြီးပိုင်ဆိုင်ခွင့် ရမယ်ဆိုရင် ကမ္ဘာပေါ်မှာ အပျော်ဆုံးလူသားတစ်ယောက်ဟာ ငါပဲ ဖြစ်မှာပါ။သာခွင့် မရှိတဲ့လကိုမှ ငါက လမိုက်ညတွေမှာ အရူးအမူး ရှာဖွေနေမိတာ။ ဖြေသာနိုင်မယ်ဆိုရင် ငါ့ရင်တွေ ပေါက်ကွဲသွားပါစေ။ ကမ္ဘာ့အပြင်ဘက်ထိ အော်လိုက်မိမှာပါ။ အဲဒါချစ်တတ်ကြသူတိုင်း ခံစားရတဲ့ ဝေဒနာတွေပေါ့သားငယ်။ ခံစားရတာများလာတော့ နာကျင်လာတာပေါ့ သားငယ်ရယ်။

တိတ်ဆိတ်တဲ့ ညတွေမှာ ငါ့အလွမ်းတွေက ပိုပြီးရင့်သန်လာသလိုပဲ။ တိတ်ဆိတ်တဲ့ ညနက်နက်ကို ဖြိုခွဲလိုက်တာက ငါ့ရဲ့ ရှိုက်သံတွေလေ။ တိုးတိတ်တမ်းတလွမ်းမောရတဲ့ညတွေ ကုန်ဆုံးလွန်မြောက်ချင်ပါပြီ။ ခဏတာ အလည်ရောက်လာတဲ့ အချစ်တွေကို မပိုင်ဆိုင်ရရင် နေပါစေတော့။ နာကျင်မှုတွေ ဖြေသိမ့်ဖို့အတွက်တော့ နင့်ရဲ့ ပခုံးတစ်ဖက်ကို ခဏလေးဖြစ်ဖြစ် ငါ အလိုရှိနေပါတယ်။ ဟန်ဆောင်မှုလေး နဲ့ပဲဖြစ်ဖြစ် နင် မငှားချင်ဘူးလား သားငယ်။

"မဖြစ်နိုင်တဲ့အရာကို မျှော်လင့်နေခြင်းဟာ ကိုယ့်ကိုယ်ကိုယ် ဆွဲနှစ်နေတာ" တဲ့။ ဘာပဲဖြစ်ဖြစ်ပါ သားငယ်ရယ်။ လသာတဲ့ ညတွေရောက်တိုင်း ဖိုးလမင်းကြီးဆီကနေ ထမင်းဆီဆမ်း နဲ့အတူ နင့်အချစ်တွေကို မျှော်လင့်မှု ရောင်ခြည်တွေနဲ့ အရူးတစ်ယောက်လို တောင်းခံနေမိဦးမှာပါ။ ကြယ်စင်လေးတွေက သက်သေအဖြစ်နဲ့လေ။

**မေကောင်းကင်**

မြန်မာပြည်တစ်နံတစ်လျားမှာရှိသော ရတီချစ်သူပရိသတ်များအား သတင်းကောင်းပါးအပ်ပါတယ်။
မိမိတို့ နယ်မြေဒေသတွင်းမှာရှိတဲ့ ရိုးရာဓလေ့ထုံးစံများ၊ ပွဲတော်များ၊ ရှုခင်းအလှအပများကို ရတီမဂ္ဂဇင်းစာမျက်နှာမှတစ်ဆင့် အနယ်နယ်အရပ်ရပ်ကို ဝေငှတင်ဆက်နိုင်ပါတယ်။ မိမိ တင်ပြချင်သော အရည်အသွေးပြည့်မီတဲ့ အကြောင်းအရာ အချက်အလက်၊ ဓာတ်ပုံများကို ဖွဲ့ဖွဲ့နွဲ့နွဲ့၊ ဝေဝေဆာဆာတင်ပြခြင်းဖြင့် လူမျိုးအချင်းချင်း ဒေသတွင်းချစ်ကြည်ရင်းနှီးမှုရရှိစေရန် ရတီက စာပေတံတားခင်းလိုက်ပါပြီ။ ပါဝင်တင်ဆက်ချင်သူများ ရတီမဂ္ဂဇင်းလိပ်စာအတိုင်းလည်းကောင်း၊ E-mail လိပ်စာဖြင့်လည်းကောင်း ပေးပို့ဆက်သွယ်နိုင်ပါပြီ။
အနယ်နယ်အရပ်ရပ်တွင်ရှိသော လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့၏လုပ်ငန်း၊ မိမိတို့၏ ကုန်ပစ္စည်းများကို ရတီမဂ္ဂဇင်းမှတစ်ဆင့် မြန်မာပြည်ဒေသအသီးသီးသို့ တွင်ကျယ်စွာ ပျံ့နှံ့လိုပါက ရတီမဂ္ဂဇင်း၏ ကြော်ငြာဌာနနှင့် ဆက်သွယ်နိုင်ပါကြောင်း။

Asian Fame Media Group



Asian Fame Media Group
af MEDIA GROUP

# ငွေကြေးသီအိုရီ

ဆူးဆူးမွန်



(၁)

"မွေးပြီတော့ မွေးပြီ၊ တွဲလောင်းလေး . . ယောက်ျားလေးဟေ့"

လက်သည်အဒေါ်ကြီးရဲ့ ပြော သံကြားလိုက်ရချိန်မှာ ကျွန်မ တစ်ကိုယ် လုံးရိုက်ခတ်သွားတဲ့ ပီတိ အဟုန်ဟာ ကမ္ဘာကြီး တောင် တုန်သွားလောက်ပါတယ်။

ကိုကိုရေ့ . . ကိုကို့ကိုယ်ပွား အဖြစ်ထားရစ်ခဲ့တဲ့ ရင်သွေးလေးကို ကျွန်မ သတ္တိရှိရှိ မွေးဖွားပေးလိုက်ပါပြီ။ မွေးဖွားလာတဲ့ ရင်သွေးလေးဟာ သမီးဖြစ်ဖြစ်၊ သားပဲဖြစ်ဖြစ် ချစ်ရမှာတော့ အတူတူပါပဲ။ ဒါပေမဲ့ ကျွန်မ အတွက်တော့ သားလေးကို ဖွားမြင်ခဲ့ တာဟာ အင်အားတွေ အလိုလိုပြည့် လာမိပါတယ်။ ကျွန်မဘဝအတွက် အားကိုးရမယ့် သားလေးပေ့ါ။

လက်သည် အဒေါ်ကြီးဟာ သားလေးကို သန့်ရှင်းရေးလုပ်ပြီးလို့ ကျွန်မလက်ထဲ နို့တိုက်ဖို့ထည့်ပေးလိုက်ချိန်မှာတော့ သားသားလေး မျက်နှာကို တစ်ဝကြီး ကြည့်လိုက်မိပါတယ်။ ကြည့်စမ်းပါဦးရှင်။ သူ့အဖေနဲ့ တူလိုက်တာ။ ခြေဆံလက်ဆံလေးတွေ ကသွယ်သွယ်လေးတွေ။ ဒီအချိန်မှာ သူ့အဖေကို ရှိနေစေချင်လိုက်တာ။ အဲဒီအတွေးဝင်လာတာနဲ့ ကျွန်မ အလိုလိုမျက်ရည်ဝဲပြီး ရှိုက်မလိုတောင် ဖြစ်သွားမိပါတယ်။ ဒါပေမဲ့ မိခင်ဖြစ်သွားပြီဆိုတဲ့အသိနဲ့ပဲ ပြန်ပြီးအားတင်းလိုက်ပါတယ်လေ။

ဘာလဲဟဲ့ လောကဓံ၊ လာချင်ရာလာခဲ့ကြစမ်း။ ငါ့မှာ အခုသားသားလေး ရှိနေပြီ။ ငါ့အနာဂတ်ကို တောက်ပလာအောင် မျှော်လင့်ချက်တွေပေးမယ့် သားသားလေး။ ဘာတွေပဲလာလာ၊ မကြောက်တော့ဘူးဟေ့။

(၂)

ကျွန်မ အိမ်ထောင်ကျတော့ အသက် ၁၈ နှစ်ပဲရှိသေးတယ်။ ဒီအကြောင်းပြောပြရမှာ ရှက်လည်း ရှက်မိပါရဲ့။ မရှက်လည်း မရှက်တော့ပါဘူး။ ၁၀ တန်းကိုနှစ်ခါကျလို့ စိတ်ညစ်နေတာရယ် မေမေနောက်ယူတဲ့ ယောကျ်ား ကျွန်မပထွေးရဲ့ဆင်မျက်လုံးအကြည့်ဒဏ်ကို မခံနိုင်တာရယ်တို့ကြောင့် အိမ်ပြေးမလေးအဖြစ်နဲ့ သူငယ်ချင်းမိချောတို့အိမ်မှာ သွားကပ်နေဖြစ်တယ်။

လူလူသူသူ အသက်ရှင်ရပ်တည်နိုင်ဖို့အတွက် ပေးဆပ်ရမှုတွေထဲမှာ အရင်းနှီးအကြီးဆုံးအရာဟာ မိမိအသိုက်အမြုံကို ခွဲခွာရခြင်းပါပဲ။ တကယ်တမ်းပြောရရင် မေမေ့ကို ကျွန်မမခွဲနိုင်ပေမယ့် အိမ်ပြန်ရောက်တိုင်း အပြစ်မရှိအပြစ်ရှာ ငြူစူပြီး ပထွေးအလိုကျအောင် နေပြရတာတွေ၊ ပြီးတော့ ပထွေးက ညတိုင်း အရက်မူးပြန်လာပြီး မေမေ့ကို ရန်လုပ်တဲ့အခါ ကျိတ်ငိုရတာတွေ အဲဒါတွေကို မမြင်ချင် မကြားချင်တော့ပါဘူး။

"ညည်းအမေနှယ် . . ဒီငမူးကောင်ကိုများ ဘာလို့ ဒီလောက်သည်းခံပြီး ပေါင်းသင်းနေရတာလဲ။ ကွာပစ်လိုက်ရင် အေးရော"

"ကောင်မရယ် . . သူလည်း ဖြတ်မရတာ တစ်ခုခုရှိလို့နေမှာပေါ့



"ညည်းအေ . . . ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဖြစ်တာ ဘာအရေးလဲ။ အမေတို့နဲ့ပြန်လာနေလှည့်။ ကိုယ့်မှာ ပိုက်ဆံရှိနေပြီပဲဟာ။ တစ်နယ်တစ်ကျေး သွားပြီး အပျိုပြန်လုပ်နေလို့ရတယ် သမီးရဲ့"

အေ။ သံယောဇဉ်တို့ ဘာတို့ပေါ့"

ကျွန်မမေမေနဲ့ ပတ်သက်လို့ ပတ်ဝန်းကျင်ဝေဖန်သံတွေကို ဘာတစ်ခွန်းမှ တုံ့ပြန်မနေတော့ပါဘူး။ သူတို့ကကြားဝင်ပြီး မခံနိုင်ဖြစ်နေကြပေမယ့် မေမေက ပထွေးဘက်မှာ မားမားမတ်မတ်ရပ်နေတာကိုး။ လတ်တလောအားဖြင့် စိတ်ညစ်စရာတွေကင်းဝေးတဲ့ ကွန်းခိုရာတစ်ခုသာ အလိုချင်ဆုံးဖြစ်တာကြောင့် သူငယ်ချင်းမိချောတို့အိမ်ကို ကျွန်မရောက်ခဲ့ရပါတယ်။

ငါ့သမီးလေးကြီးလာရင် ဘာလုပ်မလဲဆိုတဲ့ မေးခွန်းကို အဖြေပေးခဲ့စဉ်က ယုံကြည်မှုတွေ အပြည့်ဖြစ်ခဲ့ပေမယ့် အခုတော့ ဆန္ဒနဲ့ဘဝတို့ ထပ်တူမကျခြင်းအပေါ် နေတတ်ထိုင်တတ်အောင် ကြိုးစားရတော့မှာပေါ့ရှင်။

မိချောတို့အိမ်မှာ ကပ်နေရင်း အထည်ချုပ်စက်ရုံမှာ အလုပ်ဆင်းဖြစ်ခဲ့ပါတယ်။ ကျွန်မလို ဆယ်တန်းတောင် မအောင်သေးသူအဖို့ ရနိုင်တဲ့အလုပ်က ဒါပဲရှိတယ်လေ။ ရတဲ့လစာက မိချောတို့အမေကို နေစရိတ်စားစရိတ်ပေးရသေးတာကြောင့် သိပ်ပြီးပိုလျှံတယ်မရှိပါဘူး။ အထည်ချုပ်စက်ရုံ ဆင်းရင်း ခြောက်လလောက်အကြာမှာ ကိုစိုးနဲ့ ဆုံခဲ့ရပါတယ်။ ကိုစိုးဆိုတာ စက်ရုံဖယ်ရီကား မောင်းတဲ့သူပါ။ နောက်တော့ ကျွန်မခင်ပွန်းဖြစ်လာမယ့် သူပေါ့။

သူများအိမ်မှာ မှီခိုကပ်ရပ်နေရတယ်ဆိုတာ ရေရှည်မှာ မကောင်းနိုင်ဘူးလေ။ ကိုယ့်မိဘအိမ်တောင် ပြဿနာကြုံရသေးတာပဲဟာ။ ဒီတော့ မိဘအိမ်မှာပြန်နေဖို့လည်း အဆင်မပြေ၊ မိချောတို့အိမ်မှာလည်း နေလို့အဆင်မပြေဖြစ်တာကြောင့် အချစ်ဆိုတာဘာမှန်းမသိဘဲ ကိုစိုးရဲ့ချစ်ရေးဆိုမှုကို ခေါင်းညိတ် အဖြေပေးလိုက်ခဲ့မိပါတယ်။ အားကိုးရာ ရှာနေမိချိန်မို့ပါရှင်။ အားကိုးရာအဖြစ် ကျွန်မဆွဲကိုင်လိုက်တဲ့ကောက်ရိုးတစ်မျှင်ဟာ ရေနစ်သူကိုကယ်တင်ပေးမယ့် ကောက်ရိုးတစ်မျှင်လေလား၊ ကုလားအုတ်ကြီး ခါးကျိုးကျစေတဲ့ နောက်ဆုံးကောက်ရိုးတစ်မျှင်ဖြစ်လေမလား၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ။ လူဆိုတာ ကိုယ့်သမိုင်းကိုယ် ရေးကြရမှာ မဟုတ်ပါလား။

မချစ်ဘဲ ညားခဲ့ရတယ်ဆိုပေမယ့် ကိုစိုးဟာ လင်ယောကျ်ားကောင်း တစ်ယောက် ပီသခဲ့ပါတယ်။ ပြီးတော့ သူ့အသိုင်းအဝိုင်းထဲ ကျွန်မကို ဆွဲခေါ် မသွင်းခဲ့သလို ကျွန်မအသိုင်းအဝိုင်းထဲလည်း သူ မလိုက်ခဲ့ပါဘူး။ ချစ်လို့ နှစ်သက်လို့ မြတ်နိုးလို့ တစ်ယောက်နဲ့တစ်ယောက် လက်တွဲဖော်အဖြစ် သတ်မှတ်ပြီးပြီဆိုတော့ကာ ဘဝတစ်ခုကို နှစ်ယောက်သားတည်ထောင်ကြပြီး ကျွန်မကို ဓားမဦးချလုပ်ကိုင်ကျွေးမွေးခဲ့သူပါ။ စက်ရုံနဲ့နီးတဲ့ရပ်ကွက်ထဲမှာ ကျွန်မတို့နှစ်ယောက် အိမ်ငှားနေဖြစ်ခဲ့ပါတယ်။

ကိုစိုးက စက်ရုံဖယ်ရီကားမောင်းရသူမို့ မနက်၊ ည တစ်နေ့နှစ်ကြိမ်ပဲ စက်ရုံမှာရှိဖို့ လိုအပ်ပါတယ်။ ကျန်နေ့လယ်ပိုင်းအချိန်တွေမှာ အပိုဝင်ငွေ ရအောင်ဆိုပြီး ခရီးသည်တင်လိုင်းကားကို ခေါက်ကြေးနဲ့ မောင်းပါတယ်။ တစ်စတစ်စနဲ့ အဆင်ပြေလာတော့ ကျွန်မကို အလုပ်မဆင်းခိုင်းတော့ပါဘူး။ အိမ်မှာပဲ ကြော့ကြော့လေး နေခိုင်းတော့တယ်။ တကယ်စိတ်ချမ်းသာရတဲ့ ကာလတွေပေါ့ရှင်။

ကိုစိုးနဲ့ သုံးနှစ်တည်းပေါင်းခဲ့ရပါတယ်။ ကျွန်မအသက် ၂၁ နှစ်ပြည့်တဲ့ မွေးနေ့မှာ ကိုစိုးတစ်ယောက် တိုက်တိုက်ဆိုင်ဆိုင် ကွယ်လွန်သွားခဲ့ပါတယ်။ ရုတ်တရက်ကြီးလို့ဆိုရမှာပါပဲ။ မွေးနေ့မှာ လင်မယားနှစ်ယောက် ဘုရားသွားဖို့တိုင်ပင်ပြီး လမ်းမကြီးပေါ် ကားစောင့်နေကြတုန်း သစ်လုံးတင်ကားတစ်စီးဟာ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ရာက သစ်လုံးတွေ ပြုတ်ကျခဲ့တယ်။ ကိုစိုးဟာ ကျွန်မကို လွတ်ရာတွန်းထုတ်လိုက်နိုင်ပေမယ့် သူကတော့ သစ်လုံးတွေအောက်ကို ရောက်သွားခဲ့ရပါတယ်။ သူ့အလောင်းဟာ မြင်ရက်စရာမရှိဘူး။ ပြားချပ်ပြီး သွေးသံရဲရဲနဲ့။

ထုံးစံအတိုင်း အားကိုးရာမဲ့သွားပြီဆိုတဲ့အသိနဲ့ ငိုတော့ငိုမိတာပေါ့လေ။ ဒါပေမဲ့ ကိုစိုးကို ကျွန်မ တကယ်မချစ်လို့ပဲလားမသိဘူး။ စိတ်ထဲ ထိထိခိုက်ခိုက်

သိပ်မရှိလှပါဘူး။ သစ်ကားပိုင်ရှင်ဘက်က အစစအရာရာ လိုလေသေးမရှိ ကူညီပါတယ်။ အလောင်းသင်္ဂြိုဟ်ပြီးတဲ့အထိ ဆောင်ရွက်ပေးပြီးနောက် ကရုဏာကြေးအဖြစ် ငွေဆယ်သိန်း ပေးပါတယ်။

လင်လည်း သေသွားပြီ။ ပိုက်ဆံလည်းရပြီးပြီဆိုပေမယ့် ကျွန်မမှာ ကိုစိုးရဲ့ ရင်သွေးလေးလွယ်ထားရတာ သုံးလရှိနေပါပြီ။ နာရေးသတင်းလာမေးတဲ့ အိမ်နီးနားချင်းတွေက အားပေးစကားဆိုကြပါတယ်။ ဒီကြားထဲ အမေတို့လင်မယားက ဘယ်ကဘယ်လို သတင်းကြားပြီး စုံစမ်းမေးမြန်းရောက်လာတယ် မသိဘူး။ ရက်လည်တဲ့နေ့ကျတော့ အမေကပြောတယ်။

"ညည်းအေ. . . ငယ်ငယ်ရွယ်ရွယ်နဲ့မုဆိုးမဖြစ်တာ ဘာအရေးလဲ။ အမေတို့နဲ့ ပြန်လာနေလှည့်။ ကိုယ့်မှာ ပိုက်ဆံရှိနေပြီပဲဟာ။ တစ်နယ်တစ်ကျေးသွားပြီး အပျိုပြန်လုပ်နေလို့ရတယ် သမီးရဲ့"

"ဒါပေမဲ့ သမီးမှာ ကိုယ်ဝန်သုံးလ . . ."

"ဒါလေးများ ဒီခေတ်မှာ လွယ်လွယ်လေး။ ပိုက်ဆံပဲအရေးကြီးတာ။ ငွေရှိရင် ဘာမဆိုလုပ်လို့ရတယ်။ ၆လ၊ ၇လ အထိတောင် ဖျက်ချလို့ရတယ်"

အမေ့ရဲ့စကားဟာ သမီးဘက်ကို လိုက်ပြောပေးတာမှန်ပေမယ့် ကျွန်မ လက်မခံနိုင်ပါဘူး။ ကျွန်မအပေါ် သေသည်အထိ တာဝန်ကျေခဲ့တဲ့ သွားလေသူရဲ့ မျိုးဆက်သွေးလေးကို အဆုံးရှုံးမခံနိုင်ပါဘူး။ ကျွန်မလုပ်ရပ်ဟာ မှားချင်မှားသွားနိုင်ပေမယ့် သွားလေသူအပေါ်မှာတော့ မတရားတာ မဖြစ်စေချင်ပါဘူး။ လင်ကောင်မပေါ် ဘဲရတဲ့ကလေးမှ မဟုတ်တာ။ သူ့မှာ အဖေ ရှိတယ်။ ဒါကြောင့် ကျွန်မ ရဲရဲဝံ့ဝံ့ ဒီလိုဆုံးဖြတ်လိုက်တာပါ။

ကျွန်မဆုံးဖြတ်ချက်ကို အမေက နားလည်မှုပေးနိုင်ပေမယ့် ပထွေးကတော့ နှာခေါင်းရှုံ့ပြီး အမေ့ကိုခေါ်ကာ ပြန်သွားပါတော့တယ်။ ကိုစိုးရဲ့ နစ်နာကြေးဟာ ရင်သွေးလေးအတွက် မီးဖွားစရိတ်ပဲ ဖြစ်စေရမှာပေါ့။ အသားလိုလို့ အရိုးတောင်းတဲ့ပထွေးရဲ့ အကြံဉာဏ်ကို မလိုက်နာနိုင်ပါဘူး။ ပြီးတော့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး အိမ်နဲ့ခွဲလာခဲ့တာ သုံးနှစ်ကျော်လာပြီမို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုလည်း အတန်အသင့်ရှိနေပါပြီ။

လောကဓံကြိုးဝိုင်းထဲ ချာချာလည်ရင်း . . .

မလျှောက်ဖူးသေးတဲ့လမ်းမှာ စမ်းတဝါးဝါးဖြစ်ရင်း. . .

အလိုမကျမှုတွေကို နေပူလှမ်းရင်း . . .

ဆန္ဒတွေကို ဘေးဖယ်ထုတ်ရင်း . . .

ခရီးစရိတ်မဲ့ စိတ်ကူးတွေကို ရွက်လွှင့်ရင်း . . .

ယုံကြည်ရာပန်းတိုင်ကို ကျွန်မ အရောက်လှမ်းဖို့ ဆုံးဖြတ်လိုက်မိပါပြီ။

(၃)

အသစ်နိုးထလာတဲ့ မနက်ခင်းနဲ့အတူ တီတီ တာ တာ စကားသံလေးဟာ ကျွန်မ အတွက် တစ်နေ့ ဖြတ်သန်းဖို့ လုံလောက်တဲ့ အားဆေးပါပဲ။



"မေမေ. . တားတား. . ဗိုက်ချာတယ်ဂျာ . ."

"အေး . . အေး. . သား သားလေးရယ် . . . လောလောဆယ် ဒီမုန့်လေး အရင်စားထား နှင့်နော်။ ဟောဒီ အဝတ်တွေ လျှော်ပြီးရင် မေမေ ပိုက်ဆံရမှာ သားရဲ့။ အဲဒီတော့မှ သားသားကြိုက်တဲ့ ကြက်ကြော်ဝယ်ပြီး မန်မန်ခွံ့ကျွေးမယ်နော်"

ရှိစုမဲ့စုငွေတွေဟာ ထန်းလျက်ခဲခွေးလျက်သလို တဖြည်းဖြည်းလုံးပါးပါးခဲ့ရတယ်။ ဒီတော့ ကျွန်မနဲ့ ကျွန်မသားလေးတို့ အနာဂတ်အသက်ဆက်ရေးအတွက် အလုပ်လုပ်ရတော့မှာပေါ့။ သားလေးက နှစ်နှစ်ပဲရှိသေးတော့ အရမ်းငယ်နေသေးတယ်။ အထည်ချုပ်စက်ရုံမှာ အလုပ်ပြန်ဆင်းလို့ရပေမယ့် သားလေးကို သူများနဲ့သွားထားရမှာ စိတ်မချလို့ မခွဲနိုင်လို့ သားလေးနဲ့ ခွဲစရာမလိုတဲ့ ဒီအဝတ်လျှော်အလုပ်ကို လုပ်ခဲ့ရတာပါ။

အဝတ်လျှော်အလုပ်ဟာ အနိမ့်စားအလုပ်ဖြစ်ပေမယ့် တကယ်တမ်းကျတော့ လွယ်လှတာမဟုတ်ပါဘူး။ ကိုယ်က လျှော်ချင်ဖွပ်ချင်ပေမယ့် လျှော်ခိုင်းသူရှိပါမှ အလုပ်ဖြစ်တာ။ ဒီတော့ ကျွန်မကို အဝတ်လျှော်ခိုင်းဖို့ အရေး ရပ်ကွက်ထဲက အတန်အသင့် ပြေလည်သူများကို တည့်အောင် ပေါင်းရသင်းရပါတယ်။ တချို့က အဝတ်တွေ တစ်ပုံကြီးလျှော်ခိုင်းပြီး ပေးတော့ လေးငါးရာတည်း။ တချို့ကျတော့ အဝတ်နှစ်စုံသုံးစုံလောက် လျှော်ခိုင်းပြီး ပေးတော့တစ်ထောင်နှစ်ထောင်၊ လူအမျိုးမျိုး စိတ်အထွေထွေပေါ့လေ။ ဘာပဲဖြစ်ဖြစ် ကျွန်မတို့ သားအမိအတွက် တစ်ဝမ်းတစ်ခါး ဖူလုံစေပါတယ်။ ဒီအလုပ်ကို ကျွန်မ ပျော်ပါတယ်။ သားလေးကို ဘေးနားချပြီး အဝတ်လျှော်နေရရင် ကျွန်မ ပင်ပန်းတယ်တောင် မထင်မိပါဘူး။

ဖြစ်ချင်တော့ အဝတ်လျှော်ရာက ရာထူးတက်တယ်ဆိုရမှာပဲ။ နတ်ကတော် ဒေါ်မြကြီးတို့ အိမ်မှာ အဝတ်လျှော်ပေးပြီးလို့ သူတို့အိမ်ရှေ့မှာ ကျင်းပနေတဲ့ နတ်ပွဲကို သား အမိနှစ်ယောက် ထိုင်ငေးနေတုန်း နတ်ချော့တဲ့ အန်တီကြီး တစ်ယောက် ပြုန်းဆို လေငန်းဆွဲသွားပါတယ်။ နတ်ပွဲကိုလည်း အရှိန်မပျက် ဆက်က၊ လူနာကိုလည်း ဆေးရုံပို့နဲ့ ဒေါ်မြကြီးတို့တစ် အိမ်သားလုံး ပြူးပြူးပျာပျာ ဖြစ်ကုန်ကြတယ်။ နတ်ကတော် ကြီးလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဖြစ်နေရာက ကျွန်မ ကိုမြင်တော့ နတ်ဝင်ချော့ ခိုင်းပါတယ်။

"အဒေါ့်ကို . . ကူစမ်းပါဦး. . မိနန်းရယ်. . နတ်ဝင်ချော့ပေးစမ်းပါ"

"ဟင့်အင်း. . ကျွန်မမှ နတ်မချော့တတ်တာ. "

"ဘာမှမခက်ပါဘူး အေရယ်၊ နင့်ကလေးကို ထိန်းရတာမှ ခက်ချင်ခက်လိမ့်ဦးမယ်. . သွား. . . သွား"

တွန်းတွန်းတိုက်တိုက်နှင့် တွန်းလွှတ်နေတာကြောင့် သားလေးကို မုန့်ထုပ်ပေးထားလိုက်ပြီး ယောင်တောင်ပေါင်တောင်နဲ့ နတ်ကနားပွဲထဲ ကျွန်မ ရောက်သွားရပါတယ်။ နတ်ချော့တာဟာ ဒေါ်မြကြီးပြောသလို လွယ်လွယ်လေးပါပဲ။ ဒေါ်မြကြီးရှေ့က လုပ်ပြတဲ့အတိုင်း လိုက်လုပ်ရင်း အဆင်ပြေသွားတာပါပဲ။ ဒီလိုနဲ့ ကျွန်မလည်း နတ်ထိန်းဖြစ်မှန်းမသိ ဖြစ်လာပါတော့တယ်။ မုဆိုးစိုင်သင် ဆိုသလိုပေါ့ရှင်။

နတ်ကို တကယ်ယုံသလားမေးရင် ကျွန်မအဖြေရခက်ပါတယ်။ ဒါပေမဲ့ လက်ရှိမှာ စားဝတ်နေရေးအတွက် ကျွန်မမှာ အဝတ်လျှော်စရာ မလိုတော့ဘူး။ ကိုယ်တော်ကြီး၊ ကိုယ်တော်လေးတွေက ကျွေးနေတာလေ။ ဒီတော့ ဘာပဲဖြစ်ဖြစ် ကျွန်မအတင်းကြိတ်မှိတ်ပြီး ယုံရတော့မှာပေါ့။ ကိုယ်ထမင်းစားနေတဲ့ အလုပ်ကိုမှ မယုံဘူးဆိုရင် ဘာကိုသွားပြီး ယုံရတော့မှာလဲ။

နတ်ထိန်းလုပ်ရင်းနဲ့ ကြုံတဲ့အခါ နတ်ချင်းတွေ ဝင်ဆိုဖြစ်ပါတယ်။ ရိုးရာနတ်ချင်းတွေက ကျွန်မအဖို့ နားရည်ဝပြီးသားပါ။ နတ်ပွဲမှာ ကြားရဖန်များလာတော့ ဆိုတတ်သွားတာပေါ့လေ။ အခုခေတ်နတ်တွေက သိကြတဲ့အတိုင်း သားစိုးသီချင်းလည်း အဆင်ပြေတယ်။ ဇီဇာဟိန်းသီချင်းလည်း အိုကေတယ်။ စိုင်းစိုင်းခမ်းလှိုင်သီချင်းဆို ပိုတောင်ကြိုက်သေး။ ခေတ်ပေါ် သီချင်းတွေက ကျွန်မနဲ့ မစိမ်းဘူးလေ။ ဆိုရတာပိုအဆင်ပြေတယ်။ ဒီတော့ နတ်တွေလည်း ကျွန်မကိုပဲ ဆိုခိုင်းကြတယ်။ ကျွန်မသီချင်းဆိုပြရင် ဘာပျော်သလဲ မမေးနဲ့။

××× ဘုံလုံတစ်လှည့် ××× ငါးပုံ တစ်လှည့်ပဲကွယ်×× သစ်ငုတ်မြင့်တုံ ×× မြက်မြင့်တုံမို့ကွယ်×× ရေစီးတစ်ခါ ရေသာတစ်လှည့် ×× ဘူးသီးမှ အရှိန်လာမတော်နဲ့ကွယ် ××



**လောကဓံကြိုးဝိုင်းထဲ ချာချာလည်ရင်း...**
**မလျှောက်ဖူးသေးတဲ့လမ်းမှာ စမ်းတဝါးဝါးဖြစ်ရင်း...**
**အလိုမကျမှုတွေကို နေပူလှမ်းရင်း...**
**ဆန္ဒတွေကို ဘေးဖယ်ထုတ်ရင်း...**
**ခရီးစရိတ်မဲ့ စိတ်ကူးတွေကို ရှက်လှှင့်ရင်း.**

ကျွန်မသီချင်းသံအောက်မှာ နတ်တွေပျော်လေလေ ကျွန်မပိုက်ဆံရလေလေပါပဲ။ နတ်ထိန်းလုပ်ပေးလို့ ရတဲ့ကြေးရယ်၊ နတ်တွေစွန့်ကြတဲ့ လက်ပစ်ကြေးရယ်ပေါင်းရင် နတ်ကနားတစ်ပွဲပြီးတာနဲ့ ကျွန်မတို့သား အမိနှစ်ယောက် တစ်လလောက် ထိုင်စားလို့ရတယ်။ နတ်ပွဲဟာ တစ်လကို အနည်းဆုံး နှစ်ပွဲသုံးပွဲကရတာကြောင့် သားလေးကို လိုလေသေးမရှိ ထားနိုင်ခဲ့ပါတော့တယ်။

ယောက်ျားတွေ ဆိုတာလား။ တွေ့တာပေါ့ရှင်။ သနားတဲ့သူနဲ့ ကူညီချင်တဲ့သူနဲ့ ပုပုဝဝ၊ ပိန်ပိန်ရှည်ရှည်၊ ဗိုက်ပူခါးစောင်း၊ အသားပြာဆီချေးတက်၊ ထော့ကျိုးထိပ်ပြောင်ပါမကျန် အရွယ်မျိုးစုံ၊ အလှာမျိုးစုံက ယောက်ျားသနာတွေ ကျွန်မကို ပြည်တည်တည်နဲ့ချဉ်းကပ်ဖို့ ကြိုးစားကြတယ်။ ကျွန်မက လူမုန်းမခံချင်လို့ အလိုက်အထိုက် ပြုံးပြတာကလွဲပြီး အဆင့်အကျော်မခံပါဘူး။ ပထွေးဆိုရင် နားကြောထဲကစိမ့်တယ်။ မေမေ့ယောက်ျားတစ်ယောက် တည်းနဲ့တင် ဖူလုံသွားပါပြီ။ စံနမူနာယူလို့ ရပါပြီ။ သားသားလေးကို ဘယ်ပထွေးလက်ထဲမှ အရောက်မခံနိုင်ပါဘူး။

ကျွန်မအသက်က အစိတ်ပဲရှိသေးတာကြောင့် တစ်ပင်လဲမှုတစ်ပင်ထူလို့ လာမပြောနဲ့။ ချစ်တာတွေ၊ မေတ္တာတွေ ကျွန်မနားမလည်ဘူး။ နားမလည်ဘဲ ကိုစိုးနဲ့အိမ်ထောင်ကျခဲ့ရတာကိုကြည့်ပေါ့။ အခုအချိန်မှာ ကျွန်မရင်ထဲ နေရာအပြည့်ယူထားသူက ကျွန်မသားသားပဲ။ ကျွန်မဘဝမှာ အရေးအကြီးဆုံး လုပ်ဆောင်ပေးရမယ့်တာဝန်က သားလေးရဲ့အနာဂတ် တောက်ပစေဖို့ပဲ။

လူတစ်ယောက်ဘဝကို အကောင်းဆုံး ပုံဖော်ဖန်တီးဖို့ အဓိကအကျဆုံးအရာက ပိုက်ဆံပါပဲ။ ပိုက်ဆံသာရှိရင် ကျွန်မသားလေးကို ကျောင်းကောင်းကောင်းမှာ ထားနိုင်မယ်။ ပညာတတ်ကြီး ဖြစ်လာစေမယ်။ သားသားလိုချင်တာအားလုံး ဝယ်ပေးနိုင်မယ်။ အထည်ချုပ်စက်ရုံမှာ လုပ်တာရယ်၊ အဝတ်လျှော်တဲ့အလုပ်ရယ်၊ ဟောဒီနတ်ထိန်း အလုပ်ရယ်တွေထဲမှာ အခုနတ်ထိန်းအလုပ်က အရအချောင်ဆုံးပဲ။ ဘာမှလည်း မပင်ပန်းဘူး။ လုပ်သက်ရလာလို့ နာမည်ထွက်လာလေလေ ပိုက်ဆံပိုရလေလေ။ အတော်တောင် စုမိဆောင်းမိရှိနေပြီ။ အိုးမကွာအိမ်မကွာအလုပ်။ သားသား နဲ့ မခွဲရတဲ့အလုပ်။ ဒီအလုပ်အပေါ် ကျွန်မခင် တွယ်နေမိပါပြီ။

(၄)

သားလေးဟာ ဒီနှစ်ဆို သုံးတန်းကျောင်းသားဖြစ်လာပါပြီ။ မနက်စောစောထပြီး ချက်ပြုတ်၊ သားလေးအတွက် ထမင်းဘူးထည့်၊ သားသားကျောင်းသွားပြီဆိုမှ ကျွန်မလည်း အိမ်မှာနေချင်နေ၊ နတ်ပွဲရှိရင် အဲဒီကိုသွား။ ကျွန်မတို့သားအမိနဲ့ယန္တရားကြီးက အဲသလိုလည်ပတ်နေတာပါ။ နတ်ကနားပွဲမှာ ဘယ်လောက်ပဲအရှိန်တက်ပြီး ငွေတွေရနေပါစေ၊ သားလေးကျောင်းဆင်းချိန် ရောက်ပြီဆိုတာနဲ့ ကျွန်မ အိမ်ကိုအရောက်ပြန်တာပါပဲ။ သားကို ကြိုရတာလေ။ ရေမိုးချိုး။ သားကို ညနေစာကျွေးပြီးမှ နတ်ပွဲကို သားအမိနှစ်ယောက် ပြန်သွားကြတာ။

ဒီညနေမှာတော့ သားလေး ကျောင်းကပြန်လာတာ မျက်နှာမကောင်းပါလား။ ဘာဖြစ်လာတာပါလိမ့်။ ကျောင်းမှာစာမရလို့ အဆူခံထိလာသလား။ ရန်များဖြစ်လာသလား။ နေများမကောင်းလို့လား။ လားပေါင်းများစွာနဲ့ သားလေးအနားကို ကျွန်မချဉ်းကပ်သွားမိပါတယ်။ ကျွန်မသားကို ရေထိပန်းလို အမြဲလန်းနေတာပဲ မြင်ချင်ပါတယ်။ နေထိပန်းလို ညှိုးနွမ်းသွားမှာ မလိုလားပါဘူး။

"သားလေး. . မျက်နှာကြီး သုန်မှုန်နေပါလား. . ဘာဖြစ်လို့လဲဟင်. . "

"သားရှက်တယ်. . မေမေ"

"ဘာကိုရှက်တာလဲ. . သားလေး။ မေမေ့ကို ပြောပြစမ်း. . "

"ကျောင်းက သူငယ်ချင်းတွေက ပြောတယ်။ ငါ့အမေက ဆရာဝန်ကြီး၊ သူ့အမေက ဦးစီးမှူး၊ ဒီကောင့်အမေက ရွှေဆိုင်ပိုင်ရှင်သူဌေး၊ မင်းအမေကျတော့ နတ်ကတော်ဆိုပြီး သားကိုဝိုင်းဟားကြတယ်"

ကျွန်မရင်ထဲ နင့်ခနဲ ဖြစ်သွားရပါတယ်။ သားလေးကို ပညာတော်အောင် ကျောင်းကောင်းကောင်းမှာ သွားထားမိတာ အနှိမ်ခံရဖို့ ဖြစ်နေပါပေါ့လား။ မှားများ မှားသွားပြီလား။ အထက်တန်းလွှာ မိသားစုတွေက ဆင်းသက်လာတဲ့ ကျောင်းသားတွေကြားမှာ ကျွန်မအလုပ်ဟာ ရှက်စရာဖြစ်နေပြီတဲ့။ သားသားတောင် ရှက်တတ်တဲ့အရွယ် ရောက်နေပြီကိုး။

ဒီအလုပ်ဟာ မတရားသောနည်းနဲ့ ငွေရှာတာမဟုတ်ပါဘူး သားလေးရယ်လို့ ကျွန်မရှင်းပြချင်ပေမယ့် သားလေးနားလည်နိုင်မယ် မထင်ပါဘူး။ သားလေးရဲ့ အနာဂတ်ကောင်းမွန်လှပစေဖို့ ကျွန်မ ငွေကိုတွန်းပြီးရှာနေမိတာ သားအတွက် ရှက်စရာမျက်နှာငယ်ရတဲ့ အလုပ်ဖြစ်နေမှန်း အခုမှ ကျွန်မ သိလိုက်ရတယ်။

"နောင်ကို သားလေးအရှက်မရစေတဲ့ အလုပ်မျိုး မေမေပြောင်းလုပ်ပါ့မယ်သားရယ်၊ စိတ်ချလိုက်နော်"

သားလေးကို ရဲရဲဝံ့ဝံ့ ကတိပေးလိုက်ပါတယ်။ ကျွန်မ ယတိပြတ်ဆုံးဖြတ်ချက်ကို ချလိုက်ပါပြီ။ တော်ပြီ။ ဒီနေ့ ဒီအချိန်ကစပြီး နတ်မချော့တော့ဘူး။ နတ်ချင်းတွေ မဆိုတော့ဘူး။ ဒီအလုပ်ဟာ ငွေအရချောင်တာမှန်ပေမယ့် ဒီအလုပ်ကြောင့် ကျွန်မသားလေး မျက်နှာငယ် အရှက်ရခဲ့ရတယ်။

ကိုယ်တော်ကြီး ကိုယ်တော်လေးတို့ရေ သမီးတော်ကိုခွင့်လွှတ်ပါ။ သမီးတော် နှုတ်ဆက်ခဲ့ပါတယ်။ နဂိုတည်းက နတ်ကိုယုံသလားမေးရင် အဖြေရကျပ်တဲ့ ကျွန်မအဖို့ ဝမ်းရေးကြောင့်သာ ကြိတ်မှိတ်ပြီး ယုံပြခဲ့ရတာ။ တကယ်တမ်း တွေးကြည့်တော့ ကိုယ်မယုံတဲ့ အလုပ်ကို ဆက်မလုပ်တာပဲ ကောင်းပါတယ်။ လောကကြီးမှာ ငွေတစ်ခုတည်းသာ အဓိကမဟုတ်ကြောင်း ကျွန်မ အခုသိလိုက်ပါပြီ။ ငွေရှိရုံနဲ့ မပြီးပါဘူး။ ငွေကို ဘယ်လိုရအောင်ရှာခဲ့တာလဲဆိုတာကပါ အရေးကြီးကြောင်း သားလေးကတစ်ဆင့် ကျွန်မ ဉာဏ်အလင်းပွင့်ခဲ့ရပါပြီ။

ဒါကြောင့် တချို့သောသူတွေဟာ ပိုက်ဆံ အရမ်းချမ်းသာပေမယ့် လူတော မတိုးရဲကြတာကိုး ရှင့်။

**ဇူးဇူးမွန်**



Asian Fame Media Group